

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၄၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်နေ့ ၊ ဗုဒ္ဓဟူး ၊ (ဇန်နဝါရီ ၁၅ ၊ ၂၀၁၄)

# ပြည်သူ့အတွက် သိန်းတစ်ထောင် မဲဆွယ်ရန် မဟုတ်

**ရန်မျိုးနိုင်**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ နီးကပ်လာသည့်အချိန်ရောက်မှ လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရန် ပြည်ထောင်စုလွှတ်တော်က သီးသန့်ဘတ်ဂျက်ငွေ ချပေးလာမှုသည် လက်ရှိလွှတ်တော်တွင်း အမတ်နေရာ ၉၀ ရာခိုင်နှုန်းဝန်းကျင် အနိုင်ရထားသော ပြည်ခိုင်ဖြိုးပါတီအတွက် ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုဖြစ်လာနိုင်ကြောင်း ဒီမိုကရေစီအတိုက်အခံ အင်အားစုများက ထောက်ပြဝေဖန်မှုများရှိလာသည်။

စာမျက်နှာ ၂ »

## မူးယစ်ဆေးဝါး ကုန်ကူးသူများ၏ ခရီးတစ်ခေါက်နားခိုရာ

အချပ်ပို III

## ဒီမိုကရေစီခေတ်တွင် အပေါင်ဆိုင်တွေ ပန်းပန်နေဆဲ

**ဖွဲ့မာန်၊ ဇော်မျိုးလှိုင်**

စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရ လက်ထက် သုံးနှစ်ပြည့်လုနီးသည့်တိုင် အခြေခံလူတန်းစားအများစုမှာ ယခင်ကဲ့သို့ကျပ်တည်းနေဆဲဖြစ်သည်။ ထို့ကြောင့် ယခုသုံးနှစ်အတွင်း အပေါင်ဆိုင်လုပ်ငန်းများ ပို၍ပင်ကောင်းလာသည်ဟု အပေါင်ဆိုင်ဖွင့်ထားသူများက ပြောသည်။

"လလယ်လောက်ဆို အိမ်မှာငွေပြတ်သွားတယ်။ အဲဒီကျတော့ အိမ်ကပစ္စည်းကို လုံခြုံစိတ်ချရတဲ့ နေရာမှာသွားထားလိုက်တာပဲ။ လကုန်တော့ပြန်ရွေးပေါ့။ သွားလိုက်ပြန်လိုက်နဲ့ ဒီလိုပဲ သံသရာလည်နေတာ"ဟု အသက်ငါးဆယ်ခန့် ဒေါ်ခင်က ရယ်လျက်ပြောသည်။

အချပ်ပို II »



(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့ရှိ ရပ်ကွက်တစ်ခု၌လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲအဖြစ် ဘောလုံးကစားနေကြသည့် ကလေးငယ်များ ဓာတ်ပုံ-နစ်ကီ

## အားကစားကွင်းအနုကြမ်းစီးသူ ဘောလုံးလောကဖျက်ဆီးသူပင်

**ထွန်းနိုင်**

၂၀၁၃ ဆီးဂိမ်းအုပ်စုအဆင့်မှ ထွက်ခဲ့ရပြီးနောက်တွင် အစဉ်အလာထုံးစံများအတိုင်း လက်သည်တရားခံများရှာဖွေခဲ့ကြသည်။

Head To Head စနစ်ကို မသိသည့် ကိုရီးယားနည်းပြ ပတ်ဆောင်ဟွာ။ အငြင်းပွားစရာ ဆုံးဖြတ်ချက်များချခဲ့သည့် ဗီယက်နမ်ဒိုင်လူကြီး။ အပိုင်ဂိုးသွင်းခွင့်များ လွဲချော်ခဲ့သည့် အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း။ လစာသိန်းပေါင်းများစွာ ယူနေသော်လည်း တိုးတက်မလာသည့်ကစားသမားများ စသည်စသည်ဖြင့် ၎င်းတို့သည် အစဉ်လိုက်အတိုင်း မြို့မေတ္တာခံယူခဲ့ရသည်။

မြန်မာဘောလုံးကျဆုံးမှုမှာ အထက်ပါပုဂ္ဂိုလ်များ၏ လက်ချက်ကြောင့် ချည်းပဲလားဆိုသည်မှာ စဉ်းစားစရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာအသင်း နိုင်ငံတကာပြိုင်ပွဲများတွင် နာလန်မထူနိုင်အောင် ရှုံးရသည်မှာ ယခုတစ်ကြိမ်တည်းမဟုတ်ဘဲ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောကြောင့်ဖြစ်သည်။

အချပ်ပို IV »



## ဂီတသမားကြီး၏ ငြိမ်းချမ်းရေးအိပ်မက်

**ဥက္ကာကိုကို**

ငြိမ်းချမ်းရေးသည်သာ ပဓာနဟုခံယူထားသည့် ဂီတသမားကြီး၏ ရှည်လျားသည့်ဆံပင်နှင့် မုတ်ဆိတ်တို့မှာ ဖြူဆွတ်လျက်ရှိနေပါပြီ။ သူသည် သူတတ်ကျွမ်းသည့်ဂီတပညာဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုနေဆဲဖြစ်ပါသည်။ နိုင်ငံအတွက် ပေးဆပ်နေဆဲဖြစ်ပါသည်။ စစ်ဘေးဒုက္ခသည်များအတွက် လမ်းတကာ၊ လက်ဖက်ရည်ဆိုင်တကာပတ်၍ တီးခတ်ဖျော်ဖြေကာ ပိုက်ဆံရှာပေးနေဆဲဖြစ်ပါသည်။

စာမျက်နှာ ၅ »

## ခရီးသွားလုပ်ငန်း ဘေးထွက်ဆိုးကျိုးအတွက် အဖြေဘယ်လိုထုတ်မလဲ

**ရဲနောင်၊ ခန့်ထက်**

"ညွှန့်သည်က လိုချင်တယ်ဆိုရင် ဟိုတယ်ဘေးက ကလပ်ကို သွားပြီး ကလပ်မန်နေဂျာနဲ့ ပြောဆိုရတယ်။ တစ်လကို ၁၀ ခါ၊ ၁၅ ခါလောက်တော့ကြုံရတာပဲ။ ခေါ်ရင်လည်း အသက်(၂၀)ကျော်ဆိုတာ အကြီးဆုံးပဲ"ဟု ရန်ကုန်မြို့ရှိ နာမည်ကြီး ဟိုတယ်တစ်ခုတွင် လုပ်ကိုင်နေသူ ကိုမျိုးက သူ၏အတွေ့အကြုံကို ပြောသည်။

စာမျက်နှာ ၃ »

MITSUBISHI ELECTRIC
Changes for the Better
Don't miss this great chance!
NEW YEAR SPECIAL OFFERS
5%-10% OFF + FREE GIFTS
SHOP NOW
All items in the SHOWROOM
Jan 6th ~ Feb 6th 2014 (Monday ~ Saturday/ 9am - 5pm)
Gift Items
THE SOLE AGENT
PME Co., Ltd.
ISO 9001 : 2008
YANGON HEAD OFFICE & SHOWROOM
No.137/139, Botahtaung Pagoda Road,Botahtaung Tsp, Yangon. TEL : 01-202117
NAY PYI TAW SHOWROOM
No.F-5, First Floor, Sinma Living Mall, Oaktara Thiri Tsp, Nay Pyi Taw. Tel : 09-49202185
MANDALAY SHOWROOM
Block(900), 78th St(Between 42nd & Theik Pan Street),Khin Saw Mu Gwet, Mahar Aung Myay Tsp,Mandalay. Tel / Fax : 02-33506

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ပြည်သူ့အတွက် သိန်းတစ်ထောင် မဲဆွယ်ရန် မဟုတ်

ရန်မျိုးနိုင်

ငွေကျပ် ၃ ဒသမ ၃ ဘီလီယံကျော်အကုန်အကျခံကာ တစ်တိုင်းပြည်လုံးရှိ မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များက ဦးစီးကာဆောင်ရွက်ကြတော့မည့် မြင်ကွင်းကို မကြာမီ ကာလများတွင် တွေ့မြင်ရတော့မည်ဖြစ်သည်။

လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော် အစည်းအဝေးများ ရပ်နားနေချိန်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်များ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန် ပြည်ထောင်စု လွှတ်တော်က မကြာသေးမီကာလမှစတင်ကာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ငွေကျပ်သိန်းတစ်ထောင်ကို အသုံးပြုကာ ရပ်အကျိုး ရွာအကျိုး ဆောင်ရွက်ရန်ဖြစ်သည်။

တစ်မြို့နယ်လျှင် ကျပ်သိန်းတစ်ထောင်နှုန်းဖြင့် တစ်တိုင်းပြည်လုံးရှိ မြို့နယ်ပေါင်း ၃၃၀ အတွက် ငွေကျပ်သိန်းပေါင်း သုံးသောင်းသုံးထောင်ကျော် (၃ ဒသမ ၃ ဘီလီယံ)ကို ၂၀၁၃-၂၀၁၄ ခုနှစ်ပြည်ထောင်စုလွှတ်တော်ဘဏ္ဍာငွေမှ ချပေးခဲ့ခြင်းဖြစ်သည်။

သို့သော် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ နီးကပ်လာသည့် အချိန်ရောက်မှ လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ရန် ပြည်ထောင်စု လွှတ်တော်က သီးသန့်ဘတ်ဂျက်ငွေချပေးလာမှုသည် လက်ရှိလွှတ်တော်တွင်း အမတ်နေရာ ၉၀ ရာခိုင်နှုန်းဝန်းကျင် အနိုင်ရထားသော ပြည်ခိုင်ဖြိုးပါတီအတွက် ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေး လက်နက်တစ်ခုဖြစ်လာနိုင်ကြောင်း ဒီမိုကရေစီအတိုက်အခံအင်အားစုများက ထောက်ပြဝေဖန်မှုများရှိလာသည်။

“ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကို သိန်းတစ်ထောင်နဲ့ ကြော်ငြာထိုးတဲ့သဘောပါပဲ” ဟု အမျိုးသားဒီမိုကရေစီသစ်ပါတီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်ပြည်ထောင်စုလွှတ်တော်က ဘတ်ဂျက်ငွေ ချထားပေးမှုသည် လက်ရှိအာဏာရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အစီအစဉ်ပင်ဖြစ်သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ဆိုသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြို့နယ်အလိုက် သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်လိုက်သော ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၌ ဖော်ပြထားသည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းရာတွင် နာယကအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ညှိနှိုင်းသတ်မှတ်တာဝန်ယူဆောင်ရွက်ရ ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

လုပ်ငန်းများဆောင်ရွက်ရန် ကုန်ကျငွေကိုဘဏ်စာရင်းမှထုတ်ယူရာတွင်လည်း မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့တွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ လက်မှတ်ဖြင့် ထုတ်ယူနိုင်သည်။

“အခုလက်ရှိ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ၉၀ ရာခိုင်နှုန်းနီးပါးက ပြည်ခိုင်ဖြိုးကပေါ့ဗျာ။ လက်ရှိ ဒီသိန်းတစ်ထောင်ဆိုတဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေရဲ့ ၈၀ ရာခိုင်နှုန်းကျော်ကလည်း ပြည်ခိုင်ဖြိုးပါတီက ကိုယ်စားလှယ်တွေ အဓိက စီမံခန့်ခွဲနိုင်တဲ့ ဘောင်အတွင်းကို ရောက်သွားတာပေါ့” ဟု နိုင်ငံရေးဆောင်းပါးများ ရေးသားနေသူတစ်ဦးဖြစ်သည့် ဒေါက်တာ ရန်မျိုးသိမ်းကလည်း ထောက်ပြခဲ့သည်။

၂၀၁၀ ရွေးကောက်အကြိုကာလများတွင်လည်း တစ်နိုင်ငံလုံးရှိ မြို့နယ်များတွင် လမ်းအချို့ကိုကွန်ကရစ်လမ်းဖောက်ပေးခြင်းနှင့် ရေတွင်းများ တူးဖော်ပေးခြင်းများကို ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အမြောက်အမြား လုပ်ဆောင်ပေးမှုများလည်း ရှိခဲ့သည်။ ထို့အပြင် ဝန်ကြီးနှင့်အစိုးရအဖွဲ့ကပင် ၎င်းတို့၏ ခရီးစဉ်နှင့် လုပ်ငန်းများကို ပါတီစည်းရုံးရေးအသွင် အသုံးချလုပ်ကိုင်ခဲ့သည်များလည်း ရှိသည်။

လက်ရှိ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့တွင် ပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်နေသည့်အပြင် မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများလည်း ပါဝင်နေသည့်အတွက် ပြင်ပမှ ဝေဖန်နေသည့်အတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆွယ်စည်းရုံးရေးဆင်းသည်မှာ မဟုတ်မှန်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းက ပြန်လည်တုံ့ပြန်သည်။

ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ဆောင်ရွက်သော လုပ်ငန်းများသည် သက်ဆိုင်ရာနယ်မြေရှိပြည်သူများအတွက် အမှန်တကယ် ဆောင်ရွက်ပေးသင့်ပြီး ယင်းပြည်သူများကလည်း အမှန်တကယ် လက်ခံနိုင်သော လုပ်ငန်းများဖြစ်ရမည်ဟုလည်း ထည့်သွင်းထားသည်။

မဲဆန္ဒနယ်များတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဘဏ္ဍာငွေ ချထားပေးမှုကို ပြည်ထောင်စုလွှတ်တော်နာယက က ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားပြီး လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ပါဝင်သည့် ကော်မတီက တင်ပြလာသော လုပ်ငန်းများကို စိစစ်ပြီး ဘဏ္ဍာငွေကို ဘဏ်စာရင်းဖွင့်ကာ ချထားပေးခြင်းဖြစ်သည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးမှုကို စစ်ဆေးရာတွင် ယင်းကော်မတီသည် လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေး အဖွဲ့အား သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ကြောင်း၊ ကော်မတီသည် ရန်ပုံငွေသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်ဟု ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည်။

လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သိန်းတစ်ထောင် သုံးစွဲခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်များအား သီးခြားရပ်တည်နေရမည်ဆိုသော အချက်အား ဆန့်ကျင်သည့် သဘောဆောင်နေသည့်အတွက် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ခဲ့သည်။

သို့သော် သမ္မတအနေဖြင့် လက်ရှိအာဏာရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ယင်းပါတီကို ကိုယ်စားပြုကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်နေသည့်အတွက် သိန်းတစ်ထောင်ကိစ္စရပ်ကို ဆက်လက်ပြောဆိုမှုမရှိသည်ကို တွေ့ရကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအထိ တစ်မြို့နယ်လျှင် ငွေကျပ်သိန်းတစ်ထောင်သုံးစွဲရန် ခွင့်ပြုချက်တောင်းခံထားသည့် မြို့နယ်ပေါင်း တစ်ရာကျော်ရှိနေပြီဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်း ကော်မတီမှ သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်လုပ်ကိုင်မည့် ဒေသဖွံ့ဖြိုးရေး ငွေကျပ်သိန်းတစ်ထောင်သည် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့်အတွက် ပါတီမှ လုပ်ဆောင်ပေးသည့်ပုံစံမျိုး မဖြစ်စေရန် သတိထား လုပ်ဆောင်ရမည်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်းက ပြောသည်။

“အခုပိုက်ဆံကပါတီကပိုက်ဆံလည်းမဟုတ်ဘူး။ နိုင်ငံတော်ကပိုက်ဆံလည်းမဟုတ်ဘူး။ ပြည်သူ့ဘဏ္ဍာငွေ။ အဲဒီတော့ ဒါကို မဲဆွယ်ဖို့အတွက် အသုံးချမယ်ဆိုရင်တော့ နိုင်ငံရေးကျင့်ဝတ်မရှိဘူးလို့ပဲ ပြောရမှာပါ” ဟု နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်းက ဆိုသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ ဒီမိုကရေစီအရင့်အမာဖြစ်နေသော အိန္ဒိယနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များအား ဒေသခံပြည်သူများက ယုံကြည်ကိုးစားမှုရှိလာအောင် ပါလီမန်က ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက်ငွေချထားပေးမှုများရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များက ယင်းငွေကို အကြောင်းပြုကာ မိမိတို့နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အောင်နိုင်ရေးကိုသာ အဓိကထား လုပ်ဆောင်ကြသည်ကို တွေ့ရှိရကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ထောက်ပြသည်။

ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသည် လွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ်အများစုရှိနေသော ပါတီအတွက် အထောက်အပံ့ကောင်းဖြစ်နိုင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် မရှိသေးသည့် ပါတီငယ်များအတွက် နိုင်ငံရေးအရ နစ်နာမှုများရှိနိုင်သည်ဟုလည်း နိုင်ငံရေးဆောင်းပါးများ ရေးသားနေသူ ဒေါက်တာ ရန်မျိုးသိမ်းက သုံးသပ်ထားသည်။

မဲဆန္ဒနယ်များတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြရာတွင်လည်း အုပ်ချုပ်ရေးပိုင်းလွှမ်းမိုးမှုများ တစ်စိတ်တစ်ပိုင်း ရှိနေသေးသည်ဟု ဒေသခံပြည်သူအချို့က ပြောသည်။

လာမည့်နှစ်အတွင်း ကျင်းပတော့မည့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အပါအဝင် လက်ရှိအာဏာရပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရ ဦးရွှေမန်းက ပြောကြားထားမှုများရှိသည်။

သို့သော် ရွေးကောက်ပွဲတွင် လွတ်လပ်မှုရှိမည်ကို အတိုင်းအတာ တစ်ခုအထိ မျှော်လင့်နိုင်သော်လည်း တရားမျှတမှုရှိ မရှိမှာ ရွေးကောက်ပွဲအကြိုကာလများ၌ ပါတီများ၏ မဲဆွယ်စည်းရုံးရေးပုံစံများပေါ်တွင်လည်း များစွာ မူတည်နေပါသည်။ ။



*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပနေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ခရီးသွားလုပ်ငန်းဘေးထွက်ဆိုးကျိုးအတွက် အဖြေဘယ်လိုထုတ်မလဲ



*ရန်ကုန်မြို့လယ်တစ်နေရာ ညပိုင်းတွင် လိုင်လုပ်သားအချို့တွေ့ရစဉ်* ALEXANDER F. YUAN / AP

**ရဲနောင်၊ ခန့်ထက်**

လှပသောကမ်းခြေများ၊ ရှေးဟောင်းစေတီပုထိုးများဖြင့် ကမ္ဘာကျော်သော မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ကိုင်ရန်၊ အလည်အပတ်နှင့် အပန်းဖြေရန်၊ စူးစမ်းလေ့လာရန် နိုင်ငံအသီးသီးမှ ဧည့်သည်များ အလုံးအရင်းဖြင့် ဝင်ရောက်နေသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်ပြတင်းတံခါးအားလုံးကို ဖွင့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် လေကောင်းလေသန့်နှင့်အတူ အမှိုက်သရိုက်များလည်း ရောထွေးပါဝင်လာမည်ဖြစ်သည်။

နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုစာရင်းကို စနစ်တကျပြုစုထားသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၃ နှစ်ကုန်တွင် ခရီးသည်နှစ်သန်းကျော် ဝင်ရောက်လာခဲ့သည်ဟုဆိုသည်။ ၂၀၁၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဝင်ရောက်မှုသည်တစ်သန်းနီးပါးမြင့်တက်လာသည်ကို တွေ့ရသည်။ ယခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် သုံးသန်းဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟု တင်စားသတ်မှတ်ထားသော ခရီးသွားလုပ်ငန်းကြီး၏ နောက်ကွယ်၌ မိမိနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ ပျော်ပါးရန် ဝန်ဆောင်မှုပေးနေရသော အမျိုးသမီးလိင်လုပ်ငန်းလည်း ပိုမိုကြီးမားလာသည်။

ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့နှုန်းမြင့်မားနေသော မြန်မာနိုင်ငံတွင် ဝင်ငွေအလွယ်တကူရရှိနိုင်သော လိင်ဖျော်ဖြေရေးလုပ်ကိုင်သူ အမျိုးသမီးငယ်များနှင့် ပျော်ပါးသုံးစွဲလိုသော နိုင်ငံခြားသားဧည့်သည်များ ထိတွေ့ဆက်ဆံမှုဈေးကွက် ကျယ်ပြန့်လာခြင်းသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ရင်ဆိုင်ရမည့် ဘေးထွက်ဆိုးကျိုး ပြဿနာတစ်ရပ်ဖြစ်သည်။

"နိုင်ငံခြားသားခရီးသည်ဝင်ရောက်တာနဲ့အမျှ လိင်လုပ်ငန်းကလည်း တိုးတက်ကောင်းတိုးတက်နိုင်တယ်။ ဒါပေမဲ့ ဘယ်လောက်ထိရှိသလဲဆိုတာကို ခန့်မှန်းလို့မရနိုင်ဘူး"ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းအတွင်းရေးမှူးက ပြောသည်။

ခြောက်သိန်းကျော် အရေအတွက်ရှိသော လိင်လုပ်သားများ အနက် အသက်မပြည့်သေးသူများနှင့် အသက်(၂၀)ဝန်းကျင်ရှိ အမျိုးသမီးငယ်များကိုသာ နိုင်ငံခြားသားခရီးသွားများက အသုံးပြုသည်ဟု ယင်းလုပ်ငန်းအသိုင်းအဝိုင်းမှ စုံစမ်းသိရသည်။

ဟိုတယ်များ၊ နိုက်ကလပ်များနှင့် အနှိပ်ခန်းများသည် နိုင်ငံခြားသားများ အလိုရှိသော လိင်ဖျော်ဖြေရေးဝန်ဆောင်မှုများအတွက် ချိတ်ဆက်ပေးနေသော နေရာများအဖြစ် ရပ်တည်နေသည်။

"ဧည့်သည်က လိုချင်တယ်ဆိုရင် ဟိုတယ်ဘေးက ကလပ်ကိုသွားပြီး ကလပ်မန်နေဂျာနဲ့ ပြောဆိုရတယ်။ တစ်လကို ၁၀ ခါ၊ ၁၅ ခါလောက်တော့ကြုံရတာပဲ။ ခေါ်ရင်လည်း အသက်(၂၀)ကျော်ဆိုတာ အကြီးဆုံးပဲ"ဟု ရန်ကုန်မြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုတွင် လုပ်ကိုင်နေသူ ကိုမျိုးက သူ၏အတွေ့အကြုံကို ပြောသည်။

တရုတ်၊ ဂျပန်နှင့် ထိုင်းလူမျိုးများက အများဆုံးအသုံးပြုသည်

**"ဖော်ရိန်နာနဲ့နေရမယ်ဆိုပြီး သူဌေး(အနှိပ်ခန်းပိုင်ရှင်)ကပြောတယ်။ သုံးသိန်းရမယ်ဆိုလို့ နေလိုက်တယ်"ဟု လွန်ခဲ့သောတစ်နှစ်ခန့်က အတွေ့အကြုံကို . .**

ဟု သူကပြောသည်။ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်သူများက အထက်ပါကဲ့သို့ပင်ပြောသည်။

"ဒီကိစ္စကို ခရီးသွားကုမ္ပဏီ အစီအစဉ်နဲ့လာတဲ့သူတွေမှာ သိပ်မတွေ့ရဘူး။ တစ်ဦးချင်းလာတဲ့သူတွေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလာလုပ်တဲ့ နိုင်ငံခြားသားတွေကတော့ စိတ်ဝင်စားနိုင်တယ်"ဟု အီတလီဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုအောင်ထွန်းလင်းက ပြောသည်။ လိင်ဖျော်ဖြေရေးလုပ်ကိုင်သော အမျိုးသမီးများသည် နိုင်ငံခြားသားတစ်ဦးနှင့်တစ်ကြိမ်ဆက်ဆံပါက ပျမ်းမျှအားဖြင့် ဒေါ်လာ ၃၀ မှ ၅၀ အထိ ဝန်ဆောင်ခရရှိကြသည်ဟု အဆိုပါလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

စာမျက်နှာ ၁၄ »




HUAWEI
MAKE it POSSIBLE
NEW YEAR NEW DREAM
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ
HUAWEI ဟန်းဆက် မည်သည့်အမျိုးအစားကိုမဆို ဝယ်ယူ၍
ချက်ချင်းခဲခြစ်ပြီး အောက်ပါဆုများကို ရယူပါ။
အထူးဆု
၁၀ ဦး
ပေလီကမ်းခြေ အပန်းဖြေခရီးသွားခွင့်
အလုံး ၂၀
Huawei Ascend P6
အလုံး ၂၀
Huawei Ascend Mate
၂၂ လုံး
Huawei G610
အလုံး ၂၀
Huawei G700
၁၀ ဦး
နာမည်ကြီးအနုပညာရှင်
နှင့်အတူ ညစာစားခွင့်
Grand Final ပွဲကြီးကို ၂.၂.၂၀၁၄ တွင် Traders Hotel ၌ခမ်းနားစွာကျင်းပမည်ဖြစ်ပါသည်။
မှတ်ချက် -
● အပန်းဖြေခရီးသွားခွင့် ကံထူးရှင်များအား နေ့ရက်ကို အကြောင်းကြားပေးပါမည်၊
● Handset ကံထူးရှင်များအား Grand Final ပွဲတွင် ဆုချီးမြှင့်ပေးပါမည်၊
● ညစာစားခွင့်ကံထူးရှင်များသည် Grand Final ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်၊
ဝယ်ယူနိုင်သည့်နေရာများ
● New Year အရောင်းမြှင့်တင်ရေး ပြုလုပ်ထားသော HUAWEI ဖုန်းအရောင်းဆိုင်များ
● Roadshow ကျင်းပပြုလုပ်သည့်နေရာများ
ထူးခြားပျော်ရွှင် Roadshow အစီအစဉ်
နံနက် ၁၁း၀၀ မှ ည ၉း၀၀ အထိ
နေ့ရက်
နေရာ
၁၂.၁.၂၀၁၄ (တနင်္ဂနွေနေ့) Junction Square
၁၉.၁.၂၀၁၄ (တနင်္ဂနွေနေ့) တော်ဝင်စင်တာ
၂၆.၁.၂၀၁၄ (တနင်္ဂနွေနေ့) ဒဂုံစင်တာ II
Magic Show
နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေမှု
ဂိမ်း ကစားနည်း အမျိုးမျိုး

Life
7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ဂီတသမားကြီး၏ ငြိမ်းချမ်းရေးအိပ်မက်

ဉက္ကာကိုကို

‘နေဝင်ညကို ကူးဖြတ်ပြီးမှ ရောင်နီလာမယ့် နေ့သစ်ကို ရောက်မယ်. . . ယုံကြည်ခြင်းနဲ့ ကြိုးစားထားမှ တစ်ချိန်မှာ အောင်မြင်လွတ်မြောက်မယ်မဟုတ်လား . . . သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီအားတင်းရှေ့ဆက်လှမ်း. . . ”

နံနက်ခင်း နေရောင်နုနုအောက်မှာ ပျံ့လွင့်လာသည့်ဂီတ။ သီဆိုသူနှင့် တီးခတ်သူတို့က တက်ကြွစွာဟန်ပန်အပြည့်။ ခွန်အားဖြည့်မိငယ်။ မတ်တတ်ရပ်တီးခတ်နေသည့် ဂစ်တာသမားတို့နောက်မှာ ၆၇ နှစ်အရွယ် အဖွဲ့ခေါင်းဆောင်က ဘေ့စ်ဂစ်တာကို အားမာန်အပြည့်တီးခတ်လျက်ရှိသည်။ သူက လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းလူမှုကွန်ရက်တေးဂီတအဖွဲ့ကို ဦးဆောင်နေသည့် ကိုရဲလွင်(မရှိမလှိုင်း)ပင်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိရစ္ဆာန်ရုံဘေးရှိ Morning Star လက်ဖက်ရည်ဆိုင်ရှေ့မှာ ကိုရဲလွင်ဦးဆောင်သည့် ပန်းရဲ့လမ်းအဖွဲ့က သာကေတမြို့နယ် စုရန်ပြေအခမဲ့ဆေးကုခန်းအတွက် ရန်ပုံငွေရှာဖွေပေးနေခြင်းဖြစ် သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလံပုံစံ ကပ်ခွာလေးနှစ်ခုကို ဘေ့စ်ဂစ်တာတွင်ကပ်လျက်သက္ကလပ် ဦးထုပ်ဟောင်းလေးကို ဆောင်းကာ မျက်မှန်ဝိုင်းအနက်တပ်ဆင်ထားသည့် ကိုရဲလွင်က “အသက်ကြီးလာတော့ အရင်က အကြောင်းတွေမေ့နေပြီ”ဟုဆိုသည်။ သို့သော် ဂစ်တာကြိုးများပေါ် ပြေးလွှားနေသည့် သူ၏ပိန်ရှုံ့ရှုံ့လက်ချောင်းသွယ်များက ဂီတလက်ကွက်တွေကိုဘယ်တော့မှမမေ့။



ငြိမ်းချမ်းရေး၊ စစ်ပြေးဒုက္ခသည်များ၊ ပညာရေး၊ ကျန်းမာရေး တို့အတွက် ကူညီရန် ဂစ်တာတစ်လက်ဖြင့် ကြိုးပမ်းနေသော ကိုရဲလွင် (မရှိမလှိုင်း) ဓာတ်ပုံ - နစ်ကီ

အဖွဲ့သားများသီဆိုဖျော်ဖြေပြီးမကြာမီတွင် ကိုရဲလွင်၏လက်တွဲဖော်မိတ်ဆွေကြီး တေးရေးဆရာကိုနေဝင်းရောက်လာသည်။ ကိုနေဝင်းက သူရေးစပ်ထားသည့် ခွန်အားဖြည့် မိငယ်သီချင်းကို စတင်သီဆိုလိုက်သည်။ ကိုနေဝင်းနောက်တွင်ထိုင်လျက် ဘေ့စ်ဂစ်တာတီးခတ်နေသည့် ကိုရဲလွင်က အားမာန်တက်ကြွစွာဖြင့် သီချင်းကိုလိုက်ဆိုသည်။

‘ဒီရေလှိုင်းတွေ တရိပ်ရိပ်တက်တော့ ပင်လယ်ပြင်ဟာလှုပ်ခတ်ရစမြဲလေ. . . အန္တရာယ်ဓားတွေအထပ်ထပ်ရှေ့ကကာရံကွယ်၍ တားဆီးနေပါစေ. . . ညဏ်မြေကတုတ်မှာ စွမ်းအားသတ္တိတမန်တော်ဟာ သတိတရားပဲမမေ့နဲ့ဦး. . .’

ထိုနေ့သည်မကြာမီက ကွယ်လွန်သွားခဲ့သည့် မရှိမလှိုင်းဂီတအဖွဲ့မှ ဂီတမှူးဇော်မျိုးထွဋ်၏ ရက်လည်နေ့လည်းဖြစ်သည်။ ခင်မောင်တိုး ကွယ်လွန်သည်မှာလည်း နှစ်နှစ်ကျော်ခဲ့ပြီ။ လူစုံတက်စုံမပါဝင်တော့သည့် သူတို့အဖွဲ့လေးသည် ဂီတကို ဖန်တီးသီဆိုတီးခတ်နေရင်း လွမ်းရိပ်များသမ်းလျက်။ ဆိုင်အတွင်းမှ နားထောင်အားပေးသူတို့လည်း ငြိမ်သက်တိတ်ဆိတ်လျက်။

ကိုရဲလွင်ကို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာတွင် အဖစက်ရှင်တရားသူကြီးဦးမောင်မောင် (၁)၊ အမိဒေါ်ကြိုင်တို့မှ ပေါင်းတည်မြို့၌ မွေးဖွားခဲ့သည်။ မင်းဘူး၊ သုံးဆယ်၊ မိတ္ထီလာ၊ မေမြို့၊ တောင်ကြီး၊ မော်လမြိုင်တို့တွင်အခြေခံပညာကျောင်းသားဘဝကိုဖြတ်သန်းခဲ့ရသည်။

မောင်နှမဆယ်ဦးရှိပြီး ခရစ်ယာန်မိသားစုဖြစ်သည့်အတွက် ဘုရားကျောင်းတွင် သီချင်းများသီဆိုရင်း ဂီတဗီဇအစပျိုးခဲ့ရာမှ ရှစ်တန်းနှစ်အရောက်တွင် ၁၅ ကျပ်တန်ဂစ်တာလေးတစ်လုံးကိုပိုင်ဆိုင်ခဲ့သည်။ အစ်ကိုဖြစ်သူက အဘိုးကြီးအိုခါးကုန်းကုန်းသီချင်းကို စသင်ပေးခဲ့သည်။ ထိုစဉ်က အသက် (၁၃)နှစ်အရွယ် မော်လမြိုင်မြို့တွင်နေထိုင်စဉ်ဖြစ်သည်။ ကိုးတန်းနှင့်ဆယ်တန်းကို ရန်ကုန်မြို့တွင်သင်ကြားခဲ့ပြီး ဆယ်တန်းတွင် ငါးနှစ်ကြာခဲ့သည်။ ကိုးတန်းနှစ်တွင် အလုံ အ. ထ. က (၄)၌ ကိုရဲလွင်၏ အတန်းဖော်များမှာ ခင်ဝမ်းနှင့်ကျော်ဟိန်းတို့ဖြစ်ကြသည်။ သီချင်းစာအုပ်များဖတ်၍ လက်စမ်းပျိုးတီးခတ်စကာလပင်ဖြစ်သည်။ကျောင်းသားလေးကိုရဲလွင်သည် ကျောင်းသားပွဲတော်တစ်ခုတွင် ကျော်ဟိန်းကသီဆို၍ သူက ဂစ်တာတီးပေးခဲ့ဖူးသည်။

အသက် (၁၇) နှစ်၊ (၁၈) နှစ်ဝန်းကျင်တွင် ဇာတ်အဖွဲ့တချို့နှင့် လိုက်၍ ဂစ်တာတီးခဲ့သေးသည်။ မြန်မာ့အသံတီးဝိုင်းတချို့တွင်လည်းသွားရောက်တီးခတ်ခဲ့သည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ကိုရဲလွင် ရောက်လာခဲ့ပြီး တတိယနှစ်အထိသာကျောင်းတက်ခဲ့သည်။ ကျောင်းပြင်ပရောက် သွားသော်လည်း ကျောင်းကိုတော့ အမြဲရောက်ဖြစ်ဆဲပင်။ ၁၉၇၄ ခုနှစ်တွင် E-Machine တီးဝိုင်းအဖွဲ့၌ တီးခတ်ချိန်တွင် ကိုရဲလွင်မှာ ဘေ့စ်ဂစ်တာသမားတစ်ဦးဖြစ်နေခဲ့ပါပြီ။ သီချင်းကိုတီးခတ်သီဆို၍ တိတ်ခွေနှင့်အသံသွင်းကာ လိုက်ဖြန့်ခဲ့ကြပြီး ဈေးကွက်သဘောတော့ မဟုတ်ခဲ့ပေ။

**စာမျက်နှာ (၈) သို့**



7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ၂၀၁၄ တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက သုံးစွဲရန် ကျပ်ဘီလီယံ ၁၀၀ လျာထား

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၃**

၂၀၁၄ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက သုံးစွဲရန် ကျပ်ဘီလီယံ ၁၀၀ကို သီးသန့်ရန်ပုံငွေအဖြစ် ထားရှိမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်ကပြောသည်။

ယခုနှစ်အတွင်း သုံးစွဲမည့်ရန်ပုံငွေသည် ၂၀၁၃ နှင့် အတူတူဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက အသုံးပြုရန် ရန်ပုံငွေကို ၂၀၁၃ မှစကာ တစ်နှစ်လျှင် ကျပ် ဘီလီယံ ၁၀၀ သီးသန့်ထားရှိသည်။ သီးသန့်ရန်ပုံငွေ အဖြစ်ထားရှိသော်လည်း အသုံးစရိတ်သုံးစွဲမှုနှင့်ပတ်သက်ပြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သုံးစွဲရမည်ဖြစ်ကြောင်း သမ္မတက ဇန်နဝါရီ ၇ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ခြောက်မျိုးအနက် ရေလွှမ်းမိုးမှုသည် မြန်မာနိုင်ငံတွင် ဒုတိယအများဆုံးကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ထို့အပြင် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူသေဆုံးမှု အများဆုံးဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်မှာ နာဂစ်မုန်တိုင်းဖြစ်သည်။




## ဝက်သားလုံးမုန်ညင်းစိမ်းဟင်းချို

ဒီတစ်ပတ်တော့ ပုံမှန်ဟင်းချိုလေးတစ်ခွက်ကို ပြင်ဆင်ချက်ပြုတ်ထားပါတယ်။ လိုအပ်တာတွေကတော့ ဝက်သားလိုင်းသား ၁၅ ကျပ်သား၊ ချင်းလက်တစ်ဆစ်၊ ကော်မှုန့်အနည်းငယ်၊ ကြက်သွန်မြိတ်နဲ့ မုန်ညင်းစိမ်းတို့ပဲ လိုပါတယ်။ ပထမဆုံး ဝက်သားသုံးထပ်သားကို ရေစင်အောင်ဆေးပြီး စဉ်းကောစဉ်းပါ။ ဒါမှမဟုတ် ကြိတ်စက်နဲ့ကြိတ်ပါ။ ပြီးရင် ချင်း၊ ကြက် သွန်ဖြူကို ညက်အောင်ထောင်းပြီး ဝက်သားကိုကော်မှုန့်၊ သကြား၊ ဟင်းခတ်မှုန့်၊ ဆား၊ ပဲငံပြာရည်အနောက်တို့နဲ့ ရောနယ်ပြီး နှပ်ထားပါ။

ဒန်အိုးအနေတော်ဖြင့် ရေသင့်ရုံထည့်ပြီး ပွက်ပွက်ဆူအောင်တည်ပါ။ ရေဆူလာတာနဲ့ ညက်နေအောင် ထောင်းထားတဲ့ ချင်း၊ ကြက်သွန်ဖြူ ထည့်ပါ။ ရသာမှုန့်၊ ဆား၊ ငရုတ်ကောင်းထည့်ပါ။ ပြီးရင် နှပ်ထားတဲ့ ဝက်စဉ်းကောကို အလုံးလေးတွေလုံးပြီး နာရီဝက်လောက်ပြုတ်ပါမယ်။ ဟင်းအိုးဆူလာရင် မုန်ညင်းရွက်အနေတော်လှီးထားတာတွေထည့်၊ ဘေဘီကွန်း၊ မုန်လာဥနီထည့်ပြီး နောက်ဆုံးမှာ ကြက်သွန်မြိတ်အုပ်ပြီး ချလို့ရပါပြီ။









7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ခိုတောင်မုန့်တီအလွမ်း

■ညီညီဇော်

အဝေး ရောက် မန္တလေးသူ၊ မန္တလေးသားများ မိမိ ဒေသထွက် အစားအစာများကို လွမ်းမိသည့်အခါ မဖြစ်မနေ သတိရမိနိုင်သည့် အစားအစာတစ်ခုရှိပါသည်။ ထိုအစားအစာက ကိုယ်ဒေသထွက်အစားအစာမဟုတ်ပေသိ မန္တလေးနဲ့ ခွဲလို့ပင်မရတော့။ မန္တလေးမြို့ရဲ့ မိသားစုဝင်အစားအစာတစ်ခုလိုပင် ဖြစ်နေပြီ။ မြန်မာဆန်ဆန် အမည်ပေးထားကြပြီး ခိုတောင်မုန့်တီဟု အမည်တွင်ပါသည်။



*ခေတ်ကာလအလိုက် ပုံစံပြောင်းလဲလာသော ခိုတောင်မုန့်တီရောင်းချမှု*

ဓာတ်ပုံ-ညီညီဇော်

ခိုတောင်မုန့်တီသည် မန္တလေးမြို့ ရောဝတီမြစ်တစ်ဖက်ကမ်း စစ်ကိုင်းမင်းကွန်းကားလမ်းပေါ်ရှိ ခိုတောင်ရွာကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ ခိုတောင်ရွာရှိ အမျိုးသမီးအများစု မန္တလေးမြို့ပေါ်တက်ကာမုန့်တီရောင်းရာမှခိုတောင်မုန့်တီပေါ် ပေါက်လာခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့ကို အမှီပြုကာ နေထိုင်သူတွေက ဘာသာလူမျိုးအစုံရှိပေမယ့် ခိုတောင်မုန့်တီကို လူမျိုးဘာသာမခွဲခြားဘဲ မက်မက်မောမောစားတတ်ကြသည်။ ခိုတောင်မုန့်တီက မန္တလေးမုန့်တီလို မုန့်ဖတ်ကမကြီး၊ အသားဟင်းအနှစ်တွေမပါပေ။ ကြက်သွန်ဖြူနီဆီချက်၊ အရောင်တင်ဆီချက်၊ နနွင်းဆီချက်၊ ပဲသီး၊ မုန်လာထုပ်(ဂေါ်ဖီထုပ်)တို့ဖြင့် ရိုးရှင်းစွာသုပ်ထားခြင်းဖြစ်သည်။ ဟင်းချိုရည်မှာ ပိတ်ဆွယ်၊ တရုတ်နံနံ၊ ဗမာနံနံ၊ ငါးခေါင်း၊ ချင်း၊ ကြက်သွန်ဖြူတို့ ထည့်ထားသဖြင့် အလွန်ပင်မွှေးကြိုင်လှသည်။ ခိုတောင်မုန့်တီသည်တွေက ဆီချက်ထည့်ရာတွင် ဒန်အိုးများကို အသုံးမပြု။ ဒေသထွက်စဉ့်ထည် အိုးသေးလေးများ၊ စဉ့်အင်တုံများဖြင့် ထည့်ထားတတ်ကြသည်။ ဟင်းချိုရည်အိုးကိုလည်း ဒန်အိုးကိုအသုံးမပြုဘဲ လက်ဖြစ်မြေအိုးများဖြင့် ထည့်ထားကြပြီး အိုးကို ဖျင်ကြမ်းထည်သန့်သန့်ဖြင့် ပတ်ထားကြသည်။ ဟင်းချိုတစ်နေကုန်နွေးနေအောင်ဖြစ်သည်။ မြေအိုးတွေ၊ စဉ့်အိုးတွေ၊ ပန်းကန်တွေ၊ မုန့်ဖတ်သုံးလေးပိဿာ၊ ပန်းကန် ၁၀လုံးခန့် ထည့်ထားသည့်မုန့်တီတောင်းက ခေါင်းကိုပုဝင်သွား မတတ်။

ဟိုအရင်ခေတ်တွေတုန်းကတော့ ခုလိုမန္တလေးမြို့ပေါ်မှာ မုန့်တီစက်တွေမပေါ်သေး။ ခိုတောင်မုန့်တီသည်တွေက ကိုယ်ရောင်းမည့် မုန့်တီဖတ်ကို ကိုယ်တိုင်ညှစ်ရသည်ဟု (၁၈)နှစ်အရွယ်ကတည်းက မုန့်တီရောင်းခဲ့သည့် အသက်(၆၅)နှစ်အရွယ် ခိုတောင်ရွာသူ ဒေါ်သန်းစိန်က ပြောသည်။ နံနက်စောစော ၃ နာရီလောက် ဆိုခိုတောင်တစ်ရွာလုံးက မုန့်တီသည်တွေ အိပ်ရာထကြရပြီ။ မိသားစုဝင်သုံးဦးခန့်ဖြင့် မုန့်တီဖတ်ညှစ်ရသည်။ မုန့်တီဖတ်ညှစ်ပြီး တစ်နေကုန်မုန့်သွား ရောင်းရမည်မို့ မနက်စောစောပေမယ့် ခေါင်းလျှော်ရေချိုးရသည်။

စာမျက်နှာ (၁၄) သို့






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

စာမျက်နှာ (၅)မှ

## ဂီတသမားကြီး၏ ငြိမ်းချမ်းရေးအိပ်မက်

အင်းစိန်၊ ကြို့ကုန်းရှိ အိမ်မည်းကြီးတစ်လုံးတွင် ခင်မောင်တိုး၊ ကိုနေဝင်း၊ ကိုမောင်မောင် (အဠလီ)တို့နှင့်အတူ နေထိုင်ရင်း ပြဿနာအုပ်စုဟု အမည်ခံခဲ့သည်။ မာလာဆောင်၊ ဂျီဟောလ်၊ သဇင်ဆောင်တို့ရှေ့၌ ညသန်းခေါင်ကျော်နှင်းစက်များအောက် ကိုရဲလွင်တို့အုပ်စုလေး၏ ဂစ်တာတေးသံများပျံ့လွင့်ခဲ့သည်။ ကိုနေဝင်းရေးသားသည့် 'အားလုံးကိုကျော်ဖြတ်ရမယ်'သီချင်းလေးကို အမြဲသီဆိုကြရင်း သူတို့အတွက် အားအင်ပြည့်ခဲ့သည်။

လိစ္ဆဝီများတေးဂီတအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ကိုမောင်မောင်၏ အကြံပြုချက်အရ မဇ္ဈိမလှိုင်းတေးဂီတအဖွဲ့ကို ၁၉၈၂ ဒီဇင်ဘာတွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ မဇ္ဈိမလှိုင်းသည် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် မဟာဆန်သူတေးစီးရီးကိုထုတ်လိုက်ပြီး တစ်နိုင်ငံလုံးဟိုးဟိုးကျော်သွားခဲ့သည်။ အချစ်စစ်ဆိုတာ၊ ဒဏ္ဍာရီ၊ ဆည်းလည်းလှိုက်သံ၊ပြန်မလှည့်တော့ဘူး၊လွန်ခဲ့သောနေ့သီချင်းများလူငယ်တို့ပါးစပ်ဖျား ရေပန်းစားသွားသည်။

မှတ်မှတ်ရရ မဆလခေတ်တွင် ကိုရဲလွင်တို့ E-Machine အဖွဲ့ အင်းလျားလိတ်ဟိုတယ်၌ ဖျော်ဖြေတီးခတ်ခဲ့ဖူးသည်။ ထိုပွဲတွင် ညှော်သည်အဆိုတော်က စိုင်းထီးဆိုင်ဖြစ်ပြီး သီချင်းတီးခတ် သီဆိုနေချိန်တွင် မဆလပါတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ စင်ပေါ်တက်လာပြီး ဥက္ကဋ္ဌက ဂစ်တာတီးခတ်နေသူများကို ထိုးကြိတ်ခြင်း၊ ဒရမ်များကိုဖျက်ဆီးခြင်းများ ပြုလုပ်ကာ သောင်းကျန်းခဲ့ကြသဖြင့် ပွဲပျက်ခဲ့ရသည်။ အာဏာရှင်ခေတ်ဖြစ်သောကြောင့် အာဏာရှင်တို့ထင်တိုင်းကြဲမှုကိုခံခဲ့ကြရသည်။ "ဦးနေဝင်းပေါ့"ဟုကိုရဲလွင်က ခပ်တိုတိုပင်ပြောသည်။

ထိုစဉ်က ကိုရဲလွင်တို့စင်ပေါ်တွင် တီးခတ်သီဆိုနေသည့် သီချင်းမှာ "Killing Me Softly with His Song" (သူ့သီချင်းနဲ့ငါ့ကို ဖြည်းဖြည်းချင်းသတ်နေတယ်) ဖြစ်သည်။

ကိုရဲလွင်က နိုင်ငံရေးလှုပ်ရှားမှုများကိုပြုလုပ်ခဲ့သူဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တစ်ဦးဖြစ်ခဲ့ပြီးအင်န်အယ်လ်ဒီ စာစောင်အိတ်ထဲများပါလာသဖြင့်မေမြို့တွင်ခြောက်ရက်ခန့်ဖမ်းဆီးခံခဲ့ရသေးသည်။ ခင်မောင်တိုးနှင့် တီးဝိုင်းမန်နေဂျာ ကိုတင့်အောင်တို့နှင့်အတူ အင်းစိန်ထောင်သို့ ပို့ခံရသည်။ စစ်ဆေးမေးမြန်းပြီးပြန်လွှတ်လိုက်သည့်နောက်ပိုင်းတွင်ကိုရဲလွင်ကအင်န်အယ်လ်ဒီပါတီမှ ထွက်လိုက်ပြီး နေအိမ်မှာပင် ဂစ်တာသင်တန်းပေးနေခဲ့သည်။ စီးပွားဖြစ် မဟုတ်ဘဲ မတတ်နိုင်သူများကို အခမဲ့သင်ကြားပေးခဲ့သည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ရွှေဝါရောင်သံဃာ့အရေးအခင်းတွင် ကိုရဲလွင်မှာထောင်ဒဏ်နှစ်နှစ်ကျခံခဲ့ရသည်။ သံဃာတော်များ၏ ငြိမ်းချမ်းစွာလမ်းလျှောက်ပွဲတွင် ပူးပေါင်းပါဝင်ခဲ့ပြီးစက်တင်ဘာ ၂၇ ရက်တွင်ဆူးလေ မီးပွိုင့်၌ ငြိမ်းချမ်းစွာထိုင်လျက် မေတ္တာပို့နေသည့်ပြည်သူလူထုကိုစစ်အစိုးရက ပစ်ခတ်ရိုက်နှက်ဖမ်းဆီးရာတွင်ကိုရဲလွင်မှာ လုံးဝထွက်မပြေးဘဲထိုင်လျက်ပင် မေတ္တာပို့နေခဲ့သည်။

စစ်ကြောရေးစခန်းရောက်သည့်အခါ အာဏာပိုင်များက အင်န်အယ်လ်ဒီ၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် မပတ်သက်ပါက ပြန်လွှတ်ပေးမည်ဟုပြောခဲ့သော်လည်း ကိုရဲလွင်က ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည့် သံဃာတော်များနှင့်ကျောင်းသားများကိုထောက်ခံကြောင်း ရဲဝံ့စွာဖြေလိုက်သည့်အတွက် ပြန်လွှတ်သည့်အထဲမပါဝင်ဘဲ ဆက်လက်ဖမ်းဆီးခံခဲ့ရသည်။

"ကိုယ့်ကိုရိုက်ဖို့ပြေးလာတဲ့ လူနှစ်ယောက်ကို မေတ္တာထိုင်ပို့နေခဲ့တယ်။ ကိုယ့်အနားရောက်တော့ ကိုယ့်ကိုမရိုက်ဘဲဖြတ်သွားပြီး ပြေးနေတဲ့လူတွေနောက်ကို ဆက်လိုက်သွားတယ်။ အဲဒီနေ့က ဆူးလေလမ်းအလယ်မျဉ်းကြားမှာ ထိုင်ခဲ့တာ။ ဂျပန်သတင်းထောက်သေတဲ့နေ့လေ"ဟု ကိုရဲလွင်က ပြောပြသည်။

ထိုဖြစ်စဉ်အပြီးတွင် ၈၈ မျိုးဆက် ဂီတပညာရှင်များက "အနုပညာရှင်တွေဆိုတာ ဘုရင်အတွက်မဟုတ်ဘူး။ အမှန်တရားအတွက်၊ ပြည်သူအတွက်ပဲဖြစ်တယ်ဆိုတာ ဂီတသူရဲကောင်း ကိုရဲလွင်က ရဲဝံ့စွာရပ်တည်ပြခဲ့ပြီဖြစ်ပါတယ်"ဟူ၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထောင်မှပြန်လွတ်လာသည့်အခါ ကိုရဲလွင်သည် ကိုနေဝင်း၊ ကိုသားထွေးတို့နှင့်အတူ လက်တွဲ၍ Vertical Vibration တီးဝိုင်းကို တည်ထောင်ခဲ့သေးသည်။ ထို့နောက် ၂၀၁၁ ခုနှစ်အတွင်း ဒလမြို့နယ်အတွင်း ရေရှားပါးမှုများကြုံတွေ့နေချိန်တွင် **ပန်းရဲ့လမ်း** ဂီတအဖွဲ့ စတင်ပေါ်ပေါက်လာခဲ့သည်ဟု အဖွဲ့ဝင်ကိုသားထွေးက ဆိုသည်။

လွတ်လပ်ငြိမ်းချမ်း ပန်းရဲ့လမ်း လူမှုကွန်ရက်အဖွဲ့ကို ကိုရဲလွင်ဦးဆောင်၍ ၂၀၁၁ ခုနှစ် မေလအတွင်းဖွဲ့စည်းခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ပညာရေးကွန်ရက်၊ ကျန်းမာရေးကွန်ရက်တို့ကို လမ်းဘေးတွင်သီချင်းများလိုက်လံသီဆို၍ ရန်ပုံငွေများရှာဖွေပေးခဲ့သည်။ ကချင်စစ်ဘေးသင့်ဒေသခံပြည်သူများအတွက်လည်း ရန်ပုံငွေများရှာဖွေလှူဒါန်းခဲ့ကြသည်။

"ကျွန်တော်တို့လက်နဲ့လှူတာက သိန်းတစ်ထောင်ကျော်ပါပြီ။ ပညာရေး၊ ကျန်းမာရေးကွန်ရက်တွေကို ရန်ပုံငွေရှာပေးခဲ့တာတွေနဲ့ပေါင်းရင် သိန်းပေါင်းသုံးထောင်ကျော်ရှိပါပြီ"ဟု ကိုသားထွေးကပြောသည်။

ကိုရဲလွင်ဦးဆောင်သည့်ပန်းရဲ့လမ်းအဖွဲ့သည် နိုင်ငံရေး သီချင်းများ၊ မဇ္ဈိမလှိုင်း၏နာမည်ကျော်တေးသီချင်းများကိုလိုက်လံသီဆိုနေကြဆဲဖြစ်သည်။ "ဖိနှိပ်ပိတ်ဆို့မှုတွေကို ဂီတကရေလည်တွန်းနေရတယ်"ဟုကိုရဲလွင်က ဆိုသည်။

အင်းလျားလိတ်တွင် အာဏာရှင်ဦးနေဝင်းစင်ပေါ်တက်သောင်းကျန်းသည့်ဖြစ်စဉ်အပြင် ကိုရဲလွင်အတွက် မှတ်မှတ်ရရှိခဲ့သည့် အဖြစ်အပျက်တစ်ခုရှိသေးသည်။ ထိုစဉ်က E-Machine အဖွဲ့နှင့် ပျဉ်းမနားမြို့နှစ်ကျိပ်ရှစ်ဆူဘုရားပွဲသို့ သွားရောက်ဖျော်ဖြေစဉ်ဖြစ်သည်။ တာဝန်ရှိသူများက သူတို့အဖွဲ့ကိုမြန်မာ့ရိုးရာပုဆိုးနှင့် တိုက်ပုံ ဝတ်ဆင်တီးခတ်သီဆိုရမည်ဟု လာပြောကြသည်။

ထိုမျှပင်မကသေးဘဲ တစ်ဖွဲ့လုံးတွင် ဆံပင်အရှည်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်အရှည်နှင့်ဖြစ်သော ကိုရဲလွင်ကို ဆံပင်ညှပ်ရမည်ဟုခိုင်းစေလာခဲ့သည်။ ထိုအခါ ကိုရဲလွင်က လက်မခံဘဲ ဆံပင်ကို သျှောင်ထုံးထုံး၍ ဖျော်ဖြေခဲ့သည်။

"ဘာလို့လဲလို့မေးတော့ ယဉ်ကျေးမှုအရတဲ့။ ဒါဆို ဆံပင်ကို မြန်မာလိုပဲ ထားမယ်။ ဘိုကေတော့မညှပ်နိုင်ဘူးဆိုပြီး သျှောင်ထုံးထုံးလိုက်တယ်။ ဖျော်ဖြေတဲ့နေ့ကျ သွားနေတဲ့ကားပေါ်မှာ မတ်တတ်ရပ်တီးရင်းနဲ့ သျှောင်ထုံးက ခဏခဏပြေကုန်တယ်။ လူငယ်ပရိသတ်ကကြည့်ပြီးသဘောတွေကျနေကြတယ်"ဟု ကိုရဲလွင်က ရယ်လျက်ပြောပြသည်။

သူရေးစပ်ခဲ့သည့် ပန်းခရမ်းပြာသီချင်းသည် ၈၈ ခုနှစ်ဝန်းကျင်တွင် အလွန်ရေပန်းစားခဲ့သည်။ ကိုရဲလွင်သည်တေးသီချင်းများစွာကိုရေးစပ်သီကုံးခဲ့ပြီး ယခုခေတ်တိုင် လူငယ်ဂီတသမားတို့၏ လေးစားဖွယ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် တည်ရှိနေဆဲဖြစ်သည်။ နဒီမင်္ဂလာနှင့် သဇင်ညသီချင်းတို့မှာလည်း နိုင်ငံကျော်လူကြိုက်များခဲ့သည့် တေးသီချင်းများပင်ဖြစ်သည်။

သူသည် ငြိမ်းချမ်းရေးကို မက်မောသည်။ ဘာသာရေးကို ကိုင်းရှိုင်းသည်။ ကံ ကံ၏အကျိုးကို ယုံကြည်သူတစ်ဦးဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် လူထုနှင့် ပူးပေါင်းရင်း ကိုယ့်ကိုယ်ကိုယ် ကျစ်လျစ်ခိုင်မာလာစေရန် တည်ဆောက်လျက်ရှိသည်။ မေတ္တာဘာဝနာအားထုတ်ရင်း သည်းခံစိတ်ကိုမွေးမြူနေသည်။ မေတ္တာတိုးပွားလာလေ သည်းခံမှုအားပိုကောင်းလာလေဟု သူကခံယူထားသည်။ ခရစ်ယာန်မိသားစုမှ ဆင်းသက်လာသည့် ကိုရဲလွင်သည် နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာခဲ့ပါသည်။

နိုင်ငံရေးသမားတစ်ဦးအနေနှင့် ရပ်တည်မည်မဟုတ်သော်လည်း နိုင်ငံရေးတွင်လိုအပ်လာပါက ဝိုင်းဝန်းကူညီရန် အသင့်ရှိကြောင်း ဗီအိုအေနှင့်အင်တာဗျူးတစ်ခုတွင်ဖြေကြားဖူးသည်။ အခြေခံဥပဒေပြင်ဆင်ရန်လည်း သူကလိုလားသည်။ "အခြေခံဥပဒေပြင်ဆင်မှုပဲဖြစ်မယ်။ ဒါက ပိတ်ဆို့သူတွေအပေါ် မူတည်တယ်။ ပြည်သူတွေကတော့ ပြင်ဖို့ပဲတောင်းဆိုလို့ရတာ"ဟုသူက ပြောသည်။

ပန်းရဲ့လမ်းကိုတည်ထောင်၍ ငြိမ်းချမ်းရေးကိုသီချင်းများဖြင့် ဖော်ဆောင်နေပြီး နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းသားတစ်ဦးလည်း ဖြစ်သည့် ကိုရဲလွင်ကို ပြည်ပရောက်မြန်မာမိသားစုများ၏ပြည်သူ့ဂုဏ်ရည်အသင်းက ပြည်သူ့ဂုဏ်ရည်အထူးဆုရှင်အဖြစ် ချီးမြှင့်ခဲ့သည်။

ငြိမ်းချမ်းရေးသည်သာ ပဓာနဟုခံယူထားသည့် ဂီတသမားကြီး၏ ရှည်လျားသည့်ဆံပင်နှင့် မုတ်ဆိတ်တို့မှာ ဖြူဆွတ်လျက်ရှိနေပါပြီ။ သူသည် သူတတ်ကျွမ်းသည့်ဂီတပညာဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုနေဆဲဖြစ်ပါသည်။ နိုင်ငံအတွက် ပေးဆပ်နေဆဲဖြစ်ပါသည်။ စစ်ဘေးဒုက္ခသည်များအတွက် လမ်းတကာ၊ လက်ဖက်ရည်ဆိုင်တကာပတ်၍ တီးခတ်ဖျော်ဖြေကာ ပိုက်ဆံရှာပေးနေဆဲဖြစ်ပါသည်။

"ကမ္ဘာတစ်ခုလုံး မငြိမ်းချမ်းပါဘူး။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်က ငြိမ်းချမ်းနေတယ်ဆိုရင် ဂုဏ်ယူစရာပါ"ဟု ငြိမ်းချမ်းရေးဂီတသမားကြီးကဆိုပါသည်။

နေရောင်ခြည်သည်တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ရုံဘေးရှိ Morning Star လက်ဖက်ရည်ဆိုင်ရှေ့တွင် "ခွန်အားဖြည့်မိငယ်" သီချင်းကို ရေးသားသူကိုနေဝင်းက ဆက်လက်သီဆိုနေသည်။ သူ၏နောက်တွင် သက္ကလပ်ဦးထုပ်ဟောင်းလေးကိုဆောင်းကာ မျက်မှန်ဝိုင်းအနက်တပ်ဆင်ထားသည့် ဘေ့စ်ဂစ်တာသမားကြီးကိုရဲလွင် (မဇ္ဈိမလှိုင်း)က အားမာန်အပြည့်ဖြင့် တီးခတ်ပေးရင်း သီချင်းတွင် မျောပါစီးဆင်းနေသည်။

"အရှုံးမပေးနဲ့ . . . မိငယ်ရေ . . . ရဲရင့်မှ ကျော်ဖြတ်လှမ်း . . . အများအကျိုးအတွက် တာဝန်ထမ်းရွက်တဲ့အခါ . . . တကယ်ကိုယ်ကျိုးစွန့်နိုင်မှ"

ဆောင်းနံနက်ခင်းက တည်ငြိမ် ငြိမ်းချမ်းလျက်။



## ၂၀၁၄ ဇန်နဝါရီ ၁၅မှ ၂၁ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါမယ်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းတစ်လုံး ဖြစ်ပေါ်လာနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး ကမ်းရိုးတန်းဒေသများတွင် လှိုင်းအမြင့် ၁ ပေမှ ၂ ပေခန့်၊ ကမ်းလွန်ဒေသများတွင် လှိုင်းအမြင့် ၂ ပေမှ ၃ ပေရှိနိုင်ပါတယ်။

### ညအပူချိန်များအခြေအနေ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ညအပူချိန်များဟာ ၈ ဒီဂရီ စင်တီဂရိတ်-၁၁ ဒီဂရီ စင်တီဂရိတ်ခန့်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ နေပြည်တော်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့တွင် ညအပူချိန်များဟာ ၁၂ ဒီဂရီစင်တီဂရိတ်-၁၄ ဒီဂရီစင်တီဂရိတ်ခန့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတို့တွင် ညအပူချိန် များဟာ ၁၄ ဒီဂရီစင်တီဂရိတ်-၁၇ ဒီဂရီစင်တီဂရိတ်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့တွင် ၁၇ ဒီဂရီ စင်တီဂရိတ်-၁၉ ဒီဂရီ စင်တီဂရိတ် ရှိနိုင်ပါတယ်။ မကွေးတိုင်းဒေသကြီးတွင် ညအပူချိန်များ ပြောင်းလဲမှုများနိုင်ပါတယ်။

### မိုးတိမ်တောင် အခြေအနေ

မြန်မာပြည်တစ်ဝန်းလုံး ဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု မရှိပါ။

### မိုးရွာသွန်းမှု အခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃ ရက်မှ ၄ ရက်ခန့် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါတယ်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။ **ဒေါက်တာထွန်းလွင်** (MCCW)

## အစိုးရက လာမည့်ဘဏ္ဍာနှစ် ဂျီဒီပီ ၉ဒသမ ၂ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်း

**ရန်မျိုးနိုင်၊ သိမ့်သိမ့်စိုး**

**နေပြည်တော်၊ဇန်နဝါရီ- ၁၃**

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင်တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ကိုးရာခိုင်ခိုင်နှုန်းကျော်တိုးတက်ရန် ရည်မှန်းကာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း(မူကြမ်း)တွင်ထည့်သွင်းရေးဆွဲထားကြောင်း အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်ကပြောသည်။

ဂျီဒီပီကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန် ဈေးနှုန်းများအရ ၂၀၁၄-၁၅တွင် ၉ဒသမ၁ရာခိုင်နှုန်းတိုးတက်မည်ဟု ဒေါက်တာကံဇော်ကလည်း ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခဲ့သည်။

လယ်ယာကဏ္ဍတွင် ၂ဒသမ ၇၊ သားငါးကဏ္ဍတွင် ၈ဒသမ ၇၊ စွမ်းအင်ကဏ္ဍတွင် ၁၃ဒသမ ၄၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင်၈ဒသမ၈၊စက်မှုလက်မှုကဏ္ဍတွင် ၉ဒသမ ၅၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁ဒသမ ၆၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၁၄ဒသမ ၁၊ ပို့ဆောင်ကဏ္ဍတွင် ၇ဒသမ ၆ ဆက်သွယ်ရေးကဏ္ဍတွင် ၆၈ဒသမ ၉၊ ငွေရေးကြေးရေးကဏ္ဍတွင် ၁၁ဒသမ ၇၊ ကုန်သွယ်မှုကဏ္ဍတွင် ၅ဒသမ ၄ရာခိုင်နှုန်းအသီးသီးတိုးတက်မည်ဖြစ်သည်ဟု ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အမျိုးသား စီမံကိန်း(မူကြမ်း)တွင်ပါရှိသည်။

"ကမ္ဘာ့ဘဏ်က နောက်ဆုံးထုတ်တဲ့ စာတမ်းမှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှာ ၆ဒသမ ၅ရာခိုင်နှုန်းပဲ တိုးတက်မယ်လို့ ခန့်မှန်းထားတာအခု ၉ဒသမ ၁ဆိုတော့ မဖြစ်နိုင်ဖို့များတယ်။ ဒါပေမဲ့ စီမံကိန်းဆိုတော့ မှန်းတွက်ချက်တာပေါ့"ဟု နိုင်ငံတကာစီးပွားရေးအကြံပေးဦးကျော်မြင့်ကပြောသည်။

# Health

7DAY NEWS JOURNAL

Vol.12, No.45 • JANUARY 15 , 2014


## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန် ဆရာမ မလုံလောက်ဟု ဆေးရုံအုပ်ကြီးပြော



ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုတွေ့ရစဉ်

ဓာတ်ပုံ - နစ်ကီ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာများပြားပြီး ဆရာဝန်၊ ဆရာမ မလုံလောက်သည့်ပြဿနာများ ရင်ဆိုင်နေရကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောသည်။

အစိုးရသစ်လက်ထက်တွင် ဆေးရုံ၊ ဆေးခန်းများအား စံကိုက်ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားတိုးချဲ့လိုက်သော်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စံကိုက်ဖွဲ့စည်းပုံ မရရှိသေးသည့်အတွက် ဝန်ထမ်းအင်အားနည်းပါးနေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ Training Centre ဖွင့်ပွဲအခမ်းအနား၌ ဆေးရုံအုပ်ကြီးက ပြောကြားသည်။

"အခုကတော့လက်ထောက်ဆရာဝန်ရော ဟောက်ဆာဂျင်ရော နည်းပါးနေတယ်။ ဖွဲ့စည်းပုံအသစ်ကြောင့် ဆရာဝန်တွေရော ဆရာမတွေ၊ နောက်တစ်လနှစ်လလောက်အတွင်း ရရှိမယ်လို့ ထင်တယ်" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

စံကိုက် ဖွဲ့စည်းပုံအတိုင်း ပြုပြင်ပြီးပါက ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခြင်းအပြင် အရေးပေါ်ဌာနများ သီးသန့်ထားရှိခြင်း အပါအဝင်အချို့သောဆေးကုသဆောင်များ တိုးချဲ့ရန်လည်း စီစဉ်ညှိနှိုင်းနေပြီဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောသည်။

တစ်နိုင်ငံလုံးရှိ ခုတင် ၂၀၀ ဆံ့ ဆေးရုံများတွင် စံကိုက်ဖွဲ့စည်းပုံအရ အထူးကုဆရာဝန်များအပါအဝင် ဝန်ထမ်းအင်အား တိုးချဲ့ထားကြောင်း သတင်းရရှိသည်။

ခုတင် ၁၅၀၀ ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြီးခဲ့သည့်နှစ်အတွင်းက လူနာ ငါးသောင်းရှစ်ထောင်ကျော် တက်ရောက်ကုသမှု ခံယူခဲ့ပြီး လူနာဦးရေသည် လွန်ခဲ့သည့် ငါးနှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော် များပြားလာကြောင်း သိရသည်။

လူနာများပြား လွန်းသည့်အတွက် စင်္ကြံလမ်းများ၊ ဝရန်တာများတွင်ပါ လူနာများထားရှိရပြီး ဆရာဝန်၊ လူနာအချိုး အစားမမျှတခြင်းကြောင့် ဆေးကုသစစ်ဆေးမှုများတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရသည့် ပြဿနာများလည်း များပြားနေကြောင်း ဆေးရုံတက်ကုသနေသည့် လူနာများက ပြောသည်။

"လူနာတွေ အရမ်းများတဲ့အခါမျိုးမှာ လူနာတိုင်းက ကိုယ့်ပြဿနာအရမ်းကြီးတယ်လို့ ထင်နေပေမယ့် ဆရာဝန်ကတော့ အသက်အန္တရာယ် အရေးကြီးဆုံးထင်တဲ့ လူနာကိုဦးစားပေးရတာမျိုးတွေလည်း ရှိပါတယ်။ နှစ်ဦးနှစ်ဖက် နားလည်ပေးဖို့ လိုအပ်ပါတယ်" ဟုရန်ကုန်ကလေးဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

## အိမ်သာမရှိသော၊ အိမ်သာမသန့်ရှင်းသော နေအိမ်များမှ ကလေးငယ်များ သန်ကောင်ရောဂါပိုဖြစ်ပွား

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

သန့်ရှင်းသော အိမ်သာအသုံးမပြုခြင်းနှင့် အိမ်သာမရှိသော နေအိမ်တွင် နေထိုင်သည့် ကလေးများသည် မြေကြီးမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော သန်ကောင်ရောဂါ ဖြစ်ပွားနှုန်းပိုများကြောင်း သုတေသနစာတမ်းတစ်ခုတွင် ဖော်ပြထားသည်။

နေပြည်တော်၊ သပြေချောင်းကျေးရွာရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် တစ်နှစ်ကြာသုတေသနပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိမှုကို ဆေးသုတေသန ဦးစီးဌာန သုတေသနညီလာခံ၌ ဖတ်ကြားခဲ့သည်။

ထိုစာတမ်းတွင် မူလတန်းကျောင်းရှိ ကလေးများအား သန်ချဆေးပေးပြီး တစ်နှစ်အတွင်း ပြန်လည်လေ့လာခဲ့ရာ သန်လုံးကောင်နှင့် ချိတ်ကောင်ဖြစ်ပွားနှုန်း ၁၅ ရာခိုင်နှုန်းကျော် တွေ့ရှိခဲ့ပြီး သန်ကောင် ပြန်လည်ဖြစ်ပွားနှုန်းမှာ သန်ချဆေးပေးပြီး တစ်နှစ်အကြာတွင် ၉၃ ရာခိုင်နှုန်းအထိ မြင့်တက်နေကြောင်း အထက်ပါစာတမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ ကလေး ၁၀၀ တွင် ၇၀ ဦး၊ ကိုယ်ဝန်ဆောင် ၁၀၀ တွင် ၄၀ ဦးမှာ သန်ကောင်ရောဂါစွဲကပ်နေကြကြောင်း ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးစီမံချက်၏ စာရင်းများတွင် ဖော်ပြထားသည်။

ပြည်တွင်းတွင် သန်လုံးကောင်၊ တုပ်ကောင်၊ ကြာပွတ်သန်ကောင်၊ ချိတ်သန်ကောင်နှင့် သန်ပြားကောင်တို့ဖြစ်ပွားမှုများပြားပြီး မသန့်ရှင်းသော အစားအသောက်နှင့် လက်မှတစ်ဆင့်လည်းကောင်း၊ လူ့အရေပြားကို ထိုးဖောက်ဝင်ရောက်ခြင်းဖြင့်လည်းကောင်း ကူးစက်ဖြစ်ပွားပြီး အခြားသူတစ်ဦးထံသို့လည်း ကူးစက်လေ့ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကလေးများတွင်သန်ကောင်ရောဂါဖြစ်ပွားပါက ကြီးထွားမှုစံချိန်မမီခြင်း၊ ကလေးစားသော အစာအာဟာရကို သန်ကောင်က စားသုံးခြင်းကြောင့် ကလေးတွင် အာဟာရချို့တဲ့လာခြင်းနှင့် ဦးနှောက်ဖွံ့ဖြိုးမှုထိခိုက်ခြင်းကြောင့် ကလေး၏ သင်ယူ၊ မှတ်ယူနိုင်မှုစွမ်းအားများကျဆင်းခြင်းတို့ ဖြစ်ပွားနိုင်ကြောင်း သန်ကောင်ရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၌ ဖော်ပြထားသည်။

သုတေသနတွင်သန်ကောင်ရောဂါဖြစ်ပွားမှု လျော့နည်းစေရန် ပုံမှန်သန်ချဆေးတိုက်ခြင်းနှင့် နေအိမ်တွင် သန့်ရှင်းသော အိမ်သာများ အသုံးပြုခြင်းများအပြင် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# သားဖွားဆရာမများ စွမ်းဆောင်ရည်မြှင့်တင်ရန် 3MDG ပံ့ပိုးမည်

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ပြည်တွင်းရှိ သားဖွားဆရာမများ စွမ်းဆောင်ရည် မြှင့်တင်ရန် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် သုံးမျိုး ရန်ပုံငွေ (3MDG)က ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သားဖွားဆရာမများအား မူဝါဒပိုင်းဆိုင်ရာ အကူအညီများ၊ တရားဝင်အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်မှုများ၊ ခေတ်မီသင်ရိုးများဖြင့် သင်ကြားမှုများအပါအဝင် လက်တွေ့ဆောင်ရွက်မှုဆိုင်ရာ သင်တန်းများဖြည့်ဆည်းပေးရန် စိတ်ပါဝင်စားသည့်အဖွဲ့အစည်းများအားအဆိုပြုလွှာများ ခေါ်ယူထားကြောင်း 3MDG မှ သိရသည်။

သားဖွားဆရာမများအား သင်တန်းများပံ့ပိုးရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် သဘောတူညီမှုရရှိထားပြီး အသေးစိတ်လုပ်ငန်းများနှင့် စတင်ဆောင်ရွက်မည့်အချိန်ကို ဆွေးနွေးနေဆဲဖြစ်သည်။

"3MDG အနေနဲ့ သားဖွားဆရာမတွေကို ပံ့ပိုးပေးမယ့်လုပ်ငန်းကို ၂၀၁၆ ဒီဇင်ဘာအထိ ဆောင်ရွက်သွားမှာပါ"ဟု ထိုအဖွဲ့၏ ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ထိုသူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် သားဖွားဆရာမများကို အဓိကမှီခိုနေရသည်။

ကိုယ်ဝန်ဆောင် မိခင်၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းသည့် မွေးဖွားမှုများပါ တာဝန်ယူထားကြသည့် သားဖွားဆရာမများ၏ စွမ်းဆောင်မှု မြှင့်တင်ပေးရန်လိုအပ်သောကြောင့် ထိုကဲ့သို့ ပံ့ပိုးမှုများ ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ပြည်တွင်းတွင် သားဖွားဆရာမတစ်သောင်းနီးပါး တာဝန်ထမ်းဆောင်နေပြီး လူဦးရေ လေးထောင်ကျော်တွင် သားဖွားဆရာမတစ်ဦးနှုန်းသာရှိ၍ လိုအပ်ချက်ကြောင့် အရန်သားဖွားဆရာမများကိုပါ ခန့်အပ်ထားရှိရကြောင်း ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးဌာနမှ သတင်းရရှိသည်။

သားဖွားဆရာမများသည် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားခြင်း၊ သားဆက်ခြားခြင်းများကို အဓိကဆောင်ရွက်ရသည့်အပြင် မွေးကင်းစကလေးစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးပညာ၊ ကူးစက်ရောဂါနှိမ်နင်းရေး၊ ဆေးကုသမှုလုပ်ငန်းများကို ထမ်းဆောင်ကြရသည်။

ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်အထိ သားဖွားဆရာမ ဦးရေ နှစ်သောင်းမွေးထုတ်ပေးခဲ့ပြီးအရည်အချင်းပြည့်ဝသော သားဖွားဆရာမ လုံလောက်စွာနှင့် ပစ္စည်းကိရိယာပြည့်စုံစွာရှိပါက မိခင်သေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သားဖွားဆရာမများ အထိမ်းအမှတ်နေ့အတွက် ရေးသားထားသည့် ဒေါက်တာသိဂီမြင့်၏ ဆောင်းပါးတွင် ပါရှိသည်။

## ငါးခြောက်အချို့တွင် အာရုံကြောပြင်းထန်စွာ ထိခိုက်စေသည့် အဆိပ်ထုတ်နိုင်သည့် ပိုးတွေ့သော်လည်း လူကို အန္တရာယ် မပြုနိုင်ဟုဆို

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ဈေးကွက်အတွင်း ရောင်းချနေသည့် ငါးခြောက်အချို့တွင် ပြင်းထန်စွာ အာရုံကြော ထိခိုက်စေသော အဆိပ်များ ထုတ်နိုင်သည့် ပိုးမွှားများ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရသော်လည်း လူကို အန္တရာယ်ပြုနိုင်သည့် အဆိပ်ထွက်ရှိမှု မရှိကြောင်း သတင်းရရှိသည်။

ဈေးများတွင် ရောင်းချနေသည့် ငါးကျည်းခြောက်၊ ကကူရံခြောက်နှင့် ငါးပုပ်ခြောက် နမူနာ ၉၀ အား စမ်းသပ်လေ့လာခဲ့ရာ ထိုနမူနာများမှ ၂၄ ခုတွင် ကလော်စထရီးယမ်ဘော်ကျူလီနမ်ပိုး တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုပိုးများမှ လူသို့ အန္တရာယ်ဖြစ်စေသော အဆိပ်ထုတ်မှုရှိ၊ မရှိကို ဆက်လက်လေ့လာရာ အဆိပ်ထွက်ရှိမှု မရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ထိုလေ့လာမှုအား "အချို့သောငါးခြောက်များတွင်ကလော်စထရီးယမ်ဘော်ကျူလီနမ်ပိုး ပါဝင်မှု ရှိ၊ မရှိနှင့် ၎င်းတို့မှ ထွက်သော အဆိပ်ကို စမ်းသပ်ရှာဖွေခြင်း" အမည်ဖြင့် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သုတေသနပညာရှင် ရှစ်ဦးတို့က ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် စုပေါင်းပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုးသည်ဦးနှောက်အာရုံကြော ထိခိုက်စေသည့် အဆိပ်များထုတ်လုပ်နိုင်ပြီး အဆိပ်ပုံစံ အမျိုးမျိုးရှိသည့်အနက် အမျိုးအစား အေ၊ ဘီနှင့် အီး သည် လူကို အန္တရာယ်အပေးဆုံးနှင့် အဖြစ်အများဆုံးဖြစ်ကြောင်း သိရသည်။ ကလော်စထရီးယမ်ဘော်ကျူလီနမ်ပိုးသည် ခရမ်းရောင်ရှိပြီး အောက်ဆီဂျင်မရှိသည့် နေရာများ၌ ပေါက်ဖွားကာ ထိုသုတေသနအား လူအများ အစားအသောက် အန္တရာယ် ကင်းရှင်းစွာ သတိပြုစားသုံးနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။






Regional
7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014



ဆောက်လက်စကုသိုလ်ဖြစ်ဆေးခန်း

ဓာတ်ပုံ - မျိုးမင်းဦး

# ကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ်ဆေးခန်း တည်ဆောက်ရေး အလှူရှင်များ လိုအပ်နေဆဲဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၁၁**

မုံရွာမြို့ရှိ ကရုဏာမြင့်မိုရ် ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှတည်ဆောက်လျက်ရှိသောကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ်ဆေးခန်း တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးရန် အလှူရှင်များ လိုအပ်နေဆဲဖြစ်ကြောင်း ကရုဏာမြင့်မိုရ်ကျန်းမာရေးနှင့်လူမှုကူညီရေးအသင်း အတွင်းရေးမှူးဦးမြင့်ငွေကပြောသည်။

"ကရုဏာမြင့်မိုရ် ကျန်းမာရေးနဲ့ လူမှုကူညီရေး အသင်းတစ်ပြည့်အထိမ်းအမှတ် ကျင်းပတဲ့ ၂၀၁၂ ခုနှစ်ဇန်နဝါရီ ၈ ရက်ကစပြီး ကုသိုလ်ဖြစ်ဆေးခန်းကို ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပပြီး တည်ဆောက်ခဲ့တာပါ။ နာယကဆရာတော်ကြီးက ကျပ်သိန်း ၅၀ မတည်ငွေနဲ့စဆောက်ခဲ့ပြီး အများပြည်သူထည့်ဝင်လှူဒါန်းငွေနဲ့ စုစုပေါင်း သိန်းလေးရာလောက်ကုန်ပြီ။ အခုဆို တည်ဆောက်ရေးလုပ်ငန်းရဲ့ ၇၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးပါပြီ။ ဘယ်တော့ပြီးမှာလဲ။ ဘယ်အချိန်မှာ ဆေးဝါးကုသမှုတွေ ဆောင်ရွက်နိုင်မှာလဲဆိုတာက အလှူရှင်တွေ စုပေါင်းလှူဒါန်းတဲ့ငွေနဲ့ အပြီးသတ်တည်ဆောက်သွားမှာပါ" ဟု ဦးမြင့်ငွေက ဆက်လက်ပြောကြားခဲ့သည်။

"ဒီဒေသမှာ ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ ရည်ရွယ်ပြီး တည်ဆောက်နေတာပါ။ ဆေးရုံထဲမှာထားရှိရမည့်ဆေးရုံသုံးပစ္စည်းတွေ၊ ဆေးဝါးတွေ အတွက် အလှူရှင်ကတော့ လိုနေဦးမယ်" ဟု ဆေးခန်းတည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ကရုဏာမြင့်မိုရ် ကုသိုလ်ဖြစ် ဆေးကုခန်းအား မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ မန်ကျည်းအုပ်တောရကျောင်းအတွင်း အလျားပေ ၁၀၀၊ အနံပေ ၉၀ ရှိအာရ်စီတစ်ထပ်အဆောက်အအုံ တည်ဆောက်လျက်ရှိပြီး အဆောက်အအုံတည်ဆောက်မှု ကုန်ကျစရိတ်ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၅၀၀ ခန့်ကုန်ကျမည် ဖြစ်သည်။

ကုသိုလ်ဖြစ်ဆေးခန်း အတွင်း ကျန်းမာရေးအထောက်အကူပြု စက်ကရိယာများနှင့် အသုံးအဆောင်များ တပ်ဆင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၅၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး ကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ်ဆေးခန်းစုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း တစ်ထောင်ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။

ကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ် ဆေးခန်း တည်ဆောက်ပြီးစီးပါက ဆရာဝန်များ၊ သူနာပြုများထားရှိပြီး အထွေထွေရောဂါများအခမဲ့ဆေးဝါးကုသပေးရန် စီစဉ်ထားသည်။

# ခဲမဖြူနှင့် သတ္တုမျိုးစုံ တူးဖော်ရန် လျှောက်ထားမှု ထားဝယ်ဒေသခံများ ကန့်ကွက်

**စိုးမိုးအောင်**

**ထားဝယ်၊ ဇန်နဝါရီ-၁၁**

ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲတွင် သတ္တုတူးဖော်ရန် လျှောက်ထားမှုကိုဒေသခံများကကန့်ကွက်ထားကြောင်း သတင်းရရှိသည်။

ထားဝယ်ခရိုင်၊ မေတ္တာမြို့နယ်ခွဲ မြေခံဘော်ကျေးရွာ အတွင်းရှိ ညောင်ချောင်းဝကျေးရွာအနီးတွင် First Resource ကုမ္ပဏီက ဧက ၅၀ ခန့်စီရှိသော အသေးစားလုပ်ကွက် ရှစ်ကွက်ဖြင့် မြေဧက ၄၀၀ ခန့်တွင် ခဲမဖြူနှင့် သတ္တုမျိုးစုံ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။ သတ္တုတူးဖော်ရေး လုပ်ကိုင်နိုင်ရန်အတွက် မြေခံဘော်ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ စီမံကိန်း ဧရိယာမြေပုံကူးယူခွင့်ရရှိထားပြီးဖြစ်သည်ဟုဆိုသည်။

ဇန်နဝါရီလဆန်းမှစ၍ အဆိုပါကုမ္ပဏီက သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လာသဖြင့် ခမောင်းသွယ် တိုက်နယ်အတွင်းရှိ သပြုချောင်း၊ ညောင်ချောင်းဝအပါအဝင်ကျေးရွာ ၁၂ ရွာမှ ဒေသခံများသည် အဆိုပါကုမ္ပဏီက သတ္တုတူးဖော်ရေးစီမံကိန်းများဆောင်ရွက်နေမှုကို ကန့်ကွက်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်သတ္တုနှင့် သယံဇာတရေးရာကော်မတီ၊ ကရင်အမျိုးသားအစည်းအရုံး၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း အုပ်ချုပ်ရေးမှူးအပါအဝင် အခြားဌာနများသို့ ဇန်နဝါရီ ၉ ရက်က တင်ပြထားကြောင်း သိရသည်။

စာမျက်နှာ ၁၂ ››



7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ဟားခါးနှင့်မတူပီလမ်းမကြီးပျက်စီးနေ၍ ချင်းပြည်နယ်အတွင်း စားနပ်ရိက္ခာရှားပါးမှုကြုံတွေ့

**ကိုစိုင်း**

**ကလေး၊ ဇန်နဝါရီ- ၁၂**

ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်သွယ်ထားသည့် ကားလမ်းမကြီးပေါ်တွင် ပွင့်လင်းရာသီကာလ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် စားနပ်ရိက္ခာရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။



ဟားခါး- မတူပီ လမ်းပိုင်းရှိ ပျက်စီးနေသော တစ်နေရာ

ဓာတ်ပုံ- ကိုစိုင်း

ချင်းပြည်နယ်မြို့ချင်းဆက်ကားလမ်းမကြီးဖြစ်သည့် ဟားခါးမြို့နှင့်မတူပီမြို့သို့သွားသောကားလမ်းမသည်၁၇၅မိုင်ရှည်လျားပြီး ယင်းလမ်းပိုင်းပေါ်ရှိတောင်များပြိုကျခြင်း၊တံတားများပျက်စီးနေခြင်းကြောင့် ကုန်စည်တင်ပို့ရန်အတွက်မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကုန်တင်ကားများဝင်ရောက်နိုင်မှုမရှိဘဲ ကုန်စည်၏တန်ဖိုးထက် သယ်ယူစရိတ်က ကြီးမြင့်နေခြင်းများကြုံတွေ့နေသည်။ ဒေသခံ တိုင်းရင်းသား ပြည်သူများ အနေဖြင့် လိုအပ်သော ကုန်စည်များ ဈေးကွက်အတွင်း ဝယ်ယူရန် ခက်ခဲနေကြောင်းဒေသခံချင်းတိုင်းရင်းသားများကပြောသည်။ 'ဟားခါးမြို့ကနေ ရေဇွာလ်မြို့အထိ မိုင်တစ်ရာကျော် ကားလမ်းမကြီးမှာ ကုန်တင်ကားတွေ မသွားနိုင်တာကြာပြီဖြစ်လို့ ဆိုင်ကယ်အတွက်လိုအပ်တဲ့ဓာတ်ဆီ ဆိုရင်လည်း ကျေးရွာတိုင်းမှာ ဝယ်လို့မရဘူး။ ဆန်ဆိုရင်လည်း ဈေးကွက်ထဲမဝင်နိုင်လို့ဝယ်စားမယ်ဆိုရင်ဆန်အိတ်တစ်အိတ်ကို တစ်သောင်းခွဲဆိုရင်သယ်ယူ စရိတ်က နှစ်သောင်းလောက်ရှိနေတော့ လူတိုင်းဝယ်မစားနိုင်တဲ့အခြေအနေမျိုးတွေကြုံတွေ့နေရတယ်" ဟု ဟားခါးမြို့နှင့် ရေဇွာလ်မြို့ဆက်သွယ်သွားလာသော ကားလမ်းမကြီးဘေးနေဆူခွာလ်ကျေးရွာမှ ချင်းတိုင်းရင်းသူအမျိုးသမီးတစ်ဦးကပြောသည်။ ယင်းကားလမ်းမကြီးသည်မကွေးတိုင်းဒေသကြီးဖြစ်သော ဂန့်ဂေါမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိကလေးမြို့များနှင့်ဆက်သွယ် သွားလာနိုင်သောကားလမ်းမကြီးများရှိသော်လည်းကားလမ်းများပျက်စီးနေခြင်းကြောင့်ကုန်တင်ကားများဝင်ရောက်နိုင်ရန်ခက်ခဲလျက်ရှိသည်။

"မတူပီမြို့ဘက်ကနေ ရေဇွာလ်မြို့အထိ ကားလမ်းတော့ရှိတယ်။ ဒါပေမဲ့ ကားလမ်းတွေကမကောင်းတဲ့အတွက်ကြောင့် ဘယ်ကားမှမဝင်နိုင်ဘူး။ ဟားခါးမြို့၊ ဂန့်ဂေါမြို့ဘက်တွေကနေ ရေဇွာလ်မြို့အထိတော့ ကုန်တင်ကားအချို့ဝင်နေပေမယ့်ရေဇွာလ်ကနေ မတူပီကြား ၇၅ မိုင်ကျော်ကတော့ ဘယ်ကားမှမဝင်တဲ့အတွက်ဆန်ဝယ်စားဖို့ပိုက်ဆံ ရှိရင်တောင် လိုသလောက်ဝယ်စားလို့မရပါဘူး"ဟု ယင်းဒေသတွင်တာဝန်ကျနေသော မူလတန်းကျောင်းအုပ် ဆရာတစ်ဦးက ပြောကြားသည်။

စာမျက်နှာ (၁၁) မှ

## ခဲမဖြူနှင့် သတ္တုမျိုးစုံ တူးဖော်ရန် လျှောက်ထားမှု ထားဝယ်ဒေသခံများ ကန့်ကွက်

"အဓိကကတော့ သဘာဝပတ်ဝန်းကျင်ပျက်စီးတာရော၊ ဒီဒေသရဲ့ အသက်သွေးကြောလိုဖြစ်နေတဲ့ ခမောင်းသွယ်ချောင်းပျက်စီးမှာကို မလိုချင်ဘူး။ အရင်အုပ်ချုပ်ရေးမှူးဆီကို ကုမ္ပဏီတစ်ခု လာလျှောက်တုန်းက အုပ်ချုပ်ရေးမှူးက ဒေသခံတွေ ကန့်ကွက်လို့ လက်မခံဘူး။ အခုအုပ်ချုပ်ရေးမှူးက လက်ခံထားပြီး မှ ဒေသခံတွေသိရတာ။ ဒီစီမံကိန်းတွေကို မလိုချင်တာတော့ အမှန်ပဲ" ဟု မြေးခံဘော်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

သတ္တုတူးဖော်ရေးစီမံကိန်းများဆောင်ရွက်မည့် ခန့်မှန်းမြေပုံညွှန်း 95J-7/11 အတွင်း ပါဝင်သော အဆိုပါလုပ်ကွက်များသည် တနင်္သာရီ သဘာဝထိန်းသိမ်းရေး ကြိုးဝိုင်း စီမံကိန်းဧရိယာ (လူဝိုင်းကြိုးဝိုင်း)အတွင်း တည်ရှိနေကြောင်း တနင်္သာရီကြိုးဝိုင်းထိန်းသိမ်းရေးမှ တာဝန်ရှိသူ တစ်ဦးက အတည်ပြုထားသည်ဟု ဆိုသည်။

အဆိုပါ ကြိုးဝိုင်းအတွင်း ပျဉ်းအပါအဝင် အခြားသစ်မာမျိုးစိတ်များရှိကြောင်းသိရသည်။

သတ္တုတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ဘဝပင်နှင့် ဟိန္ဒား သတ္တုတွင်းဧရိယာအနီးတွင် စွန့်ပစ်ပစ္စည်းများကြောင့် ချောင်းရေညစ်ညမ်းမှုများ ဖြစ်လာ၍ သောက်သုံးရေအခက်အခဲဖြစ်ကာ ကျန်းမာရေး ပြဿနာများ ဖြစ်ပွားလာသည်။ ရေနေသတ္တဝါများ ပျောက်ကွယ်လာခြင်း၊ ချောင်းရေတိမ်လာသဖြင့်ရေကြီးရေလျှံမှုများအဖြစ် များလာပြီး လူနေအိမ်ခြေများနှင့် ဉယျာဉ်ခြံမြေဆုံးရှုံးမှုများဖြစ်လာကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီမှ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဒေသရှိ ကျေးရွာ ၁၂ ရွာသည် ခမောင်းသွယ်ချောင်းကို သောက်သုံးရေအဖြစ် အဓိကထား အသုံးပြုနေကြရသောကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန်အတွက် ကန့်ကွက်နေကြခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

# မိတ္ထီလာ ဒုက္ခသည်များအတွက် နေရာထိုင်ခင်းများ စတင်တည်ဆောက်ပေး

**ငြိမ်းချမ်း**

**ရန်ကုန်**- မိတ္ထီလာမြို့ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများအတွက် သုံးထပ်ခြောက်ခန်းတွဲ အလုံး ၃၀ နှင့် လုံးချင်းအိမ်ရာ ၂၀၀ ခန့်ကို စတင်ဆောက်လုပ်ပေးနေကြောင်း မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ပြောကြားသည်။

"ချမ်းအေးရပ်ကွက်မှာ စပြီးဆောက်ပေးနေပါပြီ။ ဒုက္ခသည်လူဦးရေ ၇၀၀ လောက်တော့ ပထမအနေနဲ့ နေထိုင်လို့ရမှာပါ။ နောက်လည်း ထပ်ပြီးဆက်တိုက်ဆောက်ပေးဦးမှာပါ"ဟု ဦးတင်မောင်စိုးက ပြောသည်။

ချမ်းအေးသာယာရပ်ကွက်နယ်မြေအတွင်းရှိ မီးလောင်ပြင်မြေနေရာများတွင် မြေထိုးစက်ဖြင့် မြေညှိခြင်း၊ မြေထိုးခြင်းများကို ၂၀၁၃ ခုနှစ် မေလတွင် ရှင်းလင်း ဆောင်ရွက်ခဲ့သည်။ အဆောက်အအုံများ တည်ဆောက်ရာတွင် ဈေးဆိုင်များနှင့်တွဲလျက် သုံးထပ်တိုက်များ တည်ဆောက်ပေးမည်ဖြစ်ပြီး ပန်းခြံ၊ ကစားကွင်း၊ ရဲစခန်းစသည်တို့ပါဝင်ကာ မီးသတ်ကားများ အလွယ်တကူဝင်ထွက်နိုင်စေရန်အတွက်ပါရည်ရွယ်တည်ဆောက်ထားကြောင်း ဦးတင်မောင်စိုးက ပြောသည်။

နေအိမ် မီးလောင်ဖျက်ဆီးခံရသူ အချို့မှာ အသစ်တည်ဆောက်ပေးသော တိုက်ခန်းများတွင် မနေလိုဘဲ ၎င်းတို့ မူလနေရာများတွင်သာ ပြန်လည်နေထိုင်လိုကြောင်း ပြောဆိုမှုများ ရှိနေသည်။

မတ်လ ၂၀ ရက်မှ ၂၃ ရက်ထိ ဖြစ်ပွားခဲ့သော မိတ္ထီလာအကြမ်းဖက်မှုဖြစ်စဉ်တွင် လူ ၄၀ ကျော်သေဆုံးခဲ့ပြီး အိမ်ခြေ ၁၅၀၀ ကျော် မီးရှို့ဖျက်ဆီးခံရကာ လူဦးရေတစ်သောင်းနီးပါး ဒုက္ခသည်စခန်းသို့ ရောက်ရှိခဲ့သည်။ ယခုလက်ရှိ အချိန်တွင် ဒုက္ခသည်စခန်းငါးခု ဖွင့်လှစ်ထားပြီး ဒုက္ခသည်လူဦးရေ၄,၀၀၀ ကျော်ကျန်ရှိနေကြောင်း သတင်းရရှိသည်။

မိတ္ထီလာမြို့တွင် ထုတ်ပြန်ထားသော ညမထွက်ရ အမိန့် ပုဒ်မ ၁၄၄ ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ညက အပြီးတိုင် ရုပ်သိမ်းခဲ့ကြောင်း ဦးတင်မောင်စိုးက ပြောသည်။

ယခု ဇန်နဝါရီ ၁၂ ရက် ပြည်သာယာ ၁ ရပ်ကွက်တွင် ဘာသာခြား မယားညီအစ်ကိုချင်း စကားများ ရန်ဖြစ်ရာမှ ဗုဒ္ဓဘာသာဝင်တစ်ဦး အသတ်ခံရမှုကြောင့် မိတ္ထီလာမြို့တွင် လုံခြုံရေးတိုးမြှင့်ချထားခဲ့ကြောင်းဦးတင်မောင်စိုးက ပြောသည်။


ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ

Study in Singapore

Post Graduate Diploma in Hospitality Management

စာတွေ့ (၆လ)+လက်တွေ့ (၆လ)

- မြန်မာနိုင်ငံမှဘွဲ့တစ်ခုခုရရှိထားပြီး စင်ကာပူနိုင်ငံတွင် ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုပညာရပ်ကိုစိတ်ပါဝင်စားသူများ
- ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုပညာရပ်ကိုအချိန်တိုအတွင်း အသက်သာဆုံးကျောင်းစရိတ်ဖြင့်တက်ရောက်လိုသူများ
- ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုပညာရပ်ကို စာတွေ့သာမကလက်တွေ့ပါတတ်မြောက်လိုသူများ တက်ရောက်သင့်ပါသည်။

Nearest Intake - MARCH' 2014

ပညာသင်ထောက်ပံ့ကြေး S$3000



09450044117
09421076858
09401577148

မြန်မာပြည်ရုံးခွဲ - Dimensions Education Center

အမှတ်(459) ၊ အခန်း(302/B) ၊3လွှာ ၊တက္ကသိုလ်ရိပ်သာလမ်းသစ် ၊ဗဟန်း။



**Diethelm Travel Myanmar**

We are a well-established travel management company with worldwide branches and wish to invite qualified Myanmar citizen to apply for the position. Attractive package awaits the suitable candidates.

**Sale Manager (2 positions)**

- Min 3 to 5 years experiences with Diploma or Degree in similar capacity
- Knowledge of GDS would be an added advantage
- Internet savvy and computer literate
- Able to communicate effectively with written and spoken English
- Able to work independently with minimum supervision under challenging environment
- Develop and manage new business opportunities, partnerships and achieve sales growth
- Develop, maintain and execution of sales plans, implementations, program management and MIS reports

Please write in full resume and with a copy of photograph to:
The Management
412, Merchant Street,
Botathaung Township, Yangon.

7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

PHOTO NEWS



လက်ကျန်နိုင်ငံရေးအကျဉ်းသား ၃၄ဦး လွှတ်ပေးရန် ဆိုကာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဂွေးပင်ကျေးရွာမှ ရခိုင်ပြည်နယ် စစ်တွေမြို့အထိ ဆွမ်းဘုဉ်းမပေးဘဲ လမ်းလျှောက်ကြွချီဆန္ဒပြနေသော ဆရာတော် ဦးရက္ခဝံသနှင့်နောက်လိုက်ဒါယိကာအချို့ကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။ ဇန်နဝါရီ ၁၁ တွင် အောင်လံမြို့နယ်အစပ်သို့ရောက်ရှိရာ ကျန်းမာရေးအရ စိုးရိမ်သည့်အတွက် ဆက်လက်မကြွချီရန် သာသနာရေးဦးစီးမှ တာဝန်ရှိသူတစ်ဦးက မေတ္တာရပ်ခံခဲ့သည်။

သတင်းဓာတ်ပုံ-မိုးကျော်

# ပြည်၊ အောင်လံ၊ မကွေးကားကြီးများ ကုန်ကိုသာ အဓိကထားနေရ

**လင်းသက်နိုင်**

**အောင်လံ၊ ဇန်နဝါရီ-၁၂**

အောင်လံမှ မကွေးနှင့် ပြည်မြို့များသို့ လွန်ခဲ့သော သုံးလခန့်မှ စတင်၍ လူစီးသီးသန့်ကားငယ်လေးများ စတင်ပြေးဆွဲလာသောကြောင့် မူလပြေးဆွဲနေသော Express များနှင့် ဒိုင်နာကားကြီးများမှာကုန်ရရှိရေးကိုသာ အားထားပြေးဆွဲလာရကြောင်း ကားပိုင်ရှင်တစ်ဦးက ပြောသည်။

"ခရီးသည်တွေက ကားလေးတွေပဲ အစီးများလာတာ။ အချိန်ကုန်သက်သာတော့လေ။ ကျွန်တော်တို့က မနက်နဲ့ညပဲထွက်တာ။ ကားလေးတွေက နာရီဝက်၊ တစ်နာရီတစ်စီးလောက်ထွက်နေတာ။ အဲဒါကြောင့် ကုန်ရရေးပဲ မျှော်ထွက်နေရတာပဲ။ ကုန်မပါတဲ့နေ့ အရှုံးပဲ"ဟု မကွေး-အောင်လံ ပြေးဆွဲနေသော ကားပိုင်ရှင်တစ်ဦးက ပြောသည်။

ပြည်ဘက်သို့လိုင်းပြေးဆွဲနေသော ကားပိုင်ရှင်တစ်ဦးကလည်း "ဒီက အသွားကတော့ ရရာလေးတင်ပေါ့။ ပြည်အပြန်ဈေးကုန်လေးဆန်အိတ်လေးပါမှ နှစ်ကြောင်းစာ ဆီဖိုးကျေဖို့မနည်းရယ်"ဟု ပြောသည်။

ကားကြီးများမှာ မောင်းချိန်ကြာမြင့်သောကြောင့် အချိန်ပေးရပြီး ကားလေးမှာမူ အောင်လံမှ မကွေးမြို့သို့ သုံးနာရီခန့်သာ ကြာ၍ အချိန်သက်သာကြောင်း၊ ထို့အပြင်တစ်နာရီလျှင် တစ်စီးထွက်နေသဖြင့် ကိုယ်သွားလိုသောအချိန်သွားနိုင်ခြင်းကြောင့်လည်းကားလေးများကို ပိုစီးဖြစ်ကြောင်း အောင်လံမြို့မှ မကွေးတက္ကသိုလ် သွားရောက်တက်နေသော ကျောင်းသူတစ်ဦးက ပြောကြားသည်။

# စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲ မုံရွာတွင် ကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၁၂**

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲ အခမ်းအနားကို မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ မဟာဇနကာရုံကျောင်းတိုက်တွင် ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီးလူငယ်ကွန်ရက်မှ သတင်းရရှိသည်။

"စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲမှာ ကဏ္ဍကိုးခုဆွေးနွေးကြမှာဖြစ်ပါတယ်။ လူငယ်တွေ့ဆုံပွဲကနေပေါ်ထွက်လာတဲ့လူငယ်ကိုယ်စားလှယ်တွေဟာမြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်တွေ့ဆုံပွဲမှာတက်ရောက် ဆွေးနွေးမှာဖြစ်သလို လူငယ်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပါက အာဆီယံလူငယ်တွေ့ဆုံပွဲ ၂၀၁၄ ကို တက်ရောက်ခွင့်ရရှိမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကွန်ရက်(စစ်ကိုင်းတိုင်းဒေသကြီး)တာဝန်ခံကို ဇော်သူရိန်ထွန်းကပြောသည်။

လူငယ်တွေ့ဆုံပွဲတက်ရောက်ခွင့်ရရှိရန် လူငယ်ကိုယ်စားလှယ်ရွေးချယ်ရာ၌ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြားရှိသူ၊ ပရဟိတလုပ်ငန်း(သို့)လူမှုအဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်ဆောင်ရွက်နေသူ၊ ဝင်ရောက်ဆွေးနွေးနိုင်မည့် အရည်အချင်းရှိသူ စသည့် ကန့်သတ်ချက် သုံးချက်ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၈ မြို့နယ်မှ မြို့နယ်တစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် လူငယ်ကိုယ်စားလှယ် ၇၆ ဦးတက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လူငယ်တွေ့ဆုံပွဲတက်ရောက်လာသော လူငယ်ကိုယ်စားလှယ်များသည် လူငယ်နှင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်ကျားမတန်းတူအခွင့်အရေး၊ မူးယစ်ဆေးဝါး၊ ယဉ်ကျေးမှုအနုပညာ၊ သဘာဝပတ်ဝန်းကျင်၊ သတင်းအချက် အလက်နည်းပညာ၊ငြိမ်းချမ်းရေးစသည့် ကဏ္ဍကိုးရပ်ကို အခြေခံပြီး လူငယ်များတွေ့ကြုံနေရသော အခက်အခဲ၊ မည်ကဲ့သို့ဖြေရှင်းနိုင်ကြောင်း အစိုးရသို့ အကြံပြုချက်နှင့် လူငယ်များမှ တာဝန်ယူမှုစသည့် အချက်သုံးချက်ဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

JOKE

## အင်တာနက်ခေတ်

တစ်နေ့တွင် ကွန်ပျူတာဒေတာစင်တာ၌ အလုပ်လုပ်သောသူငယ်ချင်းများ အလုပ်ရှုပ်ပြီး ညဘက်အထိ ဆက်လုပ်နေရသည်။ လူတိုင်းလည်း ဗိုက်ဆာနေကြသည်။ ထို့ကြောင့် ဖုန်းဖြင့် အစားအသောက်တစ်မျိုးမျိုးမှာရန်ဆုံးဖြတ်ကြသည်။ သို့သော် ၎င်းတို့၏ သူဌေးဖြစ်သူက ခေတ္တစဉ်းစားပြီး ၎င်းတို့မှာ နည်းပညာကုမ္ပဏီ အလုပ်လုပ်နေ၍ အင်တာနက်မှ တစ်ဆင့်မှာယူခြင်းက ပို၍ သင့်တော်မည်ဟု ဆုံးဖြတ်လိုက်ပြီး ရှာဖွေမှုများ လုပ်သည်။

အနီးဆုံးအသင့်စား စားသောက်ဆိုင်တစ်ဆိုင်ကို ရွေးချယ်လိုက်ပြီးနောက် ဖောက်သည်သစ်များအနေဖြင့် စားသောက်ဆိုင်ဝက်ဘ်ဆိုက်တွင် အချိန်ကြာမြင့်စွာ မှတ်ပုံတင်ရသည်။ ထို့နောက်တွင် ဝက်ဘ်ဆိုက်ပေါ်တွင် အစားအသောက်များမှာယူရန်ပြင်ဆင်နေချိန်မှာပင် ကွန်ပျူတာမျက်နှာပြင်တွင် အောက်ပါစာတန်းပေါ်လာသည်။

"ကျွန်တော်တို့ဆိုင်ကို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်သုံးရက်ကြာလျှင် အစားအသောက်များမှာယူနိုင်ပါလိမ့်မယ်"ဟူ၍ဖြစ်သည်။

## အလုပ်အကိုင်

ဂျော့ချ်တစ်ယောက် ယခင်က မတွေ့ဖူးသော အမျိုးသမီး တစ်ဦးနှင့် ချိန်းတွေ့နေသည်။ "မင်းဘာအလုပ်အကိုင်များ လုပ်ပါသလဲ" ဟု ဂျော့ချ်က မေးမြန်းရာ အမျိုးသမီးက "ကျွန်မက ဆွဲဆောင်မှုမရှိတဲ့လူတွေကိုဆွဲဆောင်မှုရှိပြီးတောက်ပသွားအောင် လုပ်ပေးတယ်"ဟုပြန်ပြောသည်။

"အိုး၊ မိုက်လှချည်လား။ မင်းဘာလုပ်ပေးတာလဲ။ သူတို့ဘေးနား ရပ်ပြီး ဓာတ်ပုံအရိုက်ခံလိုက်တာလား"ဟုဂျော့ချ်က ပြန်မေးလိုက်သည်။ ဂျော့ချ်တစ်ယောက် တစ်ကြိမ်တည်းနှင့် Blind Date ကြောပြတ်သွားပါသည်။

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333, 09-6504900

WIRED MEDIA MYANMAR CO., LTD.
No. 8 , NguWar (3) Street, Ward (5), Myakanthar Villa, Hliang Township, Yangon
Tel : (01) 505724, (01) 538552

| | | | |
|---|---|---|---|
| 1. Media Coordinator | F ( 2 ) Posts | 6. Operation Staff(Printing/Production) | M/F (2) Posts |
| 2. PR staff | F ( 2 ) Posts | 7. Marketing Survey | M/F (2) Posts |
| 3. Event Planner | M/F ( 2 ) Posts | 8. Thai Translator | F (2) Posts |
| 4. Media Buyer | F (6) Posts | 9. Car Driver | M/F (2) Posts |
| 5. English Translator | F (2) Posts | | |

Qualification:
- Any graduate. Age between 20 ~ 35.
- Computer skill (MS office), Internet & Email.
- Smart, excellent interpersonal communication skill and team spirit.
- Fluent in English language (4skills) except position 6,7,9 .
- We offer no experience but we prefer work experience.

For (1)(2) : Must be **good looking**. We prefer work experience.
(3) : At least 3 years experience in related field.
(6) : Can travel short trip to other cities domestically. At least 2 years experience in related field. Must have knowledge in Vinyl, Sticker, Light box, Leaflet and Billboard.
(7) : Out of home marketing survey. Good reporting skill.
(9) : လိုင်စင်သက်တမ်း(၂)နှစ်အထက်ရှိရမည်။ မြို့တွင်းလမ်းကြောင်းကျွမ်းကျင်၍နယ်ခရီးသွားနိုင်ရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ အသက် (၄၅)နှစ်အောက်ဖြစ်ရမည်။

**Document Required: Curriculum Vitae form (Expected Salary, Name, Contact Number and Address) with a recent photo.** **Contact email – wiredailsa@gmail.com**

7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

စာမျက်နှာ (၇) မှ

# ခိုတောင်မုန့်တီအလွမ်း

နေပူဒဏ်ခံနိုင်စေရန် သနပ်ခါးဘဲကြားလူးရသည်။ အသင့်ပြင်ဆင်ပြီးတော့ ခိုတောင်မြစ်ဆိပ်မှာ မုန့်တီသည်တွေစုံကြပြီ။မန္တလေးမြို့ပေါ်ကို ငှက်လှေတွေနဲ့ကူးကြပြီ။ မုန့်တီသည်တွေက အများကြီးဆိုတော့ ငှက်လှေ လေးငါးစီးဖြင့်ကူးရသည်။ လှေပေါ်ရောက်မှ အိမ်မှာအချိန်မရလို့မစားဘဲထည့်ခဲ့ရသည့် ထမင်းကို ရေဖလားထဲထည့်ကာ ငှက်လှေပေါ်တွင်ပင်စားကြရသည်။

ဂေါ်ဝိန်ဆိပ်ရောက်တော့ ကိုယ့်ဖောက်သည်တွေရှိရာ ရပ်ကွက်တွေဆီ အသီးသီးလမ်းခွဲထွက်ကြသည်။ တချို့ကျတော့လည်း နှစ်ယောက်တစ်တွဲသွားရောင်းကြသည်။ ဆေးလိပ်ခုံတွေ၊ ဖိနပ်ရုံတွေ၊ ဈေးချိုတော်၊ တရုတ်တန်းဈေး အစရှိသည့်နေရာများဆီသို့ဖြစ်သည်။

"အတူတူသွားလို့လည်းရောင်းရတာမျှတယ်။ နောက်ပြီးမနာလိုတယ်ပြုတယ်လည်း မရှိကြဘူး။ ဒီဘက်အသည်မှာ ငရုတ်သီးကုန်သွားရင် နောက်အသည်က ရော့ငါ့ထဲကလာယူ၊ သူ့ရှိပေးကိုယ်ယူ၊ ကိုယ့်ရှိပေးသူယူနဲ့ အဲဒီလိုရောင်းခဲ့ကြတယ်"ဟု ခိုတောင်မုန့်တီသည် ဒေါ်ညိုတင်က ပြောသည်။ ခိုတောင်မုန့်တီသည်တွေက သိပ်အော်ရောင်းစရာမလို။ ရောင်းနေကျအိမ်ရှေ့ မုန့်တီတောင်းချ ရောင်းလိုက်ရုံသာ။ ခိုတောင်မုန့်တီသည်တွေက ခိုတောင်ရွာထွက် ခုံဖိနပ်စီးကြတာဆိုတော့ ခုံဖိနပ်သံတဖြောင်းဖြောင်းသံကြားရပြီဆိုလျှင် ခိုတောင်မုန့်တီစားဖို့သာပြင်။

မန္တလေးသူ၊ မန္တလေးသားများကလည်း ဒေသစွဲကြီးသည့် ထုံးစံအတိုင်း စားနေကျမုန့်တီသည်မှစားသည်။ မုန့်တီသည်က တစ်ရက်လေးမလာရင် နေများမကောင်းနေလေသလားဟု စိတ်ပူကြတာလည်းရှိသည်။ အပျင်းထူပြီး ဈေးမထွက်တာမျိုးဆိုရင်တော့ ပြန်လာရောင်းတဲ့နေ့ ကလော်တုတ်ခံရပြီသာမှတ်ဟု ဒေါ်သန်းစိန်က ပြောသည်။ တကယ်နေမကောင်းဘူးဆိုရင်လည်း အိမ်ထဲဆေးပြေးယူ ရေတစ်ခွက်ခပ်ကာ ဆေးသောက်ချင်ချင်၊ မသောက်ချင်ချင် ဇွတ်တိုက်တတ်သည့် မန္တလေးသူ၊ မန္တလေးသားများနှင့်လည်း ဆုံခဲ့ရသည်ဟု ဆိုသည်။ "ကြာလာတော့ ဆွေတွေမျိုးတွေလိုကို ဖြစ်ခဲ့ကြတာပါပဲ"ဟု ဒေါ်သန်းစိန်က လွမ်းဆွတ်စွာပြောသည်။

မုန့်ကုန်ပြီဆိုလျှင် ဈေးချိုထဲ ဆန်ခါခုံးတွေ ကိုယ်စီကိုင်ကာ ဈေးဝယ်ထွက်ကြပြီ။ နောက်တစ်နေ့အတွက် ဈေးရောင်းဖို့လိုအပ်သည့်ပစ္စည်းများနှင့် ဟင်းချက်စရာတွေ ဝယ်ရခြင်းဖြစ်သည်။ ဈေးဝယ်ထွက်ပြီး ဂေါ်ဝိန်ထိ လမ်းပြန်လျှောက် ဂေါ်ဝိန်မှာဆုံကြတော့ ည ၇ နာရီကျော်ပြီ။ ဂေါ်ဝိန်ရဲ့ အမှောင်ထုကြား မုန့်တီသည်တွေစုံအောင် စောင့်ကြရသည်။ ဘယ်သူကတော့ကျန်သေးတယ်။ ဘယ်ဝါကတော့မလာသေးဘူး အစရှိသည့်အသံတွေက ဂေါ်ဝိန်ကို အမြဲတစေဖုံးလွှမ်းနေတတ်သည်။

လူစုံလို့ထွက်တော့ အမှောင်ထုက ပိုမိုကြီးစိုးလာသည်။ ငှက်လှေပေါ်ရောက်တော့ ကိုယ့်ရောင်းကြေးလေးတွေ ဈေးဗန်းထဲ သေချာဝှက်ရသည်။ "အမေတို့လက်ထက်တုန်းကဆို ခိုတောင်သည်တွေကို ဓားပြတိုက်တာတွေ ဖြစ်ဖူးတော့ လန့်ကြတယ်"ဟု မုန့်တီသည် ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။ ရောဝတီမြစ်ထဲမှာ ညက မှောင်မှောင် လေကတဖြူးဖြူး တိုက် ဓားပြရန်ကလည်း ကြောက်ရသေး။ လှေသမားကလွဲလို့ မိန်းမသားတွေချည်းဆိုတော့ အကြောက်ပြေ အသံသေးအသံကြောင်ဖြင့် ရရာသီချင်းအော်ဆိုခဲ့ကြသည်ဟုလည်း မုန့်တီသည်များက ပြောပြသည်။

ရာသီဥတုမကောင်းတဲ့ အခါမျိုးဆိုရင် မုန့်တီသည်တွေ ငှက်လှေလေးထဲ ရသမျှဘုရားစာရွတ်ကာ ရင်တထိတ်ထိတ်ဖြင့် ပြန်ခဲ့ရသည့်ရက်များကလည်း မနည်းမနော။ ခိုတောင်ဆိပ်နားနီးလာလေလေ၊ အိမ်အမြန်ပြန်ရောက်ချင်လေလေ။ မှိတ်တုတ်မှိတ်တုတ် မီးအိမ်လေးတွေ ကိုယ်စီတွေ့နေရပြီဆိုရင် မကြာမီအိမ်ရောက်တော့မည်ကို မုန့်တီသည်တွေ သိကြသည်။ အိမ်မှာကျန်နေခဲ့တဲ့ လင်သားနဲ့ကလေးတွေက မီးအိမ်လေးတွေကိုယ်စီဖြင့် လာကြိုနေကြခြင်းပင်ဖြစ်သည်။

အိမ်လည်းရောက်ရော ည ၉ နာရီကျော်ပြီ။ တစ်နေကုန် မြို့တက်ဈေးရောင်းနေရသူတွေမို့ ညစာအတွက် အဆင်မပြေပါ့မလားဟု စိတ်ပူနိုင်သည်။ သို့သော် ပူစရာမလိုပါ။ အိမ်မှာကျန်နေခဲ့တဲ့ လင်သားတွေက ခုံဖိနပ်ခုတ်လုပ်ငန်းလုပ်ရင်း ထမင်းဟင်းချက်ပြုတ်၊ အဝတ်လျှော်၊ ကလေးထိန်း စသောအလုပ်တွေ လုပ်ထားပေးကြသည်ဟု ခိုတောင်မုန့်တီသည်များက ဆိုသည်။ ဒါကြောင့် လက်ဆေးခူးစားလိုက်ရုံ။ "အဲဒါကြောင့် ခိုတောင်ရွာက ယောကျ်ားတော်တော်များများ ထမင်းဟင်းချက်တတ်ကြတယ်"ဟု ဒေါ်သန်းစိန်က ပြောသည်။

ခိုတောင်သူတစ်ဦး မုန့်တီရောင်းရငွေက အိမ်စားစရိတ်ကို အတော်အတန် လေးထိန်းနိုင်သည်ဟု ခိုတောင်မုန့်တီသည်များက ဆိုသည်။ ပိုလျှံသည်တော့မရှိ။ သို့သော် မုန့်တီရောင်းပြီး အလှူကြီးအတန်းကြီး မလှူနိုင်ပေမယ့် မလှူနိုင်ဈေးရောင်းဆိုသည့် အတိုင်း ကိုယ်ဈေးရောင်းရာဝန်းကျင်တွေ့သည့် ဆွမ်းခံကိုယ်တော် မုန့်တီဆွမ်းလောင်းသည်။ မယ်သီလရှင်များအားကပ်လှူသည်။ တစ်ခါတစ်ရံမင်းကွန်းလူအိုရုံသွားကာ မုန့်တီသွားလှူကြသည်။ တရားဟောဆရာတော်ကြီးအချို့က ခိုတောင်သည်များကပ်လှူခဲ့သည့် မုန့်တီဆွမ်းကို တရားပွဲများတွင်ပါ မမေ့မလျော့ထည့်သွင်းဟောပြောတတ်ကြသည်။

အခုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာလို့ လှေစီးကာ သွားရောင်းရန်မလိုတော့။ ဆိုင်ကယ်တို့၊ ကားတို့ဖြင့် သွားရောင်းလာကြသည်။ မုန့်တီဖတ်ကလည်း ရွာမှာတင်ကြိတ်စရာမလိုတော့။ မန္တလေးမြို့ပေါ်မှာမုန့်တီစက်တွေပေါ်လာခဲ့ပြီ။ မုန့်တီတောင်းကို မန္တလေးမြို့ပေါ် နီးစပ်ရာအိမ်တွင်အပ်ကာ လူချည်းသက်သက်သွားရောင်းရုံသာ။ အသက်အရွယ်အရ မုန့်တီမရောင်းနိုင်တော့သည့် ဒေါ်သန်းစိန်တစ်ယောက် မန္တလေးက မုန့်တီစားနေကျ ကျေးဇူးရှင် မန္တလေးသူ၊ မန္တလေးသားများကို သတိရမိသည်ဟု ဆိုသည်။ "တစ်ခါတလေများ မန္တလေးမြို့ထဲ ဈေးပြန်သွားရောင်းတယ်ဆိုပြီး အိပ်မက်တောင်မက်မိတယ်"ဟု ပြောသည်။

မန္တလေးမြို့ပေါ်တွင် မန္တလေးသူ၊ မန္တလေးသားနည်းလာသည်ဟုလည်းဆိုသည်။ တိုင်းတစ်ပါးအစားအစာတွေလည်း မင်းမူလာသည်ဟုလည်း ဆိုသူကဆိုသည်။ သို့သော် ခိုတောင်မုန့်တီအပါအဝင်မန္တလေးအစားအသောက်များကတော့မန္တလေးမှာ"ပန်းပန်လျက်ပါ"ဟု ဆိုမည်ဆိုလျှင် လွန်အံ့မထင်။ မန္တလေးရောက်ပြီဆိုလျှင် ခိုတောင်မုန့်တီတစ်ပွဲလောက်တော့ စားဖူးစေချင်လှပါသည်။

စာမျက်နှာ ၃ မှ

## ခရီးသွားလုပ်ငန်းဖောထွက်ဆိုးကျိုးအတွက် အဖြေဘယ်လိုထုတ်မလဲ

"ဖော်ရိန်နာနဲ့နေရမယ်ဆိုပြီး သူဌေး (အနှိပ်ခန်းပိုင်ရှင်)က ပြောတယ်။ သုံးသိန်းရမယ်ဆိုလို့ နေလိုက်တယ်"ဟု ရန်ကုန်မြို့အနှိပ်ခန်းတစ်ခုတွင် လုပ်ကိုင်လျက်ရှိသော မမြတ်နိုးက လွန်ခဲ့သည့် တစ်နှစ်က၎င်း၏အတွေ့အကြုံကို ပြောသည်။

၎င်းသည် ယခင်က အထည်ချုပ်အလုပ်သမတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သော်လည်း မိသားစုစားဝတ်နေရေး ပြေလည်မှုအတွက်အနှိပ်ခန်းတွင် ပြောင်းလဲလုပ်ကိုင်ခဲ့ရသည်။၎င်း၏အပျိုစင်ဘဝပထမဆုံးအတွေ့အကြုံကို နိုင်ငံခြားသားနှင့် စတင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က အသက်(၂၁)နှစ်အရွယ်သာ ရှိသေးသည်ဟု မမြတ်နိုးက ပြန်လည်ပြောပြသည်။

ပြည့်တန်ဆာလုပ်ငန်းအား တရားမဝင်ဟု မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော်လည်း အဆိုပါလုပ်ငန်း၌ နစ်မျောနေကြသော မြန်မာအမျိုးသမီးအရေအတွက်က ဒုနှင့်ဒေး။ ဘာသာတရား၏ အဆုံးအမ၊ ယဉ်ကျေးမှု၏ ကန့်သတ်ချက်များဖြင့် တားမြစ်ထားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းရှားပါးပြီး ဘဝအခက်အခဲအတွက် မနှစ်သက်သော်လည်း ရွေးချယ်စရာထွက်ပေါက်တစ်ခုအဖြစ် ရှိနေသည်။

မြန်မာကဲ့သို့ ယဉ်ကျေးမှု၊ ဘာသာတရားအရ တားမြစ်ထားသော်လည်း နိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် လိင်ဖျော်ဖြေရေးသည်ဆွဲဆောင်စရာတစ်ခုအဖြစ် ရပ်တည်နေသည်မှာ အိမ်နီးချင်းထိုင်းနိုင်ငံဖြစ်သည်။

တစ်နှစ်လျှင် ထိုင်းနိုင်ငံရှိ လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင် လာရောက်ပျော်ပါးသည့်နိုင်ငံခြားသားဦးရေမှာ ငါးသန်းပတ်ဝန်းကျင်ထိ ရှိသည်ဟု အရှေ့တောင်အာရှဒေသတွင်းလိင်ဖျော်ဖြေရေးလုပ်ငန်းများကိုသုတေသနပြုလုပ်ထားသော (Women In The New Asia)အဖွဲ့၏ စာရင်းများတွင် ဖော်ပြထားသည်။

"ရန်ကုန်မြို့ရဲ့ တချို့နေရာတွေမှာနိုင်ငံခြားသားတွေအတွက် လိင်ဖျော်ဖြေရေးလုပ်ငန်းတွေတွင်ကျယ်နေတာကို တွေ့ခဲ့တယ်။ အခြားနေရာတွေမှာ ထပ်မရှိပါစေနဲ့လို့မျှော်လင့်ပါတယ်"ဟုမြန်မာနိုင်ငံသို့၂၀၁၃ခုနှစ်အတွင်း လာရောက်လည်ပတ်ခဲ့သည့် ထိုင်းနိုင်ငံသားတစ်ဦးက မှတ်ချက်ပြုသည်။

ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ လိင်ဖျော်ဖြေရေးလုပ်ငန်းသည်လည်း တွင်ကျယ်လာနိုင်ရာ နိုင်ငံတကာမှာ နာမည်ဆိုးမထွက်အောင် ဥပဒေဖြင့် တားမြစ်သင့်သည့်အပိုင်းများကို ထိန်းသိမ်းတားမြစ်သင့်သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံတွင်လည်း လိင်ဖျော်ဖြေရေးကိစ္စကို ထိုင်းနိုင်ငံကဲ့သို့ တရားဝင်လုပ်ကိုင်ခွင့်ပြုမည်ဆိုပါက ထိုင်းနိုင်ငံကို သေချာစွာလေ့လာပြီး ဆောင်ရွက်သင့်ကြောင်း ဧည့်လမ်းညွှန်များအသင်း၏ အတွင်းရေးမှူးကဆိုသည်။

နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုများပြားလာသည်နှင့်အမျှ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမပြန့်ပွားရေးနှင့် အသက်မပြည့်သေးသူများကိုလိင်လုပ်သားအဖြစ် အသုံးပြုမှုများ မရှိစေရန်အတွက် သက်ဆိုင်ရာက ဥပဒေများပြဋ္ဌာန်း၍ ထိန်းချုပ်ရမည်ဟုကုလသမဂ္ဂလက်အောက်ခံအဖွဲ့များဖြစ်သော WHO၊ UNICEF တို့က တိုက်တွန်းမှုများ ပြုလုပ်ထားသည်။


လိင်ဖျော်ဖြေရေးခရီးသွားလုပ်ငန်းကြောင့် လူကုန်ကူးမှုကြီးထွားလာပြီး ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲသောနိုင်ငံများ ရင်ဆိုင်နေရသည့်အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း မဲခေါင်ဒေသတွင်းလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့အစည်းကြီးက ပြောကြားထားသည်။

ယဉ်ကျေးမှုနှင့် ဘာသာတရားအရတားမြစ်ထားသော်လည်း ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံအချို့မှာ လိင်ဖျော်ဖြေရေး ခရီးသွားလုပ်ငန်းများ တွင်ကျယ်လျက်ရှိပါသည်။

တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်လာသော မြန်မာနိုင်ငံတွင် အဆိုပါကိစ္စ၏ နောက်ဆက်တွဲဆိုးကျိုးများကိုရင်ဆိုင်ရန် အသင့်ပြင်ထားပြီလောဟု မေးခွန်းထုတ်ရပါမည်။ ॥

**Trainee Teacher များအလိုရှိသည်**

**International Language & Business Centre, ILBC** တွင် KG နှင့် Primary **Trainee Teacher** များအဖြစ်ခန့်ထားရန်အတွက် **Teacher Training** သင်တန်းဖွင့်လှစ်မည်ဖြစ်ပါသည်။ လာရောက်လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီး အသက် ၃၀နှစ်ထက်မကျော်ရ။ လျှောက်လွှာရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး၊ သင်တန်းကာလ ၃ လ အတွင်း ထောက်ပံ့ကြေးအဖြစ် တစ်လလျှင် ကျပ်တစ်သိန်းကို ရရှိမည်ဖြစ်ပါသည်။ သင်တန်း ၃ လ ပြီးဆုံးအောင်မြင်သည့်အခါ **Trainee Teacher** အဖြစ်တာဝန်ပေးခန့်အပ်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများသည် **ILBC Human Resources Department** အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၅၄၅၇၂၀ လိုင်းခွဲ -၁၁၇၊၅၅၆ ၂၉၈ သို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ကိုယ်တိုင်လာရောက် လျှောက်လွှာတင်နိုင်ပါသည်။




**ဝန်ထမ်းအလိုရှိသည်။**

| | |
|---|---|
| Manager (HR/ Admin ) | ကျား (၁)ဦး |
| - အသက်(၃၀ မှ ၅၀)နှစ်၊ ဘွဲ့ရ၊ Computer ကျွမ်းကျင်၊ English အရေး/အပြော ကျွမ်းကျင် ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်၊ | |
| Office Staff | ကျား/မ (၂)ဦး |
| - အသက်(၂၀ မှ ၃၅)နှစ်၊ ဘွဲ့ရ၊ Word, Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ် | |
| Driver(ကျွမ်းကျင်) | ကျား(၃)ဦး |
| - အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ် ၊ | |
| အထွေထွေဝန်ထမ်း | ကျား(၁၀)ဦး |
| -အသက်(၂၀ မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့် | |

အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၀၂၇၇၃၃

# Education

7 DAY NEWS JOURNAL

Vol.12, No.45 • JANUARY 15 , 2014




ဓာတ်ပုံ-သီဟ

## တိုင်းဒေသကြီး၊ ပြည်နယ်တို့၏ ဆုံးဖြတ်ချက်ဖြင့် တိုင်းရင်းသားဘာသာစကားသင်ကြားနိုင်ရေး မူဝါဒရေးဆွဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

တိုင်းရင်းသားဘာသာစကားတစ်ခုကို မူလတန်းအောက်ဆင့်တွင် ကျောင်းချိန်တွင်းဖြစ်စေ၊ ကျောင်းချိန်ပြင်ပဖြစ်စေ သင်ကြားနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဆုံးဖြတ်ချက်သတ်မှတ်ချက်အရ ဆောင်ရွက်ရန် အခြေခံပညာကဏ္ဍမူဝါဒများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒမူကြမ်းတွင် ရေးဆွဲထားသည်။

ပညာရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲထားသော မူဝါဒကြမ်းတွင် ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို အခြေခံပညာအဆင့်တွင် သင်ကြားမှုမဏ္ဍိုင်ဖြစ်စေရေးဆောင်ရွက်ရန်နှင့် တိုင်းရင်းသားဘာသာစကားကို မူလတန်းအောက်ဆင့်တွင် ကျောင်းချိန်တွင်းဖြစ်စေ၊ ကျောင်းချိန်ပြင်ပဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် ဆုံးဖြတ်သတ်မှတ်ချက်အရသင်ကြားနိုင်ရေးဆောင်ရွက်ရန် ဖော်ပြထားသည်။

ထို့အပြင်ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စာပေနှင့် ယဉ်ကျေးမှုများ၊ အနုပညာနှင့် ရိုးရာဓလေ့များကို အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် သင့်လျော်သလို ထည့်သွင်းလေ့လာစေရေးဆောင်ရွက်ရန် အထက်ပါမူဝါဒမူကြမ်းတွင် ရေးဆွဲထားသည်။

တိုင်းရင်းသားဒေသများရှိ ကလေးငယ်များအနေဖြင့် တိုင်းရင်းသားဘာသာစကားနှင့်မြန်မာဘာသာစကားကို မူလတန်းအောက်ဆင့်တွင် လေ့လာသင်ယူရမည်ဖြစ်သောကြောင့် နိုင်ငံတကာသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်စာကို မူလတန်း အထက်အဆင့်မှ စတင်သင်ကြားပေးရေးဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာန၏ မူဝါဒတွင် ထည့်သွင်းထားသည်။

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အမျိုးသားပညာရေးဥပဒေကို ရေးဆွဲနေခြင်းဖြစ်ပြီး ယခုအခါဒေသအသီးသီး၌ ဒေသန္တရအဆင့်တွင် ဆွေးနွေးပွဲများပြုလုပ်နေသည်။

## အိုင်စီတီပညာရေးစနစ် ပေါ်ပေါက်ရန် စီစဉ်နေ

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

နည်းပညာအား အသုံးချ၍ ပညာရေးကဏ္ဍအတွက် အထောက်အကူပြုစေရန်၊ အိုင်စီတီပညာရေးစနစ်တစ်ခုပေါ် ပေါက် လာစေရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အကောင်အထည်ဖော်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

"ပညာရေးကဏ္ဍမှာ နည်းပညာကို အသုံးချနိုင်ဖို့ ICT Education စနစ်တစ်ခုပေါ် ပေါက်လာစေဖို့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက် ဆရာ၊ ဆရာမတွေကိုလည်း ကွန်ပျူတာကို အသုံးချပြီးတော့ ပညာရေးကို ပညာရေးမှာ အထောက်အကူပြုအောင် အသုံးချနိုင်ဖို့ သင်ကြားပေးနေတာတွေလည်းလုပ်ဆောင်နေပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးကပြောသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က နည်းပညာအသုံးချ၍ ပညာရေးကဏ္ဍကိုအထောက်အကူပြုစေမည့် စနစ်တစ်ခုပေါ်ပေါက်လာစေရန်ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရှိသော ဆရာ၊ ဆရာမများအား ကွန်ပျူတာသင်တန်းပို့ချခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး ကျန်တိုင်းနှင့် ပြည်နယ်များတွင်လည်း လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

"အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းမှာဆိုရင် ကျောင်းသားတွေကို Tablet တွေပေးထားတယ်။ အင်တာနက်သုံးလို့ရအောင်လုပ်ပေးထားတယ်။ သင်ခန်းစာတွေကို အွန်လိုင်းကနေ ဒေါင်းလို့ရတယ်။ သင်ခန်းစာတွေကို ရုပ်ပုံကားချပ်တွေနဲ့ နားလည်လွယ်အောင်ရှင်းပြထားတယ်။ ဒီမှာတော့ လိုအပ်ချက်တွေရှိနေသေးတယ်။ အတတ်နိုင်ဆုံး အကောင်အထည်ဖော်နိုင်ဖို့လိုနေပါတယ်" ဟု ဦးဇော်မင်းဦးကပြော သည်။

နည်းပညာအသုံးချ၍ ပညာရေးကဏ္ဍတွင် အထောက်အကူပြုနိုင်မည့်စနစ်ကိုအခြေခံပညာမူလတန်းမှ စတင်၍ အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံ၌ အဆိုပါစနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံအဆောက်အအုံ၊ အင်တာနက်သုံးစွဲနိုင်မှုအခြေအနေစသည့် လိုအပ်ချက်များလည်း ရှိနေကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ သတင်းရရှိသည်။


ILBC

ချင်းပြည်နယ်တောင်ပိုင်း၊ ကန်ပက်လက်မြို့နယ်တွင်တည်ရှိသော အမြင့်ပေ (၁၀၅၀၀) ရှိ Mount Victoria တောင်ထိပ်သို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသော သားငယ်၊သမီးငယ်တို့အား ဖေဖေ၊ မေမေနှင့် ဆရာ/ဆရာမ တို့က ဂုဏ်ယူစွာ ချီးကျူးရင်း သားတို့ သမီးတို့ အနာဂတ်မှာ အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သော သားကောင်း၊ သမီးကောင်းများ ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါသည်။

မိဘများ၊ ILBC ဆရာ/ဆရာမများ နှင့် ဝန်ထမ်းများ



# ပညာရေးမူဝါဒများရေးဆွဲရာတွင် အစိုးရမူဝါဒချမှတ်ပေးထားခြင်းမရှိဟု ဦးတင်နိုင်သိန်းပြော

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

နိုင်ငံတော်သမ္မတလမ်းညွှန်မှုဖြင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက ဦးဆောင်နေသော အမျိုးသားပညာရေးမူဝါဒရေးဆွဲမှုတွင် အစိုးရအဖွဲ့အနေဖြင့် မူဝါဒချမှတ်ပေးထားခြင်းမရှိကြောင်း ကော်မတီဥက္ကဋ္ဌတာဝန်ယူထားသော အမှတ် (၅) သမ္မတရုံးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းကပြောသည်။

အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲမှုကိုဦးဆောင်နေသော ဦးတင်နိုင်သိန်းသည် ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့ပါဝင်သော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)နှင့်တွေ့ဆုံစဉ် အထက်ပါအတိုင်းပြောဆိုခြင်းဖြစ်သည်။

"အစိုးရအဖွဲ့အနေနဲ့ မူဝါဒတွေချမှတ်ပေးတာမရှိပါဘူး။ မူဝါဒတွေရရှိဖို့ဆောင်ရွက်ပေးတာပါလို့ ပြောပါတယ်။ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့ဖို့ ကိစ္စကလည်း အစိုးရအဖွဲ့ချတုန်းက ဘာလုပ်ဖို့ဆိုတာ မပါပါဘူးတဲ့။ အောက်မှာ ဆွေးနွေးရင်းနဲ့ ဖြစ်သွားတာလို့ပြောပါတယ်"ဟု သမ္မတရုံးဝန်ကြီးနှင့် တွေ့ဆုံခဲ့သည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်မှ ဒေါက်တာသိန်းလွင်ကပြောကြားသည်။

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်အနေဖြင့် လွှတ်တော်၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံးပါဝင်သော ပညာရေးပြုပြင်ပြောင်းလဲမှုကော်မတီဖွဲ့စည်းရန်နှင့် လွှတ်တော်၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ အားလုံးပါဝင်သော ပညာရေးဆွေးနွေးပွဲ ပြုလုပ်ရန် ဦးတင်နိုင်သိန်းအား တောင်းဆိုခဲ့ကြောင်း ဒေါက်တာသိန်းလွင်ကဆိုသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီသည်ဦးတင်နိုင်သိန်းဦးဆောင်မှုဖြင့် အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များကို ဝန်ကြီးဌာနတာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်များ၊ ပညာရေးကျွမ်းကျင်သူများဖြင့်ဖွဲ့စည်းထားသည်။

အဆိုပါအဖွဲ့တို့သည်အဆင့်မြင့်ပညာဆိုင်ရာမူဝါဒများ၊ မူကြိုပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍဆိုင်ရာမူဝါဒများ ရေးဆွဲထားပြီး တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေကာ ဒေသန္တရ အဆင့်ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီးဖြစ်သည်။




## စီးပွားရေးမဟာဘွဲ့ပညာသင်ဆုအတွက် မြန်မာကျောင်းသားနှစ်ဦး ရွေးချယ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ထိုင်းနိုင်ငံရှိ Thammasat University ၌ စီးပွားရေးမဟာဘွဲ့ပညာသင်ယူရန် မြန်မာနိုင်ငံတွင်နေထိုင်၊ အလုပ်လုပ်ကိုင်သူနှစ်ဦးအား ရွေးချယ်ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း Heinrich Boll Stiftung အဖွဲ့ကကြေညာသည်။

ဘန်ကောက်မြို့ရှိတက္ကသိုလ်တွင် ၂၀၁၄ ပညာသင်နှစ်အတွက် သွားရောက်ပညာသင်ယူရန် ဖေဖော်ဝါရီ ၁၄ ရက်နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး ကျောင်းလခ၊ ကျောင်းဝင်ကြေး၊ ခရီးစရိတ်၊ လစဉ်အသုံးစရိတ်နှင့် ကျန်းမာရေးအာမခံတို့အတွက် ထောက်ပံ့မှုရရှိမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် စီးပွားရေးဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထား၍ သင်္ချာနှင့် စာရင်းပညာတို့တွင် ကျွမ်းကျင်သူဖြစ်ရန် လိုအပ်ပြီး ပညာသင်ယူပြီးဆုံးပါက မြန်မာနိုင်ငံသို့ ပြန်လည်အလုပ်အကျွေးပြုရမည်ဖြစ်သည်။

ပညာသင်ဆု အစီအစဉ်သည် ကျောင်းသားများအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားမှု၊ မိမိတိုင်းပြည်၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်မြဲရေးတို့ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်နေသော Heinrich Boll Stiftung က ပညာသင်ဆု အစီအစဉ်ကို ထောက်ပံ့ခြင်းဖြစ်ပြီး www.grad.econ.tu.ac.th/eng တွင် ပညာသင်ဆုဝင်ရောက်လျှောက်ထားနိုင်သည်။

## အွန်လိုင်းမှ ဗီဒီယိုသင်ခန်းစာများ မြန်မာဘာသာဖြင့် လေ့လာနိုင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ခန်းအကယ်ဒမီမြန်မာဝက်ဘ်ဆိုက် (www.khanacademyburmese.org)တွင် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်များအတွက် ဘာသာရပ်အလိုက် သင်ကြားရေးဆိုင်ရာ ဗီဒီယိုများကို မြန်မာစာတန်းထိုးဖြင့် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သင်ခန်းစာများတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ သမိုင်း၊ ဘောဂဗေဒ၊ ကွန်ပျူတာ စသည့် ဘာသာရပ်ပေါင်းစုံပါဝင်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် ဗီဒီယိုသင်ခန်းစာတစ်ရာခန့်ကို မြန်မာစာတန်းဖြင့် အခမဲ့ကြည့်ရှုလေ့လာနိုင်ပြီဖြစ်ကြောင်း အထက်ပါဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

"ကျွန်တော်တို့ရဲ့ သင်ယူမှုပုံစံက လေ့လာသူအားလုံးကို အဆင်ပြေစေပါတယ်။ အဓိကလေ့လာသင်ယူမှုအနေနဲ့ အသုံးပြုနိုင်သလို ထပ်ဆောင်းလေ့လာမှုအနေနဲ့လည်း အသုံးဝင်ပါတယ်။ တခြားသင်ယူမှုပုံစံတွေက အတန်းထဲမှာ ကိုယ်တိုင်ကိုယ်ကျသင်ယူဖို့ ကျောင်းအဆောက်အအုံတွေ လိုအပ်ပါတယ်။ ကျွန်တော်တို့ကတော့ ကျောင်းတွေထက်ပိုထိရောက်တဲ့ ရုပ်ကြွစာသင်ခန်းပါ။ သင်ထောက်ကူပစ္စည်းတွေအသုံးပြုပြီး အင်တာနက်ရှိရင် အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ စာသင်ခန်းအတွင်းမှာရော၊ အပြင်မှာပါ တိုးချဲ့နိုင်တဲ့ သင်ယူမှုပုံစံဖြစ်ပါတယ်"ဟု ခန်းအကယ်ဒမီတည်ထောင်သူ Salman Khan ကပြောသည်။

ခန်းအကယ်ဒမီသည် ကမ္ဘာ့အဆင့်မီပညာရေးပြန့်ပွားစေရန် ဗီဒီယိုသင်ခန်းစာ လေးထောင်ကျော်ကို ဝက်ဘ်ဆိုက်မှ တစ်ဆင့် အင်္ဂလိပ်ဘာသာဖြင့် အခမဲ့ထုတ်လွှင့်ပေးနေပြီး ဘာသာစကားပေါင်း ၃၀ ဖြင့် ဘာသာပြန်ဆိုထားပြီးဖြစ်ကာ ယခုအခါမြန်မာဘာသာဖြင့် စတင်ဘာသာပြန်ဆိုထုတ်လွှင့်လိုက်ခြင်းဖြစ်သည်။

# ထိုင်းရောက်မြန်မာလုပ်သားများ ဗီဇာသက်တမ်းတိုးပေးရန် နိုင်ငံသားစိစစ်မှုဦးစွာလုပ်မည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ထိုင်းနိုင်ငံတွင်း ပဋိပက္ခကြောင့် မြန်မာအလုပ်သမားများ ဗီဇာသက်တမ်းတိုးပေးရန် ကြန့်ကြာလျက်ရှိရာ နိုင်ငံသားစိစစ်မှုဦးစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထိုင်းနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းက နှစ်နိုင်ငံအစိုးရချင်းနားလည်မှုဖြင့် တရားဝင်မြန်မာအလုပ်သမားများအား လေးနှစ်ဗီဇာသက်တမ်းဖြင့် လုပ်သားစေလွှတ်မှုပြုလုပ်ခဲ့သည်။ ထို့နောက်၎င်းတို့သည် ၂၀၁၃ ခုနှစ်ဩဂုတ်လမှစ၍ ဗီဇာသက်တမ်းများကုန်ဆုံးခဲ့ကာ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့်မြန်မာအစိုးရမှ ထိုင်းအစိုးရကို ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ယခင်ထိုင်းနိုင်ငံသို့တရားဝင်သွားရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံတစ်ခုတည်းသာ လုပ်ကိုင်ခွင့်ရှိသည့် မရမ်းရောင်ပတ်စ်ပို့အစား ယခုအခါအနီရောင်ပတ်စပို့အဖြစ် ပြောင်းလဲကိုင်ဆောင်ခွင့်ပြုခဲ့သည်။

ထို့အပြင်လေးနှစ်ဗီဇာသက်တမ်းဖြင့် သွားရောက်လုပ်ကိုင်ခဲ့သည့် မြန်မာအလုပ်သမားများသည် ဗီဇာသက်တမ်းကုန်ဆုံးနေသည့်အတွက် ၎င်းတို့မှာ အခက်အခဲများစွာဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။ ထို့ကြောင့် ၎င်းတို့ကို ဗီဇာသက်တမ်းအမြန်တိုးပေးရန် ထိုင်းအစိုးရနှင့် ဆွေးနွေးထားသော်လည်း လက်ရှိထိုင်းနိုင်ငံရေးအခြေအနေရှုပ်ထွေးနေမှုကြောင့် ဗီဇာသက်တမ်းတိုးရန် လုပ်ငန်းစဉ်မှာကြန့်ကြာနေလျက်ရှိသည်။



*ထိုင်းနိုင်ငံမဟာချိုင်ရှိ ငါးဖမ်းလုပ်ငန်းတွင် လုပ်ငန်းခွင်ဝင်နေသော မြန်မာလုပ်သားများ*

ajw.asahi.com

“ငါတို့ဘက်ကတော့အဆင်သင့်ပဲ။ ဒါပေမဲ့ ထိုင်းဘက်က သူတို့ဝန်ကြီးအဖွဲ့ကို တင်ပြထားတာကကြန့်ကြာနေတာရယ်၊ ထိုင်းမှာလည်း ဆန္ဒပြပွဲတွေဖြစ်နေတော့ ဒီအလုပ်သမားတွေကို နိုင်ငံသားစိစစ်မှုအရင်လုပ်မယ်လို့သဘောတူထားတယ်”ဟု အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကပြောသည်။

ထို့သို့လေးနှစ်ဗီဇာသက်တမ်းကုန်ဆုံးနေသည့် အလုပ်သမားများအား ဗီဇာသက်တမ်းတိုးပေးရေး အမြန်ဆုံးလုပ်ဆောင်ရန် နှစ်နိုင်ငံအစိုးရဆွေးနွေးမှုကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် လေးနှစ်ဗီဇာသက်တမ်းကုန်ဆုံးသည့်မြန်မာအလုပ်သမားများကို နိုင်ငံသားစိစစ်မှုဦးစွာ ပြုလုပ်ရန်နှင့် မြန်မာအလုပ်သမားများအားထိုင်းနိုင်ငံတောင်ပိုင်းသို့လုပ်သား စေလွှတ်မှုမပြုရန်တောင်းဆိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၁)ဦး

အမှတ် (၁၁၅/၁၁၇)၊ ၁၆ လမ်း(လယ်)

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၃၉၅၅၉၅

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁)ဦး

ရုံးဝန်ထမ်း ကျား/မ (၂)ဦး

အထွေထွေဝန်ထမ်း ကျား (၁၀)ဦး

ယာဉ်မောင်း ကျွမ်းကျင် ကျား (၃)ဦး

ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

---

**အလိုရှိသည်**

နေ့ပိုင်း တက္ကစီမောင်းသူအလိုရှိသည်။

AD VAN 2008 Model CC-xxxxxx.

ဖုန်း-၀၉ ၄ ၂၀၀၃၁၉ ၂၃

---

**ဝန်ထမ်းအလိုရှိသည်**

တက္ကစီနေ့မောင်းအလိုရှိသည်။

BB/Diesel ဖင်ကောက်၊ တောင်ဥက္ကလာ

မြင်သာ။

ဖုန်း-၀၉ ၇၃၀ ၂၃၈၆၉

---

**ဝန်ထမ်းအလိုရှိသည်**

Cashier ကျား (၅)ဦး

Waiter ကျား (၅)ဦး

ဓားကိုင် ကျား (၃)ဦး

အကြော်ဆရာ ကျား (၃)ဦး

ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅)ဦး

ညစောင့် ကျား (၃)ဦး

သန့်ရှင်းရေးဝန်ထမ်း ကျား (၃)ဦး

ဖုန်း-၀၉ ၃၁ ၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**

မြောက်ဒဂုံရေသန့်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်

Driver (၂)ဦး

အထွေထွေလုပ်သား (၁၀)ဦး

ဖုန်း-၀၁ ၅၈၀၅၅၀

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts

Accountant F (1) Posts

Sales & Marketing M/F (2) Posts

ဖုန်း-၀၉ ၈၆ ၂၁ ၂၈၃

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Medical Officer (4) Posts

Assistant Medical Officer (6) Posts

ရွှေဗဟိုဆေးရုံ-

ဖုန်း-၀၁ ၅၄၅၈၅၁

---

**ဝန်ထမ်းအလိုရှိသည်**

HR Manager (2) Posts

HR Supervisor (2) Posts

Room Attendant (25) Posts

ပန်းကန်ဆေး (1) Posts

သန့်ရှင်းရေး (5) Posts

Marketing (2) Posts

Reservation (2) Posts

PH:01 391070, Ext: 1902

---

**အလိုရှိသည်**

ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ရိုက်ကူးရန်အတွက် သရုပ်ဆောင်သစ် ကျား (၁၀) ဦး၊ မ(၁၀) ဦး အမြန်အလိုရှိသည်။

ဖုန်း-၀၉ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

အသစ်ဖွင့်မည့် ဟော့ပေါ့ဆိုင်အတွက် Waiter များအလိုရှိသည်။ ကျန်းမာရေးစစ်ဆေးပါမည်။ ရောဂါကင်းရှင်းရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

ဖုန်း-၀၉ ၅၁၅၅၀၀၃

---

**ဝန်ထမ်းအလိုရှိသည်**

Photoshop ကျွမ်းကျင် မ (၃)ဦး

အလုပ်သင်ဝန်ထမ်း မ (၅)ဦး

ဖုန်း-၀၁ ၂၂၇၁၁၉

---

**ဝန်ထမ်းအလိုရှိသည်**

Sales Girl/Sales Person M/F (5) Posts

Sales & Marketing Executive M/F (5) Posts

Store Keeper M/F (5) Posts

Bill Collector F (3) Posts

သယ်ပို့လုပ်သား ကျား (၃)ဦး

ဖုန်း-၀၁ ၃၈၉၅၂၃

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁)ဦး

ရုံးဝန်ထမ်း ကျား/မ (၂)ဦး

အထွေထွေဝန်ထမ်း ကျား (၁၀)ဦး

ယာဉ်မောင်း ကျွမ်းကျင် ကျား (၃)ဦး

ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

---

**U TOUT TRAVEL CO.,Ltd**

Marketing M/F (2) Posts

တရုတ်စကားပြောကျွမ်းကျင်ရမည်။

ဖုန်း-၀၁ ၂၀၉၂၀၉

---

**ဝန်ထမ်းအလိုရှိသည်**

(မဝတ်) Pattern ကျွမ်းကျင်သူအလိုရှိသည်။

Sample ချုပ်ကျွမ်းကျင် မ (၃) ဦး၊ လစာကောင်း၊ နေ/စားစရိတ်တာဝန်ယူမည်၊

ဖုန်း-၀၉ ၇၃၀၆၈၃၉၆

---

**အလိုရှိသည်**

အမျိုးသမီးယာဉ်မောင်းကျွမ်းကျင်(၁)ဦး

ဖုန်း-၀၉ ၄၉၇၇၀၉၈

---

**ဝန်ထမ်းအလိုရှိသည်**

ရောင်းမောင်းဝန်ထမ်း (၂)ဦး

အရောင်းဝန်ထမ်း (၅)ဦး

နေရေး၊ စားရေးစီစဉ်ပေးမည်။

ဖုန်း-၀၉ ၅၁၀ ၂၁၉၄

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ကွန်ပျူတာ စာစီစာရိုက် မ (၂)ဦး

၂။ စာပို့ရန်ဆိုင်ကယ်လိုင်စင်ရှိသူ ကျား မ (၁)ဦး

၃။ သစ်တောစိုက်ခင်းတွင်တာဝန်ထမ်းဆောင်ရန် ကျား (၃၀)ဦး

ဖုန်း-၀၂ ၇၈၇၇၀

---

**ဝန်ထမ်းအလိုရှိသည်**

ပညာသင်ဝန်ထမ်း မ (၁၀)ဦး

နယ်မှလာသူများအတွက် အဆောင်နှင့်နေထိုင်စားသောက်ရေး စီစဉ်ပေးမည်။

ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

Cashier F (10) Posts

Reception/ Waiter M (30) Posts

Housekeeping M (5) Posts

Security M (50) Posts

Cleaning M/F (10) Posts

PH:01 8619223-225

---

**ဝန်ထမ်းအလိုရှိသည်**

ရောင်းမောင်းဝန်ထမ်း (၂)ဦး

အရောင်းဝန်ထမ်း (၅)ဦး

နေရေး၊ စားရေးစီစဉ်ပေးမည်။

ဖုန်း-၀၉ ၅၁၀ ၂၁၉၄

---

**ဝန်ထမ်းအလိုရှိသည်**

သန့်ရှင်းရေးဝန်ထမ်း ကျား (၁)ဦး

အသက် (၂၅-၃၅) နှစ်ကြား။

အင်္ဂလိပ်စကားအသင့်အတင်ပြောဆိုနိုင်ရမည်။ လစာရှစ်သောင်း။

ဖုန်း-၀၉ ၇၃၀၅၈၅၇၃

---

**ဝန်ထမ်းအလိုရှိသည်**

ဘဏ္ဍာရေးမှူး ကျား/မ (၁)ဦး

အဆောင်မှူး ကျား/မ (၂)ဦး

ရုံးဝန်ထမ်း ကျား/မ (၁)ဦး

ဥယျာဉ်မှူး ကျား (၁)ဦး

သန့်ရှင်းရေး မ (၁)ဦး

ဖုန်း-၀၉ ၄၂၁၀၄၉၀၇၅

---

**ဝန်ထမ်းအလိုရှိသည်**

Marketing အရောင်းဝန်ထမ်း

ကျား/မ (၃)ဦး

စာရင်းကိုင်ဝန်ထမ်း

ကျား (၁)ဦးမ (၁)ဦး

Supervior ကျား (၁)ဦး

Computer Desgin ကျား (၁)ဦး

ဖုန်း-၀၉ ၄၂၀၀၉၆၂၄၆

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ပုဂ္ဂလိက သစ်မာစိုက်ခင်းတွင် အုပ်ချုပ်နိုင်သူ မန်နေဂျာ ကျား (၁)ဦး

၂။ ကွန်ပျူတာကျွမ်းကျင်ပညာရှင် ခေတ်ပေါ် အိုင်တီပစ္စည်းများကို အသုံးပြုနိုင်၍ MD နှင့် မြန်မာနိုင်ငံအနှံ့ခရီးသွားနိုင်ရမည်။ ကျား (၁)ဦး ဖုန်း-၀၂ ၂၈၇၇၀

---

**ဝန်ထမ်းအလိုရှိသည်**

အင်္ဂလိပ်စာကျွမ်းကျင်သော ဘာသာပြန် ကျား (၁)ဦး အလိုရှိသည်။လစာညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀ ၂၃၈၇၂၂

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း အမျိုးသားဝန်ထမ်း (၂)ဦး

အသက် ၂၅ မှ ၃၅ နှစ်၊ Tour အတွေ့အကြုံနှင့် အင်္ဂလိပ်စကားပြောအနည်းငယ်ကျွမ်းကျင်။ ဖုန်း-၀၉ ၄၃၁၅၅၅၇၇

---

**ဝန်ထမ်းအလိုရှိသည်**

လက်မနည်း/စင်တီမီတာနည်းဖြင့် စက်ချုပ်ကျွမ်းကျင် အမြန်အလိုရှိသည်။

ဖုန်း-၀၉ ၅၀၄၉၁၁၀

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာ စာရင်းကိုင် ကျွမ်းကျင် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။လစာကောင်းမည်။ ဖုန်း-၀၉ ၂၅၀၅၀၅၆၃၉

---

**ဝန်ထမ်းအလိုရှိသည်**

အလုပ်ကြမ်း ကျား (၄)ဦး

အသက် (၂၀)အထက်။

(နယ်ဦးစားပေး၊ နေရေး၊ စားရေး စီစဉ်ပေးမည်)

ဖုန်း-၀၉ ၈၆၁ ၂၆၈၁

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

ကောက်၊ဖြောင့်၊ညှပ်ကျွမ်းကျင် မ (၅)ဦး

ခေါင်းလျှော်၊ လက်သည်းအလှပုံဖော်ကျွမ်းကျင် မ (၅)ဦး

PRETTY FAIRY BEAUTY AND SPA

ဖုန်း-၀၉ ၇၃၀ ၂၇၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**

စာစီစာရိုက် Pagemaket+ Indesign

ကျွမ်းကျင်သူ (၃)ဦး

အလုပ်သင်(ပညာသင်) (၂)ဦး

Dream City Computer

ဖုန်း-၀၉ ၇၃၀၅၂၄၃၃

---

**အလိုရှိပါသည်**

ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း (ကျား)၊ ကိုယ်တိုင် ဦးဆောင်စိုက်ပျိုးနိုင်သူ၊ မင်္ဂလာဒုံ/မှော်ဘီတွင် လုပ်ရမည်။ ကျွမ်းကျင်မှုအလိုက် အခြေခံလစာ၊ ရေ၊ ထင်းမီး၊ နေစရာအဆင်သင့်။

ဖုန်း-၀၁ ၅၃၈၀ ၂၀၊

၀၉ ၅၀၅၀၀၅၈

---

**အလိုရှိပါသည်**

အရောင်းမြှင့်တင်နိုင်သော (ဆေး) အရောင်းဝန်ထမ်း (Sales and Marke-ting) (ကျား) ဘွဲ့ရစရာမလိုပါ။ အဝေးသင်မဖြစ်ရပါ။ အသက်မကန့်သတ်ပါ။ ရပိုင်ခွင့်အနည်းဆုံး လေးမျိုးရှိပါသည်။

ဖုန်း-၀၁ ၅၃၈၀ ၂၀၊၀၉ ၅၀၅၀၀၅၈

---

**ဝန်ထမ်းအလိုရှိသည်**

အလုပ်ကြမ်း ကျား (၄)ဦး

အသက် (၂၀)အထက်။ (နယ်ဦးစားပေး၊ နေရေး၊ စားရေး စီစဉ်ပေးမည်)

ဖုန်း-၀၉ ၈၆၁ ၂၆၈၁

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ နှင့် လိင်တူချစ်သူများအရေး

ဦးတင်ဝင်းအောင်




မြန်မာနိုင်ငံမှ လိင်တူချစ်သူများအဖွဲ့(LGBT အဖွဲ့)ကပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၇ ကို ပယ်ဖျက်ပေးရန် တောင်းဆိုကြောင်း သတင်းများတွင် ဖတ်လိုက်ရသည်။ ၎င်းတို့တောင်းဆိုရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကုလသမဂ္ဂအာရှပစိဖိတ်ဒေသဆိုင်ရာ HIV/AIDS ညီလာခံသို့ပေးပို့သော မိန့်ခွန်းပါစကားများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇၊ ၃၅၃ ပါအချက်တို့ကို ကိုးကားတောင်းဆိုထားကြောင်းတွေ့ရပါသည်။ ၎င်းတို့တောင်းဆိုရာတွင် လူ့အခွင့်အရေးဆိုသော အကြောင်းပြချက်များလည်းပါရှိသည်ကိုတွေ့ရပါသည်။

မြန်မာ LGBT အခွင့်အရေးဆိုင်ရာ ကွန်ရက်က သတင်းထုတ်ပြန်ချက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို ကိုးကားရာ၌ "လိင်တူချစ်မှုအပေါ် ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည့်ဥပဒေများရှိနေခြင်းက လိင်တူချစ်သူများအကြား HIV/AIDS ကုသရေးအခက်အခဲ အဟန့်အတားဖြစ်နေကြောင်း၊ လိင်တူချစ်သူများအကြား HIV/AIDS ကူးစက်ပြန့်ပွားမှုနှုန်းမှာ အမြင့်ဆုံးတွင်ရှိနေပြီး ထိုသို့ဖြစ်နေရခြင်းမှာလည်း လူထုအတွင်းခွဲခြားမှုကို ဖြစ်နေစေသည့် အယူအဆအစွဲများ၊ ဥပဒေများရှိနေသောကြောင့် ဖြစ်ကြောင်း "ဆိုသော စကားများကိုကိုးကားထားသည်ကို တွေ့ရပါသည်။ ထိုအချက်မှာ မှန်သင့်သလောက် မှန်သော်လည်း ယင်းအကြောင်းကြောင့် ပုဒ်မ ၃၇၇ ကို မပယ်ဖျက်သင့်ပါ။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံပုဒ်မ-၃၅၃ တွင် "ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ" ဟုပြဋ္ဌာန်းပါရှိသည်မှာ မှန်သော်လည်း ပြဋ္ဌာန်းချက်အပြည့်အစုံမှာ "မည်သူ့ကိုမျှ တည်ဆဲဥပဒေ နှင့် အညီမှတစ်ပါးအသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ "တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး" ဆိုသည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ကြောင့် ဥပဒေတစ်ရပ်ကို ကိုးကားရာတွင် ကိုယ်လိုချင်သည့်အချက်ကိုသာ ဆွဲယူ၍ မရဘဲပြဋ္ဌာန်းချက်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်ဖို့ လိုပါသည်။ ဥပဒေနှင့် ညီသော ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၇ ကိုပယ်ဖျက်စေနိုင်သည့်ပြဋ္ဌာန်းချက်မဟုတ်သည်ကိုသတိပြုသင့်ပါသည်။

**ပုဒ်မ-၃၇၇ ကို ပယ်ဖျက်သင့်သလား၊ ဖြည့်စွက်သင့်သလား။**

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၇ တွင် ပြဋ္ဌာန်းထားသည်မှာ "မည်သူမဆို ယောကျ်ားနှင့် ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မိမိအလိုအလျောက် ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှုကို ပြုလုပ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်ကို စေ့စပ်သေချာစွာ လေ့လာသင့်ပါသည်။

ပုဒ်မ၏ ခေါင်းစဉ်သည်ပင် "ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှု" ဟုပြဋ္ဌာန်းထားပါသည်။ "ဓမ္မတာ" ဆိုသည်ကို ပြစ်မှုဆိုင်ရာ ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပါ။ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော မြန်မာစာအဘိဓာန်တွင် "ဓမ္မတာ"ကို "ဖြစ်မြဲသော အစဉ်အလာ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အင်္ဂလိပ်-မြန်မာအဘိဓာန်တွင်လည်း "ဓမ္မတာ"ကို " The Law of nature" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

ပုဒ်မ-၃၇၇ တွင် "ယောကျ်ားနှင့် ဖြစ်စေ"ဟု ပြဋ္ဌာန်းပါရှိပါသည်။ ယောကျ်ားချင်းအလိုတူ၍ ဆက်ဆံပါက ၎င်းပုဒ်မဖြင့် ပြစ်ဒဏ်မထိုက်သင့်စေလိုပါ။ သို့သော်ဆက်ဆံသူများအနေဖြင့် သတိထားရမည်မှာ မစင်စွန့်ရာလမ်းကြောင်းနှင့် ဆက်ဆံသည့်အတွက် လိင်နှင့်ပတ်သက်သောရောဂါများ အလွယ်တကူဖြစ်ပွားနိုင်သည်ကို ကျန်းမာရေးသတိဖြင့် ကြည့်သင့်ပါသည်။

ပုဒ်မ-၃၇၇ နှင့်ပတ်သက်၍ အထူးသတိပြုစေလိုသည့်အချက်တစ်ခုကို တင်ပြလိုပါသည်။ ဥပမာ-ပုဒ်မ ၃၇၇ ကိုပယ်ဖျက်ခဲ့မည်ဆိုပါက ယောကျ်ားအများစု လိင်တူချစ်သူအမျိုးသားတစ်ဦးကို၎င်း၏ဆန္ဒမပါဘဲ အဓမ္မပြုကျင့်ခဲ့လျှင် မည်သည့် ဥပဒေပုဒ်မဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်မည်နည်း။ ယောကျ်ားချင်းသွေးဆောင်ဖြားယောင်းခြင်းဖြင့် လည်းကောင်း၊ အဓမ္မနည်းဖြင့်လည်းကောင်း၊ ကာမစပ်ယှက်ခဲ့လျှင်လည်း မည်သည့်ပုဒ်မဖြင့်အရေးယူဆောင်ရွက်ရပါမည်နည်း။

မကြာသေးမီကပင် မန္တလေးမှ လိင်တူချစ်သူများကို ရဲတပ်ဖွဲ့ဝင်က အဓမ္မပြုကျင့်သည်ဟူသော သတင်းကြားလိုက်ရပါသည်။ တကယ်ဟုတ်၊ မဟုတ်တော့မသိပါ။ ပုဒ်မ-၃၇၇ကိုပယ်ဖျက်လိုက်လျှင် ထိုကိစ္စမျိုးအတွက်မည်သည့်ပုဒ်မဖြင့် အရေးယူမည်နည်း။

အရွယ်ရောက်စအချိန်တွင် တဏှာကာမ၌ ယောကျ်ားလေးအချင်းချင်းဖောက်ပြန်ခံခဲ့ရဖူးသူများသည် ခံခဲ့ရသောတဏှာကာမကိုမက်မောသွားပြီး အခွင့်ကြုံတိုင်း ထပ်မံခံစားလိုသူများမှာ ယောကျ်ား ဟော်မုန်းဓာတ်မပြောင်းလဲစေကာမူ ထိုအတွေ့အကြုံတစ်မျိုး ကို ခံစားလိုက်ဖူးခြင်းဖြင့် ထပ်၍ ထပ်၍ ခံစားလိုမှုပေါ်ပေါက်ခြင်းဖြင့် လိင်တူချစ်သူ ဘဝသို့ရောက်သည့် အဖြစ်များ ရှိခဲ့ပါသည်။ အတွေ့ဖြင့် မိန်းမလျာဖြစ်သွားရသော ဦးရေမှာ ဟော်မုန်းဓာတ်ကြောင့်မိန်းမလျာဖြစ်သွားရသောဦးရေထက်များပြားလှကြောင်း ဒေါက်တာ အောင်ခင်ဆင့် ရေးသည့် ဖိုမဆက်ဆံရေးစာအုပ်တွင် ထောက်ပြထားပါသည်။ ထို့ကြောင့်မိန်းမလျာဇာတ်သွင်းခြင်းဆိုသည့် ကိစ္စများ ရှိနေသဖြင့် အရွယ်ရောက်စ လူငယ်များအားကာကွယ်ရန် ပုဒ်မ-၃၇၇ ကို ဆက်လက်ထား ရှိရပါမည်။

၎င်းပုဒ်မ ၃၇၇ တွင်ပင် "မိန်းမနှင့်ဖြစ်စေ"ဟုပြဋ္ဌာန်းပါရှိသည့်အတွက် မိန်းမအချင်းချင်းလက်ထပ်ခြင်းကိုလည်း ဟန့်တားထားသည့် သဘောရှိပါသည်။ ထိုအချက်ကြောင့်လည်း ပယ်ဖျက်ရန်မသင့်ပါ။ မိန်းတစ်ဦးအား ဓမ္မတာအတိုင်းပင် အလိုမတူဘဲ ဆက်ဆံခဲ့ပါက ပုဒ်မ-၃၇၆ အရ အရေးယူအပြစ်ပေးနိုင်သော်လည်း ဓမ္မတာအတိုင်းမဟုတ်ဘဲ အလိုမတူ ဆက်ဆံပါက ပုဒ်မ-၃၇၆ ဖြင့် အရေးယူဆောင်ရွက်၍ မရပါ။ ပုဒ်မ-၃၇၇ ဖြင့်သာ အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

ပုဒ်မ-၃၇၇ ၏ ပြဋ္ဌာန်းချက်အရ ဓမ္မတာနှင့် ဆန့်ကျင်သော ပြုလုပ်မှုတွင် ပါးစပ်နှင့် ဆက်ဆံခြင်း(Oral Sex)လည်းပါရှိပါသည်။ ပြည့်တန်ဆာများသည်ပင်လျှင် ပါးစပ်နှင့် ဆက်ဆံခိုင်းခြင်းကို ရွံ့ရှာစက်ဆုပ်ကြမည်ထင်ပါသည်။ ထို့ကြောင့်ပုဒ်မ-၃၇၇ သည် အမျိုးသမီးများကို အကာအကွယ်ပေးထားသည့်ပုဒ်မတစ်ခုလည်းဖြစ်ပါသည်။ ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ အနိုင်အထက်ပြု၍ ဓမ္မတာနှင့် ဆန့်ကျင်ပြီး ကာမစပ်ယှက်ခံရပါက နစ်နာသူ(စပ်ယှက်ခံရသူ)အတွက် ဥပဒေအရကုစားရန် နည်းလမ်းမှာ ပုဒ်မ-၃၇၇ သာ ရှိပါသည်။ ထို့ကြောင့်ပယ်ဖျက်ရန်မသင့်ပါ။

၎င်းပုဒ်မတွင်ပင် "တိရစ္ဆာန်နှင့် ဖြစ်စေ"ဟု ပြဋ္ဌာန်းပါရှိပါသည်။ လူမှန်သမျှသည် လူ၏ကိုယ်ကျင့်တရားကို စောင့်ထိန်းရန် တာဝန်ရှိပါသည်။ ယခုအချက်မှာ ထိုကိုယ်ကျင့်တရားကို စောင့်ထိန်းရန်နှင့် မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို တားမြစ်ထားခြင်းဖြစ်ပေသည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ တိရစ္ဆာန်နှင့် ကာမစပ်ယှက်ခြင်းကိုလုံးဝတားမြစ်ထားပေသည်။

ယနေ့လူသားများ ထိတ်လန့်ကြောက်ရွံ့နေသော HIV/AIDS ရောဂါသည် (Sexsually Transmitted Disease) လိင်မှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်ပါသည်။ HIVပိုးမှာ အနောက်အာဖရိကအလယ်ပိုင်း (West Central Africa) ရှိ မျောက်များတွင် စတင်ဖြစ်ပေါ်ခဲ့သည်ဟု ဆေးပညာရှင်များက (Medical Experts)များက ယူဆကြသည်။ ထိုမျောက်များမှ လူကို ကူးခြင်း (Zoonosis)ဖြစ်ပါသည်။ လူများက ထိုမျောက်သားကို အစိမ်းစားခဲ့၍လား (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ ဆက်ဆံခဲ့၍လား၊ မည်သည့်နည်းဖြင့် ကူးစက်လာသည်ကိုတော့ မသိသေးပါ။ သို့သော်လည်း HIV/AIDS ရောဂါမှာလိင်မှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်သည်ကိုတော့ သတိပြုရမည်ဖြစ်သည်။ လူများသည် တိရစ္ဆာန်များနှင့် ကာမဆက်ဆံပါက အလားတူ ရောဂါဆိုးကြီးများပေါ်ပေါက်လာနိုင်သည်ကိုတော့ သတိပြုရပါလိမ့်မည်။ ထို့ကြောင့် "တိရစ္ဆာန်နှင့်ဖြစ်စေ"ဆိုသည့် အချက်မှာ လူ့ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရန်နှင့် မဖြစ်သင့်သည့်ရောဂါများ မဖြစ်အောင် ကာကွယ်ပေးထားခြင်းဖြစ်ပါသည်။

**စာမျက်နှာ(၁၉) သို့**

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.45 ▪ JANUARY 15 , 2014



စာမျက်နှာ(၁၈)မှ

# ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ နှင့် လိင်တူချစ်သူများအရေး

လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၆(၁)တွင် "အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် မိန်းမတို့တွင် လူမျိုး၊ နိုင်ငံသား၊ ကိုးကွယ်သည့် ဘာသာကို အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်းမရှိဘဲ ထိမ်းမြားနိုင်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားသည်ကို သာတွေ့ရပါသည်။ လိင်တူချင်း ထိမ်းမြားလက်ထပ်နိုင်သည်ဟူသော သဘောမျိုးသက်ရောက်သည့် ပြဋ္ဌာန်းချက်မျိုးမတွေ့ရှိရပါ။ ထို့အပြင်လူ့အခွင့်အရေးကြေညာစာတမ်း ၂၉(၂)တွင် "မိမိ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာ ကျင့်ဆောင်ရန် အလို့ငှာလည်းကောင်း၊ ဥပဒေက ပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ပုဒ်မ-၃၇၇ သည်လူအများ၏ အခွင့်အရေးကို ကာကွယ်ရန် ကိုယ်ကျင့်တရားစောင့်ထိန်းရန် ပြဋ္ဌာန်းထားသဖြင့် လူ့အခွင့်အရေး ကြေညာစာတမ်းနှင့်လည်း ကိုက်ညီကြောင်း တွေ့ရပါသည်။

ကျိုက်ထိုမြို့တွင် လိင်တူ အမျိုးသားနှစ်ဦး မင်္ဂလာဆောင်ကို မြို့ခံများ မကျေနပ်ဆိုသည့် သတင်းကိုဖတ်လိုက်ရပါသည်။လက်ထပ်ထိမ်းမြားခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လူမှုရေးကိစ္စဖြစ်ပါသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးယောကျ်ားနှင့် မိန်းမလက်ထပ်ရာတွင် ဥပဒေပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိပါ။ ဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံတွင် လိင်တူချင်းလက်ထပ်သည့် ဓလေ့ထုံးတမ်းမရှိသေးသဖြင့် လိင်တူချစ်သူများ လက်ထပ်ရန်မှာ အခက်အခဲများရှိနေနိုင်ပါသည်။ လူအများကလက်ခံလာနိုင်သည်အထိ ဆောင်ရွက်ရန်မှာ လိင်တူချစ်သူများအပေါ်တွင် အဓိကတာဝန်ရှိပါသည်။

ဥပဒေတစ်ရပ်တွင် ပြဋ္ဌာန်းပါရှိသည့် အချက်များ၌ မည်သည့်အချက်များက မိမိတို့ကို အကာအကွယ်ပေးထားသည် (သို့မဟုတ်) ပိတ်ပင်ထားသည်၊ အခွင့်အရေးပေးထားသည်(သို့မဟုတ်) တာဝန်ပေးထားသည်စသည်ဖြင့် သိရှိရန် လိုပါသည်။ ပုဒ်မ-၃၇၇ မှာ လူအများကို အကာအကွယ်ပေးထားသည့် ပုဒ်မဖြစ်ပါသည်။ ထို့ကြောင့် ၎င်းပုဒ်မကို မပယ်ဖျက်ဘဲ ဖြည့်စွက်ရန်သာ တောင်းဆိုသင့်ပါသည်။

လူနည်းစု၏ အခွင့်အရေးရဖို့ တောင်းဆိုရာတွင် ကျန်လူအများ၏ အခွင့်အရေးကို ဆုံးရှုံးစေနိုင်လောက်သည်အထိ တောင်းဆိုခွင့်မရှိဟု ယူဆမိပါသည်။ ထိုအချက်မှာလည်း ဒီမိုကရေစီ၏ သဘောတရားတစ်ခုဖြစ်သည်ဟု သုံးသပ်မိပါသည်။

ပုဒ်မ-၃၇၇ သည်ယောကျ်ားချင်း၊ မိန်းမချင်းလက်ထပ်သည်ကို ကန့်သတ်သည့် သဘောသက်ရောက်နေသည်မှာမှန်သော်လည်း ပယ်ဖျက်သည်အထိ မပြုလုပ်သင့်ပါ။ ပယ်ဖျက်လိုက်မည်ဆိုပါကလည်း လိင်တူချစ်သူများသည် တရားဝင်လက်ထပ်ခြင်းကို ရရှိလာလိမ့်မည်မဟုတ်ပါ။ ပြဿနာများသာ ပိုမိုဖြစ်ပွားလာနိုင်စရာအကြောင်းရှိပါသည်။ ထို့အပြင် ယောကျ်ားများနှင့် မိန်းမများအပြင် တိရစ္ဆာန်များကိုပါ ဓမ္မတာနှင့် ဆန့်ကျင်ပြီး အဓမ္မကာမစပ်ယှက်ခြင်းမှ အကာအကွယ်ပေးထားသည့်ပုဒ်မတစ်ခုဆုံးရှုံးရုံသာ ရှိပါလိမ့်မည်။ ထို့ကြောင့် လိင်တူချစ်သူများအနေဖြင့် မိမိတို့အတွက် လိုအပ်သည့် အခွင့်အရေးရလိုပါလျှင်

"ခြွင်းချက်။ ။ ဆက်ဆံသည့် အချိန်တွင် ဆက်ဆံခြင်းခံရသူက အလိုတူလျှင်ပြစ်မှုမမြောက်စေရ"ဟူသော အချက်ကိုသာ ပုဒ်မ-၃၇၇ တွင်ထပ်မံဖြည့်သွင်းပေးရန်သာ တောင်းဆိုသင့်ပါသည်။ သို့မှသာတရားမျှတသော တောင်းဆိုမှုဖြစ်ပါလိမ့်မည်။ ၎င်းအချက်ကိုဖြည့်စွက်ခွင့်ပြုလျှင် လိင်တူချစ်သူများကိုပုဒ်မ- ၃၇၇ ဖြင့် တရားစွဲဆို၍ အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်မည်ဖြစ်ပါသည်။

အထက်ပါဖြည့်စွက်ချက်ကို ခွင့်ပြုရုံမျှဖြင့်လည်း လိင်တူချစ်သူများအနေဖြင့် တရားဝင်လက်ထပ်ခြင်းကို ရရှိလာခြင်းမရှိသေးဘဲ "အတူနေထိုင်ခြင်း"ကိုသာ ရရှိလာခြင်းဖြစ်ပါသည်။ ဖြည့်စွက်ချက်၏ နောက်ဆက်တွဲအနေဖြင့် "လိင်တူချစ်သူများ တရားဝင်လက်ထပ်ခြင်း"ရရှိရန် ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 109,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 395,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 915,000 |
| iPhone 5s(16GB) | 805,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 144,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 116,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

ဇန်နဝါရီ(၁၁) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 680,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 268,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 248,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W$_{9}$ | 195,000 |
| Panasonic | 72B2 | 205,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၆၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၂၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၅၅၀ |
| အိမ်ရိုက်သံ (2"-4") | ၁ ပိဿာ | ၁,၂၅၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၉,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇန်နဝါရီ(၁၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan (15) | 815 | 920 | 940 | 960 |
| Jan (16) | 815 | 920 | 940 | 960 |
| Jan (17) | 815 | 920 | 940 | 960 |
| Jan (18) | 815 | 920 | 940 | 960 |
| Jan (19) | 815 | 920 | 940 | 960 |
| Jan (20) | 815 | 920 | 940 | 960 |
| Jan (21) | 815 | 920 | 940 | 960 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, HD, 14" | 491,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 629,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 1 TB HDD, 15.6" | 787,000 |
| Intel Core i7 2.0 GHz, 8 GB DDR3, 500 GB HDD ,14" | 787,000 |
| **Lenovo** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, 14" | 580,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 688,000 |
| Intel Core i5 1.7GHz,4GB DDR3,1TB SATA HDD,2GBVGA15.6" | 718,000 |
| Intel Core i7 2.3 GHz,8 GB DDR3,1TB HDD,2 GB VGA,15.6" | 1,033,000 |
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 540,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD,14" | 658,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 806,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 974,000 |




# မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုတိုးတက်ကောင်းမွန်စေရန် Sanofi မှ ပိုမိုအားဖြည့်ဆောင်ရွက်

ရန်ကုန်၊ မြန်မာ - ဒီဇင်ဘာ ၆၊ ၂၀၁၃

မြန်မာနိုင်ငံတွင် နိုင်ငံတကာ အမျိုးသမီးများ၏ဖိုရမ် Women's Forum 2013ကျင်းပနေစဉ်အတွင်း Sanofi မှ မြန်မာနိုင်ငံအတွက် ၎င်း၏ ကတိပြုဆောင်ရွက်ချက်ကိုအလေးထားဖော်ပြလိုက်ပါသည်။၎င်းဖော်ပြချက်မှာ မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာ အဖွဲ့ကိုတိုးချဲ့အားဖြည့်ခြင်းနှင့် ကျန်းမာရေးနယ်ပယ်မှ အထူးဦးစားပေးနယ်ပယ်နှစ်ခုဖြစ်သည့်ကလေးသူငယ်များကျန်းမာရေးနှင့်မိခင်များ၏ကျန်းမာရေး နယ်ပယ်နှစ်ခုအတွက် ရင်းနှီးသွေးစည်းသော အားထုတ်မှုများကို ဆက်လက်၍ အထူးဂရုပြုရန် တို့ဖြစ်ပါသည်။ ***"မြန်မာနိုင်ငံဟာ နိုင်ငံရေးအခြေအနေများပြုပြင်ပြောင်းလဲခြင်းကြောင့်အချိုးအကွေ့တစ်ခုကိုရောက်ရှိနေပါတယ်။ပြီးတော့ အာရှမှာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးနိုင်ငံတစ်ခုဖြစ်နေပါတယ်။လူထုအတွက်ကောင်းမွန်တဲ့ကျန်းမာရေး သေချာစွာ ရရှိစေရန်မှာ အရေးကြီးပါတယ်။ ဒါမှသာ အနာဂတ်မှာ ရေရှည်တည်မြဲတဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို မောင်းနှင်ဖို့ အထောက်အကူဖြစ်မှာပါ။" Sanofi ရဲ့CEOဖြစ်တဲ့ Christopher A. Viehbacher*** က ပြောပါတယ်။ *"အမျိုးသမီးများ၏ဖိုရမ်မှာ ကျွန်တော်တို့ရဲ့ ပါဝင်မှုဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်ကျွန်တော်တို့ရဲ့ယုံကြည်မှုနဲ့ရောင်ပြန်ဟပ်ဖော်ပြတာပါ။ ဒါ့အပြင် အမျိုးသမီးတွေရဲ့ လူမှုအဖွဲ့အစည်းနဲ့ စီးပွားရေးနယ်ပယ်မှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတဲ့အကြောင်းကိုလည်း ထင်ရှားအောင် ဖော်ပြချင်လို့ပါ။ ကျွန်တော်တို့ သိထားတာကတော့အချို့သောနိုင်ငံတွေမှာ အမျိုးသမီးတွေဟာ သူတို့ရဲ့မိသားစုကျန်းမာရေးနဲ့ ပတ်သတ်ပြီး ၈၀ % ခန့်ဆုံးဖြတ်ဆောင်ရွက်ကြပါတ်။ နိုင်ငံရဲ့ စီးပွားရေးကို မောင်းနှင်ဖို့ ကျန်းမာတဲ့လူထုအဖွဲ့အစည်းဟာလိုအပ်ပါတယ်။"*Christopher A. Viehbacherက ဆက်လက်ပြောဆိုပါတယ်။ ***ဒေသဆိုင်ရာဖြန့်ချိရေးတစ်ခုကနေ မြန်မာနိုင်ငံမှာ ၁၉၉၇ ခုနှစ်ကတည်းက လုပ်ငန်းဆောင်ရွက်မှုများစတင် ပြုလုပ်ခဲ့ပြီး ကာကွယ်ဆေးများနှင့် ရောဂါကုထုံးဆိုင်ရာ ဆေးဝါးများကို အသုံးပြုပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ဖို့ ၂ ညေသင ဟာ ဇူလိုင်လ ၂၀၁၃ မှာ ဒေါက်တာ မေမြင့်ဦးကို မြန်မာနိုင်ငံဆိုင်ရာစီးပွားရေး မန်နေဂျာအဖြစ် ခန့်အပ်၍ ဒေသတွင်းအဖွဲ့ကို ဦးဆောင်စေခြင်းဖြင့် အားဖြည့်ဆောင်ရွက်ခဲ့ပါတယ်။***ခုလက်ရှိရရှိနေသော ဆေးဝါးများစာရင်းတွင် ပါဝင်သော ဆေးဝါး ၈ မျိုးမှာ အဓိကအားဖြင့် နှလုံးနှင့်သွေးကြောဆိုင်ရာနှင့်တစ်ကိုရေကျန်းမာရေးဆိုင်ရာ လူသုံးကုန်ဆေးဝါးများ ပါဝင်ပါသည်။ Sanofi Pasteur အနေဖြင့်လည်းဖြန့်ချိသူတစ်းမှတစ်ဆင့်ကာကွယ်ဆေး ၂၂မျိုးအားမြန်မာနိုင်ငံအတွင်းဖြန့်ချိလျက်ရှိပါတယ်။ မွေးမြူရေးနှင့် တိရိစ္ဆာန် ကျန်းမာရေး ကဏ္ဍတွင်လည်း မြန်မာနိုင်ငံအတွင်း တိရိစ္ဆာန်ရောဂါ ကာကွယ်ဆေးများဖြန့်ဖြူးခြင်းဖြင့် ကျန်းမာသော အစားအသောက် ကွင်းဆက်တစ်ခုဖြစ်ပေါ် စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

UNထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရဲ့ရည်မှန်းချက်အမှတ်၄နှင့်၅တွင်ကလေးသူငယ်သေဆုံးမှုနှုန်းလျှော့ချရေးနှင့်ကျန်းမာရေးအတွက်ဂရုတစိုက်စောင့်ရှောက်ခြင်းကိုပိုမိုတိုးတက်စေခြင်းကိုအထူးဦးစားပေးထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီရည်မှန်းချက်ကို အထောက်အကူပြုရန် "မြန်မာနိုင်ငံအတွင်း ပိုမိုလုံခြုံသော မိခင်ဘဝစောင့်ရှောက်မှု"ဆိုတဲ့အစီအစဉ်တစ်ခုကိုSanofiEspoir ဖောင်ဒေးရှင်းနဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ PremièreUrgence-Aide médicaleInternationale တို့ဟာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနရဲ့အကူအညီနဲ့တည်ထောင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်ကတော့မိခင်နဲ့ရင်သွေးသေဆုံးမှု လျှော့ချရေးအတွက်အမျိုးသမီးများမွေးဖွားရာတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်သော ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက်စေရန် စဉ်ဆက်မပြတ် ဆေးဝါးဆိုင်ရာ ပညာပေးခြင်းနှင့် ရည်ရွယ်ထားသော လူမှုအသိုင်းအဝိုင်းများမှကလေးမွေးဖွားရန်ကူညီစောင့်ရှောက်ပေးမည့်သူများကိုကွန်ယက်ဖွဲ့စည်းခြင်းတို့ဖြစ်ပါတယ်။ သုံးနှစ်ကြာမြင့်တဲ့ကနဦးအစီအစဉ်ဟာ ဒေသနှစ်ခုမှာ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဒေသတွေကတော့ ရန်ကုန်တိုင်းဒေသကြီးမှဒလမြို့ပေါ် နဲ့ ကရင်ပြည်နယ်တောင်ဘက်မှာရှိတဲ့ကဝါရိကျေးလက်ဒေသတို့ဖြစ်ပါတယ်။ ***Sanofiမှစိတ်ကျန်းမာရေးအတွက်လုပ်ကိုင်နိုင်သောအစီအစဉ်များကိုဆောင်ရွက်နိုင်ရန် အဓိကအရေးပါသောအဖွဲ့အစည်းများနှင့်အတူတကွအလုပ်လုပ်ကိုင်နေပါတယ်။***မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးပြီး နိုင်ငံများတွင်ခန့်မှန်းခြေအားဖြင့် ၁% မှာစိတ်ဖောက်ပြန်ခြင်းရောဂါ၊ အတက်ရောဂါ ကြုံတွေ့ ခံစားနေရနိုင်ပြီး ခန့်မှန်းခြေ ၈၀%မှ ၉၀% အထိကုသပေးနိုင်မှုကွာဟချက်ရှိပါတယ်။ လက်တွဲလုပ်ကိုင်မှုရဲ့ ရည်ရွယ်ချက်မှာ စိတ်ဖောက်ပြန်ခြင်းနှင့် အတက်ရောဂါတို့တွင် ကုသပေးနိုင်မှုကွာဟချက်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်၊ ရှိပြီးသားကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများကိုအရည်အချင်းမြှင့်တင်ပေးနိုင်ရန်၊လူမမာများကိုရှာဖွေခွဲခြားတတ်စေရန်၊ ၎င်းတို့နှင့် ၎င်းတို့၏မိသားစုများကို ပညာပေးခြင်းနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ရန်၊အထောက်အကူပြုပေးနိုင်ရန်၊ အထူးပြုကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခွင့် ရရှိစေရန် ဖြစ်ပါသည်။

***"ဒီလိုအစီအစဉ်တွေရဲ့ အရေးပါမှုဟာ လူထုအဖွဲ့အစည်းအတွင်း ထိခိုက်နိုင်ခြေအများဆုံးသူများကို ရည်ရွယ်ထားတဲ့အတွက် ဖြစ်ပါတယ်။ ထိုအစီအစဉ်ဟာ မြန်မာနိုင်ငံရဲ့ မတူကွဲပြားမှုတွေနဲ့ တွဲဖက်နိုင်ဘို့ အတွက်ရေရှည်ထိန်းသိမ်းထားနိုင်သော၊လိုက်လျောညီထွေကူးပြောင်းလွယ်သော အခြေအနေများဖန်တီးပေးဖို့လိုအပ်ပါတယ်။စားရိတ်နည်း၍ ထိရောက်မှုများသောချဉ်းကပ်နည်းဟာတစ်နိုင်ငံလုံးအတိုင်းအတာကိုမြှင့်တင်ဖို့လွယ်ကူစေပါတယ်"လို့ChristopherA.Viehbacherကအဆုံးသတ်ပြောကြားပါတယ်။***Sanofi အကြောင်း မိတ်ဆက်သည် လူနာများ၏ လိုအပ်ချက်ပေါ် အဓိကထား၍ ဆေးဝါးသစ်ကုထုံးသစ်ရှာဖွေဖူးစမ်းမှုများ၊တိုးတက်ဖွံ့ဖြိုးစေမှုများကိုပြန့်ပွားအောင် ဆောင်ရွက်နေသော ကမ္ဘာ့ထိပ်တန်း ဆေးဝါးစောင့်ရှောက်မှု ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Sanofi ၏ခိုင်မာမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မှု ရရှိထားသော ကျန်းမာရေး နယ်ပယ်ခုနှစ်ခုမှာ ဆီးချိုရောဂါ ကုထုံးများ၊ လူတို့အတွက် ကာကွယ်ဆေးများ၊ ဆေးဝါးအသစ်အဆန်းများ၊တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာလူသုံးကုန်ဆေးဝါးများ၊တိုးတက်မှုအလားအလာရှိသောဈေးကွက်သစ်များ၊တိရိစ္ဆာန်ကျန်းမာရေးနှင့်ရှားပါးရောဂါရပ်ဆိုင်ရာနယ်ပယ်အထူးပြုကုမ္ပဏီ(Genzyme)တို့ဖြစ်ပါသည်။Sanofiသည်ပဲရစ်တွင်(EURONEXT:SAN)ဟုစာရင်းဖော်ပြ၍ နယူးယောခ်တွင်(NYSE:SNY)ဟုစာရင်းဖော်ပြထားပါသည်။

Technology
7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ဖုန်းခေါ်ဆိုမှုအခက်အခဲများ Call စင်တာသို့ အကြောင်းကြားခြင်းဖြင့် ကူညီရန် ဆက်သွယ်ရေးမေတ္တာရပ်ခံ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းလိုင်းများ တိုးချဲ့ရန် စက်ပစ္စည်းလဲလှယ်တပ်ဆင်ခြင်း ဆောင်ရွက်ပြီးဖြစ်ရာ ဇန်နဝါရီလကုန်အထိ စမ်းသပ်စစ်ဆေးစဉ်ကာလအတွင်း ပြောဆိုမှုခက်ခဲပါက ၁၈၇၆ သို့ဖုန်းခေါ်ဆိုပြောကြားခြင်းဖြင့် စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“စီမံကိန်းတွေက နည်းပညာပိုင်းတွေရော အချိန် Target မီအောင်လုပ်ရတဲ့အပိုင်းတွေရော ရှိနေလို့ အဆင်မပြေတာတွေများသွားတာပါ။ အဆင်မပြေတာတွေဘာတွေဖြစ်ရင်လည်း 1876 ကို ဖုန်းဆက်ပြီးနေရာတွေ ဘာတွေပြောထားရင် စီမံကိန်းတွေက အမြဲရှိနေတာဆိုတော့ နောက်ပိုင်းလုပ်မယ့် စီမံကိန်းတွေမှာ ထပ်ပြီးလုပ်ရမယ့်အပိုင်းတွေ သိအောင်လို့ပါ”ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာတစ်ဦးက ပြောသည်။

မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများနှင့် စက်ချိန်ညှိခြင်းလုပ်ငန်း၊ တိုင်းတာစမ်းသပ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများ မိုဘိုင်းဖုန်းဆက်သွယ်ပြောဆိုမှုအခက်အခဲဖြစ်ပေါ်ပါက Call Center 1876 သို့ဖြစ်ပေါ်နေသည့် အခက်အခဲများကိုနေ့ရက်၊အချိန်၊ နေရာများအား တိကျစွာပြောဆိုခြင်းဖြင့် ကူညီပေးစေလိုကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

နေပြည်တော်နယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုဘိုင်းရေဒီယိုစခန်းများစက်ပစ္စည်းများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာနေGSM/WCDMA မိုဘိုင်းကွန်ရက်၌ Huawei နှင့် ZTE Vendor နှစ်ခုရှိနေခြင်းကြောင့် မိုဘိုင်းဖုန်းခေါ်ဆိုမှုအခက်အခဲရှိနေပြီး လက်ရှိတွင်လည်း ပြည်ပပညာရှင်များနှင့် နည်းပညာအကူအညီများယူ၍ ဆက်လက်လုပ်ကိုင်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအင်ဂျင်နီယာတစ်ဦးက ပြောသည်။

“မနေ့က တစ်ရက်လုံးဖုန်းကဆက်လိုက်ပြန်ကျသွားလိုက်ဖြစ်နေတာ။ အလုပ်လုပ်နေတာဆိုတော့ တော်တော်အဆင်မပြေဖြစ်တယ်။ ဒီနေ့တော့ နည်းနည်းပြန်ကောင်းလာတယ်ထင်တယ်။ ပြောနေရင်းကျသွားတာတော့မရှိတော့ဘူး”ဟု မိုဘိုင်းဖုန်းသုံးစွဲသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေဒီယိုစခန်း ၁၅၉ ခုကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ စက်ပစ္စည်းလဲလှယ်တပ်ဆင်ခြင်း၊ စက်ချိန်ညှိခြင်း၊ တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်မည်ဟု ထုတ်ပြန်ကြေညာထားသော်လည်း ဇန်နဝါရီအထိပင် ဖုန်းလိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။



# ၁၄၇ လက်မအရွယ်ပုံရိပ်များကို နှစ်သက်ရာ နံရံပေါ် တွင် ကြည့်ရှုနိုင်သည့် အရည်အသွေးမြင့် 4K ပရိုဂျက်တာတစ်မျိုး ဆိုနီကုမ္ပဏီမိတ်ဆက်

**လာ့စ်ဗီးဂတ်စ်၊ ဇန်နဝါရီ-၁၀**

၁၄၇ လက်မအရွယ်ထိ ကြီးမားသော ပုံရိပ်များကို ကြိုက်နှစ်သက်ရာ နံရံပေါ်တွင် ကြည့်ရှုနိုင်သည့် ရုပ်ထွက်အထူးကောင်းမွန်သော 4K ပရိုဂျက်တာတစ်မျိုးကို ယခုသီတင်းပတ်အတွင်း လာ့စ်ဗီးဂတ်စ်မြို့တွင် ကျင်းပသည့် အီလက်ထရွန်နစ်ကုန်စည်ပြပွဲ (CES)၌ ဆိုနီကုမ္ပဏီက ထုတ်ဖော်ပြသလိုက်သည်။

ယင်းပရိုဂျက်တာတွင် အဆင့်မြင့်စပီကာများလည်းပါဝင်ပြီး နေရာယူမှုလည်း နည်းပါးကာ 43.3x10.4x21.1 လက်မအရွယ်သာရှိသည်။ ကြည့်ရှုလိုသည့် ပုံရိပ်များကို ချဲ့ချဲ့နိုင်ပြီး အကြီးဆုံးအရွယ်အစား ၁၄၇ လက်မနှင့် အသေးဆုံး ၆၆ လက်မအထိ ချဲ့ချဲ့နိုင်သည်။

HDMI စနစ်ဖြင့် ဆက်သွယ်နိုင်ပြီး အင်တာနက်၊ ဂြိုဟ်တုလိုင်း (သို့မဟုတ်) ရုပ်သံလိုင်းများဖြင့်လည်း ချိတ်ဆက်ကြည့်ရှုနိုင်သည်။ ဂျပန်ကုမ္ပဏီဆိုနီ၏ ယင်း 4K ပရိုဂျက်တာမှာ ဆမ်ဆောင်းကုမ္ပဏီ၏ စံချိန်တင် ၁၁၀ လက်မရှိ ရုပ်ထွက်အထူးမြင့်မားသော ရုပ်မြင်သံကြားပြစက်ထက် သာလွန်သည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

ယခုသီတင်းပတ်အတွင်း ပြသသွားသည့် ပရိုဂျက်တာမှာ နမူနာထုတ်လုပ်ထားခြင်းဖြစ်သော်လည်း ယင်းပရိုဂျက်တာများကို ဈေးနှုန်း ကန်ဒေါ်လာ ၃၀,၀၀၀ မှ ၄၀,၀၀၀ ကြားဖြင့် အမေရိကန်နိုင်ငံတွင် ယခုနှစ်နွေရာသီအတွင်း ရောင်းချသွားမည်ဟု ဆိုနီကုမ္ပဏီက အတည်ပြုပြောကြားသည်။

ဆမ်ဆောင်းကုမ္ပဏီထုတ် ၁၁၀ လက်မရှိ ရုပ်ထွက်မြင့်မားသော ရုပ်မြင်သံကြားစက်မှာ ဈေးနှုန်း ကန်ဒေါ်လာ ၁၅၀,၀၀၀ ဖြစ်သည်။ ဆိုနီကုမ္ပဏီက ထုတ်လုပ်ထားသော 4K Ultra Short Thow ပရိုဂျက်တာမှာ ကြည့်ရှုလိုသူ၏ အသုံးပြုနိုင်သော နံရံအကျယ်ပေါ်မူတည်၍ ပုံရိပ်အရွယ်အစားကို ချဲ့ချဲ့ပြသပေးနိုင်သည်။

—*Ref: AFP*

# မိုဘိုင်းဖုန်း သီချင်းသံဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

မိုဘိုင်းဖုန်းခေါ်ဆိုရာတွင် သီချင်းသံထည့်သွင်းနိုင်သည့် မိုဘိုင်းဝန်ဆောင်မှုကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်တွင်းတွင် လုပ်ကိုင်လိုသည့်စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူထားသည်။

မိုဘိုင်း CRBT (Caller Ring Back Tone) ဝန်ဆောင်မှုကိုလက်ရှိတွင် လုပ်ကိုင်နေသည်များရှိသော်လည်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ရန်အတွက် ခေါ်ယူခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇန်နဝါရီ ၁၀ ရက်မှစတင်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တစ်စုံလျှင် ကျပ် ၅,၀၀၀ ဖြင့် ဝယ်ယူ၍ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

လက်ရှိတွင် ရတနာပုံတယ်လီပို့ကုမ္ပဏီမှ Ytune Caller Ring Tone စနစ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာက စတင်သုံးစွဲနိုင်ခဲ့ရာ1876 Call Center မှတစ်ဆင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး

စာမျက်နှာ (၂၂)သို့






# ဂျီမေးလ်လိပ်စာများကို ဂူးဂဲလ်လူမှုကွန်ရက်နှင့် ချိတ်ဆက်လိုက်၍ သုံးစွဲသူများ စိုးရိမ်မှုမြင့်တက်

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၁၀**

ဂူးဂဲလ်ကုမ္ပဏီ၏ ဂျီမေးလ်တွင်ပါရှိသော Application အသစ်တစ်ခုကြောင့် အသုံးပြုသူအချို့တွင် ၎င်းတို့၏အီးမေးလ်လိပ်စာပေးမထားသူများထံမှ အီးမေးလ်များ လက်ခံရရှိမည်ဖြစ်သဖြင့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်တန်ဖိုးထားသူများကြား စိုးရိမ်မှုများမြင့်တက်လာသည်။

ဂူးဂဲလ်ကုမ္ပဏီက ဇန်နဝါရီ ၉ ရက်တွင် ကြေညာခဲ့သည့် ပြုပြင်ပြောင်းလဲမှုအရ အီးမေးလ်အသုံးပြုသူများ ရရှိနိုင်မည့်အဆက်အသွယ်စာရင်းကို တိုးချဲ့ထားပြီး ၎င်းတို့နှင့် အဆက်အသွယ်ရှိနှင့်ပြီးအီးမေးလ်လိပ်စာများနှင့် Google+ လူမှုရေးကွန်ရက်အသုံးပြုသူများ၏ ဆက်သွယ်ရန် အွန်လိုင်းလိပ်စာများကိုလည်း ဖော်ပြပေးထားသည်။ ယင်းအတွက်ကြောင့် Google+ အသုံးပြုသည့် မိမိနှင့်မသိကျွမ်းသူများ၊ မိတ်ဆွေများထံသို့ ဂျီမေးလ်အသုံးပြုသူများ တိုက်ရိုက်အီးမေးလ်ပို့နိုင်သည်။

လက်ရှိအသုံးပြုသူ သန်း ၅၄၀ ရှိသော ၂ နှစ်ခွဲသက်တမ်းရှိ လူမှုရေးကွန်ရက် Google+ ကိုအဆင့်မြှင့်ရန် ဂူးဂဲလ်ကုမ္ပဏီက များစွာကြိုးစားဆောင်ရွက်နေသည်။ အသုံးပြုသူတစ်ဦးအနေဖြင့် ဂူးဂဲလ်ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်အခြေခံ အီးမေးလ်ဝန်ဆောင်မှုဖြစ်သော ဂျီမေးလ်တွင် အကောင့်ဖွင့်လိုက်ပါက ၎င်းတို့သည် Google+ အကောင့်ကို အလိုအလျောက်ရရှိပြီးဖြစ်မည်။

ယင်းဝန်ဆောင်မှုနှစ်ခုစလုံးကို အသုံးပြုသူများအတွက် အဆိုပါကဏ္ဍသစ်က ၎င်းတို့၏မိတ်ဆွေများထံ ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူအောင် ဆောင်ရွက်ပေးမည်ဟု ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

Google+ ဝက်ဘ်ဆိုက်အသုံးပြုသူများထံမှ အီးမေးလ်များကိုလက်မခံလိုသောပုဂ္ဂိုလ်များအနေဖြင့် setting ပြောင်းလဲသုံးစွဲခြင်းဖြင့် ၎င်းတို့နှင့် အဆက်အသွယ်ရှိထားပြီး မိတ်ဆွေများထံမှသာ အီးမေးလ်များလက်ခံရရှိမည်ဖြစ်ကြောင်း (သို့မဟုတ်) မည်သူတစ်ဦးတစ်ယောက်တည်းကမျှ အီးမေးလ်လက်ခံရရှိမည်မဟုတ်ဟု ဂူးဂဲလ်ကုမ္ပဏီက ပြောသည်။

setting ကိုကိုယ်တိုင်ပြောင်းလဲ အသုံးပြုရန်လိုခြင်းထက် Google+ အသုံးပြုသူများထံမှအီးမေးလ်များကို အခြားဂျီမေးလ်အသုံးပြုသူများ လက်ခံရန် ဂူးဂဲလ်ကုမ္ပဏီက ၎င်းတို့၏ သဘောတူညီမှုများ ရယူသင့်သည်ဟု ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် တန်ဖိုးထားသူများက ပြောသည်။

*—Ref: Reuters*




# Call Center သို့ ဖုန်းခေါ်ဆိုမှုများ အဆင်မပြေဖြစ်လာ



**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ဆက်သွယ်ရေး မိုဘိုင်းဖုန်းဆိုင်ရာ ကိစ္စရပ်များနှင့် အခြားသော ဝန်ဆောင်မှုများခေါ်ဆိုမေးမြန်းနိုင်သည့် Call Center များမှာ ဖုန်းလိုင်းမအားခြင်းများ မကြာခဏဖြစ်ပွားနေပြီး ဝန်ထမ်းဦးရေတိုးချဲ့ရန်အတွက် စီစဉ်နေဆဲသာဖြစ်ကြောင်း သတင်းရရှိသည်။

"အလုပ်ကိစ္စအတွက် ဖုန်းဆက်မေးဖြစ်နေတော့ အခုနောက်ပိုင်းဆိုရင် ဖုန်းလိုင်းက တော်တော်နဲ့ မအားဘူး။ တစ်ခါတလေဆို အကြာကြီးစောင့်ရလွန်းလို့ စိတ်မရှည်ဘဲဖုန်းချလိုက်တာတွေတောင်ရှိတယ်။ ဆက်မရဘဲ ပိုက်ဆံပေးရတာကများလာပြီ" ဟု ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးက ပြောသည်။

ဖုန်းလိုင်းများ ကျပ်နေခြင်းကြောင့် အချို့သော အချိန်များတွင်ဖုန်းခေါ်ဆို၍ မရခြင်းများဖြစ်ပေါ်နိုင်ပြီး ဝန်ထမ်းအင်အားတိုးချဲ့ရန်လည်း စီစဉ်နေဆဲဖြစ်ကြောင်း 1876 နှင့် 1875 Hot-line များ ဆောင်ရွက်နေသည့် Blue Ocean ကုမ္ပဏီ အထွေထွေမန်နေဂျာကပြောသည်။

"လက်ရှိမှာတော့ Call Center တွေမှာ ဝန်ထမ်းအင်အား ၃၀၀ နီးပါးနဲ့ လုပ်နေတာပါ။ ထပ်ပြီး လူဦးရေတိုးချဲ့ဖို့တော့ စီစဉ်နေပါတယ်" ဟု အဆိုပါ အထွေထွေမန်နေဂျာက ပြောသည်။

၁၅၀၀ ကျပ်တန် MEC ဖုန်းများအတွက် အဓိကဖြေကြားပေးနေသည့် 1212 နှင့် 1212 Call Center များမှ ဝန်ထမ်းဖြည့်တင်းရေးနှင့် လက်ရှိဝန်ထမ်းအင်အားကို မေးမြန်းရာတွင်လည်း ဖြေဆိုပေးနိုင်သူ ပြည်ပခရီးရောက်နေခြင်းကြောင့် ပြန်လည်ဖြေဆိုပေးရန် ငြင်းဆိုခဲ့သည်။

လက်ရှိတွင် အဆိုပါ Call Center များတွင် ဖုန်းလိုင်းခက်ခဲမှုများနှင့် မိုဘိုင်းဖုန်းဆိုင်ရာ ဝန်ဆောင်မှုများ မေးမြန်းခေါ်ဆိုမှုများပြားကြောင်း အဆိုပါ Call Center များမှ သတင်းရရှိသည်။

**စာမျက်နှာ (၂၁)မှ**

## မိုဘိုင်းဖုန်း သီချင်းသံဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူ

ကျပ် ၁,၅၀၀ တန် CDMA 800 MHz ဆင်းမ်ကတ်များအတွက် အဆိုပါဝန်ဆောင်မှုကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) က Hello Music အမည်ဖြင့် 1212 Call Center မှတစ်ဆင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားသည်။

Ytune Caller Ring Tone စနစ်နှင့် Hello Music ဝန်ဆောင်မှုများရယူလိုပါက တစ်လလျှင် ကျပ် ၂,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး သီချင်းတစ်ပုဒ်ဝယ်ယူအသုံးပြုပါက ၃၀၀ ကျပ် ထပ်မံပေးဆောင်ရသည်။

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014



# "မြန်မာနိုင်ငံမှာ အခုလက်ရှိဆင်းရဲတဲ့သူတွေ အရမ်းများတယ်။ ဒါပေမဲ့ လူတွေရဲ့ စိတ်ဓာတ်က မဆင်းရဲကြပါဘူး။ အများကြီး ဖြူစင်တာတွေ ရှိနေပါတယ်"

## ဆရာတော် ရွှမ်းဒမ်လမ်းနှင့် တွေ့ဆုံခြင်း

**ခင်မေဇော်**

တောင်ကိုရီးယားနိုင်ငံဖူချွန်းမြို့တွင် ကျောင်းထိုင်နေသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးဆရာတော်ရွှမ်းဒမ်လမ်းသည် ကိုရီးယား နိုင်ငံရောက်နိုင်ငံခြားသားအလုပ်သမားများအား ကူညီပေးနေသလို ကျောင်းဝင်းအတွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့်မြန်မာနိုင်ငံသားများအား နေထိုင်စရာပေးပြီး ကူညီနေသူဖြစ်သည်။ ထို့အပြင်မရှိဆင်းရဲသားများအား နေ့စဉ်နေ့လယ်စာအလှူပေးနေပြီး မူကြိုအရွယ်ကလေးများအတွက်ကျောင်းဖွင့်ပြီး ဗုဒ္ဓဘာသာအလေ့အကျင့်များသင်ကြားပေးခြင်းနှင့် ဈာပနအခမ်းအနားများ အခမဲ့ပြင်ဆင်ပေးခြင်းများကိုဆရာတော်၏ ကျောင်းဝင်းအတွင်းလုပ်ဆောင်ပေးနေသည်။ မြန်မာနိုင်ငံအတွင်း ကျောင်းဆောက်ရာတွင်ကူညီပေးခဲ့ကာ ဒုက္ခသည်စခန်းများတွင် ပညာဒါန ကူညီပေးခဲ့သူဖြစ်သည်။ ဝါတော်(၄၄)ဝါ ရှိပြီဖြစ်သည့် ဘုန်းတော်ကြီးဆရာတော်ရွှမ်းဒမ်လမ်းကို ခင်မေဇော်(ဝါရှင်တန်ဒီစီ)က တောင်ကိုရီးယားနိုင်ငံရှိ ဆရာတော်သီတင်းသုံးသည့် ကျောင်းတွင် သွားရောက်တွေ့ဆုံလျှောက်ထားမေးမြန်းခဲ့သည်မှ ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**နိုင်ငံတကာအလုပ်သမားတွေကို ဆရာတော့်ကျောင်းမှာ ပေးနေပြီး ကူညီပေးနေတယ်လို့ ကြားရပါတယ်။ ဘာကြောင့် ဒီလိုကူညီရတာပါလဲဘုရား။**

တောင်ကိုရီးယားမှာ အရင်က စစ်အာဏာရှင် အုပ်ချုပ်ခဲ့တယ်လေ။ ၁၉၈၀-၉၀ အထိ ဒီ ဖူချွန်းကျောင်းဝင်းထဲမှာဆိုရင် အလုပ်သမားအခွင့်အရေးတွေ ဒီမိုကရေစီတွေအတွက် တောင်ကိုရီးယားသားတွေ လှုပ်ရှားခဲ့ကြရတယ်။ အဲဒီကနေ အလုပ်သမားအဖွဲ့တွေဖြစ်လာတယ်။ နောက်ပြီး အရင်တောင်ကိုရီးယားနိုင်ငံ ဆင်းရဲခဲ့စဉ်ကဆိုရင် ကိုရီးယားတွေက နိုင်ငံခြားမှာ၊ အရှေ့အလယ်ပိုင်းဒေသတွေမှာ အလုပ်သွားလုပ်ခဲ့တယ်။ သူတို့က တရားဝင်အလုပ်သွားလုပ်ရတာနော်။ ကိုရီးယားသားတွေ နိုင်ငံခြားမှာ အလုပ်ကြိုးကြိုးစားစားလုပ်ပြီး ဒီနိုင်ငံကို ငွေပြန်ပို့ခဲ့ကြရတယ်။ ဒီနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်တဲ့သူတွေကလည်း ဒေါ်လာတွေရဖို့ အားလုံးတက်ညီလက်ညီနဲ့လုပ်ကြတယ်။ အင်မတန်ရုန်းကန်ခဲ့ရတာပါ။ အခုမှသာ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲလာပြီး နိုင်ငံကဖွံ့ဖြိုးတိုးတက်လာခဲ့တာပါ။ ဒါကြောင့် အခုနိုင်ငံခြားသားတွေ ကိုရီးယားမှာ အလုပ်လာလုပ်တာတွေ့တော့ သူတို့ဒုက္ခကို ကိုယ်ချင်းစာမိတယ်။ နိုင်ငံခြားသားတွေကိုကြည့်ရှုစောင့်ရှောက်ရမယ်လို့ခံယူတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟောတော်မူခဲ့တဲ့အတိုင်း ဒုက္ခရောက်သူတွေ၊ မရှိဆင်းရဲသားတွေနဲ့ချို့တဲ့သူတွေကို ကူညီစောင့်ရှောက်ရမယ်ဆိုတဲ့အသိနဲ့ ကူညီပေးတာပါ။

**ဆရာတော့်ကျောင်းဝင်းထဲမှာ မူကြိုကျောင်းလည်းဖွင့်ထားတာတွေ့ရပါတယ်။ အဲဒါကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဖွင့်ထားတာပါလဲဘုရား။**

ကိုရီးယားမှာ ဗုဒ္ဓဘာသာအရေအတွက် လျော့ကျလာတယ်။ အကြောင်းရင်းက အသက်ကြီးတဲ့သူတွေပဲ ဘုန်းကြီးကျောင်းကိုလာပြီး လူငယ်တွေက ဗုဒ္ဓဘာသာနဲ့ ကင်းဝေးသွားကြလို့ပဲ။ ဒါကြောင့် မူကြိုကျောင်းဖွင့်ပြီး ကလေးတွေကို ပညာသင်ပေးတယ်။ လောလောဆယ်မူကြိုအရွယ် ကလေး ၃၅၀ ရှိတယ်။ ဗုဒ္ဓဘာသာအသိတွေကို သင်ပေးတယ်။ ပြီးတော့ အလယ်တန်းကျောင်းသားတွေ ဖြစ်လာတော့ ဒီမှာဗုဒ္ဓဘာသာဆက်လက်လေ့လာနိုင်အောင် စီစဉ်ပေးတယ်။

**ဆရာတော့်ကျောင်းဝင်းထဲမှာ ရေခဲတိုက်ရှိပြီး သေဆုံးသူတွေအတွက် အခမ်းအနားတွေကျင်းပနေသလို နေ့လယ်စာအလှူကို နေ့တိုင်းပေးတယ်လို့လည်း သိရပါတယ်။ အဲဒီအကြောင်းမိန့်ကြားပေးပါဘုရား။**

ဟုတ်ပါတယ်။ ရေခဲတိုက်နဲ့ ဈာပနအခမ်းအနားတွေ အခမဲ့ ကျင်းပနိုင်အောင်နဲ့ ရက်လည်ဆွမ်းသွတ်တာတွေ လုပ်ပေးတာပါ။ တရားဟောပေးတယ်။ ပူဆွေးသောက ရောက်နေသူတွေကို ကူညီပေးတာပါ။ နောက်တစ်ခုကတော့ တောင်ကိုရီးယားဟာ အောင်မြင်တိုးတက်နေတဲ့နိုင်ငံလို့ ပြောနိုင်ပေမယ့် ဒီကနေ့မှာ ထမင်းနပ်မှန်အောင် မစားရတဲ့သူတွေ ဒီမှာရှိနေသေးတယ်။ ထမင်းဆောင်မှာ ဆရာတော်က နေ့စဉ်နေ့တိုင်း နေ့လယ် ၁၁၊၁၂ နာရီကြား အလှူပေးတယ်။ တချို့အလုပ်လက်မဲ့တွေရောပါပဲ။ လူတွေရာနဲ့ချီပြီး နေ့တိုင်း လာစားကြတယ်။ အသက်ကြီးတဲ့လူတွေရော၊ တချို့ဆိုရင် ထောင်ထွက်တွေကအစ သူတို့က အလုပ်အကိုင်ရှာလို့ မရကြတော့ စားဖို့အခက်အခဲဖြစ်လာတယ်လေ။ ဘယ်သူပဲလာလာ ဒီမှာနေ့တိုင်းနေ့လယ်စာအလှူပေးပါတယ်။

**ဆရာတော်မြန်မာနိုင်ငံကို သွားခဲ့တယ်လို့ကြားရပါတယ်။**

ဟုတ်တယ်။ အကြိမ်အတော်များပါပြီ။ ဗုဒ္ဓစာပေတွေ သင်ကြားဆည်းပူးတော့ လွှမ်းခဲ့တဲ့နှစ်အစိတ်လောက်ကတည်းက မြန်မာနိုင်ငံကိုသွားချင်တယ်။ ၁၉၈၈ ခုနှစ်မှာ ပထမအကြိမ် ထိုင်းနိုင်ငံကနေ ဗီဇာလျှောက်တော့ မရခဲ့ပါဘူး။ ဒုတိယအကြိမ်လည်း အငြင်းပယ်ခံရပါတယ်။ နောက် ၁၉၉၀ ပြည့်နှစ်လောက်မှာ ဗီဇာစရတယ်။ အဲဒီကနေ စသွားဖြစ်ခဲ့တာ ၁၀ ကြိမ်ထက်မနည်းတော့ပါဘူး။ မန္တလေးကို ရန်ကုန်ကနေ ဘတ်စ်ကားစီးပြီးတော့လည်း သွားခဲ့တယ်။ နောက်ပိုင်းမှာ သန်လျင်ကိုရောက်တယ်။ အဲဒီက မူလတန်းကျောင်းတစ်ကျောင်းမှာအခက်အခဲရှိတယ်ကြားလို့ ကျောင်းတစ်ကျောင်းဆောက်လှူဖြစ်ခဲ့ပါတယ်။ ဆရာတော်အမြဲသွားချင်နေတဲ့ နိုင်ငံက နှစ်နိုင်ငံရှိတယ်။ အဲဒါကတော့ အိန္ဒိယနဲ့ မြန်မာနိုင်ငံပဲ။ မြန်မာနိုင်ငံကို ဘုရားဖူး သွားချင်တဲ့သူတွေကိုလည်း ဆရာတော်က စီစဉ်ပြီး ပို့ပေးပါတယ်။

**ထိုင်းနိုင်ငံရောက်နေတဲ့ မြန်မာတွေကို ဆရာတော်သွားပြီး လှူပေးခဲ့သေးတယ်ဆိုတဲ့အကြောင်းကြားရပါတယ်။**

ကြာပါပြီ။ ၂၀၀၇ ခုနှစ်လောက်ကဖြစ်မယ်။ မဲဆောက်က နို့ဖိုးစခန်းကို ရောက်ခဲ့တယ်။ အဲဒီမှာ လူတွေအများကြီးက လူဖြစ်ပြီး လူတန်းစေ့မနေနိုင်တာတွေ့ရလို့ အတော်စိတ်မကောင်းဘူး။ ဒုက္ခအရမ်းရောက်ကြတယ်။ ဒါနဲ့ ဒုက္ခသည်ကျောင်းမှာ ကလေးတွေအတွက် ကွန်ပျူတာ ၁၀ လုံး လှူပြီး ကူညီခဲ့ဖူးပါတယ်။

**ဆရာတော်မြန်မာနိုင်ငံရောက်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းတွေ့ခဲ့တယ်လို့သိရပါတယ်။ ဘယ်တုန်းကပါလဲဘုရား။**

ဟုတ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နှစ်ခေါက်တွေ့ခဲ့ပါတယ်။ ပထမဆုံးအကြိမ်ကတော့ နေအိမ်အကျယ်ချုပ်က ပထမအကြိမ်လွတ်လာအချိန်ကပါ။ တခြားဒီမိုကရေစီလှုပ်ရှားသူတွေလိုပဲ ဒေါ်အောင်ဆန်းစုကြည်လည်း အပင်ပန်းခံလုပ်နေတာတွေ့ရတော့ အားပေးစကားပြောခဲ့ပါတယ်။ ဒီမိုကရေစီအတွက် ပါတီအတွက် ငွေလှူခဲ့ပေမယ့် သူကလက်မခံပါဘူး။ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆရာတော်ပဲရှိနေတော့ တကယ်ဆို ဒေါ်အောင်ဆန်းစုကြည်က လက်ခံမယ်ဆိုရင် လက်ခံနိုင်ပါတယ်။ ဒါပေမဲ့စည်းမျဉ်းစည်းကမ်း အရ ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်ခဲ့တဲ့အတွက် ဆရာတော်အင်မတန် လေးစားသွားခဲ့ပါတယ်။ ဒုတိယအကြိမ်ကတော့ ဆရာတော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတဲ့ ဗုဒ္ဓဘာသာသတင်းစာတိုက်ရဲ့ အနှစ် (၄၀)ပြည့်အထိမ်းအမှတ်အဖြစ်နဲ့ဒေါ်အောင်ဆန်းစုကြည်ကို သွားတွေ့ပြီး သတင်းစာတိုက်အတွက် မေးမြန်းခဲ့တာပါ။

**မြန်မာနိုင်ငံရဲ့အနာဂတ်အပေါ် ဆရာတော်ဘယ်လိုမြင်ပါသလဲဘုရား။**

မြန်မာနိုင်ငံမှာ အခုလက်ရှိ ဆင်းရဲတဲ့သူတွေ အရမ်းများတယ်။ ဒါပေမဲ့လူတွေရဲ့စိတ်ဓာတ်ကမဆင်းရဲကြပါဘူး။ အများကြီးဖြူစင်တာတွေရှိနေပါတယ်။ ဒီမိုကရေစီရချိန် သယံဇာတတွေလည်း ရှိတာမို့အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့ မျှော်လင့်ချက်တွေရှိနေပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်သူတွေအဆင့်အတန်းမြင့်မြင့်နဲ့ နေနိုင်မယ်လို့မျှော်လင့်တယ်။ ဖိနှိပ်မှုရှိရင် ပေါက်ကွဲအုံကြွမှုရှိတာက သဘာဝပါပဲ။ ဒီတော့ အဲဒီနှစ်ခုကြားမှာ အပြောင်းအလဲကတော့ တစ်ခုခုဖြစ်လာရမှာပဲ။ မြန်မာပြည်ဟာ မလွဲမသွေ ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်လာမှာမို့ အားတင်းပြီး ညီညွတ်ကြပါလို့ ဆရာတော် တိုက်တွန်းချင်ပါတယ်။



7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

(ယခင်အပတ်မှအဆက် . . . )

**အခန်း (၁၂)**
**ကျမ်းကြီးပေါက်သူများ**

“ကျွန်တော်ထိုင်းနိုင်ငံကို ရောက်ခါစမှာ ကျော်ဖြတ်ခဲ့တဲ့ အတွေ့အကြုံတွေဟာ အခုနေ ပြန်စဉ်းစားကြည့်ရင် တကယ့်ကို ရင်ထိတ်သည်းဖိုစရာပဲဗျ။ သတ္တိခဲကြီးလို့တော့ မထင်လိုက်လေနဲ့ဗျာ။ ကျွန်တော်ဟာ ရဲဘက်စခန်းကပြေးလာသူမို့ ကျွန်တော့်ဘဝဟာ အရိပ်မည်းကြီးတစ်ခုအထိုးခံရသလို မလုံမခြုံခံစားနေရတဲ့ အချိန်ဆိုတော့ ပိုဆိုးတာပေါ့။ ခင်ဗျားစဉ်းစားကြည့်လေ။ မြန်မာပြည်မှာကျန်ရစ်ခဲ့တဲ့ပြဿနာက နောက်ကြောင်းမအေးခင် ထိုင်းနိုင်ငံမှာများ ပြဿနာတစ်စုံတစ်ရာပေါ်ခဲ့ရင် ငါ့ဘဝတော့ ရေစုန်မျောပြီဆိုတဲ့အတွေးတွေသာ နေ့နေ့ညည ကျွန်တော့်စိတ်မှာပူပန်နေမိတာပါပဲ။ ဒါပေမဲ့ ရွေးစရာလမ်းမရှိတဲ့ ကျွန်တော်ဟာ ကြောက်ကြောက်နဲ့ရှေ့တိုးခဲ့ရတာပါပဲ။

“ဒီနေရာမှာစကားစပ်လို့ ကျွန်တော့်အတွေးနဲ့ တက်တက်စင်အောင်လွဲနေတဲ့ ထိုင်းနိုင်ငံအကြောင်းပြောရဦးမယ်ဗျ။ ထိုင်းနိုင်ငံကိုခြေချခါစတုန်းက ထိုင်းနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်တယ်။ စည်းကမ်းနည်းလမ်းတကျ ဒီမိုကရေစီနည်းအတိုင်း အုပ်ချုပ်နေတယ်။ ထို့အတူ ထိုင်းရဲတွေဟာလည်း ထိုင်းနိုင်ငံကြီးရဲ့ဥပဒေတွေကို တိတိကျကျကာကွယ်စောင့်ရှောက်နေတယ်။ ထင်မိတာပေါ့။ တကယ်တမ်း ထိုင်းနိုင်ငံမှာလည်း အနေကြာ၊ ထိုင်းစစ်ဘက်နယ်ဘက်က အရာရှိတွေ၊ အဆင့်ဆင့်သောဌာဆိုင်ရာအရာရှိတွေနဲ့ ရင်းနှီးကျွမ်းဝင်တော့မှသူတို့လည်း ဒီမိုကရေစီသာဆိုတယ်။ လာဘ်ပေးလာဘ်ယူကိစ္စမှာတော့ ကျွန်တော်တို့ရွှေပြည်ကြီးနဲ့ နင်လားငါလားပါပဲဗျ။ တိတိကျကျပြောရရင် ထိုင်းနိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စရပ်အားလုံးလိုလိုမှာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ ထိုင်းမာဖီးယားတွေက လက်ဝါးကြီးအုပ်လွှမ်းမိုးထားတာပါပဲ။ သူတို့ဟာ ထိုင်းနိုင်ငံရဲ့ အဆင့်ဆင့်သော ဌာနဆိုင်ရာ အရာရှိတွေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးယန္တရားတွေကို နောက်ကွယ်ကနေ ကြိုးကိုင်နေတာပါပဲ။

“သို့သော် ခြွင်းချက်တော့ရှိတယ်ဗျ။ ထိုင်းဥပဒေကို အထိုက်အလျောက် နားလည်သဘောပေါက်တဲ့ထိုင်းလူမျိုးအချင်းချင်းကြားမှာတော့ လူပါးဝလို့မရဘူး။ အထူးသဖြင့် အသေးစားတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေမှာ ထိုင်းလူမျိုးအချင်းချင်းပစားပေးထားတာ အထင်အရှားတွေနေရတယ်။ ဥပမာ အခု ခင်ဗျား



# မင်းဒင်ရဲ့ သက်ခိုင်(၂)

■ မင်းဒင်

လုပ်နေတဲ့ ဗမာပစ္စည်းဖြန့်တဲ့ အလုပ်မျိုးဆိုပါတော့။ တော်ရုံအတိုင်းအတာကို ထိုင်းလူမျိုးတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ရှိတယ်။ ပြည်ပရင်းနှီးမှုခွင့်ပြုရာမှာလည်း ထိုင်းလူမျိုးတွေကို စာရင်းထည့်ထားပါမှ အလုပ်ဖြစ်တယ်။ ဒါကြောင့် ထိုင်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ရောက်လာကြတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်တွေဟာ ခင်မင်ရင်းနှီးပြီး ယုံကြည်စိတ်ချရမယ်ထင်ရတဲ့ ထိုင်းလူမျိုးတွေကို နာမည်ခံပြီး လုပ်ကြရတယ်။ နာမည်ခံပေးပြီး နိုင်ငံခြားသားလုပ်ငန်းရှင်တွေရဲ့ စည်းစိမ်ပြုတ်အောင် အကွက်ကျကျဇယားချပြီးလိမ်နေကြတဲ့ ထိုင်းလူလည်အုပ်စုတွေလည်း ဒုနဲ့ဒေးဗျာ။ မယုံမရှိနဲ့ ကိုယ်တွေ့။ ကျွန်တော့်မိတ်ဆွေ မစ္စတာဝူးမိတ်ဆက်ပေးဖူးတဲ့ စင်ကာပူသဘော်လုပ်ငန်းရှင်တစ်ယောက်ဟာ နာမည်ခံထိုင်းလူမျိုးတစ်ယောက်ကြောင့် ထိုင်းဘတ်သန်းသုံးရာလောက်ဆုံးသွားဖူးသတဲ့ဗျ။

“ကျွန်တော့်စကားကိုပြန်ဆက်ရရင် ကျွန်တော့်လို မအူမလည်ကောင်မျိုးက ဖူးခက်မြို့ဝင်တံတားကြီးရဲဂိတ်ဆီကိုတရားမဝင်ကုန်ပစ္စည်းလော်လီကားတစ်စီးတိုက်တင်ပြီး မောင်းဝင်လာဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒါပေမဲ့ ကျွန်တော်ဟာ အမှန်ကိုအခွပ်ခံထားရတဲ့တိုက်ကြက်တစ်ကောင်နဲ့တူနေတယ်ထင်ပါရဲ့။ ကျွန်တော့်ဘော်ဒါအရင်း ရာမန်ကတောင် “သက်ခိုင်၊ ဟုတ်မှလည်းလုပ်နော်၊ မင်းအခုလုပ်မယ့် ကိစ္စကို ငါတောင်မလုပ်ရဲဘူး' ဆိုပဲ။ ဒါပေမဲ့ မလုပ်မဖြစ်တဲ့ အခြေအနေရောက်နေတာမို့ ကျွန်တော်လည်း ကြောက်စိတ်ကိုဘေးချိတ်ထားလိုက်ရတယ်ဆိုပါတော့။ ဇာတ်လမ်းကဒီလိုဗျ။ ရန်ကုန်ကနေတင်လိုက်တဲ့ ဗမာပစ္စည်း ထိုင်းဘတ်တစ်သန်း ဖိုးနီးပါးဟာ ကော့သောင်းဘက် ကမ်းကနေ ရနောင်းဈေးနားမှာရှိတဲ့ ကျွန်တော်ငှားထားတဲ့အိမ်ကို ပထမဆုံး အကြိမ်ရောက်လာတုန်းကပေါ့။ လက်လှမ်းမီရာပိုင်ရာဆိုင်ရာတွေနဲ့ ချိတ်နိုင်တာမို့ နယ်မြေခံရဲကို တစ်လဘတ်ငါးထောင်လိုင်းကြေးပေးထားတဲ့အချိန်ဗျ။ အဲဒီပစ္စည်းတွေ ဖူးခက်ကိုသယ်ဖို့ စီစဉ်နေတုန်းမှာ ထိုင်းထောက်လှမ်းရေးရဲအဖွဲ့ရောက်လာပြီး ကျွန်တော့်အိမ်မှာရှိတဲ့ပစ္စည်းတွေ အကုန်သိမ်းပြီး ထိုင်းအကောက်ခွန်ဌာနကိုပို့လိုက်ပါလေရောဗျာ။ ထူးဆန်းတာက လူကိုတော့မဖမ်းဘူးဗျ။ လာဖမ်းတဲ့မောင်တွေက ကျွန်တော်လိုင်းဝင်ထားတဲ့အဖွဲ့မဟုတ်လေတော့ ကျွန်တော်လည်း ဘာမှမပြောသာဘူးဗျာ။ ကျွန်တော်သိသလောက် ထိုင်းနိုင်ငံတစ်နံတစ်လျားမှာ တစ်ပိုင်းတစ်စသာတရားဝင်တဲ့လုပ်ငန်းရှင်တွေဆီကနေ လစဉ်ဆက်ကြေးတောင်းနေတဲ့အဖွဲ့ပေါင်းနှစ်ဆယ်ကျော်လောက်ကိုရှိတယ်ဗျာ။

“ကျွန်တော်ဟာ ဒီပြဿနာကို ရှင်းနိုင်ဖို့ အပူတပြင်းအဆက်အသွယ်ရှာလိုက်တော့ ထိုင်းရေတပ်ထောက်လှမ်းရေးဗိုလ်မှူးကြီးနလုန်နဲ့ချိတ်ဆက်မိရောဆိုပါတော့ဗျာ။ ထူးခြားချက်ကတော့ နလုန်ဟာ ၁၉၈၈ ခုနှစ်ဝန်းကျင်က ထိုင်းနိုင်ငံဘက် ရှောင်တိမ်းလာတဲ့ မြန်မာအတိုက်အခံအတော်များများနဲ့ အဆက်အဆံရှိနေတဲ့အချက်ဗျ။ နလုန်နဲ့ ကျွန်တော့်ကို ချိတ်ဆက်ပေးခဲ့ သူကတော့ ပြည်သူ့ကာကွယ်ရေးတပ် (PDF) ဥက္ကဋ္ဌကိုကျော်ထက်ပေါ့ဗျာ။ သူကကွယ်လွန်သူဗိုလ်မှူးကြီးစိန်မြရဲ့လက်ရုံးမို့ကျွန်တော်နဲ့ မကင်းရာမကင်းကြောင်းဆိုပါတော့။

“ဒီမှာတင်ဗိုလ်မှူးကြီးနလုန်ဟာ ကျွန်တော်နဲ့တွေ့ဖို့ ရနောင်းက ကိုစိုးတင့်ဆိုတဲ့ ပုဂ္ဂိုလ်ကို စကားပြန်အဖြစ် ခေါ်လာသဗျ။ ကျွန်တော်အကဲခတ်မိသလောက် ကိုစိုးတင့်(ယခုကွယ်လွန်)ဟာ နှစ်ဖက်ချွန်ပဲဗျ။ သူဟာ ထိုင်းနယ်စပ်မှာရှိနေတဲ့ ဗမာရေတပ်ရဲ့ ကြေးနန်းတွေ၊ ဖုန်းအဆက်အသွယ်တွေကို ထိုင်းထောက်လှမ်းရေးအတွက်ကြားဖြတ်နားထောင်ပေးတယ်။ ဘာသာပြန်ပေးတယ်။ ထိုင်းဘက်က လျှို့ဝှက်ချက်တချို့ကိုလည်း ဗမာဘက်ကိုပြန်ပို့တယ်။ ထုံးစံအတိုင်း ကိုစိုးတင့်နာမည်ခံထားတာကတော့မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားတက်ကြွသူပေါ့ဗျာ။

“လိုရင်းပြောရရင် ရနောင်းမြို့ရဲ့အထင်ကရစားသောက်ဆိုင်ကြီးတစ်ခုမှာ ဗိုလ်မှူးကြီးနလုန်နဲ့တွေ့ကြရောဆိုပါတော့။ နလုန်ဟာ ဆက်ဆံရေးဖော်ရွေသူမို့ အချိန်တိုတိုအတွင်းမှာကျွန်တော်နဲ့ခင်မင်သွားရောပေါ့ဗျာ။ ဩော် . . . ပြောဖို့မေ့နေတယ်။ ဗိုလ်မှူးကြီး နလုန်နဲ့အတူ ထိုင်းရေတပ်ထောက်လှမ်းရေးဗိုလ်ကြီးလေးယောက်လည်း အတူပါလာသဗျ။ နလုန်က စကားပြန်ကိုစိုးတင့်ဆီကနေတစ်ဆင့် ကျွန်တော်ကြုံနေရတဲ့ ပြဿနာအသေးစိတ်ကိုလည်း သိရော ကိုသက်ခိုင် ဘာမှမပူနဲ့။ ကျွန်တော်ရအောင်ရှင်းပေးမယ်။ ခင်ဗျားပစ္စည်းအားလုံးပြန်ရမယ် ဆိုသဗျ။ ဒီလိုနဲ့ ဗိုလ်မှူးကြီးနလုန်နဲ့အဖွဲ့ဟာကျွန်တော်တည်ခင်းတဲ့ညစာကိုစားသောက်နေကြချိန်မှာ တစ်ယောက်သောထိုင်းထောက်လှမ်းရေးဗိုလ်ကြီးတစ်ယောက်ဟာ နည်းနည်းရေချိန်ကိုက်လာတယ်ထင်ပါရဲ့။ ကျွန်တော့်ကိုသိပ်သနားစရာကောင်းတဲ့သတ္တဝါတစ်ကောင်လိုလှမ်းကြည့်ရင်း စကားအဆက်အစပ်မရှိ“ခင်ဗျားမအူမလည်နဲ့ ထိုင်းဘက်မှာလူတွင်ကျယ်လာလုပ်တာ အံ့ပါရဲ့။ ထိုင်းမှာ သေနတ်သိပ်ပေါတယ်နော်။ ကျည်ဆန်တစ်တောင့်ကို ဘတ်နှစ်ဆယ်ပဲရှိတယ်။ အခုနေ ထိုင်းရဲတစ်ယောက်ယောက်က ခင်ဗျားကိုသေနတ်နဲ့ပစ်သတ်မယ်ဆိုရင် ခင်ဗျားဘာလုပ်နိုင်မှာတုံး” ဆိုပြီးချောင်ပိတ်မေးပါရောဗျာ။

“ဒီမှာတင်ကျွန်တော့်ရိုးတွင်းခြင်ဆီထဲကဇာတိသွေးဟာ ငယ်ထိပ်တက်ပြီး ထကြွသောင်းကျန်းပါလေရောဗျ။ ကျွန်တော်ဟာ အဲဒီဗိုလ်ကြီးရဲ့မျက်နှာကို သေချာစိုက်ကြည့်ရင်း“ကျွန်တော်က အရင်လက်ဦးအောင် ပြန်သတ်မှာပေါ့။ သေနတ်မပါဘဲသတ်တဲ့နည်းတွေ အများကြီးပါ။ ယောကျ်ားကောင်းတစ်ယောက်လို သတ္တိတကယ်ရှိတယ်ဆိုရင် သေနတ်ချင်းယှဉ်ပစ်တဲ့နည်းဟာ အကောင်းဆုံးပဲ” လို့ ပြန်ပက်လိုက်ရောဗျာ။ အဲဒီအချိန်မှာ ကျွန်တော် အရက်သောက်မထားပါဘူး။ အရက်နဲ့ကျွန်တော် လမ်းခွဲခဲ့တာ အတော်ကြာခဲ့ပါပြီ။ ကျွန်တော် ရုတ်တရက် ပြန်ခံတွန်းလိုက်တာကို စကားပြန်ကိုစိုးတင့်ဟာ ဘာသာမပြန်ရဲရှာပါဘူး။ မျက်စိမျက်နှာပျက်နေသဗျ။ ကျွန်တော်လည်း ခပ်အေးအေးပဲ။ “ပြောလိုက်စမ်းပါကိုစိုးတင့်ရာ။ သူကအတည်ဆိုလည်းအတည်ပေါ့။ နောက်တယ်ဆိုရင်လည်း ပြန်နောက်တဲ့သဘောပေါ့”ဆိုတော့မှ ဘာသာပြန်ပေးရှာသဗျ။ ကျွန်တော့်ချေပချက်ကို ကိုစိုးတင့်နှုတ်ဖျားကနေတစ်ဆင့် နားထောင်နေတဲ့နလုန်ကတော့ အားရပါးရရယ်တာပါပဲ။ “မင်းတို့ဗမာတွေက တစ်လေတည်းပဲ”တဲ့။

“ဇာတ်လမ်းကိုအတိုချုံးရရင် နလုန့်ကျေးဇူးကြောင့် ပစ္စည်းတစ်ဝက်လောက် အကောက်ခွန်ကဖြတ်တဲ့ဈေးနဲ့ပြန်ရတယ်။ နလုန်ကိုလည်း ထိုင်းဘတ်လေးသောင်းလောက်ကျေးဇူးဆပ်ရသပေါ့ဗျာ။ ကျွန်တော်ပြောပါပြီကော။ ထိုင်းနဲ့ဗမာစစ်ဘက်အရာရှိတွေ လာဘ်စားပုံက မယိုးရင်းစွဲပါလို့။ သို့သော် လာဘ်စားတာချင်းအတူ ထိုင်းအရာရှိတွေ၊ ထိုင်းရဲတွေ လာဘ်စားတာက တာဝန်ယူမှုပိုပြီးပီပြင်တယ်လို့ကျွန်တော်ထင်မိတယ်။

“နောက်သုံးရက်လောက်လည်းကြာရော အကောက်ခွန်က ပြန်ရတဲ့တရားမဝင်ဗမာပစ္စည်းတွေအပါအဝင်နောက်ထပ်ရောက်လာတဲ့ ပစ္စည်းတွေ ပေါင်းပြီး ခြောက်ဘီးတပ်လော်လီကားတစ်စီးတိုက် ဖူးခက်မြို့ထဲကိုမောင်းဝင်လာရောပေါ့ဗျာ။ လမ်းတစ်လျှောက်က ကြားမြို့တွေဖြစ်တဲ့ နန်းယွန်း၊ ကပေး၊ တကွယ်ပါ၊ ဖန်ငစတဲ့မြို့တွေက စစ်တပ်ဂိတ်၊ ရဲဂိတ်အသီးသီးကို မှင်သေသေနဲ့ ကျော်ဖြတ်လာနိုင်ပေမယ့် ဖူးခက်မြို့ဝင်တံတားကြီးဂိတ်မှာ ကွိခနဲနေအောင်အဖမ်းခံရရောဆိုပါတော့။ နေဦးဗျ။ ပြောဖို့ကျန်သေးတယ်။ ရနောင်းကနေ ဖူးခက်ကို လော်လီကားပုတ်ပြတ်ငှားတော့ ကားပိုင်ရှင်က ကျွန်တော့်ကို “ခင်ဗျားကိုယ်တိုင်ကားခေါင်းပေါ်မှာလိုက်လာမှ ငှားမယ်”ဆိုလို့ ကျွန်တော်ကိုယ်တိုင် ကားပေါ်ပါလာရသဗျ။ ဖူးခက်မြို့ဝင်ခါနီးမှ ကိုရွှေဒရိုင်ဘာမမောင်းရဲပါဘူးဆိုလို့ ကျွန်တော်ကိုယ်တိုင်မောင်းဝင်လာတာဗျ။

“ကျွန်တော့်ကားပေါ်က ပစ္စည်းတွေကိုစစ်ဆေးပြီးတော့ ဆာရက်ဆင်ရဲစခန်းရှိရာကို မောင်းခိုင်းသဗျ။ စခန်းမှာတာဝန်ကျနေတဲ့ ရဲဗိုလ်မှူးနာမည်က ချင်ချိုင်း(ယခုဖူးခက်ရဲချုပ်)တဲ့ဗျ။ ထိုင်းစကားမပီတပီ၊ အင်္ဂလိပ်စကားတစ်လုံးစနှစ်လုံးစည်၊ ခြေဟန်လက်ဟန်တွေနဲ့ အပြန်အလှန်ပြောနေကြရင်း ငါးမိနစ်လောက်အကြာမှာ ထိုင်းရဲမှူးဟာ ကျွန်တော့်ပစ္စည်းတွေကိုသိမ်းဖို့ အမှုဖွင့်ဖို့ အစီအစဉ်မရှိဘဲ ကျွန်တော်ဘယ်လောက်ပေးနိုင်သလဲဆိုတာ တီးခေါက်နေမှန်း ကျွန်တော်ရိပ်မိလာတယ်။ ဒီမှာတင် ချင်ချိုင်းဟာ စခန်းထဲမှာ အဆင်သင့်ရှိနေတဲ့မွန်လူမျိုးဗမာအလုပ်သမားတစ်ယောက်ကိုခေါ်ထုတ်လာပြီး သူပြောတာကို လုံးစေ့ပတ်စေ့ ဘာသာပြန်ခိုင်းသဗျာ။ ဒီတော့ ကျွန်တော်က “ရဲမှူးကျွန်တော့်အခက်အခဲကိုကူညီစေချင်ပါတယ်။ ကျွန်တော့်ဘက်ကလည်း အဆင်ပြေအောင်တတ်နိုင်တာဆောင်ရွက်ပေးပါ့မယ်”ဆိုတဲ့ စကားကို စကားပြန်မွန်အလုပ်သမားလေးကတစ်ဆင့် ဘာသာပြန်ခိုင်းလိုက်တော့ ရွှေကိုယ်တော်ချက်ချင်းလက်တန်း ဘာသာပြန်လိုက်တာက “ထောက်လိုင်ခပ် (ဘယ်လောက်ပေးရမလဲခင်ဗျာ)” တဲ့။ ကောင်းကြရောပေါ့ဗျာ။ ကျွန်တော်က ချက်ချင်းဆိုသလို “ဟေ့ကောင်၊ ထောက်လိုင်တော့ ငါလည်းသိတယ်လေ။ ငါပြောချင်တာက သူကအရာရှိမို့ ယဉ်ယဉ်ကျေးကျေးအသုံးအနှုန်းသုံးချင်တာ”လို့ပြောမိတော့“အစ်ကိုပြောတာတွေကိုအားလုံးပေါင်းလိုက်ရင် ဘယ်လောက်ပေးရမလဲ”လို့ အဓိပ္ပာယ်ထွက်တာပဲမဟုတ်လားတဲ့။

စာမျက်နှာ(၃၂)သို့

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# လမ်းသူရဲကဗျာမရှိတဲ့ ဇဂျမ်းကန်မြဲမှာ

မောင်သာချို




(တစ်)

အညာက လူတစ်ယောက်။ ဝဝနှင့် ညိုညိုကြီး။ ပါးစုန့်ကြီးတွေ ထွက်လို့။ သူ့ဝပုံက လက်ချောင်းကလေးတွေ၊ ခြေချောင်းကလေးတွေ တိုတိုတုတ်တုတ် ဖြစ်ကုန်သည်အထိကို ဝသည့်ပုံမျိုး။ ဝမ်းဗိုက်က ဖိုးဝရုပ်ကြီးလို ဖိုင့်ဖိုင့် အိုင့်အိုင့်။ ရယ်လိုက်လျှင် မျက်လုံးတွေက လုံးဝနီးပါးကြီးကို ပိတ်၍သွားကာ အပြုံးက ကလေးငယ်တစ်ယောက်၏ အပြစ်ရှာ၍ မတွေ့နိုင်သည့် အပြုံးမျိုး။

သူ့လက် တိုတိုတုတ်တုတ်တွေကြားထဲမှာ ဖက်ကြမ်းဆေးပေါ့လိပ်တစ်လိပ်ကို အမြဲလိုလိုတွေ့ရတတ်ပါသည်။ သူ့သမီးက သူ့ကို ဆေးလိပ်မသောက်ရဘူး အမိန့်ထုတ်တော့ မိခင်ကို ပူဆာတတ်သော ကလေးငယ်လေးတစ်ယောက်၏ အရည်လဲ့သော မျက်လုံးကြီးတွေနှင့် ဖေဖေ့ဘဝမှာ မကောင်းတာဆိုလို့ သည်တစ်ခုပဲ လုပ်မိတာ လုပ်ပါရစေ သမီးရယ် ဟု ဆိုလေသောအခါ သမီးစိတ်တွေ တင်းမခံနိုင်ပါလေတော့။ ဩော် . . . မကောင်းတာဆိုလို့ သည်တစ်ခုပဲ လုပ်တာပါ သမီးရယ်တဲ့။ ဖေဖေ့ကို ခွင့်ပြုပါတဲ့။

မကောင်းတာဆိုလို့ သည်တစ်ခုပဲ လုပ်တာပါဟု ဆိုလေသူ ထိုလူတစ်ယောက် မြန်မာနိုင်ငံကို နိုင်ငံရေးမုန်တိုင်းကြီး ခြုံသိုင်းကာမွှေခဲ့၊ နှောက်ခဲ့သော အချိန်တစ်ချိန်မှာတော့ ဘဝတစ်ခုလုံး ဖရိုဖရဲနှင့် အပြိုပြို အကွဲကွဲတွေ ဖြစ်ခဲ့ရဖူးပါသည်။

မြန်မာနိုင်ငံအတွင်း၌ စစ်ထောက်လှမ်းရေးတို့ မိုးရောလေပါ ကောင်းခဲ့စဉ်နှစ်ကာလများအတွင်း၌ ထိုသူအကျဉ်းတိုက်ထဲသို့ ရောက်ရှိ၍ သွားခဲ့ပါသည်။ ၁၉၉၁ ဒီဇင်ဘာ ၁၁ ကနေ ၁၉၉၅ ဖေဖော်ဝါရီ ၄ ရက်အထိ။

ဩော် . . . မကောင်းတာဆိုလို့ ဆေးပေါ့လိပ်ကလေး သောက်တာ တစ်ခုပဲ ရှိပါတယ်လို့ သမီးကို ဆိုးနွဲ့ပူဆာခဲ့လေသူ ဆရာတင်မိုး။ ဇဂျမ်းကမြဲဟု လူတွေအသံထွက်လေ့ရှိသည့် မြင်းခြံခရိုင် တောင်သာမြို့နယ်ထဲက ဇဂျမ်းကန်မြဲရွာသားကြီးဆရာတင်မိုး။ သူ့အပေါင်းအသင်းရောင်းရင်းတို့က ဟော့လူကိုဘဂျမ်းဟု အညာလေဖြင့် အားရပါးရ အခေါ်ခံရလေသူ ဆရာတင်မိုး။

ထိုဇဂျမ်းကန်မြဲသားတွေက ဆရာတင်မိုးမရှိတော့မှ ဇဂျမ်းကန်မြဲသို့ ကျွန်တော်တို့ကို ခေါ်ပါသည်။ မန္တလေးက ဆရာကိုလေး (အင်းဝဂုဏ်ရည်)၊ ကိုနေဝင်းမြင့်နှင့် မခင်ခင်ထူး။ ရန်ကုန်က ဆရာချစ်ဦးညို၊ ကိုအော်ပီကျယ်နှင့် ကျွန်တော်။

အညာမှာ အရိုးကွဲအောင် အေးနေသည့် ရက်တွေထဲမှာမှ ဖန်မီးအိမ်ကလေးကို ချိတ်ဆွဲထားသည့် ဇဂျမ်းကန်မြဲ၏ စာပေဟောပြောပွဲ စင်မြင့်ရှိရာဆီသို့ ကျွန်တော်တို့ကို လှမ်းခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။

(နှစ်)

ဇဂျမ်းနှင့် ကန်မြဲက နှစ်ရွာတစ်ရွာဟုဆို ရလောက်အောင် ခြံစည်းရိုးကလေးမျှသာ ခြားသည့် ရွာနှစ်ရွာဖြစ်ပါသည်။ အညာလေဖြင့် ဇဂျမ်းကမြဲဟု တွဲခေါ်လေ့ရှိသော ရွာကြီးနှစ်ရွာ။ ယခုအထိ နွားဖြင့် ကြိတ်သည့် ဆုံဆီစစ်စစ်ကို စားနေကြဆဲရွာ။ ပုံးရည်ကို လတ်လတ်ဆတ်ဆတ်ကျို၍ စားနေဆဲရွာ။ ရှောက်ရွက်ကို ပယ်ပယ်နယ်နယ်သုပ်၍ စားနေကြဆဲရွာ။

သည်ဇဂျမ်းကန်မြဲကနေ ဆရာတင်မိုးကို မွေးပါသည်။ မြန်မာနိုင်ငံ အနှံ့အပြား ခြေဖဝါး မကျဖူးသော နေရာမရှိလောက်အောင် ခရီးနှင်ခဲ့ဖူးကြသည့် ကျွန်တော်တို့ တောင်သာ၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ ဒေသများသို့ အကြိမ်ကြိမ်ရောက်ပါလျက် ဘာ့ကြောင့်များ ဆရာတင်မိုး၏ ရွာကလေးကို ကွက်ကွက်ပြီး ကျန်နေမိခဲ့ရပါလိမ့်။

ဆရာတင်မိုး၏ သမီးက ကဗျာဆရာကြည်အောင်ထံသို့ပေးသည့်စာတစ်စောင်တွင် “တောကဆင်းရဲတဲ့ အဖေနဲ့ ပိုက်ဆံအသင့်အတင့်ရှိတဲ့ မြို့ကအမေ”ဟု သူ့မိဘနှစ်ပါးကို ရည်ညွှန်းထားခဲ့ဖူးလေရာ ဆရာတင်မိုး ချို့ငဲ့ကြုံလှီစွာဖြင့် ဘဝကိုကျော်လွှားခဲ့ရသည်မှာကား အထူးပြောစရာ မရှိပါလေ။

ရေစကြိုကနေ ဆယ်တန်းအောင်သူဖြစ်၍ သူ့ခုံနံပါတ်က Y2G-74။ အချိန်က ၁၉၅၇ ခုနှစ်။ မြန်မာတစ်နိုင်ငံလုံး မြန်မာစာမှာ အမှတ်အများဆုံး။ ၁၉၅၈ တက္ကသိုလ်တွေ ဖွင့်တော့ ရန်ကုန်တက္ကသိုလ် သို့လည်း မောင်ဘဂျမ်းရောက်မလာ။ မန္တလေးတက္ကသိုလ်သို့လည်း မောင်ဘဂျမ်းရောက်မလာ။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခဦးဇေယျမောင်က ပညာရေးဝန်ကြီးဦးသန်းအောင်ကို မောင်ဘဂျမ်းကို စုံစမ်းခိုင်း၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာနကို မောင်ဘဂျမ်း တက္ကသိုလ်ဆက်တက်နိုင်အောင် လှမ်းပြီး စီစဉ်ခိုင်းနှင့် ဇဂျမ်းကန်မြဲသား ကဗျာဆရာကြီး တက္ကသိုလ် ပရဝဏ်ထဲသို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်ပါသည်။

ဆရာတင်မိုး၏ ပထမဦးဆုံး ကဗျာစာအုပ်က “ဖန်မီးအိမ်”။ သည်ဖန်မီးအိမ်ကလေးကို မန္တလေးတက္ကသိုလ်၏ တံစက်မြိတ်၌ သူချိတ်ဆွဲလိုက်သည်မှာ ၁၉၆၂။

နောက်တော့ ပန်းစျေးခင်း ၁၉၆၇။ စိမ်းလန်းသော အိပ်မက် ၁၉၆၉။ လှေတစ်စင်းနှင့် သီချင်းသည် ၁၉၇၂။ နှင်းဆီပွင့်ပေါ် အိပ်ပျော်ခြင်း ၁၉၇၃။ ပုဂံကျောင်းက ခေါင်းလောင်းသံ ၁၉၇၇။ ကံ့ကော်တောက အိပ်မက်များ ၁၉၉၆။ ကန္တာရနှစ်များ ၁၉၉၈။ ဗုဒ္ဓနှင့်တွေ့ဆုံခြင်း ၂၀၀၀ စသည် စသည်။

ဆရာတင်မိုးက သူ့ကဗျာတစ်ပုဒ်ဖြစ်သော “ဇဂျမ်းကန်မြဲမှာ”ထဲတွင် ဇဂျမ်းကန်မြဲမှာ၊ လမ်းသရဲ ကဗျာမသိ၊ ပေါ်ပင်ကို မော်ဒင်လုပ်တဲ့၊ ဇာတ်ရှုပ်တွေမရှိ။

စသည်ဖြင့် ထည့်သွင်းဖွဲ့ဆိုခဲ့ဖူးပါသည်။ သူဖွဲ့သည့်အတိုင်း သူ့ကဗျာတို့ကလည်း ရိုး၍ ကြည်ကာ စိတ်ကိုချမ်းမြေ့စေပါသည်။

စံပယ်ပွင့်ကလေးများ၊ ပြေးပွဲပြိုင်ပွဲ၊ ဆန်းသစ်စ၊ မမဝဝ စသည့် ကလေးကဗျာ ကလေးတွေကိုတော့ စာသင်သားတိုင်း ကျောင်းက စာသင်ခန်းတွေထဲမှာ ရွတ်ဆိုဖူးခဲ့ကြသည် ချည်းပင် ဖြစ်ပါသည်။ ဆရာတင်မိုး၏ လက်ရာတွေပဲပေါ့။

ထိုဆရာတင်မိုးတစ်ယောက် ၁၉၉၅ ဖေဖော်ဝါရီ ၄ ရက်မှာ ထောင်က ထွက်အပြီး စစ်ထောက်လှမ်းရေး၏ မိုးကောင်းကင်အောက်မှာ ဘာစာမှရေး၍ မရတော့သည့်အတွက် သူ့သမီးရှိရာ ဘယ်လ်ဂျီယံသို့ထွက်သွားပါသည်။ ပြည်ပ၌ရှိနေစဉ် အမေရိကန်အသံ (VOA) ကနေ ကျွန်တော့်ဆောင်းပါးတစ်ပုဒ်ဖြစ်သည့်“ကျွန်တော်ပုသိမ်က ပြန်လာတော့” ဆောင်းပါးကိုပင် အစအဆုံးဖတ်နေပါသေးသည်။

၂၀၀၇ ဇန်နဝါရီ ၂၂ ရက်တွင်ကား ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အန်ဂျလိစ်မြို့ရှိလက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်မှာ ထိုင်နေစဉ် ဇဂျမ်းကန်မြဲသားကြီးကိုဘဂျမ်းဘယ်တော့မှ ပြန်မထတော့စတမ်း လဲကျသွားခဲ့ရခြင်းပင် ဖြစ်ပါသည်။

(သုံး)

ဇဂျမ်းကန်မြဲ၌ အ. ထ. က ကျောင်းဆောင်ဖွင့်ပွဲကလေးကို ၁-၆-၁၉၉၁ က ကျင်းပခဲ့ကြရာ ဆရာတင်မိုးက ကဗျာတစ်ပုဒ်လက်ဆောင်နှင်းပါသည်။ “ပညာတံခါးပွင့်သောနေ့” တဲ့။ ယင်းကဗျာကို ကျောက်တိုင်၌ ထွင်းထားရာ ကဗျာကို ဖတ်မရအောင် ဆေးတွေနှင့် သုတ်လို့ဖျက်ဆီးထားခဲ့ဖူးပါသည်။ အခုစစ်ထောက်လှမ်းရေး အလွန်ကာလ၌ သည်ကဗျာကို ဖတ်၍ရအောင် ပြန်လည်ပြုပြင်ထားပါပြီ။

“ယောင်ယောင်နနှ၊ အမှောင်ကျသည့် သန်းခေါင်ညများ ပျောက်လေပြီ။ ပညာမိုးခေါင်၊ မျိုးမအောင်၍ ဆူးတောင်တွေထ၊ ကန္တာရမှ ရွာမရေကန်၊ ကမ်းပြည့်လျှံအောင် ဝသန်မိုးကြီးရွာလေပြီ။ ဇဂျမ်းကန်မြဲ၊ ပန်းတွေကြွသို့ ပုလဲတမျှ၊ အ. ထ. က ဟု ပညာ့တံခါးပွင့်လေပြီ။

ဇဂျမ်းကျောင်းက ပန်းကောင်းရောင်စုံ၊ ဖူးပွင့်ကုန်ပြီ အရုဏ်ဦးအလှ၊ ပန်းခူးကြ။

ဇဂျမ်းကျောင်းက ခေါင်းလောင်းထိုးသံ၊ ဟိန်းဟိန်းညံ့ပြီ စာအံစာကျက်၊ အလိမ္မာဖက်၍ နက်ဖြန်ခေတ်သစ်တည်ဆောက်ကြ”

သည်ကဗျာကို ဖတ်မရအောင် ပိတ်ထားရာက အခုမှ ဖတ်၍ ရကြခြင်း ဖြစ်ပါသည်။

ဆရာတင်မိုး ပြည်ပ၌ ရှိနေစဉ် ထိုင်းဘက်ကနေ မြန်မာနိုင်ငံကို လာလာပြီး ကြည့်သည်ဟုဆိုပါသည်။ ဇွတ်ပြန်ဖို့လုပ်ခဲ့သည်ဟုလည်း ဆိုပါသည်။ ထောင်ကျချင်ကျကွာတဲ့။ ထောင်ပိုင်ကလည်း မြန်မာ၊ ထောင်မှူးကလည်းမြန်မာ၊ ထောင်ကျတွေကလည်း မြန်မာ၊ မြန်မာတွေကြားမှာ ငါနေချင်တာတဲ့။

တောင်သာကနေပဲ သွားသွား၊ ငါ့သရောက်ကနေပဲ လာလာ၊ ညောင်ဦး မြင်းခြံ ကားလမ်းဘေး ဘိန်းနွယ်ကုန်းသို့ လမ်းကနေပဲ ဖဲ့ဆင်းဆင်း ဇဂျမ်းကန်မြဲသို့ ကျွန်တော်တို့ ရောက်သွားနိုင်ပါသည်။

ဩော် . . . ပုပ္ပားတောင်ကြီးကို လှမ်းလှမ်းပြီး မြင်နေရတဲ့ ထနောင်းပင်ကလေး တစ်ပင်ပင်ရဲ့အောက် ဒါမှမဟုတ် တမာပင်ကလေးတစ်ပင်ပင်ရဲ့အောက်မှာမြန်မာနဲ့ အညာကိုသိပ်ချစ်တဲ့ ကိုဘဂျမ်းဆိုတဲ့ ဆရာတင်မိုးရဲ့ အလောင်းကို ကျွန်တော်မြှုပ်နှံချင်လိုက်တာ။ တစ်ခုတည်းသော မကောင်းမှုပါလို့ ခွင့်ပန်ရှာတဲ့ ဆေးပေါ့လိပ်ကလေးတွေလည်း သူနဲ့အတူ ထည့်ပေးလို့ပေါ့။ သိပ်များများကြီး မဟုတ်ပါဘူး။ လေး၊ ငါးလိပ်လောက်။ ။

7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဇွဲညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိင်္ဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# အမှတ်မရှိသည့် အသည်းပိုင်ရှင်များ

**မြင့်မိုရ်ဆွေ**




၁၉၈၃ ခုနှစ် အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့ အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုတွင် ကွယ်လွန်ခဲ့သော တောင်ကိုရီးယားနိုင်ငံ အစိုးရအဖွဲ့မှ ဒုဝန်ကြီးချုပ်အပါအဝင်ပုဂ္ဂိုလ် ၁၇ ဦးအတွက် အထိမ်းအမှတ်ကျောက်တိုင်ကို မြန်မာနိုင်ငံအစိုးရက စိုက်ထူခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။ အထိမ်းအမှတ်ကျောက်တိုင်တွင် ကွယ်လွန်သူ ၁၇ ဦး၏ အမည်များပါဝင်မည်ဖြစ်ကြောင်းလည်း သိရှိရ၏။

အဆိုပါပေါက်ကွဲမှုကြီးသည် မြန်မာနိုင်ငံသမိုင်းတွင် လွန်စွာအကျည်းတန် ဆိုးရွားလှသည့်ဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့လေ၏။ ကျူးလွန်သော တရားခံများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး အဓိကလက်သည်မှာ မြောက်ကိုရီးယားနိုင်ငံဖြစ်ကြောင်း ကမ္ဘာကသိအောင် ဖော်ထုတ်နိုင်ခဲ့လေသည်။ အာဇာနည်ကုန်း ဗုံးဖောက်ခွဲမှုကို စီစဉ်ဆောင်ရွက်ခြင်းဖြင့် မြောက်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံအပေါ် အောက်ပါကျူးလွန်စော်ကားမှုသုံးရပ်ကို ပြုလုပ်ခဲ့၏။

(၁) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးစော်ကားခြင်း။

(၂) အမျိုးသားရေးလက္ခဏာအဖြစ် ပြည်သူတစ်ရပ်လုံး အထွတ်အမြတ်ထားရာ အဆောက်အအုံကို ဗုံးခွဲဖျက်ဆီးခြင်း။

(၃) ပန်းခွေချရာတွင် တောင်ကိုရီးယားသမ္မတချန်ဒူးဝမ်နှင့် အတူလိုက်ပါလာမည့် မြန်မာအစိုးရအဖွဲ့ဝင်အကြီးအကဲများကိုပါ သိမ်းကျုံးသတ်ဖြတ်ရန် ကြံစည်ခြင်းနှင့် ဗုံးဒဏ်ကြောင့်အပြစ်မဲ့ မြန်မာနိုင်ငံသားလေးဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခြင်း။

မြောက်ကိုရီးယားနိုင်ငံသည် အထက်ပါကျူးလွန်မှုများကို ပြုလုပ်ခဲ့ခြင်းအတွက် ယနေ့အချိန်အထိ မြန်မာနိုင်ငံအစိုးရအား လူသိရှင်ကြားထုတ်ဖော်၍ တောင်းပန်မှုမရှိကြောင်း တွေ့ရှိရပါသည်။ အမေရိကန်သမ္မတဟောင်း ဂျော့ဘုရှ်က မြောက်ကိုရီးယားနိုင်ငံကို နတ်ဆိုးဟု သမုတ်ခြင်းမတိုင်မီ ဆယ်စုနှစ်တစ်စုကျော်မျှ စော၍ မြန်မာတို့က လက်တွေ့ကျကျ နတ်ဆိုး၏ဒဏ်ကို ခံစားခဲ့ရခြင်းဖြစ်၏။ စာရေးသူတို့မြန်မာမျိုးချစ်ပြည်သူတစ်ရပ်လုံးက မိမိနိုင်ငံအတွင်း ဝင်ရောက်စော်ကားခဲ့သော မြောက်ကိုရီးယား၏ အကြမ်းဖက်မှုလုပ်ရပ်ကို နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်သည့်တိုင်အောင် လုံးဝမေ့ပျောက်ခြင်းမရှိခဲ့ကြပေ။

အထက်ပါအကြမ်းဖက်လုပ်ကြံမှုအကြောင်းကို တောင်ကိုရီးယားနိုင်ငံမှ သတင်းစာဆရာမစ္စတာပတ်ချွန်စုတ်က ၂၀၁၃ ခုနှစ် စက်တင်ဘာအတွင်း "အောင်ဆန်းအမှတ်တရ" (Aung San Recount) ဟု အမည်တွင်သော စာအုပ်ကိုရေးသားထုတ်ဝေခဲ့ပါသည်။ စာအုပ်ရေးသားသူသည် ၁၉၈၃ ခုနှစ် အောက်တိုဘာ ၈ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော တောင်ကိုရီးယားသမ္မတချန်ဒူးဝမ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် သတင်းစာဆရာအဖြစ် လိုက်ပါခဲ့ပြီး အာဇာနည်ကုန်း ဗုံးပေါက်ခွဲရာတွင် သေကံမရောက်သက်မပျောက်ဘဲ လွတ်မြောက်ခဲ့သူဖြစ်၏။ ၎င်းရေးသားသောစာအုပ်ကို အင်္ဂလိပ်ဘာသာနှင့် ကိုရီးယားဘာသာ နှစ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့၏။ စာအုပ်ထုတ်ဝေခြင်းမပြုမီ လေးလစော၍ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ရှာလေသည်။ တောင်ကိုရီးယားမှ မိတ်ဆွေများ၏ ပေးပို့မှုကြောင့် စာရေးသူသည် အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာခွင့်ရရှိခဲ့ပေသည်။

သတင်းစာဆရာမစ္စတာပတ်ချွန်စုတ်က အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုအား "မှားယွင်းသောနေရာ၊ မှားယွင်းသောအချိန်တွင် ကျူးလွန်ခဲ့သော မှားယွင်းသည့်လုပ်ရပ်" A wrong thing done at a wrong place at a wrong time) ဟု မှတ်တမ်းတင်ခဲ့၏။ အဆိုပါ ဖြစ်ရပ်၏ အဓိကအကြောင်းရင်းမှာ "ဘယ်သူမပြုမိမိမှု"ဆိုသကဲ့သို့ တောင်ကိုရီးယားသမ္မတချန်ဒူးဝမ်၏ အောက်ပါအမှားကြီးခုနစ်ရပ်ကို အခြေတည်သော ဆုံးဖြတ်ချက်ကြောင့်သာဖြစ်ကြောင်း သုံးသပ်တင်ပြထားပါသည်။

(၁) ထိုစဉ်က မြန်မာနိုင်ငံသည် ကိုရီးယားနှစ်နိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိသော်ငြားလည်း ဆိုရှယ်လစ်နိုင်ငံဖြစ်သည့်အပြင် အခြေခံအားဖြင့် အာဏာရှင်စိုးမိုးမှုလက္ခဏာ တူညီသော မြောက်ကိုရီးယားနိုင်ငံနှင့် ပိုမိုနီးစပ်မှုရှိခြင်း (ဗုံးပေါက်ကွဲမှုမတိုင်မီ ခုနစ်လအလိုကာလ၌ပင် မြောက်ကိုရီးယားဝန်ကြီးချုပ် လီဂွန်အုတ်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်း)

(၂) မြန်မာနိုင်ငံတွင် အမျိုးသားထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦးအား ဖယ်ရှားပြီးနောက် လုံခြုံရေးဆိုင်ရာသတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ အပြည့်အဝမရရှိခဲ့ခြင်း

(၃) တောင်ကိုရီးယားသမ္မတ၏ လုံခြုံရေးအဖွဲ့သည် အာဇာနည်ကုန်းအဆောက်အအုံများကို ကြိုတင်၍ အသေးစိတ်စစ်ဆေးမှုမပြုလုပ်နိုင်ခြင်း၊ မြန်မာနိုင်ငံလုံခြုံရေးအဖွဲ့များကလည်း တောင်ကိုရီးယားလုံခြုံရေးအဖွဲ့များကို ကူညီပံ့ပိုးမှုမရှိခြင်း

(၄) ခရီးစဉ်မတိုင်မီ မသင်္ကာဖွယ်ကောင်းသော မြောက်ကိုရီးယားသင်္ဘောတစ်စီးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ၁၉၈၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် သီရိလင်္ကာသို့ ထွက်ခွာသွားခြင်း၊ သီရိလင်္ကာတွင်ဗုံးပေါက်ကွဲမှုမဖြစ်မီသုံးရက်အလိုအထိ ဆိုက်ကပ်ထားခြင်းနှင့် အဆိုပါသင်္ဘော၏ လှုပ်ရှားမှုများကို မြန်မာနိုင်ငံရှိ တောင်ကိုရီးယားသံရုံးနှင့် အခြားပြည်ပထောက်လှမ်းရေးအဖွဲ့များက သတင်းပေးပို့သည်ကို လျစ်လျူရှုခြင်း

(၅) ဗုံးပေါက်ကွဲမှုမတိုင်မီ တစ်လခန့်ကာလဖြစ်သော ၁၉၈၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် Korea Air Line မှ ခရီးသည်တင်လေယာဉ်သည် နယူးယောက်မြို့မှ ဆိုးလ်မြို့သို့ ပျံသန်းလာစဉ် ဆိုဗီယက်တိုက်လေယာဉ်က ပစ်ချခဲ့သဖြင့် ဆာ့ခ်လင်းကျွန်းအနီး ဂျပန်ပင်လယ်ပြင်အတွင်း ပျက်ကျပြီး လေယာဉ်ပေါ်ပါရှိသူ ၂၆၉ ဦးစလုံး သေဆုံးခဲ့ရ၏။

**စာမျက်နှာ(၃၂) သို့**

Business
7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014




ဆက်သွယ်ရေးဝန်ဆောင်မှုအတွက် MIC ခွင့်ပြုချက်ရ အော်ရီဒူးကုမ္ပဏီသတင်းစာရှင်းလင်းပွဲကျင်းပစဉ် ဓာတ်ပုံ - ကျော်ဇင်သန်း

# ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခုကို ယခုနှစ်အတွက်ပထမဆုံးလုပ်ကိုင်ခွင့်ပြု

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဇန်နဝါရီ- ၁၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်နှစ်ခုအပါအဝင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ MIC က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိုးခုကို ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ချထားပေးလိုက်ကြောင်း MIC မှသတင်းရရှိသည်။

အဆိုပါလုပ်ငန်း ၉ခုမှာ ခဲသတ္တုသန့်စင်ထုတ်လုပ်မှုလုပ်ငန်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့်အားကစားသုံးပစ္စည်းများဖြစ်သော ငါးများတံနှင့်ဂေါက်သီးရိုက်တံများထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့်အမျိုးသမီးလက်ကိုင်အိတ်နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ပလတ်စတစ်ဘူးခွံများထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပရိဘောဂနှင့်တပ်ဆင်ပစ္စည်းများ၊ အခန်းတွင်းအလှဆင်ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတို့ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ တိုင်ပေနှင့် ဘရူနိုင်းတို့မှ လုပ်ပိုင်ခွင့်များရရှိခဲ့ခြင်းဖြစ်သည်။ ထိုကုမ္ပဏီများမှာ ပရိဘောဂလုပ်ငန်း၊ အားကစားပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများကိုသာ ရန်ကုန်တိုင်းဒေသကြီးတွင် အခြေစိုက်လုပ်ကိုင်မည်ဖြစ်ပြီး လက်ကိုင်အိတ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးတွင် လုပ်ကိုင်မည်ဖြစ်သည်။

လုပ်ကိုင်ခွင့်ချထားပေးလိုက်သောလုပ်ငန်းများတွင်ဖက်စပ်လုပ်ငန်းငါးခုပါဝင်ပြီး ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံခွင့်လေးခုပါဝင်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၂ | ၉၉၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၁ | ၇၈၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၂ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇ | ၃၀. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၄ ဇန်နဝါရီ ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၆၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၁၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၄. ၀၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၅၁၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၉၀၂၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၁. ၃၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၆၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၉၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၈၆၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၂. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၅၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၁၁၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၄၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၈၈၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၉၈၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၄၂. ၈၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၄၀ |
| ငွေ | အောင်စ | ၂၀. ၀၈ |
| ကြေးနီ | ပေါင် | ၃. ၄၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇန်နဝါရီ ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# မြွေတောင်၊ ဖားတောင်ကျောက်များတူးယူပါက တရားမဝင်ကျောက်ရောင်းမှုဖြင့် အရေးယူမည်ဟု သတိပေး

**နန်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၃**

မြွေတောင်ဖားတောင်ခြေမှ ကျောက်များ ဆက်လက်တူးဖော်ရောင်းချနေပါက တရားမဝင် သတ္တုကျောက်တူးဖော် ရောင်းချမှုဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က ပြောသည်။

မြွေတောင်၊ ဖားတောင်ခြေမှ ကျောက်များအား ဆက်လက်တူးဖော်ရောင်းချမှု မပြုလုပ်ကြရန် တီးတိန်မြို့နယ်ပိုင် ကျေးရွာ ၁၀ ရွာနှင့် ကလေးမြို့နယ်ပိုင် ကျေးရွာ ၂၀ ရွာရှိ သက်ဆိုင်ရာ ကျေးရွာအုပ်စုတာဝန်ခံများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြရန် ပြီးခဲ့သည့်လကပင် နှုတ်ဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

“ဒီကိစ္စကို ဆက်ပြီး မလုပ်ကြဖို့အတွက် ကျေးရွာအချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြဖို့ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို မှာထားပြီးပါပြီ။ အဲဒါမှ မရပ်ဘဲ ဆက်တူးနေကြရင် တရားမဝင် သတ္တုတူးဖော်ရောင်းချမှုနဲ့ အရေးယူဆောင်ရွက်သွားမှာပါ” ဟု ဦးကြည်သက်မောင်က ပြောသည်။

“ကျွန်တော်တို့ ရွာထဲကိုတော့ ရွာဆော်နဲ့အော်ပြီး ပိတ်ခိုင်းထားပါတယ်။ ရွာသားတွေကို ကျောက်တွေ ဆက်ပြီး သွားမတူးကြဖို့အတွက် ရပ်ခိုင်းထားလိုက်ပြီ” ဟု မြစိမ်းကျေးရွာ တာဝန်ခံ ဦးစံဌေးက ပြောသည်။

မြွေတောင်၊ ဖားတောင်ခြေမှ ထွက်ရှိသော ကျောက်တုံးများအား ဝယ်လက်များက တစ်ပိဿာလျှင် ၂,၀၀၀ ကျပ်မှ ကျောက်တုံးအရွယ်အစားနှင့် အရည်အသွေးပေါ် မူတည်၍ ဈေးအမျိုးမျိုးပေးကာ လာရောက်ဝယ်ယူကြသည်ဟု သတင်းရရှိသည်။



မြွေတောင်၊ ဖားတောင် ဝန်းကျင်ဒေသကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျူနိုင်း












7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014





# လစာတိုးမြှင့်ရရှိရေး တိုက်ပွဲဝင်နေသော ကမ္ဘောဒီးယားအထည်ချုပ်အလုပ်သမားများ

ကြည်နေဝင်းမင်း

စက်ရုံများတွင် တစ်နေကုန် တစ်နေခန်းပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး Gap ဂျင်းဘောင်းဘီများ၊ Nike ဖိနပ်များ ထုတ်လုပ်နေသော ကမ္ဘောဒီးယားအလုပ်သမားများ လုပ်ခလစာ တိုးတက်ရရှိရေး တောင်းဆိုလျက်ရှိရာ အားကောင်းသော ဝန်ကြီးချုပ်ဟွန်ဆန်၏ အယူအဆကွဲပြားမှု နှိမ်နင်းရေးထိပ်တန်းမျက်နှာစာသို့ ရောက်မှန်းမသိရောက်ခဲ့ကြသည်။

ရွေးကောက်ပွဲအသစ်များ ကျင်းပရေး အတိုက်အခံထောက်ခံသူများ၏ လနှင့်ချီ၍ ငြိမ်းချမ်းစွာဆန္ဒပြမှုများမှာ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးအုပ်ချုပ်နေသော ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဟွန်ဆန်အတွက် ခြိမ်းခြောက်မှုမရှိသလောက်ပင်ဖြစ်သည်။ သို့သော် ဆန္ဒပြစက်ရုံလုပ်သားများက အတိုက်အခံများနှင့် ပေါင်းစည်းလိုက်ချိန်တွင် ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) က အလျင်အမြန်တုံ့ပြန်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ နှိမ်နင်းမှုကြောင့် အနည်းဆုံးအလုပ်သမားလေးဦး ပစ်သတ်ခံရကာ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ယင်းအကြမ်းပတမ်းနည်းဗျူဟာများမှာ အနောက်တိုင်းတွင် လူအများအပြား ဝတ်ဆင်သွားလာနေသော အဝတ်အထည်များနှင့် ဖိနပ်များချုပ်လုပ်နေသောရာပေါင်းထောင်နှင့်ချီသည့် ကမ္ဘောဒီးယားအလုပ်သမားများကိုယ်စားပြုသော အစွမ်းထက်နိုင်ငံရေးအင်အားကို ရောင်ပြန်ဟပ်နေသည်။

“တကယ်လို့များ နိုင်ငံရေးအတိုက်အခံတွေနဲ့ ဆန္ဒပြလုပ်သားအင်အားစုနှစ်ခုကိုသာ ပေါင်းစည်းခွင့်ပေးလိုက်ရင် သူတို့ဟာ ဟွန်ဆန်အစိုးရအတွက် ကြီးမားတဲ့အတိုင်းအတာနဲ့ ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သွားပါလိမ့်မယ်”ဟု ကမ္ဘောဒီးယားနိုင်ငံရေး ကျွမ်းကျင်သူ ကားလ်သာယာကဆိုပါသည်။ အကယ်၍သာ ယင်းလှုပ်ရှားမှုနှစ်ခုပေါင်းစည်းပြီး မာမာထန်ထန်ရပ်တည်မှု ရယူလိုက်ပါက ဟွန်ဆန်အစိုးရအနေဖြင့် အတိုက်အခံများကို ချေမှုန်းရေး အင်အားသက်သက်အသုံးပြုခြင်း အခြေစိုက်နိုင်သလို CPP ပါတီအနေဖြင့် ဆက်လက်အာဏာစွဲကိုင်ရေး မျှော်လင့်ချက်ဖြင့် ဟွန်ဆန်ကို ဘေးချိတ်ခြင်းမျိုး ဖြစ်နိုင်သည်ဟု သြစတြေးလျ နယူးဆောက်သ်ဝေးလ်တက္ကသိုလ်မှ ပါမောက္ခသာယာကပြောသည်။

အလုပ်သမားခြောက်သိန်းခွဲမှာ ကမ္ဘောဒီးယားနိုင်ငံ၏ ဒေါ်လာဘီလီယံနှင့်ချီသော အထည်ချုပ်လုပ်ငန်း၏ ကျောရိုးဖြစ်သည်။ အထည်ချုပ်လုပ်ငန်းမှာလည်း ဆင်းရဲသော အရှေ့တောင်အာရှနိုင်ငံ၏ အဓိကနိုင်ငံခြားဝင်ငွေအရင်းအမြစ်ဖြစ်သည်။ အလုပ်သမားများက တစ်လလျှင် အနည်းဆုံးလစာကန်ဒေါ်လာ၁၆၀အထိလက်ရှိထက် နှစ်ဆပေးရန် တောင်းဆိုနေကြသည်။ ယခုအချိန်ထိ အစိုးရက ကန်ဒေါ်လာ ၁၀၀ ပေးရန် ကမ်းလှမ်းထားသည်။

မကြာခဏဆိုသလို အလုပ်သမားများ မူးမေ့လဲကျမှုမြင်တွေ့ရသော လုပ်ငန်းတွင် ဘေးကင်းလုံခြုံရေးအတွက် ပူပန်မှုများလည်း ကြီးထွားနေသည်။ ယင်းသို့ မူးမေ့မှုများမှာ ကျန်းမာရေးညံ့ဖျင်းမှု၊ လေဝင်လေထွက်စနစ်များ မလုံလောက်မှုနှင့်အန္တရာယ်ရှိသောဓာတုပစ္စည်းများနှင့် ထိတွေ့မှုများအပေါ် အပြစ်တင်ကြသည်။

ကလေးနှစ်ယောက်အမေ အော်ရန်ဒါနီ (၃၀)နှစ်မှာ မိသားစုစားဝတ်နေရေးနှင့် ကလေးများကျောင်းပို့နိုင်ရန် တစ်နေ့လျှင် ၁၀ နာရီ၊ သီတင်းတစ်ပတ်လျှင်ခြောက်ရက်အလုပ်လုပ်ပါသည်။ “ကျွန်မတို့မှာ လက်ရှိလုပ်ခလစာနဲ့ နေထိုင်ရှင်သန်ဖို့ အခက်အခဲအများကြီးရှိတယ်”ဟု ၎င်းကပြောသည်။ “အလုပ်ခွင် အခြေအနေတွေကြောင့် အလုပ်သမားတွေ မကြာခဏဆိုသလို ဖျားနာကြတယ်။ အဲဒီထဲမှာ အဝတ်အထည်တွေပေါ်က ဓာတုပစ္စည်းတွေကြောင့်လည်း ပါတယ်”ဟု ၎င်းကဆက်လက်ပြောသည်။ သပိတ်မှောက်ခြင်းထက် ကမ္ဘောဒီးယားနိုင်ငံထုတ် အဝတ်အထည်များကိုပိုမိုဝယ်ယူကြရန် ၎င်းကတိုက်တွန်းသည်။ သို့မှသာ ၎င်းတို့အတွက် အလုပ်လုံလုံလောက်လောက်ရှိမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် မျှတသောလစာနှင့် အလုပ်ခွင်အခြေအနေများအတွက် ကုန်အမှတ်တံဆိပ်များကို ဖိအားပေးရန်ဖြစ်သည်။

ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် ဆမ်ရိန်ဆီကလည်း အနောက်တိုင်းအဝတ်အထည်ကုမ္ပဏီများနှင့် စားသုံးသူများအနေဖြင့် ‘သွေးစွန်းသောအဝတ်အထည်’ဟု ၎င်းက ကင်ပွန်းတပ်ထားသော ပစ္စည်းများကို ဝယ်ယူရာတွင် တာဝန်သိကြရန် တိုက်တွန်းပါသည်။ ၎င်းတို့ဝယ်ယူရန် ရည်ရွယ်သော အဝတ်အထည်များတွင် သွေးစက်များပါရှိနေသလား ဆန်းစစ်ကြည့်ကြရန် အမေရိကန်နှင့် ဥရောပနိုင်ငံများမှ စားသုံးသူများကို ဟွန်ဆန်က တိုက်တွန်းပါသည်။

ဟွန်ဆန်မှာ ကမ္ဘောဒီးယားနိုင်ငံကို ၁၉၇၀ ပြည့်နှစ်က အစိုးရ၏ လူသတ်ကွင်း 'Killing Fields' လူမျိုးတုံးသတ်ဖြတ်မှုခေတ်မှနေ၍ အရှေ့တောင်အာရှ၏ သက်ဝင်လှုပ်ရှားမှုအရှိဆုံး စီးပွားရေးနိုင်ငံဖြစ်လာရန် ဦးဆောင်ခဲ့ပါသည်။ အသက်(၆၁)နှစ်အရွယ် ဝန်ကြီးချုပ်က နိုင်ငံကို ၂၈ နှစ်တာ အုပ်ချုပ်ခဲ့ပြီး အသက်(၇၄)နှစ်အထိ ဆက်လက်အုပ်ချုပ်ရန်လည်း ကြုံးဝါးထားသည်။

ဟွန်ဆန်၏အစိုးရမှာ လူ့အခွင့်အရေးများကို လျစ်လျူရှုခြင်းနှင့် နိုင်ငံရေးသဘောထားကွဲလွဲမှုကို ဖိနှိပ်ခြင်းရှိသည်ဟု ပုံမှန်ပင် စွပ်စွဲခံရသည်။ အတိုက်အခံများကလည်း ဇူလိုင်လရွေးကောက်ပွဲမှစ၍ ပါလီမန်ကို သပိတ်မှောက်ထားသည်။ ရွေးကောက်ပွဲတွင် လိမ်လည်မှု ကြီးကြီးမားမားရှိခဲ့သည်ဟု စွပ်စွဲခံရသည်။

ရဲတပ်ဖွဲ့ဆီသို့ ဓာတ်ဆီပုလင်းဗုံးများနှင့် ကျောက်ခဲများဖြင့် ပစ်ပေါက်သူ အချို့ပါဝင်သော ဆန္ဒပြအလုပ်သမားများကို လူအသေအပျောက်ဖြစ်သည်အထိ နှိမ်နင်းခြင်းမှာ နောက်တစ်နေ့တွင် ဖနွမ်းပင်ပန်းခြံ၌ အတိုက်အခံများ၏ ငြိမ်းချမ်းစွာဆန္ဒပြမှုကို စီးနင်းရန် ကြိုတင်ပြင်ဆင်လိုက်ခြင်းဖြစ်သည်ဟု ဟွန်ဆန်ကိုဝေဖန်သူများက စွပ်စွဲပြောကြားကြသည်။ ထိုအချိန်မှစ၍ အစိုးရက ဆန္ဒပြပွဲများကို အချိန်အကန့်အသတ်မရှိ ပိတ်ပင်ထားပြီး အလုပ်သမားများကလည်း သပိတ်မှောက်ခြင်းကိုအဆုံးသတ်လိုက်သည်။ အလုပ်သမားအများစုမှာ အလုပ်ပြန်ဆင်းနေကြပြီဖြစ်သော်လည်း အချို့ကလည်း ကြောက်ကြောက်နှင့် ရွာပြန်ပြေးကြသည်။ တင်းမာမှုများ ပြတ်တောက်နေလင့်ကစား တိုက်ပွဲမှာ မပြီးဆုံးသေးဟု အလုပ်သမားများက ပြောကြားကြသည်။

နောက်ထပ်သွေးထွက်သံယိုမှုမှ ရှောင်လွှဲနိုင်ရေး နိုင်ငံတကာအမှတ်တံဆိပ်များနှင့် အလုပ်သမားလှုပ်ရှားမှုအဖွဲ့များထံမှလည်း ဖိအားများမြင့်တက်လာနေသည်။ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေး Gap ကုမ္ပဏီက ကမ္ဘောဒီးယားအစိုးရကို တိုက်တွန်းထားပြီး H & M ကုမ္ပဏီက အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်သည်ဟု ပြောသည်။

ထို့ကြောင့် အဝတ်အထည်ထုတ်လုပ်သူများအတွက်လည်း အနောက်တိုင်းစားသုံးသူများအတွက် ဈေးနှုန်းသင့်တင့်သော အဝတ်အထည်များ ဖြည့်ဆည်းပေးရေးနှင့် လုပ်ခလစာများ တိုးတောင်းနေသော အလုပ်သမားများ၏ တောင်းဆိုမှုများကြား ချိန်ခွင်လျှာညှိရန် အကျပ်ရိုက်နေသည်။ ကမ္ဘောဒီးယားနိုင်ငံအတွက် အန္တရာယ်မှာ ၎င်းတို့၏ အဝတ်အထည်လုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ပါက အဝတ်အထည်ကုမ္ပဏီများက ၎င်းတို့၏စီးပွားရေးကို အခြားနေရာသို့ ရွှေ့ပြောင်းသွားနိုင်ခြေရှိခြင်းဖြစ်သည်။


ကမ္ဘောဒီးယားအထည်ချုပ်လုပ်သားများအတွက် လောလောဆယ်လစာဖြစ်သော တစ်လလျှင် ကန်ဒေါ်လာ ၈၀ မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် မြင့်မားနေသည်။ နှိုင်းယှဉ်ကြည့်ပါက တစ်လပျမ်းမျှလစာမှာ ဘင်္ဂလားဒေ့ရှ်တွင် ၆၈ ဒေါ်လာ၊ မြန်မာနိုင်ငံတွင် ကန်ဒေါ်လာ ၈၀ နှင့် ၁၀၀ ကြား၊ ဗီယက်နမ်နိုင်ငံတွင် ကန်ဒေါ်လာ ၉၀ နှင့် ၁၃၀ ကြား၊ တရုတ်နိုင်ငံတွင် ကန်ဒေါ်လာ ၁၇၀ နှင့် ၂၅၀ ကြားရှိသည်။

“ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နဲ့ မြန်မာနိုင်ငံမှာ လိုလိုချင်ချင်ရှိတဲ့ အလုပ်သမားတွေ အများကြီးရနိုင်သေးတယ်။ အနောက်တိုင်းအမှတ်တံဆိပ်တွေကတော့ လူထုပုံရိပ်မကောင်းတာကို ရှောင်လွှဲဖို့ အနည်းဆုံးတုံ့ပြန်မှုပဲ လုပ်လိမ့်မယ်။ အနောက်တိုင်းဈေးဝယ်အများစုက စာရိတ္တတန်ဖိုးတွေထက် ကုန်ပစ္စည်းတန်ဖိုးကို ပိုကြည့်ကြတယ်ဆိုတာ သူတို့သိနေကြလို့ပဲ”ဟု အစွန်အဖျားဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံသော Leopard Capital အမှုဆောင်အရာရှိချုပ် ဒေါက်ကလပ်ကလေတန်က ပြောသည်။ *—Ref: Cambodian garment Workers dying for a pay rise*

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

## 7DAY BOOK REVIEW






### ဖြစ်မှဖြစ်တတ်ပလေ ဟာသ ဝတ္ထုတိုများ (ဘုတလင်ချစ်လေး)

၁၉၅၀၊ ၁၉၆၀ ပြည့်လွန်နှစ်များက စာရေးသူ ဘုတလင်ချစ်လေး သောကြာစာစောင်တွင် ရေးသားခဲ့သော ဝတ္ထုတိုများကို ဘုတလင်ချစ်လေး ကွယ်လွန်ခြင်းနှစ် (၂၀) ပြည့်အမှတ်တရအဖြစ် ထုတ်ဝေလိုက်ပါသည်။ လွန်ခဲ့သော နှစ်(၆၀)ခန့်က ရေးသားခဲ့သော ဟာသဝတ္ထုတိုများဖြစ်၍ ထိုခေတ်၊ ထိုအခါ၏ ရေးဟန်နှင့် ခေတ်ကာလဝန်းကျင်အခြေအနေကို မှန်းဆနိုင်မည်ဖြစ်သည်။ ပီယဆေး၏အစွမ်း၊ ရှေ့ခြောက်နောက်လေး၊ သူ့လက်ခုပ်တွင်းက ရေ၊ ကြုံခဲ့ပုံရယ်၊ မပြောလဲမပြောချင်ပြီ သင်္ချိုင်းဂူများ မှတ်တမ်း၊ သူတောင်းစားသမဂ္ဂဖွဲ့ပြီ၊ တစ်ညသောအခါ၊ ငိုသံကိုကြား ရယ်လိုက်ရတယ်၊ ၁၃၅၊ ဖြစ်မှဖြစ်တတ်ပလေ၊ သတင်းထောက် လုပ်ခဲ့စဉ်က။ ကျွန်းတုန်းကြောင်လျှောက်၊ အားနာလိုက်တာဗျာ၊ အဝှာပြုနေလို့၊ ဇမာတွေ မပူနဲ့ ဟူသည့် ဝတ္ထုတိုများပါဝင်သည်။

"ပီယဆေးကို အသုံးချမှ တော်ရော့မည်ဟု ဆုံးဖြတ်ပြီး လက်ကိုင်ပဝါထောင့်စွန်းမှ ပီယဆေးဖြင့် တို့လိုက်ပါလေပြီ။ တို့ပြီး ထသွားရမည်ဟု အာစရိယ၏ ဩဝါဒအတိုင်းမယောင်မလည်နှင့် ထသွားရပြန်ပါသည်။ ရုံအပေါက်သို့ရောက်၍ ပြန်ကြည့်လိုက်ရာ လှသခင်မလေးသည် ထလိုက်သည်ကို မြင်ရသဖြင့် ဝမ်းသာမိရပါသည်။ ထဘီကို ပြင်၍ ဝတ်လိုက်ပါသည်။ နောက်အနီးအနား မိန်းကလေးတစ်ဦးကို တစ်စုံတစ်ရာပြော၍ ကျွန်တော့်ဘက်သို့ လှမ်းမျှော်ကြည့်နေပါသည်။ ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ်နှင့်ဖြစ်ပြီး မရိုးမရွဖြစ်လာပါ၏။ နောက်တစ်ဖန်ကြည့်လိုက်သော အခါ" ဟူသော စိတ်ဝင်စားစရာ ဟာသများကိုရေးဖွဲ့ထားသည့် ဝတ္ထုတိုများကို စံပယ်ပွင့်စာပေက ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂,၀၀၀ ဖြစ်သည်။

### တပည့်များ (ဦးနု)

"ရဟန်းတော်များသည် ဗုဒ္ဓဘာသာ မီးရှူးတန်ဆောင်ကို ဆက်လက်ထွန်းပြောင်စေနိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြ၏။ လူဒါယကာများသည် မည်မျှပင်ထင်ပေါ် ကျော်ကြားသော ပုဂ္ဂိုလ်များဖြစ်ကြစေကာမူ ထိုရဟန်းတော်များလို ပြုလုပ်နိုင်ကြမည် မဟုတ်ပေ။ ဝိနည်းသိက္ခာပုဒ်တော်ကို မလေးစားသဖြင့် ရဟန်းတော်များပျက်စီးလာလျှင်မည်သူတစ်ဦးတစ်ယောက်မျှ ဗုဒ္ဓဘာသာဆက်လက်တည်တံ့ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့်ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ၌ ဝိနည်းသိက္ခာပုဒ်များကို ရဟန်းတော်များလေးစား လိုက်နာမှု၏ အရေးကြီးပုံကို အလေးအနက်ပြုရာ၌ မဟာသာဝကကြီးများ တစ်စိတ်တစ်ဝမ်းတည်း ရှိခဲ့ကြပေသည်။ ရဟန်းတော်များ ဝိနည်းတော်ကို ရိုသေလေးစား ခြင်းသည် ဗုဒ္ဓဘာသာ၏ အသက်သွေးဖြစ်သည်ဟူသော မိန့်ကြားချက်ကို အချို့သော သာဝကကြီးများက မိန့်ကြားခဲ့ကြလေ၏"ဟု နိဒါန်းချီကာ ရဟန်းသံဃာများ စောင့်ထိန်းအပ်သော ဝိနည်းတော်ကို လွယ်ကူရှင်းလင်းသော အရေးအသားများဖြင့် ဦးနုက ရေးသားထားသည်။ ယခုခေတ်ကဲ့သို့သာသနာ့ အရေးခြုံများပေါ်များသောခေတ်တွင် ရဟန်းများသာမက လူဒါယကာ၊ ဒါယိကာမများပါ ရဟန်းတို့၏ ဝိနည်းသိက္ခာပုဒ်များကို သိရှိမှတ်သားခြင်းဖြင့် သာသနာတော်အား ချီးမြှင့်ထောက်ပံ့ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးရှိစေမည်ဖြစ်သည်။ သာသနာတော်၏ အသက်ဝိနည်းကို လေးစားသောရဟန်းတော်များကို ပို၍ သဒ္ဓါကြည်ညိုစိတ်များ တိုးပွားလာစေမည်လည်း ဖြစ်သည်။ ထိုအကျိုးကျေးဇူးကို ဤစာအုပ်က ကောင်းစွာ ပေးစွမ်းနိုင်သည်။ စာအုပ်ကို ငါတို့စာပေက ထုတ်ဝေပြီး တန်ဖိုး ကျပ် ၃,၅၀၀ ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဆပ်ပြာပူဖောင်းတွေနဲ့ ဘယ်အချိန်တည်းက ကစားခဲ့ကြတာလဲ

ဆပ်ပြာပူဖောင်းများကို ကလေးများစိတ်ပျော်ရွှင်ဖွယ်ရာကစားစရာအဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ခန့်ကတည်းက အသုံးပြုခဲ့ဖွယ်ရှိသည်ဟုဆိုသည်။ ၁၇၃၃ခုနှစ်ဝန်းကျင်က ပန်းချီကားအချို့တွင် ဆပ်ပြာပူဖောင်း မှုတ်ကစားသည့်ပုံများကိုရေးဆွဲခဲ့ကြသည်။ ၁၈၈၂ခုနှစ်ထုတ်သော The American Boys and Handy Book စာအုပ်တွင် ဆပ်ပြာပူဖောင်းနှင့်ပတ်သက်ပြီးရေးသားဖော်ပြခဲ့သည်ဟုဆိုသည်။ ဆပ်ပြာပူဖောင်းမှုတ်ခြင်းနှင့် ပတ်သက်ပြီးအစောဆုံးမူပိုင်ခွင့်မှာ ၁၉၂၀ပြည့်နှစ်များကဖြစ်ပြီး ဆပ်ပြာပူဖောင်းမှုတ်ရန်အတွက် ပိုက်နှင့်တုတ်တံများပါပေါ်ထွက်လာခဲ့သည်။ ဆပ်ပြာပူဖောင်းမှုတ်ကစားခြင်းသည် ၁၉၄၀ပြည့်နှစ်က ခေတ်အစား ဆုံးဖြစ်ခဲ့ပြီး ၁၉၅၀နှင့် ၁၉၆၀ပြည့်နှစ်များတွင်ဆပ်ပြာပူဖောင်းနှင့်ပတ်သက်သော ကစားစရာများထုတ်လုပ်ရောင်းချလာခဲ့ကြသည်။ ပိုက်၊ တုတ်တံများအပြင်ခေတ်ကာလအလျောက် ဒီဇိုင်းစုံဆပ်ပြာပူဖောင်းမှုတ် သေနတ်များ၊ လျှပ်စစ်ဆပ်ပြာပူဖောင်းမှုတ်စက်များလည်း ပေါ်ထွက်လာခဲ့သည်။

*Ref:__wikipedia*






**ARIES** မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လုပ်ချင်သည်က တစ်မျိုး၊ လုပ်နေရသည်က တစ်မျိုးကြုံမည်။ သူတစ်ပါးဆန္ဒကို အလေးပေးပြီး ဆောင်ရွက်ရမည်။ လုပ်နေသော ကိစ္စအဆင်မပြေ၊ မအောင်မြင်သေး၍ သူတစ်ပါးက အထင်သေးမည့်ကိန်းမှ လွတ်မြောက်မည်။ များမကြာမီအတွင်း ထူးခြားသော တိုးတက်မှုများ အဆင့်ဆင့်ရရှိပေမည်။ အိမ်မှသူများနှင့် မိမိအကြား စကားများစရာများ ပေါ်ပေါက်မည်။ စိတ်ပင်ပန်းပြီးမှ အလိုပြည့်မည်။



**TAURUS** ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အနီးကပ်နောက်ဆုံးအချိန်ရောက်မှစကားမတည်သူများနှင့်တွေ့တတ်သည်။ လုပ်ငန်းစီးပွားနှင့် အကြံအစည်ကိစ္စများ ဆောင်ရွက်သောအခါတွင် လူယုံမထားရ။ ဖြစ်လိုသော ဆန္ဒကြီးမားစွာရှိသော လုပ်ငန်းများ အဆင်မပြေ။ လုပ်ချင်သည်များများနေမည်။ မည်သည့်ကိစ္စစတင်လုပ်ရမည်မသိဖြစ်နေတတ်သည်။ ရည်စူးထားခြင်း မရှိဘဲ သူတစ်ပါးအားပေးမှုကြောင့် ကောက်ကာ ငင်ကာလုပ်လိုက်သော လုပ်ငန်းများမှ အောင်မြင်မှု ထူးထူးခြားခြား ရရှိမည်။



**GEMINI** မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လုပ်သမျှထွန်းပေါက်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ လုပ်ငန်းအဆင့်တိုးတက်ခြင်း၊ ငွေကြေးကံကောင်းခြင်း ဘဝတက်လမ်း အောင်မြင်ထွန်းပေါက်ခြင်းကြုံမည်။ အလှူအတန်း မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မင်္ဂလာရှိသော စကားများပြောဆိုရမည်။ မင်္ဂလာကိစ္စကြုံမည်။ ဘာသာရေးနှင့်ပတ်သက်သော ဂါထာ၊ ရဟန်းပုံတော်၊ အဆောင်တစ်မျိုးမျိုး လက်ဆောင်ရရှိလိမ့်မည်။ အမြင့်တစ်နေရာတွင်တင်၍ အမွှေးတိုင်ထွန်းညှိပူဇော်၍ ဆောင်ထားပါ။



**CANCER** ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလွန်သတိရှိရမည်။ ကျန်းမာရေး အညံ့ရှိသည်။ မတော်တဆ ထိခိုက်တတ်သည်။ နာရေးကိစ္စ ကြုံမည်။ နာမည်ပျက်ယွင်းတတ်သည်။ လုပ်နေသော လုပ်ငန်းများ အပျက်အစီး၊ အနှောင့်အယှက်များမည်။ အကျိုးမရှိသော ကိစ္စများ တစ်မျိုးပြီးတစ်မျိုးလုပ်၍ ငွေကုန်မည်။ အမှန်တကယ် အကျိုးရှိသော လုပ်ငန်းလုပ်သောအခါ အရင်းအနှီးမပြည့်မီသလို ကြုံမည်။ မည်သည့်ကိစ္စကို ဆောင်ရွက်စေ အလွယ်တကူ မဖြစ်။



**LEO** သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရည်ရွယ်ထားသည်များ အောင်မြင်မည်။ ယှဉ်ပြိုင်မှု အောင်ရမည်။ နာမည်ကောင်းရရှိမည်။ ကြိုးစားဆောင်ရွက်ထားသည်များ အလွဲလွဲ အချော်ချော်ဖြစ်မည်။ ၎င်းလုပ်ငန်းများကို အဆုံးသတ်ခြင်း မပြုမီနောက်လုပ်ငန်းသစ်တစ်ခု လုပ်ရလိမ့်မည်။ ထိုလုပ်ငန်းသစ် စတင်ဆောင်ရွက်သည့်အချိန်ရောက်မှ လွဲချော်နေသည့် လုပ်ငန်းဟောင်းများ ပြန်လည်တည့်မတ် အဆင်ပြေချောမွေ့သွားမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။



**VIRGO** ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်မှန်းချက် အောင်မြင်မည်။ အခက်အခဲမှ လွတ်မြောက်မည်။ ကြိုးစားမှု၏ အကျိုးကောင်းခံစားရမည်။ စိတ်အနှောင့်အယှက်အညံ့များကို ဇွဲနှင့် ရင်ဆိုင်တင်းတင်းခံ၍ ဆောင်ရွက်နေရာမှ နောက်ဆုံးထူးခြားသော အကြောင်းတစ်ခုပေါ်ပြီး အလွန်အောင်မြင်သွားပေလိမ့်မည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်ရမည်။ ခက်ခဲသည့်ပြဿနာများ ဖြေရှင်းအောင်မြင်မည်။ အမျိုးသမီး မိတ်ဆွေတစ်ဦးထံမှအကူအညီရမည်။



**LIBRA** တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လုပ်သမျှ အဆင်ပြေမည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ အလုံးစုံအောင်မြင်ခါနီးများစွာသော အနှောင့်အယှက်များ ရင်ဆိုင်ဖြေရှင်းရမည်။ ပြီးမှလိုရာပြည့်မည်။ တစ်ယောက်တည်း ကြိုးစားပမ်းစား ဆောင်ရွက်ကြံစည်ထားသည့် ကိစ္စများမှ အကျိုးကောင်းရရှိ ခံစားရမည်။ မိတ်ဆွေအကြီးအကဲ အကူအညီရမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများပြန်လည် စတင်နိုင်မည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။



**SCORPIO** ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလွန်သတိရှိရမည်။ ပြဿနာအခက်အခဲ တစ်မျိုးပြီးတစ်မျိုး ရင်ဆိုင်ရမည်။ စိတ်အနှောင့်အယှက်များမည်။ မိမိစိတ်ကူးသည်က တစ်မျိုး၊ လက်တွေ့တစ်မျိုးကြုံမည်။ တဇွတ်ထိုးစိတ်မြန် လက်မြန်လုပ်ခြင်းလျှော့ပါ။ ပုံမှန်တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျလုပ်ကာမှ တော်ရုံကျမည်။ ကိုယ့်အပေါ် စေတနာနှင့် သတိပေးသူများ၊ အကြံပေးသောသူများ စကားနားဝင်ခြင်း မရှိဘဲ ထင်ရာစိုင်းခြင်းကြောင့် အမှားများ ကြုံတွေ့ရတတ်သည်။




**SAGITTARUS** ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသော ကာလဖြစ်သည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ကာလအတန်ကြာပိတ်နေသော လမ်းကြောင်းပြန်ပွင့်မည်။ ကိုယ်ပိုင်အစွမ်းအစကို အသုံးပြု၍ ထူးခြားထင်ရှားမှုများ ဆောင်ရွက်နိုင်မည်။ အညံ့မှန်သမျှ ကင်းစင်၍ ကောင်းခြင်းအဖြာဖြာကြုံတွေ့ရမည့် ကာလဖြစ်သည်။ လုပ်ငန်းတိုးတက်မည်။ ကြံစည်သမျှ အောင်မြင်မည်။ အခက်အခဲမှန်သမျှ ကျော်လွှားနိုင်မည်။



**CAPRICORN** မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

တိုးတက်ကာနီးကြုံတွေ့သည့် ရန်မနာလိုမှုများ ထိပ်တိုက်ရင်ဆိုင်ရမည့် ကာလဖြစ်သည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်း အလုပ်ကိစ္စများအတွက် ပြောဆိုဆွေးနွေးထားသည်များ ဤရက်အတွင်း အဆင်ပြေမည်။ အကြံအစည် အောင်မြင်မည်။ ကြိုးစားမှု၏ ရလဒ်များ ရရှိခံစားရမည်။ ကိုယ်နှင့်တိုက်ရိုက်မသက်ဆိုင်သော ကိစ္စများတွင် ပါဝင်နေရမည်။ အမည်အတွင်း(အ၊ဥ၊ သ၊ ဟ)ပါသူအား ကူညီမိ၍ အမှားနှင့်ကြုံတွေ့ရမည်။



**AQUARIUS** ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


အလုံးစုံအောင်မြင်မည်။ ငွေဝင်မည်။ စိတ်ရှုပ်ထွေးစရာများ၊ အာရုံနောက်စရာများမှာ ကင်းဝေးလွတ်မြောက်မည်။ မြှုပ်နှံထားသည့် ငွေများမှ အကျိုးအမြတ်ကောင်းစွာ ရရှိမည်။ အရောင်းအဝယ်ကိစ္စ၊ စီးပွားရေးရာကိစ္စများ စနစ်တကျဆောင်ရွက်သင့်သော ကာလဖြစ်သည်။ ပေါ်လာသည့် အခွင့်အလမ်းများကို လက်ခံ၍ စနစ်တကျရှေ့တိုး ဆောင်ရွက်ပါ။ ထူးခြားစွာအဆင်ပြေမည်။ မှန်သည်ထင်သည့်ကိစ္စအပေါ် လုပ်ဆောင်ပါ။



**PISCES** မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အလွန်သတိရှိရမည်။ အခက်အခဲများမည်။ အတားအဆီး အတိုက်အခံများမည်။ ရည်မှန်းသည်တစ်မျိုး၊ လက်တွေ့တစ်မျိုး အလုံးစုံ အံချော်မည်။ စကားမတည်သူများနှင့် တွေ့တတ်သည်။ ရန်အတိုက်အခံ ဖြစ်နေသည်များကို ကြားဝင်ဖြေရှင်းခြင်း မပြုရ။ စေတနာ၊ ဝေဒနာဖြစ်တတ်သည်။ လုပ်ကိုင်သမျှ ကိစ္စအဝဝကို တစ်ကြိမ်မက ဆုံးဖြတ်ပြီးမှ ဆောင်ရွက်ပါ။ ဆုံးဖြတ်ပြီးသည့်အခါတွင်လည်း ပြန်လည် ပြင်ဆင်ခြင်း မပြုပါနှင့်။

# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၆၇)




## အလျားလိုက်

၃။ ဆီးဂိမ်းကာလ မျှော်မှန်းသလောက် ဝင်မလာသူများ
၄။ တစ်ဆင့်ခံဆေးလိပ်ငွေ့
၈။ မပျက်စီးသေးသော ယဉ်ကျေးမှုကို စွန့်စားထိတွေ့သူ
၉။ ကျိန္တလီတွင် တည်ထောင်မည့်အရာ
၁၁။ ကြက်ခြေနီလုပ်ငန်းဖွံ့ဖြိုးရေး ကန်နှင့်မြန်မာ ပူးပေါင်းလုပ်မည့်မြို့တစ်မြို့
၁၂။ နိုင်ငံတော်ဧည့်ဂေဟာအတွင်း ဖွင့်လှစ်သော ဟိုတယ်တစ်လုံး


## ဒေါင်လိုက်

၁။ မြန်မာလုပ်သားများ တရားမဝင် သွားရောက်သော နိုင်ငံတစ်နိုင်ငံ
၂။ အင်ဒိုနီးရှားရှိ လူပ်ရှားမှုအများဆုံးမီးတောင်
၅။ ရွှေတြိဂံ၏မြို့တော်ဟု တင်စား ခေါ်ဝေါ်သောမြို့
၆။ ဥရောပတွင် အရေးပါသော မြစ်တစ်စင်း
၇။ မှတ်ဉာဏ်ကျဆင်းမှုကို နှေးကွေး စေသောအရာ
၁၀။ နှင်းမုန်တိုင်းဒဏ် ပြင်းထန်စွာခံစားရသော နိုင်ငံတစ်နိုင်ငံ

Smart Dictionary ကံထူးသူ
၁။ ဦးအောင်စိုး၊ ၉/မရန(နိုင်)၀၃၉၂၉၀ ၁၁ လမ်း၊ မြို့သစ်ရပ်၊ မုံရွာမြို့။

ကျန်အဖြေမှန်သူများ
၂။ ရီရီချို၊ ၁၂/မဂတ(နိုင်)၀၁၂၆၉၃

### ပဟေဠိ အမှတ်စဉ်(၂၆၆)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည် ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများ မှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေး မှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၇-၁-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

### ခရုအိမ်

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

### ရောင်းမည်

ရပ်ကွက်(၁၂)၊ အောင်သစ္စာတိုးချဲ့၊ အမှတ်(၁၂၉၂)၊ ပေ(၇၀×၇၀)၊ လားရှိုး၊ ညှိနှိုင်းဈေး၊ ပိုင်ရှင်ကိုယ်တိုင်။

ဖုန်း-၀၉-၅၁၅၀၆၉၁

### အမြန်ရောင်းမည်

ပေ(၂၀×၆၀)၊ မြေကွက်၊ သရက်လမ်း၊(၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

ဖုန်း-၀၉-၄၉၂၈၃၀၁၀

### အမြန်ရောင်းမည်

တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ မြေတိုင်းအမှတ်-၃-စီ(၃)၊ မြေကွက်အမှတ်(၃၁၉)၊ ပေ(၂၅×၅၅)၊ ရောင်းဈေး- ကျပ်သိန်း(၁,၇၀၀)။

ဖုန်း-၀၉-၇၃၀၀၆၃၇၆

### Home Visit Teaching

LCCI Level I, II & III, MYOB.

Teacher-Ma Ei PH: 09 5200974

### IGCSE

Foreign & Local Teacher IGCSE/ GCE 'O'(all subjects),BCA,SAT, IELTS, TOEFL, Maths Courses, English Courses, Grammar.

PH: 09 5139298

### သင်ကြားပေးသည်

Int'l School (Primary & Secondary Levels)(All Subjects)(AEIS,PSLE, IELTS,TOEFL,SAT)

Teacher Bryan M.E

PH: 09 420070692

### သင်္ချာသီးသန့်

၅၊ ၆၊ ၇၊၈၊၉၊၁၀တန်းများအတွက် သင်္ချာသီးသန့်အထူးသင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၃၁၅၃၆၃၄

### သင်ကြားပေးသည်

မူလတန်း(ဘာသာစုံ) သင်၊ လေ့ကျင့် အလယ်တန်း(ကျက်စာ) လေ့ကျင့်ပေးပါသည်။

ဖုန်း- ၀၁ ၅၄၂၃၉၇

### ရောင်းမည်

ကျောက်မြောင်းနေရာကောင်း စားသောက်ဆိုင်ရောင်းမည်။

ဖုန်း-၀၉ ၄၂၀၁၀၂၉၀၇

### ရောင်းမည်

Hijet (pick up) 2005,power,ac,manual, ၆၁ သိန်း။

ဖုန်း-၀၉ ၇၃၁၅၂၉၀၅

### ရောင်းမည်

နှစ်၆၀ ကျော်ခန့်က ထုတ်ဝေခဲ့သောဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်နှင့် နှစ်၈၀ခန့်က ထုတ်ဝေခဲ့သောရှားပါးရှိတ်စပီးယားပြဇာတ်စာအုပ်ရောင်းမည်။

ဖုန်း-၀၉ ၄၄၈၀၁၁၈၆၁

### အကျိုးတူ

ရန်ကင်းပေ(၁၂၀×၉၀)ရှိသောမြေကွက်တွင် အခန်းပေးအခန်းယူ ကွန်ဒိုဆောက်လိုသည်။ ဆောက်လုပ်ရေး ကုမ္ပဏီများ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ဝယ်လိုပါသည်

သင့်တင့်သော နေရာတွင်ရှိသော သိန်း (၃၅၀)ဝန်းကျင်(အိမ်+မြေ)၊ ဝယ်လိုပါလျှင် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်နိုင်ပါသည်။ (အကျိုးဆောင်များနှင့်လည်း အကျိုးတူဆောင်ရွက်ပါသည်)

ဖုန်း-၀၉ ၄၄၄၀၁၃၄၂၈

### ရောင်းမည်

ဂရန် (၉၀×၁၀၀)+(၂၀×၂၀)၊ သုဝဏ္ဏလမ်းဆုံနား၊ ရွှေနားပန်မှတ်တိုင်ဂုတ်ခြံ၊ ကိုယ်ပိုင်လမ်း၊ အထပ်မြင့်ကွန်ဒိုဆောက်နိုင်။ သိန်း (၁၃၀၀၀)။

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၅၁၅၉၉၀၁

### ငှားမည်

စီးပွားရေးလုပ်ရန်ကောင်းသော နေရာအမြန်ငှားမည်။ ဝေဇယန္တာလမ်းမပေါ် ပေ (၄၀×၆၀)၊ 2RC။ သိန်း (၆၅)သိန်း။

ဖုန်း-၀၉ ၄၂၀၁၀၀၀၇၄

### သင်ကြားပေးသည်

Chemistry Classes for Int'l School (sec -Levels),IGCSE. Cambridge Int'l AS & A Level & SAT-2

PH: 09 5005470

### သင်ကြားပေးသည်

၉၊ ၁၀ တန်း အင်္ဂလိပ်စာ(သီးသန့်) ဝိုင်းလာရောက်သင်ကြားပေးသည်။ Essay & Letter ကိုယ်ပိုင်ရေးတတ်အောင် သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၀၃၁၇၉၅၄

### Study Guide

၅ တန်းမှ ၉ တန်းအထိ ဘာသာစုံ၊ တစ်ဘာသာချင်း အိမ်အရောက်သင်ကြားပေးသည်။

ဖုန်း-၀၉-၇၃၁၄၇၁၄၉

### ရောင်းမည်

တ/ဥ(၁၂)ရပ်ကွက်၊ မိဂသီ(၂၁)လမ်း၊ အမှတ် (၂၉၃/က)၊ ပေ (၂၀×၆၀)၊ နှစ် ၆၀ ဂရန်၊ 2BN မီတာ နှစ်လုံး၊ ရေမီးစုံ၊ အရှေ့လှည့်၊ သိန်း (၁၂၉၀)။

ဖုန်း-၀၉ ၅၁၁၀၉၉၅

### ရောင်းမည်

လားရှိုးမြို့၊ ရပ်ကွက် ၁၂ အောင်သစ္စာတိုးချဲ့၊ အမှတ် (၁၂၉၂)၊ ပေ (၇၀×၇၀)၊ ညှိနှိုင်းဈေး။

ဖုန်း-၀၉ ၅၁၅၀၆၉၁

### Construction ဝန်ဆောင်မှု

ရွှေမြေ အိမ်ခြံမြေလုပ်ငန်းစုမှ တိုက်ခန်း၊ ကွန်ဒိုဆောက်လုပ်လိုသော (မြေရှင်)များဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

### လဲမည်

ပြင်ဦးလွင်(အနီးစခန်း) ရွာမြေပေ(၆၀×၅၀)၊ မြေကွက်နှင့် ရန်ကုန်တိုက်ခန်းလဲမည်။

ဖုန်း-၀၉ ၄၀၂၅၇၀၆၉၁

### ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ခရိုင်ချင်းဆက်လမ်းမပေါ် ရှိဥယျာဉ်ခြံမြေ ၄၆. ၀၀ ဧက တစ်ဆက်စပ်တည်းရောင်းမည်။

ဖုန်း-၀၉ ၄၂၃၆၆၁၉၃၇

### ညှိနှိုင်းဈေးဖြင့် ရောင်းမည်

လှိုင်သာယာမီးခွက်ဈေး၊ မင်္ဂလာ/သင်တန်းခန်းမ၊ ဖုန်းစင်တာ ဖွင့်နိုင်သော ဈေးလမ်းမကြီး ပေ (၂၇×၆၀)၊ ရှိထောင့်ကွက်၊ ရေမီးစုံ၊ အိမ်ခြံမြေ သိန်း(၁၅၀၀)။

ဖုန်း-၀၉ ၂၅၆၂၀၈၉၅၂

### ရောင်းမည်

နေပြည်တော် ဟိုတယ်ဇုန် (၃)အနီး၊ ပါမစ်မြေ ငါးဧက၊ တစ်ဧက-၁၇၀၀။

ဖုန်း-၀၉ ၇၃၀၈၇၆၈၇

### ရှေးဟောင်းဓာတ်ပုံများရမည်

၂၀၁၄ ပြက္ခဒိန်နှင့် ပိုစတာများအတွက် ရန်ကုန်၊မန္တလေးနှင့် ပုဂံရှုခင်းပုံ အဖြူအမည်း ရှေးဟောင်းဓာတ်ပုံများရရှိနိုင်သည်။ ဖုန်း- ၀၉ ၄၂၁၁၄၇၅၉

### အိမ်လိုက်သင်သည်

Web Developing အိမ်လိုက်သင်သည်။

ဖုန်း-၀၉-၄၃၁၃၃၈၁၆

### အောင်ဘာသာပြန်အဖွဲ့

စီးပွားရေးလုပ်ငန်းသုံး၊ ဥပဒေ၊ စာပေ အနုပညာ၊ ကြေညာစာနှင့် ရုပ်ရှင်ဗီဒီယိုဖိုင်များ၊ အသံသွင်းတိတ်ခွေများစသည် ဘာသာပြန်ခြင်းအမျိုးမျိုးကို တိကျစွာ ဘာသာပြန်ဆိုပေးပါသည်။

ဖုန်း- ၀၉ ၇၃၂၁၁၉၀၇

### ငှားမည်

မရမ်းကုန်းမြို့နယ်အတွင်းရှိShowroom ဖွင့်ရန် လမ်းမတန်းလုံးချင်းအိမ်အမြန်ငှားလိုသည်။

ဖုန်း-၀၉ ၇၃၂၃၈၄၃၃

### ငှားမည်

မြေနီကုန်း၊ အနီးတစ်ဝိုက်တွင် ရုံးခန်းဖွင့်ရန်အတွက် တိုက်ခန်းကျယ်များအမြန်ငှားလိုသည်။

ဖုန်း-၀၉ ၄၂၁၁၀၀၉၉၇

### ကားမောင်းသင်တန်း

Auto ဂီယာကားဖြင့် ယာဉ်မောင်းလေ့ကျင့်လိုသူများဆက်သွယ်ပါ။

ဖုန်း-၀၉ ၄၅၀၀၄၄၅၇၀

### G'Wench ဖက်ရှင် ဒီဇိုင်းသင်တန်း

ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်လာစေရန် တိကျသော စင်တီမီတာနည်းဖြင့် တစ်ဦးချင်းအတတ်သင်ကြားပေးပါသည်။

Designer-Thet Hnin Dar

PH:09 73225134

### ရောင်းမည်

တောင်ဒဂုံ၊ လေးထောင့်ကန်၊ မိန်းလမ်း (၂) ခုထောင့်ကွက် ဈေး၊ ကျောင်း၊ ကားဂိတ်ရှိ၊ လူနေရပ်ကွက်၊ ရေမီးပါ။ 1BN၊ ပါမစ်ပါ(၆၀×၆၀)၊(၈၀×၇၀)၊ ခြံခတ်ထား။ သိန်း (၂၉၅)။

ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

### ရောင်းမည်

တ/ဒဂုံ၊ လေးထောင့်ကန်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမပေါ်၊ ဈေး၊ ကျောင်း၊ ကားဂိတ်နှင့်လူနေရပ်ကွက်တွင်ပေ(၆၀×၆၀)၊ ပါမစ်မြေအားရောင်းမည်။ ဈေးနှုန်း-370L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

### ရောင်းမည်

ရန်ကုန်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ အောင်မြင်လမ်း၊ ခြံအမှတ် (၅၇)၊ ပေ (၂၅×၆၀)။

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၁ ၅၁၉၄၇၆

### ရောင်းမည်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ဂုံညင်းနီတောအနောက် ဦးပိုင်အမှတ် (၁၅) ပေ (၈၀×၁၅၀)။

ဖုန်း-၀၁ ၅၁၉၄၇၆

# Article

7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့ သက်ခိုင် (၂)

"နောက်ဆုံးတော့ ရဲဟာ ရဲပါပဲဗျာ။ အဲဒီထောက်လိုင်ခပ်နဲ့ပဲ ဘတ်နှစ်သောင်းနဲ့ ညှိနှိုင်းပြေလည်လွတ်မြောက်လေသတည်းဆိုပါစို့။ ကျွန်တော့်ရဲ့ထီးဟန်နန်းဟန်ဆန်ချင်မှုကြောင့် ထော်လော်ကန့်လန့်ဖြစ်ရတဲ့ စကားပြန်အတွေ့အကြုံတစ်ခုလည်းရှိသေးတယ်ဗျ။ ကျွန်တော့်ရဲ့ဆက်ဆံရေးအသိုင်းအဝိုင်းဟာ ဖူးခက်မှာ တစ်စတစ်စ ကျယ်ပြန့်လာလိုက်တာ ဖူးခက်ရဲ့မြို့တော်ဝန် မစ္စတာထရီးဟာ ကျွန်တော့်အိမ်ကိုလာလည်တဲ့အဆင့်ရောက်လာသဗျ။

"မစ္စတာထရီးဟာ အမေရိကန်နိုင်ငံ မစ္စစ္စပီတက္ကသိုလ်ကနေ မဟာဘွဲ့ရလာပေမယ့် အလေ့အကျင့်မရှိလို့လားမဆိုနိုင်ဘူး။ သိုးဆောင်းဘာသာနဲ့ စကားပြောရာမှာတော့ အတော့်ညံ့တယ်ဗျာ။ မြို့တော်ဝန်ကျွန်တော့်အိမ်လာလည်တာက မြန်မာပြည်မှာထုလုပ်တဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သူ့အိမ်မှာကိုးကွယ်ချင်တဲ့ကိစ္စဗျ။ သူ့ အပြောအရတော့ ဆင်းတုတော်ချင်းတူရင်တောင်ဗမာဘုရားက ရာထူးတိုးအောင်၊ ကျန်းမာအောင်၊ စီးပွားလာဘ်လာဘရွှင်အောင် ပိုစွမ်းနိုင်သတဲ့။ ထိုင်းလူမျိုး အတော်များများဟာဂမ္ဘီရဆန်ဆန် အင်းအိုင်ခလှဲ့လက်ဖွဲ့အဆောင်တွေကို စိတ်ဝင်စားတတ်ကြသဗျ။ မြို့တော်ဝန်ဟာ သူ့ရဲ့အိမ်စီးကားလေးနဲ့ကျွန်တော့်အိမ်ကို မနက်ဆယ် နာရီလောက်မှာ မထင်မရှား ပေါက်ချလာတာမို့ ကျွန်တာ်နဲ့ ခင်မင်ရင်းနှီးနေတဲ့ ထားဝယ်အလုပ်သမားလေးတစ်ယောက်ကို စကားပြန်လုပ်ပေးဖို့ အကူညီတောင်းရတာပေ့ါ။ ထားဝယ်အလုပ်သမားလေးရဲ့သူ့ကိုယ်သူအမွှမ်းတင်ချက်အရ သူဟာ ထိုင်းမှာအနှစ် နှစ်ဆယ်နီးပါးနေခဲ့တာမို့ ထိုင်းစကားကို မွှတ်နေအောင်ပြောတတ်ဆိုပဲ။

"ကျွန်တော်က ထားဝယ်လေးကို သေချာမှာထားရတယ်။ "အခုရောက်နေတာ ဖူးခက်မြို့တော်ဝန်နော်။ ရိုရိုသေသေ လေးလေးစားစားဆက်ဆံပါ။ ဘာသာပြန်ပါ"ဆိုတော့ရပါတယ် အန်ကယ်ရာတဲ့ဗျာ။ ဒါဆိုလည်း "မြို့တော်ဝန်ကြီးအထဲကိုကြွပါခင်ဗျာ။ တည်ခင်းထားတဲ့အစားအသောက်တွေကို သုံးဆောင်ပါခင်ဗျာ"လို့ ဖိတ်မန္တကပြုပေတော့ကွာလို့လည်း စကားပြန်လုပ်ခိုင်းလိုက်ရော မဟာပညာကျော်ဖိတ်ခေါ်လိုက်ပုံက-

"ဖိခပ်။ မာ မာ မာ ကင်ခပ်၊ ကင်ခပ် (အစ်ကို လာပါ လာပါ။ စားပါ၊ စားပါ)"တဲ့ဗျာ။ ကျွန်တော် ဘယ်လိုမှဘရိတ်အုပ်လို့မမီတော့ပါဘူး။ ကျွန်တော်သူ့ကို အထွန့်တက်ပြန်ရင်လည်း 'ကြွပါ'ဆိုတာ ထိုင်းလို 'မာ၊ မာ( လာ၊လာ)၊ 'သုံး ဆောင်ပါ'ဆိုတာ 'ကင်၊ ကင်ဆိုတာ (စား၊ စား)'ဆိုပြီး သူဖြေရှင်းတော်မူမှာကို ကျွန်တော်သိလိုက်ပါပြီ။ တကယ်တော့ ထိုင်းဘာသာမှာလည်းမြန်မာစကားလိုဒူးနေရာဒူး၊ တော်နေရာတော် ခံ့ခံ့ညားညား ယဉ်ယဉ်ကျေးကျေး သုံးတဲ့ အသုံးအနှုန်းတွေရှိပါတယ်။ ဥပမာ ကြွပါဆိုပါတော့။ ထိုင်းအဆင့်မြင့်စကားနဲ့ 'ချွန်ဝ်ခပ်'၊ သုံးဆောင်ပါဆိုရင်လည်း 'ရပ်ပထန်ခပ်'ဆိုတာမျိုးတွေပေ့ါ။ သေချာစဉ်းစားကြည့်မိပြန်တော့ ဒီကလေးတွေကိုလည်းအပြစ်တင်လို့မဖြစ်ပြန်သေးဘူးဗျ။ သူတို့အဖြစ်က လေးတန်းမအောင်ဘဲ တက္ကသိုလ်ဝင်ခွင့်ဖြေခွင့်ရနေသူတွေနဲ့တူနေတယ်။ ဗမာရွှေ့ပြောင်းအလုပ်သမားအများစုဟာ ပညာရေးအခြေခံလည်း ဟုတ်ဟုတ်ညားညားမရှိရှာကြဘူး။ ရန်ကုန်မြို့တောင်မရောက်ဖူးတဲ့ ရွှေကိုယ်တော်များဟာ ဖူးခက်လိုခေတ်မီခရီးသွားမြို့ကြီးမှာ အထိုက်အလျောက်လစာဝင်ငွေလေးနဲ့ကိုယ့်ကိုယ်ကိုယ်ကျမ်းကြီးပေါက် လူလည်စာရင်းသွင်းလိုက်ကြပြီး မိုဘိုင်းဖုန်းကိုယ်စီနဲ့ ကိုဖိုးသိ၊ ဒေါ်တတ်ပတွေဖြစ်ကုန်ပါရောဗျာ။ သူတို့ဟာ သူတို့လုပ်ကိုင်နေတဲ့ ပတ်ဝန်းကျင်ကျဉ်းကျဉ်းလေးထဲမှာ အရာရောက်နေကြပြီးကျယ်ဝန်းလှတဲ့လောကကြီးနဲ့ အဆက်ပြတ်နေကြဟန်တူပါရဲ့။ ဖူးခက်မှာအနှစ်နှစ်ဆယ်နီးပါးနေသားကျပြီး ဟင်းသီးဟင်းရွက်ဒိုင်တစ်ခုမှာ သူဌေးလူယုံလိုဖြစ်နေတဲ့ ထားဝယ်မလေးတစ်ယောက်ဟာ ထိုင်းစကားကို ထိုင်းလူမျိုးလို့ထင်ရအောင်တော့ ပြောတတ်ပါရဲ့။ ဒါပေမဲ့ "စိန်နဲ့ပတ္တမြားကို ထိုင်းလိုဘယ်လိုခေါ်သတုံး"လို့စကားမစပ်မေးမိတော့ခမျာမသိရှာဘူးဗျာ။

"ဗျာ။ ကျွန်တော်ကြုံခဲ့ရတဲ့ ဒုက္ခဒါတင်ပဲလား။ ဟုတ်လား။ အမလေး၊ အခုမှနိဒါန်းချီတုန်းဗျ။ ရုပ်ရှင်ဇာတ်ကားကြီးမပြခင် နမူနာအနေနဲ့ ထွေလာထိုးပြတဲ့ အပိုင်းတိုလေးတစ်ပိုင်းဆိုပါတော့။ ပြောပါ့မယ်ဗျာ။ ခင်ဗျားနှယ် လောချက်။

စာမျက်နှာ(၂၆)မှ

## အမှတ်မရှိသည့် အသည်းပိုင်ရှင်များ

ဤဖြစ်ရပ်ကြောင့် စစ်အေးကာလအတွင်း အမေရိကန်နှင့် ဆိုဗီယက်ဆက်ဆံရေးမှာ အလွန်တင်းမာသော အနေအထားသို့ ရောက်ရှိနေချိန်ဖြစ်ခြင်း

(၆) ၁၉၇၀ ပြည့်နှစ်၌ ဆိုးလ်မြို့အမျိုးသားသုသာန်တွင် တောင်ကိုရီးယားနိုင်ငံသမ္မတ ပတ်ချုံဟီးအားပန်းခွေချမည့်အချိန်၌ အဝေးထိန်းခလုတ်ဖြင့် ဗုံးဖောက်ခွဲလုပ်ကြံရန် စီစဉ်ခဲ့ဖူးပြီး အာဇာနည်ကုန်းဖောက်ခွဲမှုကဲ့သို့ပင် နေရာရွေးချယ်မှု၊ အသုံးပြုသော ဗုံးနှင့်လုပ်နည်းလုပ်ဟန်များ ထပ်တူထပ်မျှတူညီနေရာ ယခင်အတွေ့အကြုံအရ ပုံစံတူထပ်မံဖြစ်ပေါ်လာနိုင်သော အလားအလာကို ထည့်သွင်းစဉ်းစားမှုမရှိခဲ့ခြင်း

(၇) မြန်မာနိုင်ငံခရီးစဉ်ကို စီစဉ်ရေးဆွဲသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ထောက်ခံသူများသည် ခရီးစဉ်ရေးဆွဲပြီးသည်နှင့် ပြန်လည်၍ဘက်ပေါင်းစုံမှ ခြုံငုံသုံးသပ်မှုကင်းမဲ့ခဲ့ပြီး အလွန်အကျုံ့စွန့်စားသော လုပ်ရပ်တစ်ခုအဖြစ် အကောင်အထည်ဖော်ခဲ့ကြခြင်း။

ဗုံးပေါက်ကွဲမှုသည် "မှားယွင်းသောနေရာ" (Wrong place)၌ ဖြစ်ပွားခဲ့သည်ဟူသော မစ္စတာပတ်ချွန်စုတ်၏ ထောက်ပြချက်ကို စာရေးသူက အကြွင်းမဲ့သဘောတူညီပါသည်။ သူဆိုလိုသည့် မှားယွင်းသောနေရာဟူသည်မှာ မြန်မာနိုင်ငံသည် ထိုစဉ်က ဆိုရှယ်လစ်နိုင်ငံဖြစ်ရုံမျှမက တောင်ကိုရီးယားနိုင်ငံနှင့် သံခင်းတမန်ခင်း ဆက်ဆံမှုအလွန်ကျဲသော နိုင်ငံဖြစ်ခြင်းကြောင့် ခရီးစဉ်ရွေးချယ်မှု မှားယွင်းသောနေရာဖြစ်ကြောင်းကို ဆိုလိုပေသည်။ သို့သော် စာရေးသူ၏ အမြင်အရ အာဇာနည်ကုန်းသည် မြတ်ဗုဒ္ဓ၏ ဆံတော်အစစ်အမှန်ကိန်းအောင်းရာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏အရိပ်ကို ခိုလှုံသော နေရာဖြစ်၍ ဤကဲ့သို့သော နေရာမျိုးတွင် အကြမ်းဖက်မှုကျူးလွန်ရန် ရွေးချယ်ခြင်းသည် မြောက်ကိုရီးယားကွန်မြူနစ်များ၏ အကြီးအကျယ်မှားယွင်းမိုက်မဲမှုဟု ဆိုလိုပေသည်။

ထို့ကြောင့်လည်း သူတို့၏ အကြံအစည်များအလွဲလွဲအချော်ချော်ဖြစ်ပြီး သမ္မတချန်ဒူးဝမ်သည် အသက်ဘေးမှ သီသီလေးလွတ်မြောက်ခဲ့ရပေသည်။ အတူလိုက်ပါမည့် မြန်မာနိုင်ငံမှအကြီးအကဲများလည်း အလားတူလွတ်မြောက်ခဲ့၏။ ဤအကျိုးဆက်မှာ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးကြောင့်ဟု စာရေးသူက အလေးအနက်ယုံကြည်၏။ အစီအစဉ်လွဲချော်ပုံများမှာလည်း မယုံနိုင်လောက်အောင်ပင် ထူးခြားဆန်းကြယ်လှကြောင်း တွေ့ရှိရ၏။ မူလအစီအစဉ်အရ သမ္မတချန်ဒူးဝမ်က လွမ်းသူ့ပန်းခွေချမည့်အချိန်မှာ နံနက် ၁၀ နာရီ ၁၅ မိနစ်ဖြစ်၏။ နိုင်ငံခြားရေးဝန်ကြီး ဦးချစ်လှိုင်သည် သမ္မတချန်ဒူးဝမ်တည်းခိုရာ အစိုးရဧည့်ဂေဟာသို့ ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိရန်ဖြစ်ပြီး ၁၀ နာရီ ၂၀ မိနစ်တွင် ဧည့်သည်တော်သမ္မတနှင့်အတူ အာဇာနည်ကုန်းသို့ ထွက်ခွာရန်ဖြစ်၏။ သို့ရာတွင် ဦးချစ်လှိုင်သည် အစိုးရဧည့်ဂေဟာသို့ လေးမိနစ်တိတိနောက်ကျပြီး ၁၀ နာရီ ၁၉ မိနစ်မှ ရောက်ရှိလာ၏။ ထိုအခါ အစိုးရဧည့်ဂေဟာရှိ သမ္မတချန်ဒူးဝမ်၏ လုံခြုံရေးအရာရှိများက ဦးချစ်လှိုင်အား စိတ်ကွက်ပြီး ရောက်ရောက်ချင်း သူတို့၏ သမ္မတနှင့် ပေးမတွေ့သေးဘဲ ဟိုလှည့်သည်လှည့်နှင့် နှစ်မိနစ်ခန့်အချိန်ဆွဲညှဉ်းဆဲထား၏။ သို့ဖြစ်၍ ဦးချစ်လှိုင်နောက်ကျခဲ့သည်ကလေးမိနစ်၊ ထပ်မံ၍ တောင်ကိုရီးယားလုံခြုံရေးအရာရှိများက ဦးချစ်လှိုင်ကို ပြန်လည်ပညာပြပြီး အချိန်ဆွဲသည်က နှစ်မိနစ် စုစုပေါင်း ခြောက်မိနစ်နောက်ကျသွားလေတော့၏။ ဤကဲ့သို့ နောက်ကျမှုများက သမ္မတချန်ဒူးဝမ်နှင့် မြန်မာဝန်ကြီးတို့ကို အသက်ဘေးမှ လွတ်မြောက်စေခဲ့ခြင်းဖြစ်၏။ ဘုရားဂုဏ်တော်ကြောင့် နတ်ကောင်းနတ်မြတ်များက မူလအစီအစဉ်ကို ဖယ်လိုက်သည်ဟု မှတ်ယူရပေသည်။ သို့မဟုတ်ပါက မြန်မာ့မြေပေါ်တွင် ဧည့်သည်တော်ပြည်ပသမ္မတတစ်ဦး လုပ်ကြံသတ်ဖြတ်ခံရသည်ဟူသော ရာဇဝင်အလွန်ရိုင်းလှသည့် အဖြစ်ဆိုးကြောင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသားတို့လက်ညှိုးထိုးအပြစ်တင်ခံရမည်မှာ မလွဲဧကန်ဖြစ်တော့၏။

ထပ်မံ၍ လွဲဖယ်သောအချက်မှာ သမ္မတချန်ဒူးဝမ်ရောက်ရှိရမည့် ၁၀ နာရီ ၂၅ မိနစ်အချိန်ကိုက်၍ တောင်ကိုရီးယားနိုင်ငံသံအမတ်ကြီးက သူ၏ မော်တော်ယာဉ်တွင် တောင်ကိုရီးယားနိုင်ငံအလံကိုလွှင့်ပြီး အာဇာနည်ကုန်းသို့ဝင်ရောက်လာရာ မြန်မာနိုင်ငံမှ စစ်သားများက ဧည့်သည်တော်သမ္မတလာပြီအထင်နှင့် ဗျူကယ်မှုတ်၍ ကြိုဆိုလိုက်ကြလေ၏။ ထိုအချိန်တွင် မြောက်ကိုရီးယားငမိုက်သားတို့က အဝေးထိန်းစနစ်ဖြင့် ဗုံးကိုဖောက်ခွဲလိုက်ကြလေတော့၏။ "ဝုန်း" ဟူသောပြင်းထန်လှသည့် မြည်ဟည်းပေါက်ကွဲသံကြီးအောက်တွင် အာဇာနည်ဗိမာန်အဆောက်အအုံများတုန်ခါပြီး ခေါင်မိုးများပွင့်ထွက်ကုန်၏။ တိုင်များ၊ အုတ်ဂူများ၊ ကြမ်းခင်းများ လွင့်စဉ်ကွဲအက်ပဲ့ထွက်ကုန်၏။ မီးခိုးမှုန်များ၊ ယမ်းနံ့များအတွင်း ကြိုတင်နေရာယူထားသော ဧည့်သည်တော် ဒု-ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအပါအဝင် ခရီးစဉ်တွင်လိုက်ပါလာသော အဆင့်မြင့်အရာရှိကြီးများ သွေးအလိမ်းလိမ်းဖြင့် မြေပြင်ပေါ်ပုံလဲကုန်၏။ စာရင်းချုပ်လိုက်သောအခါ ဒုတိယဝန်ကြီးချုပ်နှင့်တကွ နိုင်ငံခြားရေးဝန်ကြီး၊ စီးပွားရေးနှင့်စက်မှုရေးရာဝန်ကြီး၊ စွမ်းအင်သယံဇာတဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာကိုရီးယားနိုင်ငံ သံအမတ်ကြီး၊ သမ္မတ၏ စီးပွားရေးရာအတွင်းဝန်နှင့် ဒုတိယဝန်ကြီးများအပါအဝင် စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ကြပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့၏။ မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်လေးဦးသေဆုံး၍ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြသဖြင့် အလွန်ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှ၏။

အမှန်အားဖြင့် မြောက်ကိုရီးယားတို့သည် အင်အားပြင်းသော (clay more type) ဗုံးနှစ်လုံးနှင့် မီးလောင်ဗုံးတစ်လုံးကို ဗိုလ်ချုပ်အောင်ဆန်းဂူတည်ရှိရာ အာဇာနည်ဗိမာန်၏ မျက်နှာကြက်တွင် တပ်ဆင်ထားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနက် ဗုံးတစ်လုံးသာလျှင် ပေါက်ကွဲခဲ့ခြင်းဖြစ်၏။ ကျန်ဗုံးတစ်လုံးနှင့် မီးလောင်ဗုံးမှာ လုံးဝပေါက်ကွဲခြင်းမရှိခဲ့ပေ။ ဤသည်မှာ တတိယလွဲချော်မှုဖြစ်၏။ အကယ်၍ ဗုံးအားလုံးသာပေါက်ကွဲခဲ့ပါက ရွှေတိဂုံစေတီတော်ကြီးဝန်းကျင်သာသနိကအဆောက်အအုံများနှင့် ရွှေဂုံတိုင်လမ်းမှ လူနေအိမ်ခြေများပါ အကြီးအကျယ်ထိခိုက်ပျက်စီးမည်မှာ အလွန်သေချာလှ၏။

ခံပြင်းဒေါသဖြစ်နေသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာနိုင်ငံအစိုးရက မြောက်ကိုရီးယားနိုင်ငံသား တရားခံဂျီချူး (Gi-Chol) အား အသေဖမ်းဆီးမိခဲ့၏။ ထို့နောက် ဇင်မို (Zim Mo)နှင့် ကန်မင်ချူး (Kang Min-Chol) တို့ကို အရှင်ဖမ်းဆီးမိခဲ့ပြန်၏။ Kang Min-Chol က ၎င်းသည် မြောက်ကိုရီးယားတပ်မတော်မှ အရာရှိတစ်ဦးဖြစ်ကြောင်း ဖွင့်ဟဝန်ခံရုံမျှမက ၎င်းတို့သုံးဦးကို မြောက်ကိုရီးယားတပ်မတော်မှ မြန်မာနိုင်ငံသို့ အကြမ်းဖက်လုပ်ငန်းအတွက် သီးသန့်ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဖြောင့်ချက်ပေးခဲ့၏။ ဇင်မိုသည် ကြိုးပေးခံလိုက်ရပြီး ကန်မင်ချူးမှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခံရ၏။ သို့သော်လည်း အကုသိုလ် ကံအကျိုးပေးကြောင့် ၂၀၀၈ ခုနှစ်တွင်အသည်းကင်ဆာဖြင့် သေဆုံးခဲ့၏။

ဤဖြစ်ရပ်ကြောင့်မြန်မာနိုင်ငံ မ. ဆ. လ အစိုးရသည်မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့၏။ မြောက်ကိုရီးယားအစိုးရက လုံးဝမမှုသည့်အပြင် သူနှင့်မဆိုင်သလိုနေခဲ့၏။ ကမ္ဘာကြီးကိုခြိမ်းခြောက်ရန် နျူကလီးယားစမ်းသပ်မှုများပြုလုပ်၍ စစ်လက်နက်အင်အားချဲ့ထွင်ခဲ့၏။ ယခင်တပ်မတော်အစိုးရလက်ထက်တွင် မြောက်ကိုရီးယားနှင့် သံတမန်အဆက်အသွယ် ပြန်လည်ပြုလုပ်လာခဲ့ကြောင်း တွေ့ရှိရ၏။ ထို့နောက် အမှတ်မရှိသော အသည်းပိုင်ရှင်များက မြောက်ကိုရီးယားနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ခိုးကြောင်ခိုးဝှက်စေလွှတ်ခဲ့လေ၏။ မြောက်ကိုရီးယားနိုင်ငံမှ နည်းပညာဖြင့် နေပြည်တော်နှင့် အခြားနေရာများတွင် ဥမင်လိုဏ်ခေါင်းများတူး၍ မြေလျှိုးနိုင်ရန် စီမံခဲ့ကြောင်းလည်း ကြားသိရ၏။ အဏုမြူထုတ်လုပ်မှုနည်းပညာများကို တပည့်ခံသင်ယူရန် စီစဉ်ခဲ့ကြောင်းနှင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူခဲ့ကြောင်း သတင်းများလည်း ရရှိခဲ့၏။ အဆိုပါလုပ်ရပ်များအပေါ် ပြည်သူတို့က လုံးဝဘဝင်မကျကြောင်း အထူးပြောကြားရန်လိုမည်မထင်ပေ။ အမှတ်မရှိသည့် အသည်းပိုင်ရှင်များ၏ ခိုင်းစေမှုကြောင့် တာဝန်အရဆောင်ရွက်ရသည့် ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးမှာ ဒီမိုကရေစီခေတ်တွင် ဝန်ကြီးအဆင့်ရောက်ပြီးခါမှ တာဝန်မှ ရုပ်သိမ်းခြင်းခံခဲ့ရရှာ၏။ မြောက်ကိုရီးယားမှ စစ်လက်နက်ပစ္စည်းများ ဝယ်ယူခြင်းကြောင့် နာမည်ပျက်စာရင်းဝင်သွား၍ဖြစ်ကြောင်း သိရ၏။ မကြာမီက ဒုတိယဗိုလ်မှူးကြီးတစ်ဦးမှာလည်း အလားတူ လက်ဝင်လျှိုလိုက်ရကြောင်း ကြားသိရပြန်၏။ အမှတ်မရှိသည့် အသည်းပိုင်ရှင်ကုမ္ပဏီနှစ်ခုမှာလည်း မြောက်ကိုရီးယားမှစစ် လက်နက်ပစ္စည်းများ ဝယ်ယူခြင်းကြောင့် နာမည်ပျက်စာရင်းဝင်ဖြစ်ခဲ့ကြပြန်၏။

မြန်မာနိုင်ငံတွင် ဆံတော်ရှင်လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံစေတီရိပ်ကို ခိုလှုံသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဗိမာန်ကို ဖျက်ဆီးပြီး အချုပ်အခြာအာဏာကိုပါ ကျူးလွန်စော်ကားသော မြောက်ကိုရီးယားငမိုက်သားများနှင့် ကျေးဇူးခံကျေးဇူးစားပမာ ရင်းနှီးစွာပေါင်းဖော်၍ ဆက်ဆံရေးမျက်နှာစာကို ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့ကြကုန်သော အမှတ်မရှိသည့် အသည်းပိုင်ရှင်များကို ဘဝတစ်သက်တာတွင်ဘုရားမရိုက်ပါ စေနှင့်ဟု ဆုတောင်းမေတ္တာအခါခါပို့သမိပါကြောင်း. . . . .။

Environment

7 DAY NEWS JOURNAL

Vol.12, No.45 • JANUARY 15 , 2014



ဓာတ်ပုံ - mandalaygazette

# ဥဒေါင်းငှက်ကောင်ရေ စာရင်းအတိအကျ သိရှိရန် BENCA စစ်တမ်းကောက်ယူနေ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်း ရေးနှင့် ကာကွယ်ရေးအသင်း (BANCA) က မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဥဒေါင်းငှက် ကောင်ရေစစ်တမ်းကောက်ယူခဲ့ရာကောင်ရေနှစ်ဆယ်ကျော်သာ ကျန်ရှိတော့သည်ဟု သတင်း ရရှိသည်။

ဥဒေါင်းငှက်သည် မျိုးသုဉ်းသွားမည်ကို စိုးရိမ်နေရသောမျိုးစိတ်စာရင်းတွင်ပါရှိနေပြီး မြန်မာနိုင်ငံ၌ ကောင်ရေအတိအကျသိရှိစေရန် ၂၀၁၃ ပြေီတွင်အလယ်ပိုင်းဒေသများ၌ စတင်စာရင်းကောက်ယူခဲ့ရာ ကောင်ရေ ၂၀ ကျော်သာကျန်ရှိသည်ကိုတွေ့ရှိခဲ့ကြောင်း BANCA မှဒေါ်သီရိဒေဝီအောင်ကပြောသည်။

"၂၀၁၃ မှာ Small Grant ပဲ ရတဲ့အတွက် အလယ်ပိုင်းဒေသတွေမှာပဲ စစ်တမ်းကောက်တာကို လုပ်နိုင်သေးတယ်။ Grant ရရင် ထပ်လုပ်ဖို့ရှိတယ်"ဟု ဒေါ်သီရိဒေဝီအောင်ကပြောသည်။

လက်ရှိတွင်လည်း ဥဒေါင်းငှက်ကို ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၌စစ်တမ်းကောက်ယူနေပြီး အလယ်ပိုင်းဒေသတွင် ကောက်ယူထားသည့်ကောင်ရေနှင့် ရှမ်းမြောက်တွင်ရရှိသည့် ကောင်ရေကို ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်ရေးများ လုပ်ဆောင်သွားမည်ဟုဆိုသည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင်လည်း ဥဒေါင်းငှက်များရှိသည်ဟု ဒေသခံများကသတင်းပေးသဖြင့် အဆိုပါပြည်နယ်တွင်ဥဒေါင်းငှက်ကောင်ရေကိုစစ်တမ်းကောက်ယူမည်ဟုသိရသည်။

ဥဒေါင်းငှက်သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ ၁၀ နိုင်ငံတွင်သာတွေ့ရှိရပြီး ငှက်အကောင်ရေကိုလိုက်၍ နှစ်ပေါင်းနှစ်ဆယ်အတွင်းမျိုး သုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်မှ မျိုးသုဉ်းလုနီးပါး မျိုးစိတ်၊ ထိုမှတစ်ဖန် မျိုးသုဉ်းရန် စိုးရိမ်နေရသောမျိုးစိတ်အထိ နှစ်အနည်းငယ်အတွင်း ပြောင်းလဲသွားခဲ့ကြောင်း သိရသည်။

# ဝါးချစ်သူများအသင်း ဇန်နဝါရီ ၁၁ ရက်တွင် ဖွဲ့စည်း

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ပြည်တွင်းဖြစ်ဝါးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များပါဝင်သည့် ဝါးချစ်သူများအသင်းကို ဇန်နဝါရီ ၁၁ ရက်တွင် ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

ဝါးနှင့်ပတ်သက်သည့်ထုတ်ကုန်များဖြင့် အိမ်နီးချင်းနိုင်ငံများ ဝင်ငွေအမြောက်အမြားရရှိနေချိန်တွင် မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဝါးပင်များ ပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်သော်လည်း ဝါးနှင့် ပတ်သက်သည့် ထုတ်ကုန်များတင်ပို့နိုင်ခြင်းမရှိသေးဟုဆိုသည်။

ထို့အပြင်မြန်မာနိုင်ငံတွင် ဝါးပင်များကို အလွန်အကျွံခုတ်ယူသုံးစွဲမှုများကြောင့်ဝါးပင်များပြုန်းတီးလျက်ရှိပြီး အရည်အသွေးကောင်းမွန်သည့် ဝါးပင်များရရှိရန်ခဲယဉ်းသွားသည်ဟု ဝါးချစ်သူများအသင်းမှ ဒေါက်တာစန်းဝင်းကပြောသည်။

ဝါးချစ်သူများအသင်းမှစနစ်တကျဝါးစိုက်ပျိုးမှုပြုလုပ်မည်ဖြစ်ပြီး ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လည်း လုပ်ဆောင်မည်ဟုသိရသည်။

"အဘိုးလက်ထက်တုန်းကဓားမတိုတစ်ချောင်းနဲ့ဝါးခုတ်သွားရင် ထမင်းစားချိန်ပြန်ရောက်တယ်။ အဖေ့လက်ထက်ကျတော့ နေညိုမှပြန်ရောက်တယ်။ သားသမီးအလှည့်ကျတော့ ဝါးတစ်လှည့်ရဖို့ သုံးညအိပ်လုပ်ရတယ်။ ဝါးထွက်တဲ့ပေါက်ခေါင်းတို့၊ သာယာဝတီတို့မှာလည်း ဝါးထွက်နှုန်းနည်းပြီး အပြင်ကနေဝယ်သုံးနေရတယ်"ဟုမြန်မာအစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ဝါးချစ်သူများအသင်းဖွဲ့စည်းခြင်းနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက်က Orchid Hotel ၌ပြုလုပ်ခဲ့ပြီး ဝါးစိုက်ပျိုးသူ၊ ဝါးရောင်းချသူ၊ စိတ်ဝင်စားသူ၊ ဝါးချစ်မြတ်နိုးသူတို့ပါဝင်၍ အသင်းဝင်နိုင်ကြောင်း သိရသည်။

# ပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းလုပ်ရမည့် လုပ်ငန်းအမျိုးအစားထဲမှ လုပ်ငန်းသုံးဆယ် ပယ်ဖျက်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလုပ်ရမည့် လုပ်ငန်းအမျိုးအစား ၂၇၂ မျိုးကို ဇန်နဝါရီလ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းမူကြမ်းအစည်းအဝေး၌ ၁၄၂ မျိုးအဖြစ် လျှော့ချပြင်ဆင်လိုက်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမူကြမ်းကို ၂၀၁၃ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့် ပူးပေါင်းပြီး အာဆီယံနိုင်ငံအတွင်းရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများတွင် ပါဝင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများကိုနမူနာထားပြီး ရေးဆွဲခြင်းဖြစ်သည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)လုပ်ထုံးလုပ်နည်းအရ အထူးရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများ၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဖွံ့ဖြိုးရေးစီမံကိန်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများတွင် အစားအစာနှင့် အဖျော်ယမကာ၊ သစ်အခြေခံပစ္စည်း၊ ဓာတုပစ္စည်း၊ အိမ်သုံးပစ္စည်း၊ သတ္တုစက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ပါဝင်သည်။

ထို့အပြင် ယာဉ်များ၊ ရေပေးဝေရေး၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ၊ ပို့ဆောင်ရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းတို့လည်းပါဝင်သည်။

အဆိုပါ ကဏ္ဍကြီးများအောက်တွင် ပါဝင်သောလုပ်ငန်းအမျိုးအစားများကိုမျိုးတူရာစုကာ ပတ်ဝန်းကျင်ထိခိုက်မှုနည်းသည့်လုပ်ငန်းများအား ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

လုပ်ထုံးလုပ်နည်းအရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းလုပ်ကိုင်ခွင့်မလျှောက်ထားမီ စီးပွားရေးလုပ်ငန်းရှင်များသည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပြုလုပ်ကာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်သည်။



Tourism

7 DAY NEWS JOURNAL

Vol.12, No.45 · JANUARY 15 , 2014

# တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အီတလီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၁**

မြန်မာနိုင်ငံ၏ တာဝန်သိခရီးသွားလုပ်ငန်းအထောက်အကူပြုအစီအစဉ်ဆောင်ရွက်နိုင်ရန် တစ်နှစ်မှ သုံးနှစ်အထိ ရည်ရွယ်ထားပြီး အီတလီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

တာဝန်သိခရီးသွားလုပ်ငန်းဆိုသည်မှာ မိမိနိုင်ငံအတွင်းပိုမိုကောင်းမွန်သော လည်ပတ်စရာနေရာများဖန်တီးပေးသော ခရီးသွားလုပ်ငန်းဖြစ်ပြီး ဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံများကပူးပေါင်းဆောင်ရွက်ရသည်။



*ရန်ကုန်မြို့တော်ခန်းမအနီးတွေ့ရသော နိုင်ငံခြားခရီးသွားများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ၏ တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အီတလီနိုင်ငံ La Sapienza တက္ကသိုလ်နှင့်အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တို့မှ ပညာရှင်များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်/ခရီးမှသတင်းရရှိသည်။

ပညာရှင်များနှင့်ပူးပေါင်း၍ ခရီးစဉ်ဒေသများတွင် သုတေသနပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံ အပြန်အလှန်လေ့လာခြင်း၊ ဗဟုသုတဖလှယ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးကဆိုသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည်ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဇင်ဘတ်နိုင်ငံ၏ အကူအညီကိုရရှိခဲ့ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယားများကောက်ယူနိုင်ရေးအတွက်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ ပညာရှင်များ၏ အကူအညီကို ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှုမှာနှစ်စဉ်တိုးတက်ခဲ့ပြီး ၂၀၁၃နှစ်ကုန်တွင် ခရီးသည် နှစ်သန်းကျော်ဝင်ရောက်လာသဖြင့် ၂၀၁၂ခုနှစ်နှင့်နှိုင်းယှဉ်ပါက တစ်သန်းနီးပါးတိုးတက်လာခဲ့ကြောင်း ဟိုတယ်/ခရီး ဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

တိုးတက်လာသောနိုင်ငံခြားသားခရီးသွားဦးရေအရ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကို ရေးဆွဲခဲ့ပြီး စီမံကိန်း ၃၈ခုဖြင့်တစ်နိုင်ငံလုံးတွင်ဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတကာ အကူအညီရရှိနိုင်ရေးအတွက်လည်းလိုအပ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားသည်။

# ချောင်းသာကမ်းခြေ အမှိုက်သရိုက်များနှင့် ပျက်စီးမှုများထိန်းသိမ်းရန် တိုင်းဒေသကြီးအစိုးရထံတင်ပြ

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ချောင်းသာကမ်းခြေတွင် ပျံကျဈေးသည်များ ပေါများလာကာ အမှိုက်သရိုက်များနှင့် ပျက်စီးနေခြင်းကို ထိန်းသိမ်းပေးရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားကြောင်း သတင်းရရှိသည်။

ပျံကျဈေးသည်များကြောင့် အမှိုက်သရိုက်များ ပေါများလာခြင်းကိုထိန်းသိမ်းပေးရန်နှင့် ယင်းအပြင် စပိဘုတ်စီးနင်းသူများကလည်း သတ်မှတ်ထားသည့်ရေကူးနေရာအတွင်း ဝင်ရောက်စီးနင်းမှုများရှိနေခြင်းကြောင့် ဒေသခံအချို့က တိုင်းဒေသကြီး အစိုးရထံ ဇန်နဝါရီ ၁၁ ရက်က တင်ပြထားကြောင်း သတင်းရရှိသည်။

ချောင်းသာကမ်းခြေသို့ ခရီးသည် လည်ပတ်မှု မြင့်တက်လာသောကြောင့် တရားမဝင်ရောင်းသော ပျံကျဈေးသည်များလည်း တိုးပွားလာပြီး ယင်းခရီးသည်များနှင့် ဈေးသည်များ စွန့်ပစ်သောအမှိုက်သရိုက်များကြောင့် ပျက်စီးနေပြီဖြစ်ကြောင်း ကမ်းခြေတွင် စက်ဘီးငှားရမ်းခြင်းလုပ်ငန်း လုပ်ကိုင်သူကပြောသည်။

“ကျွန်တော်တို့ကတော့ ဖြစ်နိုင်ရန် ဝန်ကြီးချုပ်ကိုတွေ့ပြီးတော့ တိုက်ရိုက်ပြောချင်တာပေါ့။ ဒါပေမဲ့ တွေ့ခွင့်မရတော့ စာပို့ပြီးတော့ပဲတင်ပြထားခဲ့တယ်”ဟု ဦးထွန်းဝင်းကပြောသည်။


ချောင်းသာကမ်းခြေ၏ ယင်းကဲ့သို့ အမှိုက်သရိုက်များနှင့် ပျက်စီးနေမှုကို ဗီဒီယိုမှတ်တမ်းတင်ပြီး တိုင်းဒေသကြီးအစိုးရထံတင်ပြသွားရန်လည်းရှိကြောင်း ၈၈ မျိုးဆက်ငြိမ်းချမ်းရေးပွင့်လင်းလူအဖွဲ့အစည်းမှ ကိုမောင်ပုက ဆိုသည်။

“ဒီအတိုင်းဆိုရင်ချောင်းသာကမ်းခြေက နောက်သုံးနှစ်လောက် ဆိုပျက်ပြီပဲ”ဟုကိုမောင်ပုက ပြောသည်။ အဆိုပါဈေးသည်များသည် ကမ်းခြေတွင်ညလုံးပေါက်ရောင်းချပြီး အရက်ဘီယာများပါရောင်းချလေ့ ရှိသည်ဟုဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး စနစ်တကျအဘက်ဘက်မှ ဆွေးနွေး လုပ်ကိုင်သွားရန် လိုအပ်ကြောင်း ချောင်းသာကျေးရွာ အုပ်ချုပ်ရေးမှူးဦးတေဇာအောင်က ပြောသည်။

“ဒါတွေကို ရုတ်တရက်ကြီး ထရှင်းလိုက်ရင် မလိုလားအပ်တဲ့ ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်လေ”ဟု ဦးတေဇာအောင်ကဆိုသည်။

ချောင်းသာကမ်းခြေတွင် တရားဝင်စည်ပင်သို့ အခွန်ဆောင်ရောင်းချနေသော စက်ဘီး အငှားဆိုင် ၂၀ ခန့်၊ အုန်းရည်ဆိုင် ၂၀ ခန့်၊ ဘောကွင်း အငှားဆိုင် ၁၅ ဆိုင်ခန့်ရှိနေပြီး ပျံကျရောင်းချသော ဈေးသည် ၅၀ ခန့်ရှိနေသည်။





7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# Cartoon


























7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014



# လာမယ့်အနှစ် ၃၀ မှာတော့ ကမ္ဘာက "Owned by China" တရုတ်ကပိုင်ဆိုင်သည်ဆိုတဲ့ စာတန်းကို ပိုပြီးမြင်လာကြလိမ့်မယ်

## ထုတ်ကုန်အမှတ်တံဆိပ်ဆိုင်ရာကျွမ်းကျင်သူ ပါမောက္ခ နီးရ်မာယာကူမားနှင့် တွေ့ဆုံခြင်း

**ခင်မေဇော်**
**(ဝါရှင်တန်ဒီစီ)**

အလျင်အမြန်တိုးတက်လာနေသော နိုင်ငံများ၏ ထုတ်ကုန်များကို ကမ္ဘာက လက်ခံနိုင်မှုအပေါ် ဈေးကွက်ဆိုင်ရာကျွမ်းကျင်သူ ပါမောက္ခနီးရ်မာယာကူမားကို Der Spiegel က မေးမြန်းခဲ့သည်။

**ပါမောက္ခမစ္စတာကူမားရဲ့ လတ်တလောထုတ်ဝေလိုက်တဲ့စာအုပ်မှာ အနာဂတ် နာမည်ကြီး ကမ္ဘာ့အမှတ်တံဆိပ်တွေမှာ တိုးတက်လာနေတဲ့ နိုင်ငံတွေက ထိုးဖောက်ဝင်ရောက်လာမယ်လို့ ကြိုတင်ဟောကိန်းထုတ်ထားပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံကပေါ့လေ။ အဲဒါက နည်းနည်းများ စောမနေဘူးလား။ အာရှမှာ တောင်မှ အခုပိုချမ်းသာလာတဲ့ နိုင်ငံတွေက အနောက်နိုင်ငံက အမှတ်တံဆိပ်တွေဖြစ်တဲ့ Apple တို့၊ Armani တို့ကို သူတို့ဒေသထွက် ဈေးပေါတဲ့ တံဆိပ်တွေထက်ပိုပြီး ဝယ်ချင်ကြတယ်။**

တကယ်လို့များ လွန်ခဲ့တဲ့ ၂၅ နှစ်က တောင်ကိုရီးယားက ဆမ်ဆောင်းတို့၊ ဟွန်ဒိုင်းတို့က ဂျာမနီလိုနိုင်ငံ့ဈေးကွက်ထဲကို အောင်အောင်မြင်မြင်ဝင်မယ်လို့များ ပြောခဲ့ရင် ခင်ဗျားက ကျွန်တော့်ကို ရူးနေတယ်လို့ ပြောခဲ့မှာပဲ။ ဒါပေမဲ့ အခုတရုတ်တွေကလည်း တိုးဝင်လာနေပြီ။ ဂျပန်ကင်မရာထုတ်သူတွေတုန်းကလို အငိုက်မမိအောင် ဂျာမန်တွေအတော်သတိထားရလိမ့်မယ်။

**တရုတ်ရဲ့ အားသာချက်က သူတို့ရဲ့ ဈေးပေါတဲ့ လုပ်သားတွေပါ။ ဂျာမန်ထုတ်ကုန်တွေက အရည်အသွေးပေါ်မှာ မှီတည်နေတယ်လေ။ သူတို့မှာ အရှေ့တိုင်းက လက်ဦးမှုမရအောင် ကြိုတင်ပြင်ဆင်ထားတာတွေ မရှိဘူးလား။**

တရုတ်က Haier က ဂျပန်တိုယိုတာလိုပဲလိုက်လုပ်နေတယ်။ ဂျပန်ကားထုတ်တဲ့ ကုမ္ပဏီက ပထမတော့ သူ့နိုင်ငံထဲမှာပဲထုတ်တယ်။ နောက်တော့ ကမ္ဘာအနှံ့ စက်ရုံတွေဆောက်တယ်။ ဗဟိုဈေးကွက်ထဲမှာ သုတေသနနဲ့ ဖွံ့ဖြိုးမှုစခန်းတွေဆောက်တယ်။ နောက်ဆုံးတော့ လက်ဆပ်စ် (Lexus)လိုဟာမျိုးနဲ့ ဇိမ်ခံကားလောကကို ဝင်တိုးတယ်။ တရုတ်ကားကတော့ နောက်မှာပဲရှိနေပါသေးတယ်။ ဒါပေမဲ့ သူတို့ကလည်း လိုက်တော့လာနေပြီ။ အထူးသဖြင့် တိုးတက်လာနေတဲ့ နိုင်ငံ့ဈေးကွက်တွေမှာပါ။ လွန်ခဲ့တဲ့နှစ် ၂၀ က တရုတ်နိုင်ငံက ကားခြောက်စီးကို ပြည်ပတင်ပို့ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ကားအစီးရေတစ်သန်းတင်ပို့ခဲ့တယ်။

**ဒါဆိုရင် ကျွန်တော်တို့က ဘီအမ်ဒဗလျူ (BMW) တို့ မာစီးဒီး (Mercedes) တို့အတွက် စိတ်ပူနေရပြီဆိုတဲ့ သဘောလား။**

ဒီအမှတ်တံဆိပ်တွေဆက်ပြီး ရပ်တည်နေရတာကလည်း တရုတ်တွေရဲ့ တိုးတက်လာနေတဲ့ စီးပွားရေးကို ကျေးဇူးတင်ရမယ်။ သူတို့ရဲ့ ဝယ်ယူသူတွေလိုအပ်ချက်ကို လိုက်လုပ်နေရတယ်။ ဘီအမ်ဒဗလျူ(BMW) တို့မာစီးဒီး (Mercedes) တို့ကို ဇိမ်ခံကားတွေအဖြစ် လက်ခံထားကြတယ်။ ဒါပေမဲ့လည်း ဒီချိန်ခွင်လျှာက ပြောင်းသွားနိုင်တယ်။ တိုးတက်လာနေတဲ့နိုင်ငံတွေက အမှတ်တံဆိပ်တွေကို ပိုလက်ခံလာနိုင်တယ်။

**အိန္ဒိယက ဘာကြောင့်နိုင်ငံတကာ ဈေးကွက်ကို မဝင်သေး တာလဲ။**

အိန္ဒိယကုမ္ပဏီတွေက တရုတ်ကုမ္ပဏီတွေထက် အခက်အခဲအတားအဆီးတွေ ပိုများတယ်။ အနောက်နိုင်ငံက ဝယ်သူတွေသိအောင် ကိုယ့်အမှတ်တံဆိပ်ကို ကြော်ငြာတဲ့နေရာမှာ ငွေအများကြီးရင်းနှီးရတယ်။ တရုတ်တွေက လိုအပ်တဲ့ကြိုတင်ခန့်မှန်းတွက်ချက်မှုတွေရှိပြီး အိန္ဒိယဈေးကွက်ထက် လေးဆ၊ ငါးဆပိုကြီးတယ်။ ပြည်တွင်းဈေးကွက်ကရတဲ့ အကျိုးအမြတ်ကို နိုင်ငံတကာဈေးကွက်မှာ ရင်းနိုင်တယ်။ ပိုအရေးကြီးတာက စီးပွားရေးတိုးတက်လာနေတဲ့နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံတစ်ခုပဲ ကမ္ဘာ့အဆင့်ကုန်တွေထုတ်လုပ်နိုင်တယ်။ တရုတ်က Bosch, Apple, Ericsson တို့အတွက် ကုန်တွေထုတ်ပေးခဲ့တယ်။ ဒီတော့ သူတို့ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ထုတ်ချင်ရင် သူတို့တံဆိပ်ကို အဲဒီမှာ တပ်လိုက်ရုံပဲ။

**ဒါမှမဟုတ် သူတို့က အနောက်နိုင်ငံ အမှတ်တံဆိပ်ကို ဝယ်လိုက်ရုံပဲလို့ မပြောနိုင်ဘူးလား။ ဝယ်သူတွေက ကုန်တွေရဲ့အရည်အသွေးကို ဆုံးဖြတ်တဲ့အခါမှာ အမှတ်တံဆိပ်တွေက ဘယ်လောက်အထိ အရေးပါသလဲ။ ဥပမာ ဂျာဂွာ (Jaguar) နဲ့ လန့်ရိုဗာ (Land Rover) ဆိုပါတော့။ တစ်ချိန်က ဗြိတိသျှတွေရဲ့ ရိုးရာလိုဖြစ်နေခဲ့ပေမယ့် အခုဆိုရင် အိန္ဒိယတာတာအုပ်စုက ပိုင်နေပြီ။**

အမှတ်တံဆိပ်တွေက စလုပ်တဲ့နိုင်ငံနဲ့ မဆိုင်တော့ဘူး။ ရှန်ပိန်အရက်လိုမျိုးကို ကျွန်တော်က ဈေးကွက်ပေါ်တင်တယ်ဆိုရင် ဘယ်နိုင်ငံကထုတ်တယ်ဆိုတာ အရေးပါသေးတယ်။ ဒါပေမဲ့အက်ပဲလ်ကနေ အိုင်ဖုန်းဝယ်တယ်ဆိုရင်တော့ ဒါက တရုတ်မှာလုပ်တယ်ဆိုပြီး စဉ်းစားနေတော့မှာမဟုတ်ဘူးလေ။ နောက်ပြီး ဂျာဂွါမောင်းမယ်။ လန့်ရိုဗာမောင်းမယ်ဆိုရင်လည်း ဒါက အိန္ဒိယတာတာက ပိုင်တာလား။ သူရဲ့ပိုင်ရှင်က ဂျာမနီလားဆိုတာ ဘယ်သူမှစိတ်မဝင်စားတော့ဘူးလေ။ စားသုံးသူတွေ စိတ်ဝင်စားတာက အဲဒီအမှတ်တံဆိပ်က သူတို့ကြေညာထားသလို အရည်အသွေးရှိ၊ မရှိဆိုတာပဲ။

**ဒါပေမဲ့ တရုတ်မှာလုပ်သည်ဆိုတဲ့ စာတန်းမြင်ရရင် အနောက်နိုင်ငံ စားသုံးသူတွေက သံသယတွေရှိနေကြသေးတယ်။**

သေချာတာပေါ့။ ပြီးခဲ့တဲ့နှစ် ၄၀ အတွင်း တရုတ်က Made in China ဆိုတဲ့ထုတ်ကုန်တွေကို လုပ်အားခပေါပေါနဲ့ ထုတ်တယ်ဆိုပြီး အဓိပ္ပာယ်သတ်မှတ်ခဲ့တာကိုး။ လာမယ့် အနှစ် ၃၀ မှာတော့ ကမ္ဘာက "Owned by China" တရုတ်ကပိုင်ဆိုင်သည်ဆိုတဲ့ စာတန်းကို ပိုပြီးမြင်လာကြလိမ့်မယ်၊ တရုတ်က ကမ္ဘာ့ကုမ္ပဏီအတော်များများကို ပိုင်ဆိုင်လာဖို့ရှိပြီး ကမ္ဘာတစ်ဝန်း အရေးပါတဲ့ အရင်းအမြစ်တစ်ခုဖြစ်လာလိမ့်မယ်။

*—Ref:Brand ExpertInterview: 'The Chinese Have the Necessary Vision' by spiegel.*

7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

## Leader's Profile

### အယ်လ်ဘေးနီးယားသမ္မတ

# ဘူဂျာနီရှာနီ

ရဲမင်း



မစ္စတာ ဘူဂျာနီရှာနီသည် အယ်လ်ဘေးနီးယားနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ အယ်လ်ဘေးနီးယားနိုင်ငံ သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သမ္မတအဖြစ် ရွေးချယ်ခံရချိန်တွင် ပြည်ထဲရေးဝန်ကြီး၊ ပါလီမန်အမတ်နှင့် အယ်လ်ဘေးနီးယား ဒီမိုကရက်တစ်ပါတီ၏ ပါတီဝင်တစ်ဦးဖြစ်သည်။ သို့သော် သမ္မတအနေဖြင့် နီရှာနီမှာ ထိုရာထူးအားလုံးမှ နုတ်ထွက်ခဲ့ရသည်။

ဘူဂျာနီရှာနီကို အယ်လ်ဘေးနီးယားနိုင်ငံ ဒါရက်စ်ဒေသတွင် ၁၉၆၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်၌ မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် စစ်ဘက်အကယ်ဒမီမှ ဘွဲ့ရရှိခဲ့သည်။ ဘူဂျာနီရှာနီသည် မဟာဘွဲ့အတွက် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနှင့် တက်ဆက်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ဆန်အန်တိုနီယိုမှ ၁၉၉၆ ခုနှစ်တွင် မဟာဘွဲ့ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အယ်လ်ဘေးနီးယားနိုင်ငံ တီရာနာတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ဥရောပအကြောင်း လေ့လာမှုဘာသာရပ် မဟာဘွဲ့လည်း ရရှိခဲ့သည်။

ဘူဂျာနီရှာနီသည် ကွန်မြူနစ်ဝါဒကျဆုံးပြီးနောက် ၁၉၉၁ ခုနှစ်တွင် အယ်လ်ဘေးနီးယား ဒီမိုကရက်တစ်ပါတီတွင် ဝင်ရောက်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနတွင် နိုင်ငံခြားဆက်ဆံရေးအရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။ ယင်းနောက်တွင် အယ်လ်ဘေးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာန နေတိုးအဖွဲ့နှင့် ဆက်ဆံရေးအရာရှိချုပ်အဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

၁၉၉၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ ရှုံးနိမ့်ခဲ့ပြီးနောက် ဘူဂျာနီရှာနီသည် ဝန်ကြီးနေရာဆုံးရှုံးကာ Euro-Atlantic စစ်တပ်အတွက် အင်န်ဂျီအိုဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အယ်လ်ဘေးနီးယားနိုင်ငံ မြို့တော်တီရာနာမြို့တော်ကောင်စီဝင်အဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၅ ခုနှစ် ရွေးကောက်ပွဲတွင် တီရာနာမြို့တော်ရွေးကောက်ပွဲဇုန် အမှတ်(၃၄)မှနေ၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးဝန်ကြီးကို ယှဉ်ပြိုင်အနိုင်ရခဲ့သည်။ ပါလီမန်တွင် အမျိုးသားလုံခြုံရေးကော်မရှင်ကို ဦးဆောင်ခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးတာဝန်ယူခဲ့သည်။ ၂၀၀၉ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲအနိုင်ရပြီးနောက်တွင် တရားဥပဒေရေးရာဌာနဝန်ကြီး တာဝန်ယူခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးနေရာကို ပြန်လည်ရယူခဲ့သည်။

၂၀၁၂ ခုနှစ် ဇွန်လ ၁၂ ရက်တွင် သမ္မတရွေးကောက်ပွဲ အနိုင်ရရှိပြီးနောက် နီရှာနီသည် ပြည်ထဲရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ဘူဂျာနီရှာနီသည် သက်လတ်ပိုင်းအရွယ်တွင် ၎င်း၏ခန္ဓာကိုယ်လှုပ်ရှားမှုကို ထိခိုက်သော ဝေဒနာတစ်မျိုးခံစားခဲ့ရပြီး ၎င်း၏ဘယ်ဘက်ခြေထောက်နှင့်လက်မှာမလှုပ်ရှားနိုင်ပေ။ ယင်းအတွက် သမ္မတအဖြစ်တာဝန်ထမ်းဆောင်ရေး ၎င်း၏ကိုယ်ကာယစွမ်းရည်နှင့်ပတ်သက်၍ အငြင်းပွားစရာဖြစ်ပေါ်ခဲ့သည်။ သို့သော် အယ်လ်ဘေးနီးယားပါလီမန်၌ မဲခွဲရာတွင် မဲ ၁၄၀ အနက် အာဏာရပါတီ၏ ထက်ဝက်ကျော် ၇၃ မဲဖြင့် သမ္မတဖြစ်လာခဲ့သည်။

ဘူဂျာနီရှာနီသည် ဇနီးသည် အိုဒီတာနီရှာနီနှင့် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*

## ကန်လွှတ်တော်အမတ်ထက်ဝက်ခန့် သန်းကြွယ်သူဌေးများဖြစ်

**ဝါရှင်တန်၊ ဇန်နဝါရီ-၁၁**

ချမ်းသာကြွယ်ဝမှု ဆန်းစစ်လေ့လာမှုတစ်ခုအရ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်လွှတ်တော်အမတ် ထက်ဝက်ခန့်မှာ သန်းကြွယ်သူဌေးများ ဖြစ်နေကြောင်း သိရှိရသည်။

အမေရိကန်အထက်လွှတ်တော် ဆီးနိတ်နှင့် အောက်လွှတ်တော်ရှိနိုင်ငံရေးသမား ၅၃၄ ဦးအနက် အနည်းဆုံး ၂၆၈ ဦးမှာ ၂၀၁၂ ခုနှစ်အတွင်း အသားတင်ချမ်းသာကြွယ်ဝမှု ကန်ဒေါ်လာတစ်သန်းနှင့်အထက်ရှိကြသည်။

တုံ့ပြန်မှုရှိသော နိုင်ငံရေးစင်တာ (CRP)မှ အချက်အလက်များတွင် ဒီမိုကရက်တစ်အမတ်များမှာ ရီပက်ဘလေကန်တို့ထက် ပိုမိုချမ်းသာသည်ကို တွေ့ရသည်။ နိုင်ငံရေးသမားများက အမျိုးသားအလုပ်လက်မဲ့ ခံစားခွင့်များအကြောင်းနှင့် အနိမ့်ဆုံးလစာအကြောင်း လွှတ်တော်တွင် အချေအတင်ငြင်းခုံနေကြစဉ် ယခုအချက်အလက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

CRP အချက်အလက်များအရ ဝါရှင်တန်နိုင်ငံရေးသမားများ၏ ပျမ်းမျှချမ်းသာကြွယ်ဝမှုမှာ ဒေါ်လာတစ်သန်းဖြစ်သည်။ ဒီမိုကရက်တစ်များ၏ ပျမ်းမျှကြွယ်ဝမှုမှာ ဒေါ်လာ ၁ ဒသမ ၀၄ သန်းဖြစ်ပြီး ရီပက်ဘလေကန်များက ဒေါ်လာတစ်သန်းကြွယ်ဝသည်။ အထက်လွှတ်တော်အမတ်များက အောက်လွှတ်တော်အမတ်များထက်ကြွယ်ဝမှုတွင်သာလွန်ပြီး အထက်လွှတ်တော်ပျမ်းမျှမှာ ၂ ဒသမ ၇ သန်းရှိနေချိန်တွင် အောက်လွှတ်တော်အမတ်များ၏ ပျမ်းမျှမှာ ဒေါ်လာ ၈၉၆,၀၀၀ ဖြစ်ကြောင်း တွေ့ရှိရသည်။ အချမ်းသာဆုံးမှာ ရီပက်ဘလေကန်အမတ် စီးပွားရေးလုပ်ငန်းရှင် ဒါရယ်အစ်ဆာဖြစ်ပြီး ဒေါ်လာ ၅၉၈ သန်း ချမ်းသာကြွယ်ဝသည်။

*—Ref: BBC*

## ပါလီမန် နျူဥပဒေကြမ်းကြောင့် အကျိုးဆက်များဖြစ်ပေါ်လာမည်ဟု အီရန်နျူကလီးယား အကြီးအကဲပြောကြား

**ဘေရွတ်၊ ဇန်နဝါရီ-၁၂**

ပါလီမန်တွင် ဖြတ်သန်းနေသော ဥပဒေကြမ်းကိုသာ အတည်ပြုခဲ့ပါက အီရန်အနေဖြင့် ယူရေနီယမ်တိုးမြှင့်သန့်စင်ရေးလုပ်ဆောင်ရုံမှလွဲ၍ ရွေးချယ်စရာရှိမည်မဟုတ်ကြောင်း အီရန်နျူကလီးယားအဖွဲ့ အကြီးအကဲက ပြောကြားသည်။

အီရန်ပါလီမန်အမတ် ၂၉၀ အနက် ၂၁၈ ဦးက အဆိုပါဥပဒေကြမ်းကို ထောက်ခံသည်ဟု ပြောကြားထားပြီး အကယ်၍သာ ယင်းဥပဒေ အတည်ပြုလိုက်ပါက အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ရရှိခဲ့သော တိုးတက်မှုကို ခြိမ်းခြောက်နိုင်သည်။ ကြာရှည်နေသော နှစ်ဖက်အငြင်းပွားမှုမှနေ၍ ပြီးခဲ့သည့် နိုဝင်ဘာကမှ အီရန်နျူအစီအစဉ်အပေါ် အပေးအယူလုပ်ထားသော သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

နျူကလီးယားကိစ္စနှင့်ပတ်သက်လျှင် အီရန်ပါလီမန်မှာ သမ္မတသစ် ဟတ်ဆန်ရိုဟာနီထက် သဘောထားတင်းမာသည်။ အီရန်အပေါ် ပိတ်ဆို့တားဆီးမှုအသစ်ချမှတ်ရေး အမေရိကန်အထက်လွှတ်တော်တွင် ကွန်ဆာဗေးတစ်များက တင်ပြထားသော ဥပဒေကြမ်းတစ်ခုကို တုံ့ပြန်၍ ယခု အီရန်၏ ဥပဒေကြမ်းပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန် ဥပဒေကြမ်းတွင် ယူရေနီယမ်ကို ၆၀ ရာခိုင်နှုန်းသန့်စင်မှုအထိလုပ်ဆောင်ရန် ဖော်ပြထားပြီး ယင်းသန့်စင်မှုပမာဏမှာ နျူရေငုပ်သင်္ဘောများ၌ တပ်ဆင်သော ဓာတ်ပေါင်းဖိုများတွင် အသုံးပြုနိုင်သော အဆင့်ဖြစ်သည်။ ထိုမျှသန့်စင်မှုမြင့်မားသော ယူရေနီယမ်များကို အီရန်တွင် မလိုအပ်သေးကြောင်း ဂျာအမ်အီဂျမ် အီရန်သတင်းဌာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အီရန်နျူအဖွဲ့အကြီးအကဲ ဆာလီဟီက ပြောသည်။

သို့သော် "အကယ်၍ အီရန်ပါလီမန်ကသာ ယူရေနီယမ်ကို ၆၀ ရာခိုင်နှုန်းထက် သန့်စင်တာဟာ နိုင်ငံအတွက်အကျိုးရှိတယ်လို့ယူဆပြီး အတည်ပြုပေးလိုက်ရင် ကျွန်တော်တို့အနေနဲ့ ဥပဒေကို လိုက်နာရုံကလွဲပြီး ဘာမျှမတတ်နိုင်ပါဘူး"ဟု ဆာလီဟီက ပြောသည်။ ဥပဒေပြုအမတ်များသည် ယင်းနျူကလီးယား ဥပဒေမူကြမ်းကို လာမည့် သီတင်းပတ်တွင် စတင်ဆွေးနွေးကြမည်ဟု အီရန် ဖားစ်သတင်းအေဂျင်စီက ပြောသည်။

*—Ref: Reuters*

## အိုင်အေအီးအေနှင့် နောက်တစ်ကြိမ် အီရန်ဆွေးနွေးမည်

**တီဟီရန်၊ ဇန်နဝါရီ-၁၁**

ကုလသမဂ္ဂ၏ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် ပထမအကြိမ် ဆွေးနွေးပွဲများ ဖေဖော်ဝါရီအစောပိုင်းတွင် ပြီးဆုံးမည်ဟု အီရန်နျူကလီးယားအစီအစဉ်ညှိနှိုင်းရေးခေါင်းဆောင် အလီအက်ခ်ဘာဆာလီဟီက ပြောသည်ဟု အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော Press TV ဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်တွင် ဖော်ပြသည်။

အီရန်နျူကလီးယားအစီအစဉ်ထိန်းချုပ်ရေး နိုဝင်ဘာလ သဘောတူညီမှုကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုခြင်းအပေါ် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံကြား ဇန်နဝါရီ ၁၀ ရက် အစောပိုင်းက သဘောတူခဲ့ကြသည်။ သို့သော် ယင်းသဘောတူညီချက်ကို အကောင်အထည်မဖော်မီ တစ်နိုင်ငံချင်းစီ၏ သဘောတူညီမှု ရယူရမည်ဖြစ်သည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် ဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီအစောပိုင်းတွင် အပြီးသတ်ကျင်းပမည်ဖြစ်ပြီး ဒုတိယအကြိမ် ဆွေးနွေးပွဲကို မကြာမီကျင်းပသွားမည်ဟု ဆာလီဟီကို ကိုးကား၍ Press TV က ဖော်ပြသည်။

ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရှေ့ဆက်မည်သို့ဆောင်ရွက်မည်ဆိုခြင်းအပေါ် အီရန်နှင့် IAEA အဖွဲ့တို့က ရှင်းလင်းသည့် သတ်မှတ်ချက်တစ်ရပ် ချမှတ်ရန်လိုအပ်သည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် အဏုမြူအစီအစဉ်နှင့် ဆက်နွှယ်သည့် ကျန်ရှိသောကိစ္စရပ်များ ဖြေရှင်းရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်စလုံးက နိုဝင်ဘာလအတွင်း သဘောတူညီခဲ့သည်။

ယင်းသဘောတူညီမှုအရ အီရန်နိုင်ငံ အာရက်မြို့နှင့် ဂါချင်မြို့တို့ရှိ နျူကလီးယားစက်ရုံများ၏ ယူရေနီယံတူးဖော်ရေး မိုင်းတွင်းများသို့ IAEA အဖွဲ့မှ စုံစမ်းစစ်ဆေးရေးအရာရှိများကို အီရန်နိုင်ငံက ဝင်ရောက်ခွင့်ပြုထားသည်။

အရပ်ဘက်နျူကလီးယားအစီအစဉ်နှင့်အတူ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် အီရန်ကြိုးပမ်းနေသည်ဟု အစ္စရေးနှင့် အနောက်နိုင်ငံများ သံသယရှိနေသည်မှာ ကြာမြင့်ပြီဖြစ်သည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ဟောင်ကောင်သို့ အလည်လာစဉ် ကလေးမီးဖွားသော တရုတ်ပြည်မကြီးမှ အမျိုးသမီးသုံးဦး ထောင်တစ်နှစ်စီကျ

**ဟောင်ကောင်၊ ဇန်နဝါရီ-၁၁**

ဟောင်ကောင်တွင် မီးဖွားခဲ့သော တရုတ်ပြည်မကြီးမှ အမျိုးသမီးသုံးဦးကို အလည်အပတ်ခရီးတွင် ကလေးမွေး၍ နေထိုင်ခွင့်ရသောကာလထက် ပိုမိုနေထိုင်မှုဖြင့် ထောင်ဒဏ်တစ်နှစ်စီ ချမှတ်ခဲ့သည်ဟု ဟောင်ကောင်ဒေသအာဏာပိုင်များက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ဝက်တွင်ဟောင်ကောင်သို့ သီးခြားစီဝင်ရောက်ခဲ့ကြသော တရုတ်ပြည်မကြီးမှ အမျိုးသမီးသုံးဦးကို မီးဖွားရန်အတွက် ကြိုတင်စာရင်းမသွင်းဘဲ ဆေးရုံတက်ခဲ့မှုအဖြစ် ၂၀၁၃ တွင် ဖမ်းဆီးခဲ့သည်။ ဟောင်ကောင်တွင် ကလေးမီးဖွားရန်ကြိုးစားသောပြည်မကြီးမှကိုယ်ဝန်ဆောင်အမျိုးသမီးများ နေထိုင်ခွင့်ရသည့်အချိန်ထက် ပိုနေမှုနှင့်ပတ်သက်၍ ဟောင်ကောင်ဒေသ လူဝင်မှုကြီးကြပ်ရေးဌာနက ပူပန်သောကဖြစ်ရသည်ဟုဆိုသည်။

လူခုနစ်သန်းခန့်နေထိုင်ရာ ဟောင်ကောင်မြို့သည် တရုတ်ပြည်မကြီးမှ ကိုယ်ဝန်ဆောင်အမျိုးသမီးသောင်းဂဏန်းခန့် ယင်းဒေသသို့ မီးဖွားရန်နှစ်စဉ်လာရောက်ပြီး ၎င်းတို့ကလေးများအတွက် နေထိုင်ခွင့်များရယူလျက်ရှိသည်ကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ ဟောင်ကောင်ဒေသတွင် ဆေးရုံများအပေါ် ဖိအားများလျော့ပါးစေရန်အတွက် ယင်းဒေသခံ၏ဇနီးမဟုတ်သူများကိုမီးဖွားခွင့်တားမြစ်ကြောင်း ဟောင်ကောင်အစိုးရက ပြီးခဲ့သည့်နှစ်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

တရားခံအမျိုးသမီးသုံးဦးကလည်း ဟောင်ကောင်အစိုးရက ချမှတ်ထားသောဥပဒေကိုချိုးဖောက်ခဲ့သည်ဟုဝန်ခံခဲ့ကြသည်။ ဟောင်ကောင်အစိုးရပြဋ္ဌာန်းထားသော နေထိုင်ခွင့်ဥပဒေကိုချိုးဖောက်သူများသည် ဒဏ်ငွေကန်ဒေါ်လာ ၆,၅၀၀ နှင့် ထောင် ၂နှစ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

*—Ref: AFP*




# တရုတ်နှင့် ကျန်အာရှနိုင်ငံများကို ဂျပန်က လုံခြုံရေးခြိမ်းခြောက်ပုံပေါ်ဟု ကျွမ်းကျင်သူများသတိပေး

**ဘေဂျင်း၊ ဇန်နဝါရီ-၁၁**

တရုတ်နိုင်ငံနှင့် ကျန်အာရှနိုင်ငံများအားလုံးကိုဂျပန်နိုင်ငံကလုံခြုံရေးခြိမ်းခြောက်မည့်ပုံပေါ်သည်ဟု တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်နှင့်ဂျပန်နိုင်ငံ၏ဆက်ဆံရေးမှာ အလွန်တင်းမာနေဆဲဖြစ်သည်။ ဂျပန်နိုင်ငံ၏ စစ်ရေးဦးတည်ချက်အပေါ် တရုတ်နိုင်ငံ၏ သံသယစိတ်များ ကြီးထွားလာစေသည့် ဂျပန်နိုင်ငံ လုံခြုံရေးကာကွယ်ရေးဥပဒေ ထုတ်ပြန်လိုက်ခြင်း၊ အခွင့်အာဏာများကို ဗဟိုကချုပ်ကိုင်ထားသည့် ကိုယ်ပိုင်အမျိုးသား လုံခြုံရေးကောင်စီတည်ထောင်လိုက်ခြင်းနှင့် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ယာဆူကူနီစစ်သချိုင်းသို့ သွားရောက်ခြင်းများကဲ့သို့ ဖြစ်ပေါ်တိုးတက်မှုများနှင့်အတူ ဂျပန်နိုင်ငံ၏ စစ်ရေးဝါဒပြန်လည်အသက်ဝင်လာသည်ဟု တရုတ်နိုင်ငံကရှုမြင်ပြီး ယင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စိုးရိမ်နေသည်။

အကယ်၍ဂျပန်နိုင်ငံက၎င်း၏လက်ယာယိမ်းတပ်ဖွဲ့များ၏ ဖိအားများကြောင့် တရုတ်ခြိမ်းခြောက်မှုကို ဆက်လက်လှုံ့ဆော်ပေးနေပါက စစ်ရေးထိပ်တိုက်တွေ့ဆုံမှုအန္တရာယ်မှာမြင့်မားလာနိုင်ကြောင်း တရုတ်လေ့လာသူများက သတိပေးထားသည်။

သို့သော် သံတမန်ရေးလမ်းကြောင်းများမှာ ပွင့်နေဆဲပင်ဖြစ်ပြီး တိုကျိုနှင့် ဘေဂျင်းမြို့တို့ရှိ ဆိုင်ရာသံရုံးများမှာ ဆက်သွယ်ဆွေးနွေးမှုများအတွက် တံတားတစ်စင်းဖြစ်နိုင်သည်ဟု လေ့လာသူများက ပြောသည်။

အကယ်၍ နှစ်နိုင်ငံအငြင်းပွားမှုကို ဂျပန်အစိုးရက အမှန်တကယ်ဖြေရှင်းလိုပါက နှစ်နိုင်ငံစလုံး၏ သံရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆွေးနွေးနိုင်ကြောင်း တရုတ်နိုင်ငံတကာလေ့လာရေးအင်စတီကျူဒ်ဥက္ကဋ္ဌ ကျူရှင်းကပြောသည်။

နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုအတွက် အဖြေထွက်ပေါ်လာအောင် မည်သို့ဆောင်ရွက်မည်ဆိုသည်ကို ဆွေးနွေးရန် တရုတ်နိုင်ငံကတံခါးအမြဲဖွင့်ထားကြောင်း၎င်းကပြောသည်။

*—Ref: CNA*

# အာဏာရပါတီဥက္ကဋ္ဌဟောင်းကို အင်ဒိုနီးရှား အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ ဖမ်းဆီး

**ဂျကာတာ၊ ဇန်နဝါရီ-၁၁**

အာဏာရပါတီဥက္ကဋ္ဌဟောင်းတစ်ဦးကို ကန်ဒေါ်လာ သန်း ၁၂၀ အကျင့်ပျက်ခြစားမှုဖြင့် အင်ဒိုနီးရှားအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့က ဇန်နဝါရီ ၁၁ ရက်တွင် ဖမ်းဆီးလိုက်သည်။

ဂျကာတာမြို့အနီး အားကစားဌာနတစ်ခု ဆောက်လုပ်မှုနှင့်ဆက်နွယ်သည့်အမှုတစ်ခုအတွင်း လက်ဆောင်များလက်ခံသည်(သို့မဟုတ်)လက်ဆောင်ပေးရန်ကတိများရယူသည်ဆိုခြင်းအတွက် အနက်စ်အာဘာနင်ရမ်းကို လေးနာရီကြာ စစ်ဆေးမေးမြန်းပြီးနောက် အင်ဒိုနီးရှားအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မတီ (KPK)က ၎င်းကိုထိန်းသိမ်းလိုက်သည်ဟု KPK မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုဟာန်ဘူဒီကပြောသည်။

ယင်းမှာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလမ်းစဉ်ဖြင့် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့သည့် သမ္မတယူဒိုယိုနို၏ ဒီမိုကရက်တစ်ပါတီကို ထိခိုက်စေမည့် သတင်းဆိုးဖြစ်သည်။

ဟမ်ဘာလန်အားကစားဌာန တည်ဆောက်ခြင်းနှင့် ဆက်နွယ်နေသည့်အင်ဒိုနီးရှားနိုင်ငံသုံးငွေ ရူပီးယား ၁ ဒသမ ၁၇ ထရီလီယံ အကျင့်ပျက်ခြစားသည်ဟု သံသယရှိကြောင်း သတ်မှတ်ခံရပြီးနောက် အာဘာနင်ရမ်သည် ဖေဖော်ဝါရီလအတွင်း ပါတီဥက္ကဋ္ဌရာထူးမှ ဆင်းပေးခဲ့ရသည်။

ယင်းအမှုတွင်ပါဝင်ကြောင်း သံသယရှိသူ တရားခံအဖြစ် သတ်မှတ်ခံရပြီးနောက် အားကစားဝန်ကြီးမှာလည်း ရာထူးမှနုတ်ထွက်ရန် ဖိအားပေးခံခဲ့ရသည်။

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့၏ အကျင့်ပျက်ခြစားမှုရှိသည့် နိုင်ငံများစာရင်းတွင် ပါဝင်သော နိုင်ငံပေါင်း ၁၁၇ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံမှာ ၁၁၄ နေရာတွင် ရပ်တည်နေသည်။ နံပါတ်(၁)နေရာတွင် ရှိနေသည့် နိုင်ငံမှာ အကျင့်ပျက်ခြစားမှုအနည်းဆုံး နိုင်ငံဖြစ်သည်။

*—Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.45 • JANUARY 15 , 2014


## အမေရိကန်တွင် ၂၀၁၃ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကား The Hunger Games: Catching Fire



**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ-၁၁**

"The Hunger Games: Catching Fire"သိပ္ပံစိတ်ကူးယဉ်သည်းထိတ်ရင်ဖိုရုပ်ရှင်ဇာတ်ကားသည် အမေရိကန်နိုင်ငံ၏ ၂၀၁၃ ခုဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်ဟု Lionsgate ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ဇန်နဝါရီ၁၀ ရက်တွင်ကြေညာခဲ့သည်။

"Catching Fire"ရုပ်ရှင်ဇာတ်ကားသည် ထွက်ရှိပြီး သီတင်းပတ် ခုနစ်ပတ်အတွင်းတွင် မြောက်အမေရိက၌ အမေရိကန်ဒေါ်လာ ၄၀၉ ဒသမ ၄ သန်းနှင့် နိုင်ငံတကာ၌ အမေရိကန်ဒေါ်လာ ၄၂၈ ဒသမ ၈ သန်း ဝင်ငွေရရှိခဲ့သည်။ "Catching Fire" ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းတွင် ရရှိသည့် ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈၃၈ ဒသမ ၂ သန်းဖြင့် တစ်သက်တာဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကားများစာရင်းတွင် အဆင့် ၃၆ နေရာရရှိထားသည်။

ယင်းရုပ်ရှင်ဇာတ်ကားကိုပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၁ ရက် တွင် ဗြိတိန်နိုင်ငံလန်ဒန်မြို့၌ စတင်ပြသခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၄၁၆၅ ရုံ၌ ရုံတင်ပြသခဲ့သည်။ "The Hunger Games: Mockingjay-Part 1"ရုပ်ရှင်ဇာတ်ကားသစ်ကို ယခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားပြီး "Mockingjay- Part 2"ကို ၂၀၁၅ ခု နိုဝင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။

*—Ref: UPI*

## ကားရိုက်နားထားပေမယ့် ဇာတ်လမ်းတွဲတစ်ခုမှာ သရုပ်ဆောင်မယ်ဆိုတဲ့ ထွန်းအိန္ဒြာဗို

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ဇာတ်ကားရိုက်ကူးမှုရပ်နားထားသည်မှာကြာပြီဖြစ်သော်လည်း သရုပ်ဆောင်ရမည့် ဇာတ်ရုပ်ကိုကြိုက်သောကြောင့်ဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်ရိုက်ကူးမည်ဖြစ်ကြောင်း ထွန်းအိန္ဒြာဗိုကပြောသည်။

"ဇာတ်အိမ်ကလည်း ခိုင်တယ်။ အချိန်လည်း သေချာပေးပြီး ရိုက်ကူးရမယ်။ အဓိက သရုပ်ဆောင်ရမယ့် ကာရိုက်တာနေရာမှာလည်း သရုပ်ဆောင်ခွင့်ရတဲ့အတွက်လက်ခံဖြစ်တာပါ"ဟု ယင်းဇာတ်လမ်းတွဲရိုက်ကူးဖြစ်သည့်အကြောင်းကို ပြောသည်။

သို့သော်လည်းယခုအချိန်ထိ ဇာတ်လမ်းတွဲများကို ကိုရီးယားဇာတ်လမ်းတွဲများလောက် ပရိသတ်စိတ်ဝင်စားမှုမရှိသေးသောကြောင့် ကြိုးစားရမည့် အချိန်ဟုဆိုသည်။

"ကျွန်မတို့ ရိုက်တာနဲ့ ကိုရီးယားတွေပျောက်၊ ကျွန်မတို့တွေကိုပဲ ကြိုက်ရမယ်ဆိုတာမျိုးတော့ မရှိဘူး။ ကိုယ်လုပ်နိုင်တာကိုကြိုးစားလုပ်ရမယ်။ Facility ကတော့ နိုင်ငံခြားကားနဲ့ ကျွန်မတို့ကားတွေနဲ့ အများကြီးတော့ ကွာနိုင်သေးတာပေါ့"ဟု ၎င်းကပြောသည်။




ဓာတ်ပုံ-နစ်ကီ

ယင်းဇာတ်လမ်းတွဲကို မတ်လတွင် စတင်၍ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်က ရိုက်ကူးမည်ဖြစ်ပြီး ပါဝင်သရုပ်ဆောင်ရမည့် သရုပ်ဆောင်များကိုမူ အတိအကျမသိရသေးဟုဆိုသည်။

လွန်ခဲ့သည့် ရှစ်လခန့်ကတည်းက ဇာတ်ကားရိုက်ကူးမှုများကို အနားယူခဲ့ခြင်းဖြစ်ပြီး အသက်အရွယ်အရရိုက်ကူးရသောဇာတ်ရုပ်များသည် ပုံစံတူဇာတ်ရုပ်များသာ ရိုက်ကူးနေရသောကြောင့် ကိုယ်တိုင်စိတ်ဝင်စားမှုလျော့နည်းလာသလိုပရိသတ်များကိုအားနာ၍ မရိုက်ခြင်းဖြစ်သည်ဟု ထွန်းအိန္ဒြာဗိုက ပြောသည်။

ဂီတဘက်တွင်မူ ဇန်နဝါရီ ၁၈ ရက်၌ အဲလက်စ်၊ R ဇာနည်တို့နှင့် အတူ ဖျော်ဖြေပွဲတစ်ခုကို အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်သည်။

ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့၌ပြုလုပ်မည့် NLD ပညာရေးကွန်ရက်၏ ရန်ပုံငွေဖျော်ဖြေပွဲတွင်လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ယင်းကွန်ရက်၏ ရန်ပုံငွေဖျော်ဖြေရေးခရီးစဉ်အဖြစ် ဩစတြေးလျနိုင်ငံသို့ လင်းလင်း၊ ချစ်သုဝေတို့နှင့်အတူ သွားရောက်ရန် အစီအစဉ်ရှိကြောင်း ၎င်းကပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အဓိကပြဿနာက ဦးဇော်တို့မြန်မာမှာ ကိုယ့်လူမျိုးအချင်းချင်း အထင်မကြီးတတ်တာ

### ဒါရိုက်တာကိုဇော်(အရုဏ်ဦး)နှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

၂၀၁၂ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် ပရိသတ်များ ထင်ကြေးပေးသော်လည်း လွဲခဲ့သည့်ဆုများတွင် ဒါရိုက်တာဆုလည်းပါဝင်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်သည့် စံချိန်စံညွှန်းများကြောင့် ကိုယ်တိုင် မမျှော်လင့်ခဲ့သော်လည်း စနစ်ပြောင်းကာပေးအပ်ခဲ့သောကြောင့် ထူးချွန်ဆုရရှိခြင်းဖြစ်သည်ဟု"ဥ"ဇာတ်ကား၏ ဒါရိုက်တာဆုရှင် ကိုဇော်(အရုဏ်ဦး)ကပြောသည်။ ၂၀၀၁ခုနှစ်မှစတင်၍ ရုပ်ရှင်ရိုက်ကူးခဲ့ပြီး ယခုအချိန်ထိ ရုပ်ရှင်ဇာတ်ကားနှစ်ဆယ်ကျော်ရိုက်ကူးထားသည့် ဒါရိုက်တာအကယ်ဒမီကိုဇော်(အရုဏ်ဦး)ကို ရွှေ့ဆက်မည့်အနုပညာခရီးအပါအဝင် လက်ရှိ ရင်ဆိုင်နေရသည့် ရုပ်ရှင်ဈေးကွက်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးဇော်ရိုက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ နာမည်ကြီးသရုပ်ဆောင်တွေအများကြီးသုံးတာတွေ့ရတာက ဘာကြောင့်ပါလဲ။**

ဇာတ်ကိုအဓိကထားပြီးသွားတယ်။ ဇာတ်ကောင်တွေတိုင်းမှာ သူတို့ကာရိုက်တာနဲ့ လုပ်ရမယ့်အစိတ်အပိုင်းတွေရှိတယ်။ အဲဒီတော့ လေးငါးခြောက်ခန်းပဲပါပါ။ တကယ့် Perfect ဖြစ်တဲ့လူတွေမှ အဆင်ပြေမယ့် အခန်းမျိုးတွေရှိတော့ သရုပ်ဆောင်ကြီးတွေပဲ သုံးရတယ်။ အဲဒီသဘောနဲ့ ဦးဇော်ရိုက်ခဲ့တဲ့ ကားကြီးတွေဆိုများသောအားဖြင့် သရုပ်ဆောင်ကြီးတွေပါတာများတယ်။

**အခုအကယ်ဒမီရခဲ့တဲ့"ဥ"ရုပ်ရှင်ကားမှာလည်း နာမည်ကြီးသရုပ်ဆောင်တွေအများကြီးပါတာဆိုတော့ ဘယ်လိုအခက်အခဲတွေကြုံခဲ့ရသလဲ။**

စာမျက်နှာ ၄၁ ››






# F4 မင်းသားအဖြစ် ကျော်ကြားခဲ့တဲ့ ပုံရိပ်ကို ဖျောက်ပစ်ချင်တဲ့ ကင်ဟွန်ဂျွန်း

**ဆိုးလ်၊ ဇန်နဝါရီ-၁၁**

တောင်ကိုရီးယားသရုပ်ဆောင် အဆိုတော်ကင်ဟွန်းဂျွန်းသည် နာမည်ကျော်လူကြိုက်များသည့် "Boys Over Flowers"(F4)ဒရာမာဇာတ်လမ်းတွဲမှ ပရိသတ်များ အလွန်သဘောကျသော "ဂျီဟို" အဖြစ် ကျော်ကြားခဲ့သည့်ပုံရိပ်မှ ဖယ်ခွာရန်ဆုံးဖြတ်ထားသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

ကင်ဟွန်းဂျွန်းသည် KBS ရုပ်သံလိုင်းမှ များမကြာမီထုတ်လွှင့်တင်ဆက်မည့် "Age Of Feeling" ဒရာမာဇာတ်လမ်းတွဲသစ်တွင် ကိုရီးယားနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည့် မျိုးချစ်သူရဲကောင်းတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သောကြောင့်ပျို တိုင်းကြိုက်သည့် နှင်းဆီခိုင်ပုံရိပ်ဖြစ်နေသော ကိုလူချောလေး "ဂျီဟို"ပုံရိပ်မှ လွတ်မြောက်ရန် ဆန္ဒရှိနေသည်။

"အရင်က F4 မင်းသား ဂျီဟိုဆိုတဲ့ ပုံရိပ်ဟာ တကယ့်ကိုပေါ်လွင်လွန်းနေတယ်။ ဒါပေမဲ့ အခုဇာတ်လမ်းတွဲမှာ အရမ်းကို ယောကျ်ားပီသတဲ့ ဇာတ်ရုပ်လုပ်ရမှာပါ။ ရုပ်ရှင်ရိုက်နေတဲ့ အချိန်မှာလည်း ယောကျ်ားပီသမှုနဲ့ ပတ်သက်ပြီးလေ့လာနေပါတယ်"ဟု သရုပ်ဆောင်ကင်ဟွန်ဂျွန်းက "Age Of Feeling"ဒရာမာဇာတ်လမ်းတွဲသတင်းစာရှင်းလင်းပွဲ ၌ ပြောကြားသည်။

'Age Of Feeling'ဒရာမာဇာတ်လမ်းတွဲသစ်သည် ၁၉၃၀ ဝန်းကျင်တွင် တရုတ်နိုင်ငံရှန်ဟိုင်းမြို့မှ ကိုရီးယားလွတ်လပ်ရေးတိုက်ပွဲဝင်များ၏ ချစ်ခြင်းမေတ္တာ၊ မျိုးချစ်စိတ်ဓာတ်တို့ကို သရုပ်ဖော်ထားသည်။ ယင်းဒရာမာဇာတ်လမ်းတွဲကို ဇန်နဝါရီ ၁၅ ရက် ည ၁၀ နာရီတွင် KBS 2 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

*—Ref: Soompi*









7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

စာ(၃၉)မှ

# ဒါရိုက်တာကိုဇော်(အရဏ်ဦး)နှင့်တွေ့ဆုံခြင်း

အဲဒီကားစရိုက်ခင်ကတည်းက အကုန်လုံးနဲ့ညှိနှိုင်းတိုင်ပင်ပြီးမှသွားတာ။ ပါတဲ့လူတွေ အကုန်လုံးကလည်း တက်တက်ကြွကြွတညီတညွတ်တည်းလုပ်ကြတဲ့အတွက် အခက်အခဲသိပ်မရှိခဲ့ပါဘူး။

**၂၀၁၂အကယ်ဒမီမှာ ဒါရိုက်တာဆုအတွက် အရည်အချင်းရှိတဲ့သူတွေထဲမှာ ရခဲ့တာဆိုတော့ ဘယ်လိုခံစားရလဲ။**

မျှော်လင့်ပြီးရခဲ့တာ မဟုတ်ပါဘူး။ စနစ်ပြောင်း၊မူပြောင်းသွားတဲ့အပေါ်မှာ ကံကောင်းသွားတာပေါ့။ ဆုရခဲ့တဲ့အတွက် အုံ့ဩဝမ်းမြောက်ဂုဏ်ယူပါတယ်။

**“ဥ”ဇာတ်ကားနဲ့ရခဲ့တဲ့ ဒါရိုက်တာဆုအတွက် ဝေဖန်မှုတွေလည်းရှိတော့ ဦးဇော်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ဘယ်လိုသုံးသပ်ဖြစ်လဲ။**

ဒါကတော့ လူက မျိုးစုံရှိတာပဲ။ ဘာမှပြဿနာမရှိပါဘူး။ ဦးဇော်က သူတစ်ပါးကိုလည်းမပြောဘူး။ သူတို့ဝေဖန်ထောက်ရှုတဲ့ဟာကို အကုန်လုံးနားထောင်တယ်၊ဖတ်တယ်။ ကိုယ်မှားနေတဲ့ဟာတွေဆို ပြင်သင့်တာကို ပြင်တယ်။

**အကယ်ဒမီပေးပွဲနေ့က ပြောခဲ့တဲ့ကျေးဇူးတင်စကားမှာ“ဥ”သီချင်းဖန်တီးခဲ့တဲ့ကိုအရိုးနာမည်ကိုဘာကြောင့် ထည့်မပြောခဲ့တာလဲ။**

စင်ပေါ်မှာပြောခဲ့တဲ့ကျေးဇူးတင်စကားမှာတော့ ဒီကားမှာ ပါဝင်ပတ်သက်ခဲ့တဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ အားလုံးကိုကျေးဇူးတင်ပါတယ်လို့ ပြောခဲ့တယ်။ သီးသန့်တော့မပြောဖြစ်ဘူး။ ဒါပေမယ့် နောက်ပိုင်းအင်တာဗျူးတွေမှာ ပြောထားပါတယ်။

**အကယ်ဒမီရပြီးတဲ့နောက်ပိုင်းမှာဆက်ရိုက်မယ့်ကားတွေက ဦးဇော်အတွက် တာဝန်ပိုကြီးသွားမလား။**

အဲဒီလိုတော့မရှိပါဘူး။ အစကတည်းက ဒါရိုက်တာဆိုတဲ့နေရာကိုယူထားတာဆိုတော့တာဝန်အရှိဆုံး၊ တာဝန်အကြီးဆုံးနေရာကို ယူထားရတာပေါ့။ ဘာပဲဖြစ်ဖြစ်တာဝန်ကတော့ကြီးနေမှာပါ။ နောက်ပိုင်းရိုက်ရတာတွေမှာ အကယ်ဒမီကြောင့်ထက် ခေတ်စနစ်ကြောင့်တာဝန်ပိုကြီးလာမှာပါ။ နည်းပညာပိုင်းတွေအကုန်ပြောင်းလဲလာတာဆိုတော့ အကယ်ဒမီမရလည်း တာဝန်ကပိုကြီးလာမှာပဲ။

**ဗီဒီယိုတွေမှာ ဇာတ်လမ်း၊ ဇာတ်အိမ်ကောင်းကောင်းတွေရိုက်တာတွေ့ရပေမယ့် ရုပ်ရှင်မှာ ဘာကြောင့်ဟာသရုပ်ရှင်တွေပဲ ရိုက်ဖြစ်တာလဲ။**

ဒါကပရိသတ်အပေါ်မှာ မူတည်ပါတယ်။ ဦးဇော်ပရိသတ်အကြိုက်လိုက်ရိုက်တာများတယ်။ ဗီဒီယိုကျတော့ ပြဿနာမရှိဘူး။ တစ်ခွေကို ၂၀၀ နဲ့ငှားကြည့်ရတာဆိုတော့ ၂၀၀ ဆိုရင်တစ်အိမ်လုံးကြည့်လို့ရတယ်။ ရုပ်ရှင်ကျတော့ တစ်အိမ်လုံးသွားကြည့်မယ်ဆိုရင် အနိမ့်ဆုံး သုံးသောင်းလောက်ကုန်ကျမယ်။ ရုပ်ရှင်သွားကြည့်တဲ့လူတွေက သူတို့ရဲ့စိတ်ကို အပန်းဖြေဖို့ အတွက် အဓိကထားပြီးသွားကြတာ။ ပျော်ရွှင်မှုနဲ့လှုပမှုကို ပိုပြီး မက်မောကြတယ်။ အဲဒါကြောင့် ဦးဇော်က ဟာသကို ပိုရိုက်ဖြစ်တယ်။ ဒါပေမဲ့ ဦးဇော်ရိုက်ခဲ့တဲ့ဟာသကားတွေက ဇာတ်အိမ်၊ ဇာတ်လမ်းနဲ့ သူ့ဟာသူ အချိတ်အဆက်နဲ့ပဲသွားတာပါ။ တစ်ခန်းရပ်ပြဇာတ်လိုဟာမျိုးတွေမဟုတ်ဘူး။

**ပရိသတ်အကြိုက်ဟာသကားတွေကိုရိုက်လာကြတာကြောင့် ရုပ်ရှင်လောကနိမ့်ကျလာတယ်ဆိုပြီး ဝေဖန်မှုတွေရှိတဲ့အပေါ်မှာ ဦးဇော်ရဲ့အမြင်ကို ပြောပြပါလား။**

ဒါကတော့ လူမျိုးစုံရှိတဲ့အတွက် ဝေဖန်မှုကတော့ မျိုးစုံရှိမှာပဲ။ သူတို့က မကြည့်ဘဲ ဝေဖန်ကြတယ်ဆိုတော့မကြည့်ဘဲမဝေဖန်စေချင်ဘူး။ ဟာသကားရိုက်တယ်ဆိုတာကလည်း ဦးဇော်တို့လုပ်ငန်းက ပရိသတ်ကို ပြတဲ့လုပ်ငန်းဆိုတော့ ပရိသတ်ကြိုက်အောင်မရိုက်ရင် ဘယ်သူမှ ကြည့်မှာ မဟုတ်ဘူးလေ။ ဘယ်အရာပဲဖြစ်ဖြစ် အနုပညာနဲ့ပဲ ပတ်သက်ပြီးလုပ်ရတာပါ။ ဟာသဖြစ်တယ်ဆိုတိုင်း နိမ့်ကျတယ်ဆိုပြီး ဘာကိုသွားသတ်မှတ်ပြောမှန်း ဦးဇော်လည်းမသိဘူး။ မကြည့်ဘဲနဲ့တော့မဝေဖန်တာ ပိုပြီးသင့်တော်တာပေါ့။ မြန်မာကားတွေမကြည့်ဘူး၊ မကြည့်တာလည်း မကောင်းလို့မကြည့်ဖူးဘဲနဲ့ ဘာလို့မကောင်းဘူးပြောတာလဲ။ သူများပြောလို့လိုက်ပြောတဲ့ပုံစံမျိုးဖြစ်နေတယ်။ အရင်ကလည်း ဟာသကားတွေရှိတယ်။ ဘာဖြစ်လို့ မပြောကြတာလဲ။ ခုနောက်ပိုင်းဟာသကားတွေကျမှ လိုက်ပြီး လက်ညှိုးထိုးကြတာ။ ဦးဇော်တို့ အောက်လုံးတွေလည်း မသုံးဘူး။ တအားကြီးညစ်ညမ်းစေမယ့် အောက်လုံးမဟုတ်ဘူး။ စကားကို နှစ်ခွ၊ သုံးခွထွက်လို့ရတဲ့ တစ်လုံးတလေ သုံးတယ်။ ဒါကို အောက်လုံးတွေများတယ် ညစ်ညမ်းတယ်ဆိုပြီး ဝေဖန်အပြစ်တင်တာတော့မကောင်းဘူး။ သေသေချာချာကြည့်ကြည့်ပါဦး။ ကြည့်ပြီးမှ ပြောကြပေါ့။

**မြန်မာရုပ်ရှင်တွေကို နိုင်ငံခြားကားတွေနဲ့ယှဉ်ရင် ပရိသတ်အားပေးမှုနည်းတာက ဘာကြောင့် လို့ထင်လဲ။**

အဓိကပြဿနာက ဦးဇော်တို့မြန်မာမှာ ကိုယ့်လူမျိုးအချင်းချင်းအထင်မကြီးတတ်တာ ပထမဆုံးစတာ။ နိုင်ငံခြားကားကို ကြည့်တာက အမြင်ဆန်းသစ်မှုရှိတယ်။ နောက်ပြီး သူတို့က Team Work တအားကောင်းတယ်။ ဒီမှာကျတော့ အရေအတွက်လည်းများတယ်။ Team Work လည်း အားနည်းတယ်။ အရေအတွက်များပေမယ့် သရုပ်ဆောင်က နည်းတော့ ဗီဒီယိုမှာလည်း ဒီအခန်း ဒီလူပဲ သရုပ်ဆောင်တယ်။ ရုပ်ရှင်မှာလည်း တစ်ခါထပ်ကြည့်ရမယ်ဆိုရင်မကြည့်ချင်ကြဘူး။ အဲဒါကြောင့် ဦးဇော်တို့လည်း တတ်နိုင်သလောက် ဗီဒီယိုနဲ့ ရုပ်ရှင်ဆိုရင် ခွဲထားရတယ်။ ဗီဒီယိုထဲမှာပါတဲ့ ပလော့တ်ကို ရုပ်ရှင်ထဲမှာ ပါမယ်ဆိုရင် တစ်မျိုးပြန်ပြင်ရိုက်ရတာမျိုးတွေရှိတယ်။

**၂၀၁၃ မှာရုံတင်ခဲ့တဲ့ “အဖြူရောင်ရဲတိုက်”ရုပ်ရှင်က ဟာသလည်း မဟုတ်ပေမယ့် ပရိသတ်အားပေးမှုလည်းရခဲ့တော့ဦးဇော်ရဲ့ဒုတိယ အကယ်ဒမီအတွက် မျှော်လင့်လို့ရတဲ့ ရုပ်ရှင်ဖြစ်နိုင်မလား။**

ဒီကားကတော့ စံချိန်၊စံညွှန်းနဲ့ကိုက်အောင် ရိုက်ထားတာဆိုတော့ မျှော်လင့်မယ်ဆိုရင် မျှော်လင့်လို့ရတယ်။ ဒါပေမဲ့ ကိုယ့်အတွက်ထက် ဒီထဲမှာပါတဲ့ သရုပ်ဆောင်သုံးယောက်နေတိုး၊ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ကို ရစေချင်တာ။ ပိုများပါတယ်။ သူတို့အတွက်ပဲ အဓိကထားပြီး ရိုက်ထားတာပါ။

**အဖြူရောင်ရဲတိုက် ရုပ်ရှင်မှာပါတဲ့ စူပါသရုပ်ဆောင်နှစ်ဦးရဲ့ ဇာတ်ဝင်ခန်းအနည်းအများနဲ့ပတ်သက်ပြီး ပရိသတ်အချို့ကဝေဖန်ခဲ့တယ်ဆိုတော့ နောက်ပိုင်းမှာ စူပါသရုပ်ဆောင်တွေရဲ့အားပြိုင်ဇာတ်တွေရိုက်ရင် အခက်အခဲရှိနိုင်လား။**

ဒါကလည်း ဘေးကပြောတဲ့အပေါ်မှာ ဖြစ်သွားတာပါ။ ဦးဇော်က actor ကြီးတွေ နဲ့ချည်းရိုက်လာတာပဲ။ ဒွေးလက်ထက်တုန်းကလည်း ဒွေးနဲ့ ကျော်ရဲအောင်လည်း ရိုက်တာပဲ။ အဲဒီတုန်းကလည်း ဘာမှပြဿနာမရှိခဲ့ဘူး။ နောက်လထဲမှာလည်း လူမင်း၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ မိုးဟေကိုတို့နဲ့ ရုပ်ရှင် ရိုက်ဦးမှာ။ ဒီကားမှာကျတော့ထိပ်ဆုံးရောက်နေတဲ့ နှစ်ယောက်ကိုချစ်ကြတဲ့ပရိသတ်ရဲ့ဝေဖန်မှုပါ။ သူတို့ကလည်း တကယ့်တကယ်သေချာအစအဆုံးမကြည့်လို့ပါ။ အခန်းအနည်းများကြောင့် ဖြစ်ကြတာလည်း မဟုတ်ပါဘူး။ acting သဘောတရားကြောင့် ခုလို မျိုးဖြစ်တာ။ မြန်မာလူမျိုးကြိုက်တဲ့အိုက်တင်က အဆူကို ပိုကြိုက်တယ်။ နေတိုးလုပ်ရတဲ့ အိုက်တင်က အငြိမ်လုပ်ရတာ။ နေတိုးလုပ်ရတဲ့အိုက်တင်ကို သေချာကြည့်ရင် ပြဿနာမရှိဘူး။ အပေါ်ယံကြည့်လိုက်တော့ ဆူတဲ့လူက အခန်းများတယ်ထင်ရတာ။ တကယ်ဆိုရင် ပြေတီဦးက နေတိုးထက်တစ်ကားလုံးဆိုရင် ရှစ်ခန်းလောက်နည်းတယ်။ အဲဒါကို သူတို့မင်းသားက အခန်းနည်းတယ်ဆိုပြီး ပြောကြတာ။ အဲဒါကြောင့် သေချာကြည့်ပါ။ အပြစ်တင်ချင်ရင် သေချာကြည့်ပြီး အပြစ်တင်တာကောင်းတယ်။

**ဦးဇော်ရိုက်ကူးထားပြီး ရုံမတင်ရသေးတဲ့ရုပ်ရှင်ဘယ်နကားလောက်ရှိတာလဲ။**

ရိုက်ထားပြီး ရုံမတင်ရသေးတဲ့ကား ခုနစ်ကား လောက်ကျန်ဦးမယ်။

**မြန်မာနိုင်ငံရဲ့ ရုံတင်စနစ်တွေ နှစ်နဲ့ချီပြီးကြာတာက ရုပ်ရှင်လောကအတွက် ထိခိုက်မှုရှိလား။**

ရှိတာပေါ့။ ရိုက်တော့မယ်ဆိုရင် စကြံ့ရတာက ဘယ်နှခုနှစ်မှ တင်မှာလဲဆိုတဲ့ပြဿနာကစတာ။ ခုရိုက်မယ်ဆိုရင် ရုံတင်တဲ့အချိန်မှာ ဘာဖြစ်မလဲဆိုတာ မသိဘူး။ သရုပ်ဆောင်တွေအနေနဲ့လည်း ရုံတင်တဲ့အချိန်မှာ ဘာတွေဖြစ်နေမလဲမသိဘူး။ အကောင်းဆုံးကတော့ တစ်နှစ်လောက်ဆိုအဆင်ပြေတယ်။ တစ်နှစ်အတောအတွင်းမှာဆိုသိပ်အပြောင်းအလဲမရှိဘူး။ ၂ နှစ်၊ ၃ နှစ်ဆိုရင်တော့ အပြောင်းအလဲ နည်းနည်းရှိတယ်။ အဲဒါကြောင့် အဝတ်အစားကအစ တတ်နိုင်သလောက် ရိုးရိုးဝတ်လိုက်တာ ရှင်းတယ်။ ထုတ်လုပ်သူတွေကလည်း ငွေကို သိပ်ထားရတယ်။ ကုန်ကျစရိတ်တွေက ၂နှစ်၊၃နှစ်လောက်မှပြန်ရမှာဆိုတော့ သုံးတဲ့ငွေကို လျှော့သုံးတယ်။ ဒီစနစ်တွေက နောက်ထပ်ရုံတွေ ထပ်တိုးမှ ပြောင်းလဲမယ်ထင်ပါတယ်။

**ဟိုးအရင်ခေတ်ကလိုမျိုး ရုံပြိုင်စနစ်တွေနဲ့ ပြရင်ရော ဒီအခက်အခဲကိုဖြေရှင်းနိုင်မယ့်နည်းလမ်းတစ်ခုဖြစ်နိုင်မယ်လို့ထင်လား။**

ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ထုတ်လုပ်သူတွေက မလုပ်ရဲကြဘူး။ ဟိုတုန်းကတော့ ရုံလည်းများတယ်။ ကြည့်တဲ့လူလည်းများတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းကဆို ပိုစတာတွေလိုက်ကြည့်ပြီး ကိုယ်ကြိုက်တဲ့ကားဝင်ကြည့်တယ်။ အမှန်မှာတော့ ရွေးချယ်ပိုင်ခွင့်ပေးထားတာပေါ့။ ခုတော့ အဲဒီလိုမဟုတ်ဘဲ ဘယ်ရုံကြည့်လိုက်ကြည့်လိုက် ဒီပိုစတာကြီးပဲ ဖြစ်နေတယ်။ ပရိသတ်ကိုရွေးချယ်ပြီးကြည့်ဖို့ပေးလိုက်မယ်ဆိုရင် သူတို့ကြိုက်တဲ့ ကားကြည့်တော့မယ်။ အဲဒီတော့ ကြည့်တဲ့ပရိသတ်ကို အရင်စောင့်ရမယ်။ ဟိုခေတ်ကလိုမျိုးရုပ်ရှင်ကြည့်တဲ့ပရိသတ်ကိုအရင်ရှာရမယ်။ အဲဒီအတွက်ကစီးပွားရေးအဆင်ပြေမှ၊ နိုင်ငံရဲ့စီးပွားရေးအဆင်ပြေနေမှ၊ နောက်ပြီး ရုံတွေလည်း ဒီထက်များလာမယ်ဆိုမှ ရုံပြိုင်စနစ်က အဆင်ပြေမှာ။ အဲဒီလို မဟုတ်ရင်တော့ ဒီအတိုင်းပဲ သွားနေရမှာပဲ။ ၂၀၁၅ ပြီးလောက်မှ ပဲဖြစ် နိုင်မယ်။ ၂၀၁၅ လောက်ကျ ဟိုတယ်တွေအကုန်ဆောက်ပြီသွားပြီဆိုရင်တော့ အန်တာတိန်းမန့်ဘက်ကို ပြန်လှည့်လာမယ်ထင်တယ်။ အဲဒီကကျရင်တော့ပြောင်းလဲသွားမယ်ထင်တယ်။

**ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။**

ဒါနဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့သမ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-

သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ည / ၈ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-

(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ်ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)

■ ဇန်နဝါရီ -၃၁ ■ ဖေဖော်ဝါရီ- ၉၊၁၆၊၂၃ ■ မတ်- ၂၊၉၊၁၆၊၂၃၊၃၀ ■ ဧပြီ -၆၊၁၃

တပေါင်းလပြည့်နေ့ သင်္ကာသနဂိုရ် အစလစေတီတော် အထက်ဌာပနာပိတ်ပွဲအခမ်းအနား တက်ရောက်လိုသူများ မတ်လ (၉) ရက်ခရီးစဉ်ဖြင့် လိုက်ပါနိုင်ပါသည်။

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊

ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664

မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173

ပုဒ္ဓဝမ္ဗဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236

မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

ဝန်ထမ်းအလိုရှိသည်။

ဂျာမဏီနိုင်ငံ Denk Pharma Co., Ltd. နှင့် Czech နိုင်ငံ Walmark Co., Ltd. မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ချိနေသော T.T.O Trading Co., Ltd.တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျှက် ရှိပါသည်။

(၁) Medical Representative (ကျား/မ)(၅)ဦး

- M.B.,B.S/B.D.S/B.V.S/B.Pharm ဘွဲ့ရရှိပြီးသူများဖြစ်ရမည်။

(၂) Medical Representative(Assistance) (ကျား/မ)(၅)ဦး

- ဘွဲ့ရပြီးဖြစ်ရမည်
- အသက် (၂၅) ထက်မငယ်ရ (၃၅) နှစ်ထက်မကြီးရပါ။
- ဆေးကုမ္ပဏီအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိရမည်။

(၃) ပစ္စည်းဖြန့်ချီရေး (ကျား) (၅)ဦး

- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရပါမည်။
- အသက် (၂၅) နှစ်အောက်ဖြစ်ရပါမည်။

စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆လ အတွင်းရိုက်ထားသော ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ နှင့် ၂ပတ် အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

T.T.O Trading Co., Ltd.
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀

# Sports

7DAY NEWS JOURNAL

Vol.12, No.45 • JANUARY 15 , 2014





*အာဆီယံမသန်စွမ်းအားကစားပုံရိပ်များ*

ဓာတ်ပုံ - အား/ကာ

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲနှင့် မြန်မာ

**ဗိုလ်ဗိုလ်ဝင်း**

ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း တစ်ထောင်ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြမည့် (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (ASEAN Para Games) ကိုနေပြည်တော်တွင် ဇန်နဝါရီ ၁၄ ရက်၌ စတင်ကျင်းပနေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို အောင်မြင်စွာလက်ခံကျင်းပပြီးနောက် ၂၀၁၄ နှစ်ဆန်းတွင်ဒေသတွင်းအားကစားပြိုင်ပွဲတစ်ရပ်ကို အိမ်ရှင်အဖြစ်ထပ်မံ လက်ခံကျင်းပခြင်းဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်မှစတင်ကာ ၂ နှစ်တစ်ကြိမ်ကျင်းပလာခဲ့သော်လည်း မသန်စွမ်းအားကစားပြိုင်ပွဲကိုမူ အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် (ASEAN Para Sports Federation) ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၁ ခုနှစ်မှစတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ပုံမှန်အားဖြင့် ဆီးဂိမ်းပြိုင်ပွဲကျင်းပသည့် အိမ်ရှင်နိုင်ငံများက လက်ခံကျင်းပရခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၀၁ မလေးရှားဆီးဂိမ်းပြိုင်ပွဲမှစတင်၍ ဆီးဂိမ်းအိမ်ရှင်နိုင်ငံများကအာဆီယံမသန်စွမ်းပြိုင်ပွဲကို လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၀၉ ဗီယန်ကျန်းဆီးဂိမ်းအပြီးတွင်လာအိုနိုင်ငံကလက်ခံမကျင်းပဖြစ်သည့်အတွက် မလေးရှားနိုင်ငံက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို လက်ခံကျင်းပခဲ့သည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းရုံများတွင် လက်ခံကျင်းပမည့်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မြားပစ်၊ ပြေးခုန်ပစ်၊ ဘော်စီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည့်အားကစားနည်း ၁၂မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၀၁ ခုနှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၁ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၇၅ခု၊ ၂၀၀၃ ခုနှစ်တွင် ရွှေတံဆိပ် ၂၄ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၄၇ ခု၊ ၂၀၀၅ ခုနှစ်တွင် ရွှေတံဆိပ် ၂၉ ခုအပါအဝင်ဆုတံဆိပ်ပေါင်း ၄၆ ခု၊ ၂၀၀၈ ခုနှစ်တွင် ရွှေတံဆိပ် ၁၄ ခုအပါအဝင်ဆုတံဆိပ်ပေါင်း ၅၁ ခု၊ ၂၀၀၉ ခုနှစ်တွင် ရွှေတံဆိပ် ၁၄ ခုအပါအဝင် ဆုတံဆိပ် ၄၀ ခုနှင့် ၂၀၁၁ ခုနှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၁ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၃၄ ခုရယူခဲ့သည်။

မှတ်တမ်းများအရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပထမကြိမ်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် တတိယနေရာဖြင့် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ၎င်းပြိုင်ပွဲသည် အအောင်မြင်ဆုံးအဖြစ်ရပ်တည်ထားသည်။


နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ်အာဆီယံမသန်စွမ်းပြိုင်ပွဲတွင် မြန်မာအနေဖြင့် ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်ခြောက်နေရာတွင်ရပ်တည်နိုင်ခဲ့သည်။ သို့သော် ကျင်းပပြီးစီးခဲ့သောပြိုင်ပွဲများတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်ငါးဆယ်ဦးရေအောက်ဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက်အထိကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အားကစားနည်း ၁၂ မျိုးတွင် ပွဲစဉ်အရေအတွက် ၃၃၉ ပွဲထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ၃၃၉ခု၊ ငွေတံဆိပ် ၃၃၉ခုနှင့် ကြေးတံဆိပ် ၃၅၉ ခုဖြင့် ဆုတံဆိပ်စုစုပေါင်း ၁၀၃၇ ခုချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာ အားကစားအဖွဲ့က အားကစားသမားပေါင်း ၂၁၃ ဦးဖြင့် ပွဲစဉ်တိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲသမိုင်းတစ်လျှောက် ခြောက်ကြိမ်အနက် ငါးကြိမ်တွင် ထိုင်းမသန်စွမ်းအားကစားအဖွဲ့က နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုတွင် ပထမနေရာရပ်တည်ထားပြီး အအောင်မြင်ဆုံးအဖြစ် ရပ်တည်နေသလို ၂၀၁၄ ပြိုင်ပွဲတွင်လည်း ထိုင်းအားကစားအဖွဲ့သာ နိုင်ငံအလိုက်ပထမနေရာတွင်ရပ်တည်ရန် ရေပန်းစားနေသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်အရေအတွက် ၅၀ ဝန်းကျင်မျှော်မှန်းထားကြောင်းနှင့် ပြေးခုန်ပစ်၊ ရေကူးနှင့်ဘော်လီဘောအားကစားနည်းတို့မှ ရွှေဆုပိုမိုရရှိရန်ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများကဆိုသည်။

ပြိုင်ပွဲတွင် ရွှေရရှိဖို့ထက် မသန်စွမ်းအားကစားသမားများစိတ်ဓာတ်များမြင့်မားလာရန် အဓိကဖြစ်ကြောင်းလည်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။ ချစ်ကြည်ရင်းနှီးမှု (Friendship)၊ တန်းတူညီမျှမှု (Equality)၊ စုစည်းညီညွတ်မှု (Unity) ရည်ရွယ်ချက်သုံးရပ်ဖြင့်ကျင်းပသည့် (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်မှုနှင့် ဂုဏ်သိက္ခာပိုင်းတို့အတွက် အောင်မြင်စွာလက်ခံကျင်းပနိုင်ရန် အရေးကြီးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မသန်စွမ်းအားကစားသမားများအတွက် ပရိသတ်အားပေးမှုများလည်းလိုအပ်နေမည်သာဖြစ်သည်။



www.kia.com.mm
KIA
Major Sponsor
Kia, the sponsor for dream and passion
Dreams become reality.
Passion creates history.
Kia is ready to open a new chapter
with Rafael Nadal.
Rafael Nadal
Kia brand ambassador
picanto
Kia Motors, the major sponsor of the Australian Open 2014
KIA
The Power to Surprise




# မော်ရင်ဟိုနဲ့ မိုရက်စ်တို့ရဲ့ နည်းဗျူဟာပြိုင်ပွဲ

**ယခုတစ်ပတ်ကစားမည့် ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်**

### အာဆင်နယ် – ဖူလ်ဟမ်

| ပ-အကျော့ရလဒ် |
|---|
| ဖူလ်ဟမ် ၁-၃ အာဆင်နယ် |

တန်းဆင်းဇုန်နားကပ်နေတဲ့ ဖူလ်ဟမ်ကို အာဆင်နယ် အနိုင်ကစားပါလိမ့်မယ်။ ဒါပေမဲ့ အာဆင်နယ်က အရန်ကစားသမားတွေကို ထုတ်သုံးလာနိုင်တဲ့အတွက် ဂိုးနည်းနိုင်ပါတယ်။ အာဆင်နယ်အနိုင်ရဖို့များပြီး သွင်းဂိုးများနိုင်ပါတယ်။

### ဆွမ်ဆီး – စပါး

| ပ-အကျော့ရလဒ် |
|---|
| စပါး ၁-၀ ဆွမ်ဆီး |

စပါးခြေသာတယ်ဆိုပေမယ့် ဆွမ်ဆီးအိမ်ကွင်းမာတာကြောင့် ပထမအကျော့ရှုံးပွဲကိုပြန်ဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ နှစ်သင်းစလုံးအကြိတ်အနယ်ကစားရပြီး စပါး နိုင်ခဲ့ရင်လည်း ပထမအကျော့ရလဒ်မျိုးပွဲထွက်လာနိုင်ပါတယ်။

### ချယ်လ်ဆီး – မန်ယူ

| ပ-အကျော့ရလဒ် |
|---|
| မန်ယူ ၀-၀ ချယ်လ်ဆီး |

လီဗာပူးကိုအိမ်ကွင်းမှာအနိုင်ရထားတဲ့ ချယ်လ်ဆီးက မန်ယူကို ကပ်နိုင်ပါလိမ့်မယ်။ အသင်းကြီးတွေနဲ့တွေ့တိုင်း နဂိုခြေစွမ်းပြန်တွေ့တတ်တဲ့ မန်ယူက သရေလည်း ကစားနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းအရ ချယ်လ်ဆီးသာပါတယ်။

### ဂျူဗင်တပ် – ဆမ်ဒိုးရီးယား

| ပ-အကျော့ရလဒ် |
|---|
| ဆမ်ဒိုးရီးယား ၀-၁ ဂျူဗင်တပ် |

အိမ်ကွင်းတွင် ဒုတိယနေရာမှ ရိုးမားကိုပင် အနိုင်ယူပြခဲ့သည့် ဂျူဗင်တပ်က ဆမ်ဒိုးရီးယားကို အနိုင်ရပါလိမ့်မယ်။ ဆမ်ဒိုးရီးယား နောက်ဆုံးသုံးပွဲမှာ တစ်ပွဲသရေကျပြီး နှစ်ပွဲရှုံးထားပါတယ်။ ခြေစွမ်းကောင်းတဲ့ ဂျူဗင်တပ်တို့ အနိုင်ရသွားနိုင်ပါတယ်။

### အူဒီးနိစ် – လာဇီယို

| ပ-အကျော့ရလဒ် |
|---|
| လာဇီယို ၂-၁ အူဒီးနိစ် |

ကစားပုံမာကျောပြီး ခြေစွမ်းမတည်ငြိမ်သေးတဲ့ နှစ်သင်းတွေ့ဆုံတဲ့ပွဲပါ။ အူဒီးနိစ်ကွင်းဆိုပေမယ့် ကစားသမားပိုင်းမှာ လာဇီယိုကသာပါတယ်။ ရှေ့နှစ်မှာဥရောပဝင်ခွင့်အတွက် အရှိန်တင်ကြိုးစားတော့မယ့် လာဇီယိုတို့ အူဒီးနိစ်ကွင်းမှာ အနိမ့်ဆုံးသရေကန်ပါလိမ့်မယ်။ နိုင်ဖို့အခွင့်အရေး ဆတူရှိပြီး ရလဒ်မပြတ်နိုင်တဲ့ပွဲပါ။

### လီဗန်တေး – ဘာစီလိုနာ

| ပ-အကျော့ရလဒ် |
|---|
| ဘာစီလိုနာ ၇-၀ လီဗန်တေး |

ပထမအကျော့က အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူခဲ့ပေမယ့် အိမ်ကွင်းကစားပုံကောင်းတဲ့ လီဗန်တေးကို ပထမအကျော့ရလဒ်မျိုးထွက်ဖို့ ဘာကာတို့ မမျှော်လင့်နိုင်ပါဘူး။ ခံစစ်လုံအောင်ကစားပြီး ကောင်တာချောင်းကစားမယ့် လီဗန်တေးတို့ အိမ်ကွင်းမှာ သရေတစ်မှတ်ရဖို့ ကြိုးစားပါလိမ့်မယ်။ အနိုင်ဆိုရင်တော့ ဘာကာပဲဖြစ်ပြီး ဂိုးပြတ်ဖို့တော့မလွယ်ဘူး။

### အက်သလက်တီကို – ဆီဗီလာ

| ပ-အကျော့ရလဒ် |
|---|
| ဆီဗီလာ ၁-၃ အက်သလက် |

အက်သလက်တီကိုအတွက် ပွဲကျပ်တွေများနေတဲ့ သီတင်းပတ်ပါ။ ဘာစီလိုနာနဲ့ လိဂ်ပွဲအပြီး ဗလန်စီယာနဲ့ ဘုရင့်ဖလား ကန်ခဲ့ရသလို ခြေစွမ်းမာတဲ့ ဆီဗီလာနဲ့ ဆက်ပြီးကန်ဖို့ရှိနေတာ အက်သလက်တီကိုအတွက် ခက်ခဲတဲ့စမ်းသပ်မှုပါ။ ဥရောပဝင်ခွင့်အတွက် ကြိုးစားနေတဲ့ ဆီဗီလာတို့ အိမ်ရှင်ဆီက အနိမ့်ဆုံး သရေတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ သရေကျဖို့ များတဲ့ပွဲပါ။

### မာလာဂါ – ဗလန်စီယာ

| ပ-အကျော့ရလဒ် |
|---|
| ဗလန်စီယာ ၁-၀ မာလာဂါ |

မက်ဒရစ်နဲ့ ဘုရင့်ဖလားအပြီးမှာ မာလာဂါကွင်းသွားကစားရမယ့် ဗလန်စီယာအတွက် ပွဲကျပ်တစ်ခုပါ။ ရှုံးပွဲဆက်နေတဲ့ ဗလန်စီယာကို မာလာဂါတို့ အနိမ့်ဆုံး သရေကန်ပါလိမ့်မယ်။ ပထမအကျော့ရှုံးပွဲကို ပြန်ဆယ်ဖို့ကြိုးစားမယ့် မာလာဂါတို့ ကပ်ပြီးအနိုင်ရသွားဖို့လည်းရှိပါတယ်။



7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ရုရှားနိုင်ငံတွင်ကျင်းပမည့် အိုလံပစ်ပွဲတော်၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနိုင်ဟု အမေရိကန်သတိပေး

**ဝါရှင်တန်၊ ဇန်နဝါရီ-၁၁**

ရုရှားနိုင်ငံ ဆိုချီမြို့တွင် ကျင်းပမည့် အိုလံပစ်ပွဲတော်ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ပြည်သူများအား သတိပေးလိုက်သည်။ သို့သော် အမေရိကန်နိုင်ငံသားများကို သီးသန့်တိုက်ခိုက်မည်ဟုခြိမ်းခြောက်ထားခြင်းမရှိဟု အမေရိကန်အစိုးရကပြောသည်။

ဖေဖော်ဝါရီ ၇ ရက်မှ မတ်လ ၁၄ ရက်အထိ ကျင်းပမည့် အိုလံပစ်ပွဲတော်များအတွင်း အမေရိကန်နိုင်ငံသားများ ကိုယ်ပိုင်လုံခြုံရေးနှင့်ပတ်သက်၍သတိရှိရန် ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

"အိုလံပစ်ပွဲတော်လို ပရိသတ်အများကြီးတက်ရောက်မယ့်ပွဲတွေကို အကြမ်းဖက်သမားတွေ ပစ်မှတ်ထားလာနိုင်ပါတယ်"ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြထားပြီး သင့်လျော်သောလုံခြုံရေးအစီအစဉ်များပြုလုပ်ထားသည်ဟု ရုရှားအာဏာပိုင်များက ပြောကြားကြောင်းလည်း ယင်းဌာနကပြောသည်။

အမေရိကန်နိုင်ငံသားများ (သို့မဟုတ်) အဖွဲ့အစည်းများကို သီးသန့်ခြိမ်းခြောက်မှုများ မရှိသော်လည်း အမေရိကန်နိုင်ငံသားများ အနေဖြင့် မိမိတို့ပတ်ဝန်းကျင်ကို သတိထားကာ လုံခြုံရေးသတိရှိကြရန် ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ရုရှားနိုင်ငံ ဗိုဂိုဂရက်မြို့ရှိ ပြည်သူများ ခရီးသွားလာရေးကို ပစ်မှတ်ထားတိုက်ခိုက်သော အသေခံဗုံးခွဲတိုက်ခိုက်မှုသုံးခုအပါအဝင် ပြီးခဲ့သည့်နှစ် နောက်ဆုံးသုံးလအတွင်း ရုရှားနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သာဓကအဖြစ် ဖော်ပြသည်။

အိုလံပစ်ပွဲတော်ကျင်းပစဉ် နိုင်ငံရေးဆန္ဒပြပွဲများလည်း ဖြစ်ပွားနိုင်ကြောင်း ယင်းသတိပေးချက်တွင် ဖော်ပြထားသည်။ ယင်းဆန္ဒပြပွဲများမှာ မမျှော်လင့်ဘဲ အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးသည်။ *—Ref: Reuters*

# ကျူးဘားနှင့် ဆက်ဆံရေးသစ်ထူထောင်ရန် အမေရိကန်လမ်းဖွင့်ပေး

**ဟာဗားနား၊ ဇန်နဝါရီ-၁၁**

အမေရိကန်အနေဖြင့် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးသစ်တစ်ရပ် ထူထောင်ရန် လမ်းဖွင့်ထားသည်ဟုကန်အကြီးတန်းအရာရှိအက်ဒဝပ်အဲလက်စ်လီက ပြောကြားသည်။ သို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုသည် ကျူးဘားနိုင်ငံတွင် နိုင်ငံရေးပိုမိုလွတ်လပ်မှုနှင့် ဒွန်တွဲဖြစ်ပေါ်လာမည်ဖြစ်သည်ဟု မစ္စတာလီက ပြောကြားသည်။

အမေရိကန်နှင့်ကျူးဘားနိုင်ငံတို့သည် လူဝင်မှုကြီးကြပ်ရေးနှင့် အခြားသော အကြောင်းအရာများနှင့်ပတ်သက်၍ အလွန်အပြုသဘောဆောင်သော ဆွေးနွေးမှုများကို ယခုသီတင်းပတ်တွင် ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံက ရှားပါးသော စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်နိုင်ရန် ကြိုးပမ်းသွားမည်ဟု မစ္စတာလီက ပြောကြားသည်။

ကန်နိုင်ငံခြားရေးအရာရှိတစ်ဦးဖြစ်သူ အက်ဒဝပ်အဲလက်စ်လီသည် ကျူးဘားနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး ရောက်ရှိခဲ့ပြီး အမေရိကန်နှင့် ကျူးဘားနှစ်နိုင်ငံဆက်ဆံရေး ပြေလည်စေရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ကျူးဘားပြည်သူများအပေါ် အစိုးရ၏စိတ်သဘောထားအခြေခံကျကျ ပြောင်းလဲမှုကို အမေရိကန်တို့က ဆန္ဒရှိသည်ဟု မစ္စတာလီက ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနား၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကျူးဘားနှင့်အမေရိကန်နိုင်ငံတို့သည် ၂၀၁၁ ခုနှစ်တွင် တစ်ဖက်နှင့်တစ်ဖက် ရန်လိုမှုကို ရပ်ဆိုင်းခဲ့သော်လည်း ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် နှစ်ဖက်တင်းမာမှုများပြန်လည်ဖြစ်ပေါ်ခဲ့သည်။ မစ္စတာလီသည် ဟာဗားနားမြို့ခရီးစဉ်တွင် ကျူးဘားနိုင်ငံသားများအနေဖြင့် အမေရိကန်နိုင်ငံသို့ အန္တရာယ်ကင်းပြီး တရားဝင်ဖြစ်သောနည်းလမ်းများဖြင့် ဝင်ရောက်နိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

*—Ref: BBC*



VASILY FEDOSENKO/REUTERS

*ရုရှားနိုင်ငံ၊ ဗိုဂိုဂရက်မြို့ ရထားဘူတာရုံတွင် အသေခံဗုံးခွဲမှုအတွင်း သေဆုံးခဲ့သော ရုရှားရဲတပ်ကြပ်ကြီး၏ ဓာတ်ပုံအနီး ဖယောင်းတိုင်ထွန်းညှိနေသည်ကို တွေ့ရစဉ်*



7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ကဖိန်းဓာတ်သည် မှတ်ဉာဏ်ကောင်းစေနိုင်ဟုဆို

**ပါရီ၊ ဇန်နဝါရီ-၁၃**

လူသားများသည် မှတ်ဉာဏ်ကောင်းစေရန်နှင့် နိုးနိုးကြားကြားရှိစေရန် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကဖိန်းဓာတ်အပေါ် မှီခိုလိမ့်မည်ဟူသောဖြစ်နိုင်ခြေကိုကန်သုတေသနတစ်ခုကဖော်ပြသည်။ ကဖိန်းဓာတ်သည် မှတ်ဉာဏ်စွမ်းရည်ကိုမြှင့်တင်နိုင်သည်ဟုလည်း ကန်သုတေသနပညာရှင်များက ပြောကြားသည်။

ကဖိန်းဓာတ် ခန္ဓာကိုယ်အတွင်း ရောက်ရှိပြီးနောက်တွင် အနည်းဆုံးတစ်ရက်ကြာသည်အထိ အချို့သော မှတ်ဉာဏ်များတိုးစေသည်ကို အမေရိကန်ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။ သုတေသနအဖွဲ့သည် လူ ၁၆၀ ဦး၏ မှတ်ဉာဏ်စွမ်းရည်ကို လေ့လာစစ်ဆေးခဲ့ရာ ကဖိန်းဓာတ်ပါသော ဆေးပြားသောက်ထားသူများက မှတ်ဉာဏ်စွမ်းရည်စစ်ဆေးမှုတွင် ရလဒ်ကောင်းများ ပိုရသည်ကို လေ့လာတွေ့ရှိခဲ့သည်။

သုတေသနပညာရှင်များသည် ကော်ဖီ၊ လက်ဖက်ရည် (သို့မဟုတ်) အားဖြည့်အချိုရည်များကဲ့သို့သော ကဖိန်းဓာတ်ပါသည့် ကုန်ပစ္စည်းများကို ပုံမှန်စားသောက်ခြင်းမရှိသော လူများတွင် လေ့လာခဲ့သည်။ ယင်း လူ ၁၆၀ ဦး၏ တံတွေးနမူနာကို ကဖိန်းဓာတ်ပါဝင်မှုပမာဏစစ်ဆေးရန် ရယူခဲ့ပြီးနောက် အဖွဲ့နှစ်ဖွဲ့ခွဲ၍ စမ်းသပ်ခဲ့သည်။ သုတေသနပညာရှင်များသည် ပထမအဖွဲ့အား ကဖိန်းဓာတ်ပါသည့်ဆေးဝါးများ တိုက်ကျွေးခဲ့သော်လည်း ဒုတိယအဖွဲ့အား ယင်းဆေးများနှင့်တူသော အာနိသင်မရှိသည့်ဆေးများကို တိုက်ကျွေးခဲ့သည်။ ထို့နောက် ဆေးသောက်ပြီး ၂၄ နာရီအကြာတွင် ယမန်နေ့က ပြသခဲ့သော ရုပ်ပုံများနှင့် ယနေ့ပြသသောရုပ်ပုံများ နှိုင်းယှဉ်ခွဲခြားခိုင်းရာ ပထမအဖွဲ့က မှတ်ဉာဏ်စွမ်းအားပိုကောင်းပြီး စမ်းသပ်မှုတွင် ရလဒ်ကောင်းများရရှိခဲ့သည်ကို သုတေသနပညာရှင်များ တွေ့ရှိခဲ့သည်။

ထို့ကြောင့် ကဖိန်းဓာတ်သည် ကျန်းမာစွာအသက်ရှည်စေခြင်းနှင့် ဆက်စပ်မှုရှိပြီး အယ်လ်ဇိုင်းမားရောဂါကဲ့သို့သော မှတ်ဉာဏ်စွမ်းအားကျဆင်းမှုမှ ကြိုတင်ကာကွယ်သော သက်ရောက်မှုအချို့ရှိသည်ဟု သုတေသနပညာရှင် ယာဆာက ပြောကြားသည်။ သို့ရာတွင် ကဖိန်းဓာတ်လိုအပ်သည်ထက် ပိုမိုလွန်ကဲလျှင် ကတုန်ကယင်ဖြစ်ခြင်းနှင့် စိုးရိမ်ကြောင့်ကြခြင်းကဲ့သို့သော မကောင်းသည့်အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်ဟု သုတေသနပညာရှင်များက သတိပေးသည်။ *—Ref: AFP/BBC*






7 DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# နာမကျန်းဖြစ်နေကြောင်း ဖော်ပြနိုင်သည့် စမတ်အကျႌတစ်မျိုး ပြင်သစ်ဖက်ရှင်လုပ်ငန်းတီထွင်




**လာ့စ်ဗီးဂက်စ်၊ ဇန်နဝါရီ-၁၂**

ဝတ်ဆင်ထားသူ မောပန်းနွမ်းနယ်နေချိန် (သို့မဟုတ်) နာမကျန်းဖြစ်နေချိန်ကို သိရှိဖော်ပြနိုင်သည့် အာရုံခံကိရိယာအသေးစားများ တပ်ဆင်ထားပြီး ချည်ထည်ဖြင့် ရက်လုပ်ထားသောစမတ်အကျႌတစ်မျိုးကို ပြင်သစ်နိုင်ငံအခြေစိုက် Cityzen Sciences ဖက်ရှင်လုပ်ငန်းက အမေရိကန်နိုင်ငံလာ့စ်ဗီးဂက်စ်မြို့တွင် ကျင်းပသည့် အီလက်ထရွန်နစ်ကုန်စည်ပြပွဲ ၌ ထုတ်ဖော်ပြသလိုက်သည်။

ယင်းအထည်မှာလက်အိတ်၊ အကျႌ၊ ဘောင်းဘီတို့အပါအဝင် ဝတ်ဆင်စရာအဝတ်အထည်မျိုးစုံ ပြုလုပ်နိုင်သည်ဟု စမတ်အကျႌ တီထွင်ထုတ်လုပ်ထားသော လုပ်ငန်းစု ဦးဆောင်ကုမ္ပဏီ Cityzen Science မှ နိုင်ငံတကာညွှန်ကြားရေးမှူး ဂီးလ်ဘက်ရီဗီလွန်က ပြောသည်။

အာရုံခံကိရိယာများကို အဝတ်အထည်များတွင် ထည့်သွင်းကာ စမတ်အကျႌတစ်မျိုး မိမိတို့ ထုတ်လုပ်လိုက်ခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အကျႌတံဆိပ်ကပ်သောနေရာကဲ့သို့ ဝတ်ဆင်သူ သိသာခြင်းမရှိစေရန် ထည့်ချုပ်ထားသော ဘက်ထရီစွမ်းအင်သုံး အာရုံခံကိရိယာများမှတစ်ဆင့် ဝတ်ဆင်ထားသူ၏ မောပန်းနွမ်းနယ်မှု၊ နာမကျန်းဖြစ်မှုတို့နှင့်ပတ်သက်သည့် အချက်အလက်များ ဖမ်းယူကာ အခြေအနေမှန်ကို ဖော်ပြပေးနိုင်သည်။ ယင်းအချက်အလက်များကို အချိန်မှန်ကန်စွာဖြင့် စမတ်ဖုန်းများတွင် Application မှတစ်ဆင့် ကြိုးမဲ့စနစ်ဖြင့် ဖော်ပြနိုင်သည်။

ဝတ်ဆင်ထားသူများ၏ ဖြစ်နိုင်ခြေရှိသော ကိုယ်ကာယဆိုင်ရာ ပြဿနာများကိုလည်း စမတ်ဖုန်းမှတစ်ဆင့် သတိပေးဖော်ပြနိုင်သည်။

ယင်း Application က စမတ်အကျႌဝတ်ဆင်ထားသူ မောပန်းနေလျှင်သော်လည်းကောင်း၊ စိတ်ဓာတ်ကျနေလျှင်သော်လည်းကောင်း၊ နှလုံးရောဂါဖြစ်လာလျှင်သော်လည်းကောင်း ဝတ်ဆင်ထားသူကို အသိပေးဖော်ပြနိုင်သည်ဟု ရီဗီလွန်က ပြောကြားသည်။ ယင်းစမတ်အကျႌကို ပြင်သစ်နိုင်ငံ၏ အဓိကအားကစားအသင်းများနှင့် ကျန်းမာရေးအဖွဲ့အစည်းများ ပူးပေါင်းကာ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယင်းစမတ်အကျႌ၏ ဈေးနှုန်းမှာ သာမန်ရိုးရိုးအကျႌများ၏ တန်ဖိုးထက် ၃၀ (သို့မဟုတ်) ၄၀ ရာခိုင်နှုန်းပိုများမည်ဟု Cityzen Science ဖက်ရှင်လုပ်ငန်း၏ ပြောကြားချက်အရ သိရသည်။

*—Ref: AFP*



7Day News Journal
# International
Vol.12, No.45 • JANUARY 15 , 2014

# ၂၀၁၃ အတွင်း မြောက်ကိုရီးယားနိုင်ငံသား ၁,၅၀၀ တောင်ကိုရီးယားသို့ ထွက်ပြေးခဲ့

**ဆိုးလ်၊ ဇန်နဝါရီ-၁၃**

မြောက်ကိုရီးယားနိုင်ငံမှ ထွက်ပြေးလွတ်မြောက်သူ အရေအတွက် ကျဆင်းမှုမှာ မြောက်ကိုရီးယားခေါင်းဆောင်သစ် ကင်ဂျုံအန်၏ နှိမ်နင်းမှုများနှင့် တိုက်ဆိုင်နေပြီး ၂၀၁၃ ခုနှစ်အတွင်း မြောက်ကိုရီးယားမှ တောင်ကိုရီးယားသို့ ထွက်ပြေးလွတ်မြောက်သွားသူ ၁,၅၀၀ ဦးရှိခဲ့သည်။

လွန်ခဲ့သည့်ငါးနှစ်က နှစ်စဉ် ထွက်ပြေးလွတ်မြောက်သူ အရေအတွက် ၃,၀၀၀ နီးပါးရှိခဲ့သည်။ သို့သော် ဖခင်ဖြစ်သူ ကင်ဂျုံအီလ် သေဆုံးပြီးနောက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာအတွင်း ကင်ဂျုံအန် အာဏာရလာပြီးနောက် ယင်းအရေအတွက်မှာ သိသာစွာကျဆင်းသွားခဲ့သည်။

တရုတ်နိုင်ငံမှ တစ်ဆင့် ထွက်ပြေးကြသည့် မြောက်ကိုရီးယားထွက်ပြေးသူ ပြီးခဲ့သည့်နှစ်က ၁,၅၁၆ ဦးရှိခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်းက ၁,၅၀၂ ဦးသာ ရှိခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံ တောင်/မြောက်ပေါင်းစည်းရေးဝန်ကြီးဌာနကပြောသည်။

ကင်ဂျုံအန်လက်ထက်တွင် မြောက်ကိုရီးယားနိုင်ငံ၏ နယ်စပ်လုံခြုံရေးကို တင်းကျပ်ကာ တရုတ်နိုင်ငံတွင် ပုန်းအောင်းနေသည့် ဒုက္ခသည်များကို ပြန်လည်ပို့ပေးရန် သံတမန်ရေးအရ ဆောင်ရွက်ခဲ့သည်။

ထွက်ပြေးခိုလှုံသူအများစုမှာ နယ်စပ်ကို တိတ်တဆိတ်ဖြတ်ကျော်ကာ တရုတ်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်ပြီး အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတစ်ခုခုသို့ဝင်ရောက်နေထိုင်လေ့ရှိသည်။

ယင်းနိုင်ငံမှတစ်ဆင့်တောင်ကိုရီးယားနိုင်ငံတွင် အခြေချနေထိုင်ရန် သွားရောက်လေ့ရှိကြကြောင်း သိရသည်။

၎င်းတို့ကို တရုတ်နိုင်ငံက စီးပွားရေးအရ တရားမဝင်အခြေချနေထိုင်သူများအဖြစ် သတ်မှတ်ပြီး လူ့အခွင့်အရေးအဖွဲ့များ၏ ဝေဖန်မှုများရှိနေသော်လည်း တရုတ်နိုင်ငံက ၎င်းတို့ကို ပြန်လည်ပို့ဆောင်ခဲ့သည်။

ယင်းကဲ့သို့ မြောက်ကိုရီးယားသို့ ပြန်ပို့ခံရသူများမှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကျဉ်းစခန်းများသို့ ပို့ဆောင်ခြင်းများနှင့် ရင်ဆိုင်ကြရသည်ဟု လူ့အခွင့်အရေးအဖွဲ့များကပြောသည်။

—*Ref: AFP*



LEON NEAL/AFP

*ဇန်နဝါရီ ၁၂ ရက်က လန်ဒန်မြို့ မြေအောက်ရထားဘူတာရုံ၌ (၁၃)ကြိမ်မြောက်နိုင်ငံတကာ"No Pants Subway Ride" သွားလာခြင်းပွဲတော်တွင် ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်*

# ဘောင်းဘီမဝတ်ဘဲ မြေအောက်ရထားစီးနင်းရေးနေ့ ကမ္ဘာတစ်ဝန်းပါဝင်ဆင်နွှဲ

**မော်စကို၊ ဇန်နဝါရီ-၁၃**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လွန်ခဲ့သည့် ၁၃ နှစ်က စတင်ခဲ့ပြီး ယခုအခါ တရုတ်နိုင်ငံ ဘေဂျင်းမြို့၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှသည် စပိန်နိုင်ငံ မက်ဒရစ်မြို့နှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တို့အထိ ပျံ့နှံ့သွားခဲ့သည့် ဘောင်းဘီမဝတ်ဘဲမြေအောက်ရထားစီးနင်းရေးနေ့ကို ကမ္ဘာတစ်ဝန်းရှိ အဓိကမြို့ကြီး ၆၀ တွင် လူအမြောက်အမြား ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းအစီအစဉ်ကိုလူအများသိလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် ရယ်ရွှင်လာအောင်ရည်ရွယ်၍ ကဇာတ်အဖွဲ့တစ်ဖွဲ့က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဘောင်းဘီမဝတ်ဘဲ လူခုနစ်ဦးက စတင်၍ ရထားစီးနင်းခဲ့ပြီးနောက် နိုင်ငံတကာတွင် ကူးစက်လာခဲ့ကြပြီး ကမ္ဘာအနှံ့မှ ဒါဇင်ပေါင်းများစွာသောမြို့များ၌ နှစ်စဉ်ပါဝင်ဆင်နွှဲလာကြသည်။

အမှန်တကယ်ရယ်ရစေရန် အဘိုးကြီးဝတ်ဘောင်းဘီတိုများ၊ ဘောက်ဆင်သမားများ ဝတ်ဆင်သည့် ဘောင်းဘီများ၊ အတွင်းခံဘောင်းဘီများ ဝတ်ဆင်ကြရန် ချီကာဂိုမြို့မှဘောင်းဘီမဝတ်ဘဲမြေအောက်ရထားစီးနင်းရေးအဖွဲ့က ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် လူအများကို တိုက်တွန်းခဲ့သည်။

ယင်းနေ့တွင် ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောရဘဲ မြေအောက်ရထားပေါ်တွင် စာဖတ်ခြင်း (သို့မဟုတ်) ဇာပန်းထိုးခြင်း၊ သတင်းစာဖတ်ခြင်းကဲ့သို့ ပုံမှန်လုပ်ဆောင်နေကျအတိုင်း လုပ်ဆောင်၍ ရထားစီးနင်းကြရန် ညွှန်ကြားထားပြီး တစ်စုံတစ်ဦးက မေးမြန်းလာပါက အခြားလူများ ဘောင်းဘီမဝတ်ဘဲစီးနင်းလာသည်ကိုမိမိမသိဟုပြောကြားရမည်ဖြစ်သည်။

မြေအောက်ရထားစီးနင်းသူများထဲမှ ဘောင်းဘီဝတ်၍ စီးနင်းသူများက သိလိုစိတ်ဖြစ်ပေါ်ကာ ရွှင်မြူးလာစေလိမ့်မည်ဟု ယင်းအစီအစဉ်ကို စည်းရုံးလှုပ်ရှားသူတစ်ဦးက အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။

ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် စိတ်ပူစရာမလိုဘဲ မိမိတို့ဘောင်းဘီမပါဘဲ ရထားပေါ်မှ ဆင်းချိန်တွင် မိမိတို့ကဲ့သို့ ဘောင်းဘီမပါသော ခရီးသည်အရေအတွက်ပိုများလာလိမ့်မည်ဟု၎င်းက ရေးသားထားသည်။

—*Ref: AFP*

# တရုတ်ကုမ္ပဏီတစ်ခုနှင့် နီကာရာဂွါ တူးမြောင်း ဖောက်လုပ်မှု ဒီဇင်ဘာတွင် စတင်မည်

**မာနာဂွါ၊ ဇန်နဝါရီ-၁၃**

ကမ္ဘာ့ကုန်သွယ်ရေး သိသာစွာပြောင်းလဲသွားစေနိုင်သည့် နီကာရာဂွါနိုင်ငံကို ဖြတ်သန်း၍ သမုဒ္ဒရာနှစ်စင်း ချိတ်ဆက်မည့် ကြီးမားကျယ်ပြန့်သော တူးမြောင်းဖောက်လုပ်မှုကို ၂၀၁၄ နှစ်ကုန်တွင် စတင်မည်ဖြစ်ကြောင်း နီကာရာဂွါသမ္မတ မယ်နူရယ်အော်တေဂါက ပြောကြားသည်။

“တူးမြောင်းတည်ဆောက်မှုကို စီစဉ်ထားတဲ့အတိုင်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာစတင်မယ်လို့ နီကာရာဂွါအစိုးရနဲ့ HKND အုပ်စုတို့က အတည်ပြုပြောကြားလိုက်ပါတယ်”ဟု တရုတ်စီးပွားရေးလုပ်ငန်း သူဌေးကြီးဝမ်ဂျင်းနှင့်အတူ အော်တေဂါကကြေညာသည်။ ဝမ်ဂျင်းစီးပွားရေးအုပ်စုက တူးမြောင်းဖော်ထုတ်ခွင့်နှင့် စီမံခန့်ခွဲခွင့်ရရှိထားသည်။

သင်္ဘောများသွားလာနိုင်မည့် ရေလက်ကြား အနှစ် ၅၀ လုပ်ပိုင်ခွင့်ကို သမ္မတအော်တေဂါက တရုတ်ကုမ္ပဏီအုပ်စုအား လိုက်လျောထားသည်။ ယင်းတွင်နောက်ထပ်နှစ်ပေါင်း ၅၀ သက်တမ်းတိုးခွင့်လည်း ပါဝင်သည်။

ယူရိုငွေ ၃၀ ဘီလီယံစီမံကိန်းမှာ ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန်တစ်သမုဒ္ဒရာတို့ကို ချိတ်ဆက်မည်ဖြစ်ကာ နှစ်ပေါင်း ၁၀၀ ကြာမြင့်ခဲ့ပြီဖြစ်သော ပနားမားတူးမြောင်း၏ ပြိုင်ဘက်ဖြစ်လာမည်ဖြစ်သည်။ ပနားမားတူးမြောင်းတွင်လည်း ရေကြောင်းသွားလာရေး လမ်းကြောင်းသစ် ထပ်မံတည်ဆောက်နေသည်။ သို့သော် သတ်မှတ်ထားသောအချိန်ထက် နောက်ကျနေသည်။

အဆိုပါကြီးမားသော စီမံကိန်းတွင် ရေနံပိုက်လိုင်းတစ်ခု၊ ကုန်းတွင်းပိုင်း လမ်းတစ်လမ်း ဖောက်လုပ်မည့် အစီအစဉ်နှင့် ရေနက်ဆိပ်ကမ်းနှစ်ခု၊ လေဆိပ်နှစ်ခု၊ အခွန်ကင်းလွတ်ခွင့်ဇုန်များလည်းပါဝင်မည်ဖြစ်သည်။

စီမံကိန်းကို ဆန့်ကျင်သူများက ယင်းစီမံကိန်းမှာ ဘဏ္ဍာရေးအရတွက်ခြေမကိုက်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် အဆိုပါဒေသတွင်နေထိုင်သော လူမျိုးစုများအား ထိခိုက်နိုင်သည်ဟု ပြောကြားသည်။ —*Ref: AFP/AP*



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ဒေါ်အောင်ဆန်းစုကြည်၏ ချင်းပြည်နယ်ခရီးစဉ်

၁၁ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်သည် ချင်းပြည်နယ်မြောက်ပိုင်းရှိမြို့များသို့ သုံးရက်ကြာသွား ရောက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် လူထုသဘောထားရယူရန် ရှင်းလင်းဟောပြောပွဲများကို ချင်းပြည်နယ်ရှိ တီးတိန်၊ ဖလမ်းနှင့် ဟားခါးမြို့များတွင် ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဟောပြောပွဲများတွင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေးအစီအစဉ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တိုင်းရင်းသားများအပေါ် သဘောထားများကို ဟောပြောပွဲ တက်ရောက်လာသူများက ဒေါ်အောင်ဆန်းစုကြည်အား မေးမြန်းခဲ့ကြသည်။

## မီနီမတ်များတွင် အခါကြီးရက်ကြီး ည ၁၁ နာရီနောက်ပိုင်း အရက်၊ ဘီယာရောင်းချခွင့် တားမြစ်

ရန်ကုန်မြို့ မြို့နယ်များတွင် ဖွင့်လှစ်ထားသည့် ၂၄နာရီ မီနီမတ်များ၌ ည ၁၁ နာရီကျော်ပြီးချိန်ထိအရက်၊ ဘီယာရောင်းချနိုင်သော်လည်း အခါကြီးရက်ကြီးများတွင် ရောင်းချခွင့်လုံးဝပြုမည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်ရှိတွင် အခါကြီးရက်ကြီးမဟုတ်ဘဲ ကျန်သည့်ရက်များတွင် ရောင်းချခြင်းကို အစိုးရက ခွင့်မပြုထားသော်လည်း နားလည်မှုအရရောင်းချနေသည့်အပေါ် အတင်းအကျပ်ဖမ်းဆီးခြင်းမျိုးပြုလုပ်မည်မဟုတ်ဘဲ အမိန့်တစ်ခုအရ ထုတ်ပြန်ထား ခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့တွင်းပိုင်း မြို့နယ်အများစုတွင် ဖွင့်လှစ်ထားသည့် ၂၄ နာရီ မီနီမတ်များတွင် ယခုနှစ်လယ်မှစတင်ပြီး ည ၁၁ နာရီကျော်ပါက အရက်ဘီယာမရောင်းရန် အစိုးရအဖွဲ့က ညွှန်ကြားခဲ့ပြီး အချို့သော မီနီမတ်အချို့တွင်မူ ည ၁၁ နာရီ ကျော်သည်အထိရောင်းချမှုများ ရှိနေဆဲဖြစ်သည်။

## ဗုဒ္ဓဂယာတွင် ဗုံးခွဲတိုက်ခိုက်မှု လက်တုံ့ပြန်ခြင်းဟုဆို

ဗုဒ္ဓဂယာရှိမဟာဗောဓိကျောင်းအနီးတစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် နိုင်ငံတကာမှ လာရောက်ကြသည့် ဗုဒ္ဓဘာသာ ကမ္ဘာလှည့်ခရီးသွားများကို ပစ်မှတ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မွတ်ဆလင်များကို သတ်ဖြတ်မှုအပေါ် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ဖမ်းဆီးခံထားရသည့် အိန္ဒိယမူဂျာဟစ်ဒင်အဖွဲ့ဝင်မိုဟာမက်အူမီစီဒီကီက ဖြောင့်ချက်ပေးခဲ့သည်။ ၎င်းမှာ ဂယာ-ဒေလီ ရထားကိုလည်း တိုက်ခိုက်ရန်စီစဉ်ခဲ့ပြီး ရထားနှင့်ပတ်သက်သော အချက်အလက်များကိုရထားပေါ် အထိ သွားရောက်လေ့လာပြင်ဆင်ခဲ့သော်လည်းဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းမရှိပေ။ ဗုဒ္ဓဂယာတွင်ဇူလိုင်လ ၇ ရက်က ရှစ်ကြိမ်ဆက်တိုက် ဗုံးပေါက်ကွဲ မှုဖြစ်ပွားခဲ့ပြီး သံဃာတော်နှစ်ပါး အပါအဝင် ငါးဦးခန့် ဒဏ်ရာရရှိခဲ့သည်။

## ပဲလောက ငွေကြေးအရှုပ်အရှင်းပြဿနာပေါ် ပေါက်ပြန်

စင်ကာပူအခြေစိုက် ကုမ္ပဏီမှ အမေရိကန်ဒေါ်လာနှစ်သန်းရ ယူပြီး ပဲများ တင်ပို့နိုင်ခြင်း မရှိသည့်ကုန်သည်လေးဦးကို အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန (စစစ) က တရားစွဲဆိုထားကြောင်းမြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သတင်းရရှိသည်။ ငွေကြေးပြဿနာဖြစ်နေသည့် မဟာအလင်းရောင်ကုမ္ပဏီ (Great Light) နှင့် New Trade ကုမ္ပဏီ တို့ကို (စသုံးလုံး) က စစ်ဆေးရာတွင် မှန်ကန်ကြောင်း တွေ့ရသဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းတွင် တရားလိုပြု အမှုဖွင့်ထားသည်။ အဆိုပါငွေကြေးအရှုပ်အရှင်းပြဿနာပေါ်လာသဖြင့် ပဲအရောင်းအဝယ် နည်းသွားသည်။



GEMUNU AMARASINGHE/AP

## ဒိန်းမတ်အိမ်ရှေ့မင်းသမီး မြန်မာပြည်ရောက်

ဒိန်းမတ်အိမ်ရှေ့မင်းသမီး Mary သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၁၀ ရက်က ရောက်ရှိခဲ့သည်။ သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် ရောက်ရှိလာသည့် မင်းသမီး Mary သည် ဒိန်းမတ်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အတူ လိုက်ပါလာခဲ့ခြင်းလည်းဖြစ်သည်။ မင်းသမီးသည် ခရီးစဉ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်သို့လည်း သွားရောက်လည်ပတ်ခဲ့ပြီး လူမှုရေးလုပ်ငန်းအချို့ လုပ်ကိုင်ခဲ့သည်။

## တရုတ်ကုမ္ပဏီနှင့်ပူးပေါင်းပြီး ကျောက်ဆည်တွင် ကျည်ကာမှန်နှင့် အရည်အသွေးမြင့်မှန်များ ထုတ်လုပ်မည်

ကျည်ကာမှန်အပါအဝင် အရည်အသွေးမြင့်မှန်များကိုတရုတ်ကုမ္ပဏီ CAMCE နှင့်ပူးပေါင်းပြီး ကျောက်ဆည်မြို့တွင် ယခုနှစ်မှ စတင်ထုတ်လုပ်တော့မည်ဖြစ်သည်။ တစ်နေ့တန်ချိန် ၁၅၀ ကျ အကြီးစားမှန်စက်ရုံဖွင့်ပွဲကို သမ္မတဦးသိန်းစိန်ကိုယ်တိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ သမ္မတဦးသိန်းစိန်အပြင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးအပါအဝင် အစိုးရဝန်ကြီးဌာန အသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။ အဆိုပါစက်ရုံကို အလေးနက်ထားသောမြန်မာအစိုးရက စက်ရုံလည်ပတ်ရေးအတွက် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေတန် ၂၀ ပေးပို့မည်ဖြစ်သည်။

## နိုင်ငံအသင်း မအောင်မြင်၍ မြန်မာလိဂ်ကစားသမားများအား လစာလျှော့ချ

လက်ရွေးစင်အဆင့်ဖြစ်ဖူးသည့် ဘောလုံးသမားတစ်ဦးလျှင် လစာငွေ အများဆုံး ကျပ်ဆယ်သိန်းသာ ပေးချေရန် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပြုလုပ်ပြီး ငါးနှစ်အကြာတွင် သတ်မှတ်ခဲ့သည်။

လစာငွေသတ်မှတ်ချက်အရ မြန်မာလိဂ်အသင်းများအနေဖြင့် လူငယ်အသင်းကစားသမားတစ်ဦးလျှင် လစာငွေ တစ်သိန်းမှ သုံးသိန်း၊ ကလပ်အသင်း(ကြီး) ကစားသမားတစ်ဦးလျှင် လစာငွေ နှစ်သိန်းမှ ငါးသိန်း၊ လက်ရွေးစင် အဆင့်ဖြစ်ဖူးသည့် ကစားသမားတစ်ဦးလျှင် လစာငွေ ငါးသိန်းမှ ဆယ်သိန်းအထိသာ ပေးချေရမည်ဖြစ်သည်။

လစာသတ်မှတ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာအသင်း မအောင်မြင်ရခြင်းကြောင့်ဖြစ်ပြီး လက်ရွေးစင်အသင်း ပြန်လည်အောင်မြင်ပါက ကစားသမားများ၏ လစာများကို ပြန်လည်တိုးမြှင့်သတ်မှတ်ရန် စီစဉ်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

## အန္တရာယ်ရှိအဆောက်အအုံတွင်နေထိုင်သူများ စည်ပင်နေရာမချထားပေးတော့ဟုဆို

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ကအန္တရာယ်ရှိအဆောက်အအုံအဖြစ် စစ်ဆေးပေးပါရန် လျှောက်ထားလာပါက ကွင်းဆင်းစစ်ဆေးပြီး နေထိုင်သူများအတွက် အန္တရာယ်ဖြစ်ပေါ်နိုင်ပါက အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကြေညာခြင်းကိုသာ ဆောင်ရွက်ပေးတော့မည်ဟု ဇန်နဝါရီ ၁၂ ရက်က ကြေညာသည်။အဆောက်အအုံရှိ နေထိုင်သူများပြန်လည်နေရာချထားခြင်းကို ဆောင်ရွက်ပေးခြင်းမပြုတော့ဘဲ နေထိုင်သူများ နှင့်မြေရှင်တို့က မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ယခင်က စည်ပင်သာယာရေးကော်မတီ(ယာ/အုံ)မှ အန္တရာယ် ရှိ အဆောက် အအုံ (D.B)များကိုကော်မတီ၏ အင်ဂျင်နီယာများဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းများရှိပြီး မူဝါဒသစ်အရ တာဝန်ယူဆောက်လုပ်ပေးတော့မည်မဟုတ်သည့်သဘောဖြစ်ကြောင်း အဆောက်အအုံကန်ထရိုက်တစ်ဦးကပြောသည်။

## အမျိုးသမီးတပ်မတော်လွှတ်တော်အမတ်နှစ်ဦး စတင်ခန့်အပ်

သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပြည်သူ့လွှတ်တော်တွင် တပ်မတော်ကိုယ်စားပြု အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီ ၉ ရက်က ကြေညာသည်။ တပ်မတော်သား ကိုယ်စားလှယ်လေးဦးကို အစားထိုးပြောင်းလဲရာတွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ အမျိုးသမီးတပ်မတော်ကိုယ်စားလှယ်နှစ်ဦးကို ထည့်သွင်းခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တပ်မတော်ကိုယ်စားပြု အမျိုးသမီးကိုယ်စားလှယ် နှစ်ဦးသည် ဇန်နဝါရီ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကတိသစ္စာ ကျိန်ဆိုခဲ့ကြသည်။

## ဗီဝဖိုးငှက်သိုက် ထုတ်ယူမှု လုပ်ငန်း တိုင်းရင်းသား လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးမည်

ယခင်က စီးပွားရေးဦးပိုင်လီမိတက်ကုမ္ပဏီတစ်ခုတည်းသာ လုပ်ပိုင်ခွင့်ရရှိခဲ့သော တစ်ပိဿာလျှင် ကျပ်သိန်း ၂၀ အထက်ပေါက်ဈေးရှိသည့် စီးပွားဖြစ် ဇီဝဖိုးငှက်သိုက် ထုတ်ယူမှုလုပ်ငန်းကို ယခုနှစ်မှစတင်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပေးရန် အစိုးရက တင်ဒါခေါ်ယူမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကျွန်းစုလေးခုကို ယခင်က လုပ်ကိုင်ခွင့်ရရှိသည့် စီးပွားရေးဦးပိုင်လီမိတက် ကုမ္ပဏီကတစ်ဆင့် ကန်ထရိုက်များအား လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ကန်ထရိုက်လုပ်ကိုင်သည့် ကုမ္ပဏီများတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများလည်းပါဝင်သည်။ ယခုနှစ်မှစတင်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပေးသည့် အဆိုပါလုပ်ငန်း တင်ဒါရလဒ်ကို ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.12, No.45 • JANUARY 15 , 2014

# ဒီမိုကရေစီခေတ်မှာ အပေါင်ဆိုင်တွေ ပန်းပန်နေဆဲ

ဖွဲ့မာန်၊ ဇော်မျိုးလှိုင်

“ဒီဟာပဲဆိုရင်တော့အဆင်မပြေပါဘူး”

လိုင်စင်ရငွေချေးလုပ်ငန်းတစ်ခုရှိရင်စို့ခန့်မြင့်သည့်ကောင်တာပေါ်သို့လာတင်သည့် ခပ်လတ်လတ်အင်္ကျီနှစ်ထည်နှင့် ပုဆိုးကိုကြည့်၍ ကောင်တာအတွင်းထိုင်နေသည့်အပေါင်ဆိုင်ပိုင်ရှင်က လှမ်းပြောသည်။

“ဒီဟာ အဆင်မပြေဘူးလား”ဟုအသက်လေးဆယ်ကျော်အရွယ်အမျိုးသားကြီးတစ်ဦးကအလောတကြီးဟန်ဖြင့်ပြောသော်လည်း ဆိုင်ရှင်က ဦးခေါင်းယမ်းပြသည်။ တင်ထားသည့် အင်္ကျီနှင့်ပုဆိုးကို အိတ်ထဲပြန်ထည့်၍ ဆိုင်အတွင်းမှ အဆိုပါအမျိုးသားစိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြန်ထွက်သွားသည်။

“ကျွန်မတို့က ပြန်ရောင်းလို့ရမယ့် အဝတ်အစားတို့၊ ပုဆိုးတို့အသစ်တွေကိုပဲလက်ခံတယ်။ ပြန်ရောင်းလို့မရရင်ဒီမှာပဲသောင်တင်နေမှာလေ”ဟုဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ချမ်းသာအပေါင်ဆိုင်ပိုင်ရှင်အမျိုးသမီးက ပြောပြသည်။

အောက်ခြေလူတန်းစားအများစု အရေးပေါ်ငွေရှာရာတွင် မှီခိုအားထားရာနေရာဖြစ်သည့် အပေါင်ဆိုင်များမှာမြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းတွင် ရှိသည်။

အပေါင်ဆိုင်အများစုသည် ရွှေထည်၊ စက်ဘီး၊ အိုးခွက်ပန်းကန်၊ ထီး၊ စတီးလ်ချိုင့်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကိုအပေါင်ခံလေ့ရှိသည်။ ရွှေထည်ပစ္စည်းပေါင်ပါက တစ်လလျှင်ကျပ်တစ်ရာကိုသုံးကျပ်တိုးနှင့် အခြားပစ္စည်းများကိုတစ်ဆယ်တိုးဖြင့်အပေါင်ခံကြသည်။

“လလယ်လောက်ဆိုအိမ်မှာငွေပြတ်သွားတယ်။ အဲဒီကျတော့အိမ်ကပစ္စည်းကို လုံခြုံစိတ်ချရတဲ့နေရာမှာသွားထားလိုက်တာပဲ။ လကုန်တော့ပြန်ရွေးပေါ့။ သွားလိုက်ပြန်လိုက်နဲ့ ဒီလိုပဲ သံသရာလည်နေတာ”ဟုအသက်ငါးဆယ်အရွယ်ဒေါ်ခင်ကရယ်လျက်ပြောသည်။

စစ်အာဏာရှင်စနစ်မှဒီမိုကရေစီစနစ်သို့ပြောင်းလဲခဲ့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရလက်ထက်သုံးနှစ်ပြည့်လုနီးသည့်တိုင် အခြေခံလူတန်းစားအများစုမှာ ယခင်ကဲ့သို့ကျပ်တည်းနေဆဲဖြစ်သည်။ ထို့ကြောင့် ထိုသုံးနှစ်အတွင်း အပေါင်ဆိုင်လုပ်ငန်းများပို၍ပင်ကောင်းလာသည်ဟု အပေါင်ဆိုင်ဖွင့်ထားသူများက ပြောသည်။ လွန်ခဲ့သည့်သုံးနှစ်မတိုင်ခင်ကနှင့် နှိုင်းယှဉ်လျှင်လုပ်ငန်းမှ ၁၅မှ ၂၀ ရာခိုင်နှုန်းပိုကောင်းလာကြောင်း သာကေတမြို့နယ်ရှိအပေါင်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ တောင်ဒဂုံမှ အပေါင်ဆိုင်ပိုင်ရှင်တစ်ဦးက ယခင်ထက် ၁၀ ရာခိုင်နှုန်းအလုပ်ပိုကောင်းလာသည်ဟု ဆိုသည်။

ရန်ကုန်မြို့အတွင်းရှိ အပေါင်ဆိုင်များမှာမြို့နယ်ကွာခြားမှုပေါ်မူတည်၍တစ်နေ့လျှင် လူ ၄၀မှ တစ်ရာခန့်အထိနေ့စဉ်လာရောက်ပေါင်နှံလေ့ရှိကြောင်း ၎င်းတို့က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် တရားဝင်ဖွင့်လှစ်ခွင့်ရရှိထားသော အမိန့်ရပုဂ္ဂလိကငွေချေးလုပ်ငန်းပေါင်း သုံးရာနီးပါးရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှသိရသည်။

ရန်ကုန်မြို့တွင်း အပေါင်ဆိုင်လုပ်ငန်းများ အလုပ်ဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ်အပေါင်ဆိုင်အရေအတွက်ပိုမိုများပြားလာကြောင်း ရန်ကုန်စည်ပင်သာယာရေးကော်မတီမှတရားဝင်စစ်တမ်းများအရ သိရှိရသည်။ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် လိုင်စင်ရအပေါင်ဆိုင် ၂၅၉ဆိုင်သာရှိသောကြောင့် သုံးနှစ်အတွင်း အပေါင်ဆိုင်ငါးဆယ်ကျော်တိုးလာခြင်းဖြစ်သည်။

အပေါင်ဆိုင်သို့လူတန်းစားပေါင်းစုံလာရောက်ပေါင်နှံလေ့ရှိကြပြီး ရွှေထည်နှင့်အဝတ်အထည်ကို အများဆုံးလာရောက်ပေါင်နှံလေ့ရှိကြကြောင်း အပေါင်ဆိုင်ပိုင်ရှင်များကဆိုသည်။ နောက်ပိုင်းတွင် အဝတ်အထည်များ၊ ပါတိတ်စများကို အများဆုံးလာရောက်ပေါင်နှံကြကြောင်း အင်းစိန်မြို့နယ်ရှိ ပုဂ္ဂလိကငွေချေးလုပ်ငန်းပိုင်ရှင်တစ်ဦးကပြောသည်။

“ဈေးပေးတာကလည်း အဆင်ပြေအောင်ပေးလိုက်တော့ ဆိုင်ဖွင့်တာ အချိန်ကြာလာတော့ ရင်းနှီးတဲ့လူတွေပိုများလာတယ်။ သူတို့လည်း မျက်နှာအပျက်မခံချင်ဘူးပေါ့။ ပြန်ရွေးကြတာများတယ်”ဟု ၎င်းကဆိုသည်။

အပေါင်ဆိုင်သို့ရွှေအတုနှင့်ခိုးရာပါပစ္စည်းများ လာရောက်ပေါင်နှံခြင်းကို ကာကွယ်သည့်အနေဖြင့် ရွှေထည်ပစ္စည်း လာရောက်ပေါင်နှံသူအား နိုင်ငံသားစိစစ်ရေးကတ်ပြားကိုပါ တစ်ပါတည်းယူဆောင်လာစေသည်။ အမိကအားဖြင့်လာရောက်ပေါင်နှံသူ၏ပုံပန်းသဏ္ဌာန်ကိုကြည့်၍အပေါင်ပစ္စည်းကို လက်ခံလေ့ရှိကြကြောင်း အပေါင်ဆိုင်ပိုင်ရှင်များက ဆိုသည်။

အပေါင်ဆိုင်ကောင်တာများ၏နံရံတွင် သက်ဆိုင်ရာမြို့နယ်ရဲစခန်းများ၏ နယ်ထိန်းဖုန်းနံပါတ်များကိုလည်းကပ်ထားလေ့ရှိသည်ကိုတွေ့ရသည်။

“အခြားရပ်ကွက်ကကောင်လေးတစ်ယောက်ပါ။ ဘောလုံးပွဲလောင်းဖို့ အရေးပေါ်လို လို့ဆိုပြီး သူ့စက်ဘီးကိုလာပေါင်သွားတယ်။ မနက်လင်းတော့ စက်ဘီးပျောက်တိုင်တာရှိတယ်ဆိုပြီး အပေါင်ဆိုင်မှာ လာစစ်တော့ မနေ့ညကလာပေါင်ထားတဲ့စက်ဘီး ဖြစ်နေတယ်။ စက်ဘီးခိုးတဲ့လူကို ဖမ်းမိပေမယ့် စက်ဘီးကိုပါ ခိုးရာပါပစ္စည်းမို့လို့ သိမ်းသွားတယ်”ဟု သာကေတမြို့နယ်(၁)ဈေးရှိ အပေါင်ဆိုင်ပိုင်ရှင်က သူ့အတွေ့အကြုံကိုပြောပြသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ဖြစ်သော ရန်ကုန်မြို့ရှိနေထိုင်သူဦးရေမှာလက်ရှိတွင် ခန့်မှန်းခြေ ခြောက်သန်းဝန်းကျင်ရှိပြီး နိုင်ငံတစ်ဝန်းမှ နယ်မြေသစ်တွင်အလုပ်အကိုင်ရှာဖွေရန်လာရောက်သူများနေ့စဉ်နှင့်အမျှတိုးနေသည်။

နှစ်အနည်းငယ်အတွင်း ရန်ကုန်မြို့နေ လူဦးရေအရေအတွက် ရုတ်ခြည်းတိုးလာသော်လည်း စီးပွားရေးမကောင်းသဖြင့် အလုပ်အကိုင်ရှားပါးလာခြင်း၊ အခြေခံလုပ်ခလစာနည်းပါးခြင်း၊ လုပ်သားပေါများခြင်းတို့ကြောင့် အလုပ်ရှင်အချို့၏ လုပ်ခလစာအနည်းဆုံးပေးရသည့် ဝန်ထမ်းများကို လဲလှယ်အသုံးပြုသဖြင့် လခစားဝန်ထမ်းနည်းပါးကာ နေ့စားဝန်ထမ်းပေါများလာခြင်းကြောင့် မြို့နေလူတန်းစားအများစုမှာ အကျပ်အတည်းပေါင်းစုံနှင့်ရင်ဆိုင်လာရသည်။

“အရင်ကတစ်လကိုးသောင်းပေးပေမယ့် လုပ်ငန်းမကောင်းလို့ဆိုပြီးခြောက်သောင်းပဲ ပေးတော့တယ်။ မကျေနပ်ရင်ထွက်တဲ့။ ကိုယ်မလုပ်လည်း နောက်မှာခြောက်သောင်းရရင် လုပ်မယ့်သူတွေက တန်းစီနေတော့ အခြားအလုပ်တစ်ခုမရမချင်း သည်းခံပြီးလုပ်နေရတယ်”ဟု သာကေတမြို့နယ်အတွင်းရှိ အထည်ချုပ်လုပ်ငန်းတစ်ခုမှ အလုပ်သမားတစ်ဦးကပြောသည်။

စားဝတ်နေရေးကျပ်တည်းလာမှုကြောင့် မိမိအရေးပေါ်လိုအပ်သော ငွေကြေးပမာဏကိုအလွယ်တကူရရှိရန် ထွက်ပေါက်အနေဖြင့် ရှာဖွေစုံစမ်းကြရာမှပစ္စည်းတစ်စုံတစ်ရာခေတ္တအပ်နှံကာ မိမိလိုအပ်သော ငွေကြေးပမာဏကိုအလွယ်တကူ ထုတ်ယူရရှိနိုင်သည့် အပေါင်ဆိုင်ဟူသောနေရာများမှာ ၎င်းတို့အတွက်အားကိုးအားထားရာနေရာတစ်ခုဖြစ်လာသည်။


“အရေးပေါ်နေမကောင်းဖြစ်တာတို့ ငွေလိုတာတို့ဆိုရင် ကိုယ်အရင်က လုပ်ထားတဲ့ရွှေထည်ပစ္စည်းတစ်ခုခုကို သွားပေါင်လိုက်တာပဲ။ ဝန်ထမ်းဆိုတော့ စုမိဆောင်းမိတယ်လို့မရှိပါဘူး။ လကုန်ရင်တော့ လစာထဲကဖဲ့ပြီး ပြန်ရွေးပေါ့”ဟု အစိုးရရုံးတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့်ဝန်ထမ်း ဒေါ်တင်တင်မိုးကပြောသည်။

အပေါင်ဆိုင်လုပ်ငန်းမှာအရင်းအနှီးနည်းပြီး သေချာပေါက်အကျိုးအမြတ်ရရှိမည့် လုပ်ငန်းဖြစ်ပြီး အခြေခံလူတန်းစားများ၏အားထားရာတစ်ခုဖြစ်လာသောကြောင့် စီးပွားရေးအမြင်ရှိသည့် လုပ်ငန်းရှင်များမှာ သာမန်လိုင်စင်ရအပေါင်ဆိုင်များထက် နှစ်ဆခန့်ပိုမိုသော အတိုးနှုန်းထားများဖြင့် ရန်ကုန်မြို့ရှိ အောက်ခြေဝန်ထမ်းများနှင့်လက်လုပ်လက်စားအလုပ်သမားအများစု နေထိုင်သည့် ရပ်ကွက်များတွင်တရားမဝင် အပေါင်ဆိုင်များ လာရောက်ဖွင့်လှစ်လုပ်ကိုင်ကြသူများလည်းရှိသည်။ တရားမဝင် အပေါင်ဆိုင်လုပ်ငန်းအများစုမှာ အမြတ်အစွန်းအများအပြားရရှိရန် သာမာန်လက်လုပ်လက်စားများနှင့်အခြေခံဝန်ထမ်းများအား အဓိကပစ်မှတ်ထားကာ ၎င်းတို့နှင့်အနီးစပ်ဆုံးနေရာများတွင် မြင့်မားသောအတိုးနှုန်းများသတ်မှတ်ကာလုပ်ငန်းလုပ်ကိုင်လာကြသည်။

“အမေပေးခဲ့တဲ့ နောက်ဆုံးအမွေပစ္စည်းဖြစ်တဲ့ ရွှေလက်ကောက်သုံးကွင်းပါ။ စားဖို့အသုံးစားရိတ်ပြတ်သွားလို့ရပ်ကွက်ထဲက အပေါင်ဆိုင်မှာသွားပေါင်လိုက်တာ ရှစ်လလောက်ကြာပြီးပြန်ရွေးဖို့လုပ်တော့အမေပေါင်တုန်းကရတဲ့ဈေးထက်အများကြီးပိုပေးရမယ်လို့ပြောတယ်။ သူတို့ပြောတဲ့ဈေးကိုမပေးနိုင်လို့အမေ့အမွေပစ္စည်းလေးအဆုံးခံလိုက်ရတယ်”ဟု ၎င်းမိခင်ပေးခဲ့သည့် အမွေပစ္စည်းဆုံးရှုံးသွားသည့် အသက် ၇၀ခန့်အရွယ်ရှိသော အမေအိုတစ်ဦးက ဝမ်းနည်းစွာဖြင့်ပြောသည်။

သမ္မတဦးသိန်းစိန်၏ အစိုးရက လက်ကျန်ကာလတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးရန် အာရုံစိုက်မည်ဟု ပြောထားသည်။ မည်မျှ စွမ်းဆောင်ပြနိုင်မလဲဆိုသည်က အခြေခံလူတန်းစားများ၏ ဘဝများနှင့် တိုက်ရိုက် အချိုးကျနေသည်။

ရန်ကုန်မြို့တွင် အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအဆင်မပြေနိုင်သည့်အခြေအနေကိုမဖြေရှင်းနိုင်သရွေ့လတ်တလောဖြေရှင်းနိုင်မည့်အရေးပေါ် ထွက်ပေါက်ဖြစ်သည့်အပေါင်ဆိုင်များသို့ အခြေခံလူတန်းစားများသာမက အလယ်အလတ်တန်းစားလူတန်းစားများပါအားကိုးအားထားရာ နေရာတစ်ခုဖြစ်နေဦးမည်ဖြစ်သည်။



ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်နေရာ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.45 ▪ JANUARY 15 , 2014





# မူးယစ်ဆေးကုန်ကူးသူများ၏ ခရီးတစ်ထောက်နားခိုရာနေရာ

**အေးမွန်ရာပြည့်**

ကမ္ဘာပေါ်တွင်လူဦးရေအများဆုံး တရုတ်နှင့် အိန္ဒိယ ဈေးကွက်တို့ဆက်သွယ်ရန် မဟာဗျူဟာအကျဆုံး နေရာတွင် မြို့တစ်မြို့ရှိသည်။ ထိုမြို့ကား မန္တလေးမြို့ဖြစ်၏။

တစ်ချိန်က မြန်မာနိုင်ငံ၏ မင်းနေပြည်တော်ဖြစ်ခဲ့သည့် အပြင် ယဉ်ကျေးမှုမြို့တော် အဖြစ်လည်း ထင်ရှားခဲ့သည့် မန္တလေးမြို့သည် လက်ရှိအချိန်တွင် ကုန်သွယ်ရေးလမ်းကြောင်းများ ပိုမိုပွင့်လင်းလာသည်။

မြို့တည်နေရာ ပထဝီအရ အရေးပါမှုကြောင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှ ကုန်စည်များ သာစီးဆင်းတော့သည်မဟုတ်ပေ။

မြန်မာနိုင်ငံအရှေ့မြောက်ခြမ်းရှိ တရုတ်-မြန်မာ နယ်စပ်နေရာမှ စိတ်ကြွဆေးပြားများအား နိုင်ငံ၏ အနောက်ခြမ်းတွင် ရှိနေသည့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အဓိကပို့ပေးနေရသောလမ်းကြောင်းပေါ်တွင်ရှိနေပြန်သည်။ မန္တလေးမြို့သည် ယနေ့အချိန်တွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား သယ်ယူရောင်း ဝယ်ဖောက်ကားမှုများ၏ ခရီးတစ်ထောက်ခိုနားရာ နေရာတစ်ခုဖြစ်နေသည်ဟု မန္တလေးမြို့ရှိ မူးယစ်တပ်ဖွဲ့စု (၁၇) မှ ရဲမှူး ဒီဒီယောဟန်က ပြောသည်။

စိတ်ကြွဆေးပြားများပြုလုပ်ရာတွင် အဓိက ကုန်ကြမ်းဖြစ်သည့် ဆူဒိုအက်ဖဒရင်းခေါ် သည့် ချောင်းဆိုး ပျောက်ဆေးကဲ့သို့သော ဆေးပြားများအား အိန္ဒိယ-မြန်မာနယ်စပ်မှ စစ်ကိုင်း၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့ကို ဖြတ်ကာ တရုတ်နယ်စပ်သို့ ပို့ဆောင် ကုန်သွယ်မှုများပြုလုပ်နေသည်။ ယင်းနယ်စပ်တစ်လျှောက်တွင်မှ ဆူဒိုဆေးပြားများနှင့် အခြား ဓာတုပစ္စည်းများနှင့် ဓာတ်ပြုကာ စိတ်ကြွဆေးပြားများအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သည်။ ရရှိလာသည့်စိတ်ကြွဆေးပြားများကိုအိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ပြန်ပို့သည့် လမ်းကြောင်းများတွင် မန္တလေးပါဝင်နေပြန်သည်။ ထို့ကြောင့် မန္တလေးမြို့သည် စိတ်ကြွဆေးထုတ်သည့် ကုန်ကြမ်းများ အပြန်အလှန်ကုန်သွယ်သည့်လမ်းကြောင်းတွင် ပါဝင်နေသကဲ့သို့ ဓာတ်ပြုပြီး စိတ်ကြွဆေးပြားများကို တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရောင်းဝယ်ကြရာတွင်လည်း ပါဝင်နေသည့်အတွက် အဓိကအချက်အချာကျနေပြီး မူးယစ်ဆေးဝါး ကုန်သွယ်သူများ၏ ခရီးတစ်ထောက်နားခိုရာမြို့ဖြစ်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပြည်တွင်းရှိဆေးပြားများ အပြန်အလှန် ရောင်းဝယ်ဖောက်ကားနေမှုများ ပြုလုပ်ရာတွင်လည်း မန္တလေးမြို့သည် အဓိကကျနေပြန်သည်။

၂၀၁၂ ခုနှစ် အတွင်းက မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးတွင် စိတ်ကြွဆေးပြား ဖမ်းဆီးရမှု ၁၀၇ မှုမှ ကျပ်သိန်းပေါင်း နှစ်သောင်းလေးထောင်ကျော်သာ ဖမ်းဆီးရရှိခဲ့သော်လည်း ၂၀၁၃ တွင်မူ စိတ်ကြွဆေးပြားမှု ၁၃၂ မှုတွင် ကျပ်သိန်း သုံးသောင်းငါးထောင်ကျော်ထိ တိုးမြှင့်ဖမ်းဆီးရမိခဲ့သည်။

လက်ကြီး ရောင်းဝယ်ဖောက်ကားသူများမှာ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်မှ စိတ်ကြွဆေးပြားများကို ဆိုင်ကယ် ကယ်ရီသမားများအား အခကြေးငွေများပေးကာ သယ်ဆောင်ခိုင်းပြီး အိန္ဒိယနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်များသို့ပြန်လည်ပို့ဆောင်ခိုင်းခြင်းများရှိသလို လက်လီပြန်လည်ရောင်းချသူများထံသို့ လက်ကားဈေးဖြင့် ပြန်လည်ရောင်းချပေးမှုများလည်း ရှိနေသည်။

အချို့ဆိုင်ကယ် ကယ်ရီသယ်သူများ ကိုယ်တိုင်ကလည်း တရုတ်ပြည်နယ်စပ်မှ တစ်နိုင်တစ်ပိုင်သယ်ဆောင်လာပြီး လက်ကြီးသမားများထံသို့ပြန်သွင်းသည့်သူများလည်းရှိနေသည်။

စိတ်ကြွဆေးပြားအလုံးရေ ပေါင်း နှစ်ရာခန့် ပါဝင်သည့် နှစ်လက်မခွဲပတ်လည် ပလတ်စတစ်အိတ်တစ်အိတ်အား တရုတ်ပြည်နယ်စပ်မှ မန္တလေးမြို့ရောက်အောင် သယ်ယူလာပါက အနည်းဆုံးအမြတ်ငွေကျပ် နှစ်သိန်းနီးပါးခန့်ရရှိသောကြောင့် ဆိုင်ကယ်ကယ်ရီသမား အချို့မှာ ဆေးပြားများသယ်ယူလာလေ့ရှိသည်။ ထို့ကြောင့် ဆေးပြားများ ဖမ်းဆီးရမိသည့်အမှုများထဲတွင် ဆိုင်ကယ်ကယ်ရီသမားများထံမှ ဖမ်းမိသည့် အမှုအများဆုံး ပါဝင်နေကြောင်း မန္တလေး တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ မှတ်တမ်းများတွင် ဖော်ပြသည်။

မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများအား လက်ကားရောင်းဝယ်ဖောက်ကားနေသူများမှာ ကိုယ်ပိုင်အိမ်များဖြင့် နေထိုင်လေ့မရှိဘဲ အိမ်ငှားများတွင်သာ နေထိုင်လေ့ရှိပြီး အများစုမှာ လျှို့ဝှက်သိပ်သည်းစွာ နေလေ့ရှိသည်။ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများ (အထူးသဖြင့်ဘိန်း)ရောင်းဝယ်အသုံးပြုသည့်နေရပ်များအနေဖြင့် နာမည်ကျော်ကြားသည့် နေရာများမှာ တာရိုးရှိ ကျောက်သပိတ်ရပ်ကွက်နှင့် ရတနာပုံမြို့သစ် များဖြစ်သည်။ ဆေးပြားအရောင်းအဝယ်လုပ်ကိုင်သူများအကြားတွင်မူ နေရပ်အတိအကျမရှိဘဲလက်ကိုင်ဖုန်းများဖြင့်သာ တိတ်တဆိတ်အရောင်းအဝယ်ပြုလုပ်လေ့ရှိသည်။

“၂၀၁၂ ထဲမှာ အကြီးဆုံးမိတဲ့ ဆေးပြားအမှုကို စစ်လိုက်တော့ အာဏာပိုင်တွေ၊ ဌာနဆိုင်ရာတွေ၊ ဝန်ထမ်းတွေ၊ ရပ်ကွက်ခံတွေကို ပေါင်းထားတာမရှိဘူး။ သူ့ဂိုဏ်းနဲ့သူပဲ အချိတ်အဆက်တွေနဲ့လုပ်နေကြတာ။ ဒါပေမဲ့၁၆မိုင်ဂိတ်မှာ ဆေးပြားတစ်သိန်း၊ နှစ်သိန်း ဖမ်းမိတဲ့အမှုတွေမှာတော့ဝန်ထမ်းတွေ၊ ဝန်ထမ်းဟောင်းတွေ ပါနေတယ်။ များသောအားဖြင့် အကြီးအကျယ်လုပ်သူတွေက တိတ်တဆိတ်ပဲလုပ်ကြတာများတယ်”ဟုရဲမှူး ဒီဒီယောဟန်က ထည့်သွင်းပြောသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူ အများစုမှာ ကျောက်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သော လုပ်ငန်းကြီးများကို ဗန်းပြလုပ်ငန်းများအဖြစ် လုပ်ဆောင်လျက်ရှိသည်။ မန္တလေးမြို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးမှုများ အားလုံးနီးပါးတွင် ကျောက်စိမ်းဖြတ်စများနှင့်ပါ တွဲဖက်ဖမ်းမိလေ့ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ သတင်းရရှိသည်။

သတင်းပေးများမွေးပြီး မူးယစ်ဆေးဝါး ရောင်းဝယ် ပြုလုပ်နေသူများအား လိုက်လံစောင့်ကြည့်မှုများပြုလုပ်နေသော်လည်း သတင်းပေးအများစုမှာ မူးယစ်ဆေးဝါးလက်ကြီးရောင်းဝယ်နေသူများ၏ လုံခြုံရေးစနစ်ကို မထိုးဖောက်နိုင်သေးပေ။ လက်ကားရောင်းဝယ်နေသူများမှာ လက်ကိုင်ဖုန်းများဖြင့် ကင်းတိုကင်းရှည်များ ချထားမှုများကြောင့် လိုက်လံသတင်းရယူရေးနှင့် ဖမ်းဆီးနိုင်ရေးအတွက် အခက်အခဲများ ရှိနေသည်။ လက်ကားမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေသူများ ရှိနေသကဲ့သို့ လက်လီပြန်လည်ရောင်းချနေသူများမှာလည်း မြို့အနှံ့ပျံ့နှံ့လျက်ရှိပြီး ကေတီဗီ၊ ကာရာအိုကေ ဆိုင်များတွင်လည်း လက်သိပ်ထိုးရောင်းချမှုများ ရှိနေသည်။ မူးယစ်ဆေးဝါးများအား လက်လီရောင်းချသည့်နေရာအဖြစ် မန္တလေးမြို့တွင် နာမည်ကြီးသည့် ရတနာပုံမြို့သစ်အတွင်းရှိ မူးယစ်ဆေးရောင်းချသည့် အိမ်များသို့ နေ့စဉ်မူးယစ်ဆေးလာရောက်သုံးစွဲသည့် လူငယ်ပေါင်း ပျမ်းမျှ ၁၅၀ ခန့်ရှိပြီး ရောင်းချသူများ ကိုယ်တိုင်ကလည်း ရပ်ကွက်အတွင်းတွင် ကင်းစနစ်ဖြင့် လူငါးယောက်ခန့်အား အမြဲတစေ တာဝန်ချထားလေ့ရှိကြောင်း ရတနာပုံမြို့သစ်နေအမျိုးသားတစ်ဦးက ပြောသည်။

ရပ်ကွက်ထဲမှာတော့ ဆေးရောင်းတဲ့ အိမ်က ခုနစ်အိမ်လောက်ရှိတယ်။ ဘိ (ဆေးသုံးတဲ့အခန်း) လည်း ငှားတယ်။ အရောင်းအဝယ်လုပ်သူတွေကတော့ သူဌေးတွေ၊ သုံးနိုင်ဖြုန်းနိုင်တဲ့သူတွေပေါ့။ ရောင်းသူနဲ့ ရဲကြားက ချိတ်ပေးတဲ့သူတောင် အခု သူဌေးဖြစ်နေပြီ။ သူလည်း ကျွန်တော်တို့ ရပ်ကွက်ထဲမှာပဲနေနေတာ”ဟုဎင်းက ဆက်လက်ပြောသည်။

သို့သော်လည်း မူးယစ်ဆေးဝါးရောင်းဝယ်သည့် လက်လီရောလက်ကားပါ ဖောက်ကားသူအများစုမှာ ပြည်သူများအကြားတွင်ပင် လုပ်ကိုင်နေရသောကြောင့် ရပ်ကွက်ဒေသခံပြည်သူများ၏ သတင်းပေးမှုများသာ ရှိပါက ၎င်းတို့အားယခုထက်ပိုမိုဖမ်းဆီးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများအနက် အများစုမှာလည်း ပြည်သူများ၏ သတင်းပေးမှုများကြောင့် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ဆိုသည်။

ရှမ်းပြည်နယ်မှ အဓိကထွက်သည့် ဘိန်းစိမ်းများ ဘိန်းဖြူများကိုလည်း မန္တလေးမြို့မှတစ်ဆင့် ကချင်ပြည်နယ်သို့သယ်ယူရောင်းဝယ်မှုများ ရှိသည်။ ဘိန်းဖြူနှင့်ဆက်စပ်သည့် မူးယစ်ဆေးများကိုမူ မန္တလေးဘူတာကြီးမှ တစ်ဆင့် စစ်ကိုင်းတိုင်းကို ကျော်ဖြတ်ကာ ကချင်ပြည်နယ်အတွင်းရှိမိုးကောင်း၊ မိုးညှင်း၊ မြစ်ကြီးနား မြို့များသို့ အနည်းဆုံးအခကြေးငွေကျပ်ဆယ်သိန်းရယူပြီး မီးရထားလမ်းကြောင်းမှ ခိုးဝှက်သယ်ယူနေသူများလည်း ရှိနေကြောင်း မန္တလေးဘူတာကြီးရှိ မီးရထားရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

၂၀၁၃ ခုနှစ်တွင် မန္တလေးဘူတာကြီး၌ ဘိန်းဖြူဘိန်းစိမ်းများ သယ်ဆောင်သည့် အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား ခုနစ်ဦးပါဝင်သည့် အမှုပေါင်း ၂၆ မှု၊ စုစုပေါင်း တန်ဖိုးငွေ ကျပ်သိန်းပေါင်း ၄၈၀၀ ကျော်အား မီးရထားရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

မန္တလေးမြို့ပေါ်တွင်ဖြစ်ပွားခဲ့သည့် ခိုးမှု၊ လုယက်မှုများအနက် အမှုတချို့မှာ မူးယစ်ဆေးဝါးမှုများနှင့် သွယ်ဝိုက်ဆက်စပ်လျက်ရှိနေသည်ဟုလည်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးဇော်မင်းဦးက ပြောသည်။

မူးယစ်ဆေးဝါးများအား လက်လီရောင်းချနေသူများက မူးယစ်ဆေးသုံးသူများ၏ နေအိမ်ရှေ့ပေါက်အထိ လာရောက်ရောင်းချကြသောကြောင့်လည်း ဆေးသုံးစွဲသူများအနေဖြင့် အလွယ်တကူငွေရရေးကြံပန်းမှုများရှိလာပြီး လုယက်မှု၊ ခိုးမှုများအား ပြုလုပ်လာသည်။

“မန္တလေးမြို့အတွင်း ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားတဲ့ ခိုးမှု၊ လုယက်မှုတွေအားလုံးက မူးယစ်ဆေးဝါးနဲ့ တိုက်ရိုက်မသက်ဆိုင်ပေမယ့် ဆက်နွယ်မှုတွေတော့ ရှိနေတယ်” ဟု ဒုတိယရဲမှူးကြီး ဇော်မင်းဦးက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါးနှင့် ဆက်စပ်လုပ်ငန်း လုပ်ကိုင်နေသူများကို ယခုထက် ပိုမိုဖမ်းဆီးနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်က နေပြည်တော်ရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ရှိ မူးယစ်တပ်ဖွဲ့မှ ဖွဲ့စည်းပုံအသစ် ထုတ်ပြန်ခဲ့သည်။

ယင်းဖွဲ့စည်းပုံအသစ်အရ မန္တလေးတိုင်း ဒေသကြီးအတွင်းတွင် မူးယစ်အထူးတပ်ဖွဲ့နှစ်ခုမှ လေးခုအထိ တိုးမြှင့်ခဲ့ပြီး တပ်ဖွဲ့ဝင်အင်အားကိုလည်း အယောက် ၇၀ ကျော်ရှိနေရာမှ ၁၅၀ ကျော်ထိ တိုးမြှင့်ချထားခဲ့ပြီးဖြစ်သည်။ မူးယစ်ဆေးဝါးမှုများကြီးလျှင်ကြီးသလို ၎င်းအင်အားနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်သူများ၏ ကင်းချသည့်စနစ်များနှင့် လှည့်ကွက်အမျိုးမျိုးတို့ကြောင့် သွားရောက်ဖမ်းဆီးရာတွင်မူဆေးများအား လက်ဝယ်မတွေ့ရှိသောကြောင့် အရေးယူ၍မရသည့် ဖြစ်စဉ်များလည်း ရှိနေသည်။

မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့များအနေဖြင့် မူးယစ်မှုများ တိုးမြှင့်ဖမ်းဆီးနိုင်ပါက ရာထူးတက်ခြင်း၊ နိုင်ငံတော်အစိုးရမှ ပေးသည့် နာမည်ကောင်းလက်မှတ်များရရှိခြင်း၊ အဖွဲ့အစည်းနာမည်တက်ခြင်းတို့ကြောင့် မူးယစ်အမှုအားလုံးကို ဖမ်းလိုကြောင်း ရဲမှူး ဒီဒီယောဟန်က ဆိုသည်။ ထိုသို့ ဖမ်းနိုင်ရန်အတွက်လည်း ပြည်သူများက သတင်းပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

မူးယစ်မှုများပပျောက်ရန် ရဲတပ်ဖွဲ့မှာ အဓိကကျပြီး လက်ကြီးရောင်းချသူများကို အမှန်တကယ်ဖော်ထုတ်နိုင်လျှင် အမြစ်ပြတ်ချေမှုန်းရန် လွယ်ကူကြောင်းလည်း မင်းတဲအီကင်း ရပ်ကွက်မှ အမျိုးသားကြီးတစ်ဦးက ပြောသည်။

**Victory Myanmar Group Co. Ltd.** *seeks suitably qualified candidates to fill positions of* **Managers and Executives** *in the following areas:*

**Production** | **Product Development**
**Purchasing** | **Logistics**
**Sales & Distribution** | **Marketing**
**Public Relations** | **Human Resource**
**General Administration** | **Internal Audit**
**Information Technology** | **Finance & Accounting**

*Applicants should be graduates with relevant* **Bachelor degrees (or higher)**, *with* **keen interest to learn and always questioning.**

**Good command of English language** *will be advantageous.*

**Total remuneration package** *including monthly salary, annual bonus and allowances will commensurate with selected candidate's qualification and experience.*

*All applications should reach us by hand – HR Department, No.216, 6th Floor, Bogyoke Aung San Road, Botahtaung Township, Yangon, or by email – chozinmyint@victorymyanmar.com.*

*Interviews for short-listed candidates will be conducted in Yangon, Zeyawaddy, Mandalay & Taunggyi. Interviews will be conducted in January, 2014.*

7 DAY NEWS JOURNAL
Vol.12, No.45 ▪ JANUARY 15 , 2014

# အောင်လံနှင့် ဆင်ပေါင်ဝဲနယ်မှ လုပ်သားများ နယ်စပ်သို့သွားရောက်လုပ်ကိုင်မှုများလာ

**လင်းသက်နိုင်**

**အောင်လံ၊ ဇန်နဝါရီ-၁၃**

မကွေးတိုင်းဒေသကြီး အောင်လံနယ်နှင့် ဆင်ပေါင်ဝဲနယ်အတွင်းရှိ ကျေးရွာအများစုရှိ လုပ်သားအများစုမှာ နယ်စပ်ဒေသများသို့ သွားရောက်လုပ်ကိုင်မှုပိုမိုများပြားလာကြောင်း ဆင်ပေါင်ဝဲမြို့နယ် ရွာမည်းညိုကျေးရွာမှ အုပ်ချုပ်ရေးမှူးက ပြောသည်။

“အုပ်စုလိုက်ကိုသွားကြတာ၊ ဟိုနေ့ကဆိုရင် မန္တလာထွန်းကားနဲ့အပြည့်ဗျ။ လောက်ကိုင်ဘက်လို့ ပြောတာပဲ၊ ကြံခုတ်ဖို့ ပြောတာပဲ” ဟု ပြောပြသည်။

ပြီးခဲ့သော နှစ်များကတည်းက သွားရောက်လုပ်ကိုင်နေသူအချို့မှာ အဆင်ပြေသဖြင့် မိသားစုများကိုလာရောက်ခေါ်ဆောင်ကြကာ နယ်စပ်ဒေသများမှာပင် အခြေချနေထိုင်ကြကြောင်းလည်း ၎င်းကပင်ပြောသည်။

အရင်ရောက်နှင့်နေကြသူများ အဆက်အသွယ်ဖြင့် ယခုကဲ့သို့ သွားရောက်နေကြခြင်းဖြစ်ပြီး လောက်ကိုင်ဘက်ဒေသရှိကြံခုတ်လုပ်ငန်းများမှ တစ်နေ့လျှင် ကျပ်တစ်သောင်းကျော်ခန့်အထိဝင်ငွေရှိနေသောကြောင့် ယခုကဲ့သို့သွားရောက်ကြခြင်းဖြစ်သည်။

“အရင်က သွားတဲ့သူတွေတော့အိမ်ကိုနှစ်လတစ်ခါလောက် ကိုးသိန်းမျိုး၊ ဆယ်သိန်းမျိုး ပို့ကြတာပဲ။ ယာခင်းချောင်းခင်း လုပ်ငန်းလို့တော့ ကြားတယ်” ဟု ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကျေးရွာသားတစ်ဦးက ပြောသည်။

ထိုကဲ့သို့ သွားရောက်လုပ်ကိုင်ကြသူအများစုမှာ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ပိုင်း ကျေးရွာများမှဖြစ်ကြပြီး၊ အောင်လံမြို့နယ်၏ မြောက်ဘက်ပိုင်းကျေးရွာများမှလည်း သွားရောက်သူများကြောင်းလည်း ၎င်းကပြောသည်။

မျက်နှာဖုံးမှ

# အားကစားကွင်းအနုကြမ်းစီးသူ ဘောလုံးလောကဖျက်ဆီးသူပင်

မှတ်တမ်းများအရတော့ တရားခံအဖြစ်တံဆိပ်ကပ်ခံရသူများအားလုံးသည် သူတို့နယ်ပယ်အသီးသီးတွင် ခပ်ညံ့ညံ့လူများတော့ မဟုတ်။

နည်းပြပတ်ဆောင်ဟွာဆိုလျှင် ဘောလုံးသမားဘဝတွင်တောင်ကိုရီးယား၏ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပြီး နည်းပြဘဝတွင်လည်း သူ့နိုင်ငံတွင် လူရိုသေရှင်ရိုသေပုဂ္ဂိုလ်ဖြစ်သည်။

အင်ဒိုနှင့် ပွဲမှ ဗီယက်နမ်ဒိုင်ဆိုလည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အသိအမှတ်ပြု ဒိုင်တစ်ဦးဖြစ်ပြီး လွန်ခဲ့သည့်သုံးနှစ်က ဗီယက်နမ်ပြည်တွင်းတွင် အထူးချွန်ဆုံးဒိုင်လူကြီးအဖြစ်ပင် သတ်မှတ်ခံထားရသေးသည်။

ကျော်ဇေယျာဝင်းဆိုလျှင်လည်း မလေးရှားက ကလပ်ပီရက်အသင်းက တစ်လကျပ်သိန်း ၅၀နီးပါးဖြင့် ကြေးစားသွားကစားနေသူဖြစ်သည်။ ကျန်သည့်ကစားသမားများဆိုလျှင်လည်းလတ်တလော မြန်မာနိုင်ငံ၌ အကောင်းဆုံးကစားသမားများဖြစ်သည်။

ဒါဆိုလျှင်မည်သည့်အရာက မြန်မာဘောလုံးလောကကို ယခုလောက်အချိန်အထိ နိမ့်ကျစေခဲ့ပါသနည်း။

7Day မှ မေးမြန်းခဲ့သည့်မြန်မာဘောလုံးလောကတွင် နှစ်ရှည်လများကျင်လည်ခဲ့ကြသောဘောလုံးသမားဟောင်းများနှင့် နည်းပြငါးဦးခန့်ကတော့ အားကိုးလောက်သည့်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်မလာခြင်းက မြန်မာ့ဘောလုံး လောက နေဝင်ချိန်ကို ရောက်စေခဲ့ကြောင်း ထောက်ပြသည်။

ဘောလုံးကို အရူးအမူး အားပေးသည့်မြန်မာနိုင်ငံတွင် အံ့အားသင့်စရာကောင်းသည်မှာ လူငယ်များဘောလုံးကစားရန် နေရာမရှိခြင်းပင်ဖြစ်သည်။ ထိုအချက်က တစ်ချိန်က အာရှထိပ်သီးမြန်မာ့ဘောလုံးလောကကို ကန်တိုင်းရှုံးအသင်းဖြစ်စေခဲ့သည့် အဓိကအချက်များအနက် တစ်ခုဖြစ်ကြောင်း 7Day မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဘောလုံးသမားဟောင်းနှင့် နည်းပြများက ပြောသည်။

ရန်ကုန်မြို့ထက် အနည်းငယ်သာကြီးသည့် စင်ကာပူကျွန်းနိုင်ငံလေးတွင် လူငယ်များအတွက် အဆင့်မီ ဘောလုံးကစားကွင်း တစ်ဒါဇင်ထက်မနည်းရှိသော်လည်း ရန်ကုန်တွင် ပြောပလောက်သည့် အားကစားကွင်းမရှိ။ ရှိသည့် သုဝဏ္ဏနှင့် အောင်ဆန်းအားကစားကွင်းများသည်လည်း လူငယ်ဘောလုံးသမားများထက် အာဏာရှင် ဗိုလ်ချုပ်ဟောင်းများ၏ သားမြေးဖြစ်သူများလောက်ကိုသာ လိုလိုချင်ချင်လက်ခံကစားခဲ့သည်။

MNL သည်မြန်မာ့ဘောလုံးလောကအတွက်ဟု ကြွေးကြော်ခဲ့သော်လည်း လက်တွေ့တွင် MNL သည် MNL အတွက်သာ ဖြစ်ခဲ့ရသည်။

မြန်မာ့ဘောလုံးလောကပြန်လည်ဦးမော့ရန်ဟုဆိုကာ တပ်မတော်အစိုးရအရာရှိကြီးများနှင့် သူတို့ယုံကြည်ရသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဆုကြေးစားစနစ်ဖြစ်သည့် Myanmar National League ကို ၂၀၀၉ တွင် စတင်တည်ထောင်ခဲ့သည်။

MNL ကြောင့် လူငယ်များ ဘောလုံးကစားခြင်းသည် အသက်မွေးဝမ်းကျောင်းဟု ထင်မြင်လာခဲ့ကြသည်။ သို့သော်လည်း MNL အစပြုသည့် အချိန်တွင် လူငယ်ကစားသမားအများစု ယှဉ်ပြိုင်နေသည့် အောက်ခြေအမှတ်ပေးပြိုင်ပွဲများကို ဖျက်သိမ်းလိုက်သည်။ လူငယ်အများအပြားသည်လည်း ဘောလုံးကစားခွင့် ဆုံးရှုံးခဲ့ကြသည်။

ကစားကွင်းအချို့ကို MNL အသင်း၏ လေ့ကျင့်ရေးကွင်းအဖြစ် သတ်မှတ်ခဲ့ပြီး မူလကစားနေသည့် လူငယ်များကို ဖယ်ရှားပစ်လိုက်ကြသည်။ ကွင်းအချို့မှာတော့ အိမ်ရာစီမံကိန်းများ၊ ကွင်းဘေးပတ်လည်ဝိုင်းရံထားသည့် ဘီယာဆိုင်နှင့် အနှိပ်ခန်းများအကြား တိမ်မြုပ်ပျောက်ကွက်သွားခဲ့သည်။

MNL အသင်းများ၏ လေ့ကျင့်ရေးကွင်းအဖြစ် ဈေးချောင်ချောင်ဖြင့် ရထားသည့်ပြည်သူပိုင်ကွင်းများတွင် ကစားချင်သူများအတွက်တော့ မိနစ် ၉၀ အတွက် ငွေ ၁၅၀၀၀ ကျသင့်သည်။



ပုံစာ

မြန်မာ့ဘောလုံးလောက တိုးတက်ရေးဟု ကြွေးကြော်နေသည့် MNL မှ ပိုင်ရှင်အချို့သည်လည်း ဘောလုံးကွင်းအကြောင်းပြ၍ မြေသိမ်းသည်ဟုဆိုကာ လွှတ်တော်တွင် အတိုင်ခံရမှုများလည်းရှိသည်။ ပြီးခဲ့သည့်နှစ်က စီးပွားကူးသန်းဝန်ကြီး၏ မိသားစုဝင်များပိုင်ဆိုင်သည့် ဇေယျာရွှေမြေ ဘောလုံးအသင်းသည် မုံရွာတွင် မြေများသိမ်းယူခဲ့ကြောင်း လွှတ်တော်တွင် အတိုင်ခံခဲ့ရသည်။

အစိုးရက မြန်မာဘောလုံးလောကတိုးတက်ရေးအတွက် နယ်ပယ်အစုံမှ လူငယ်များ ကစားနိုင်သည့်ဘောလုံးကွင်းများ တည်ဆောက်ပေးခြင်းထက် ‘မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်’ တေးသီချင်းကို ဆောင်းတွင်းနံနက်အရုဏ်တက်ချိန်တိုင်း ရပ်ကွက်ထဲလှည့်ဖွင့်ရန်သာ ပိုမိုအားသန်ခဲ့သည်။

အသစ်ဆောက်လုပ်ရန် စိတ်ကူးထက် ရှိရင်းစွဲ ဘောလုံးကွင်းများ၊ အားကစားကွင်းများကို အိမ်ရာများအဖြစ် အကောင်အထည်ဖော်ရန်သာ စိတ်ဝင်စားခဲ့ကြောင်း အားကစားကွင်းများ ပျောက်ဆုံးသွားမှုကို လေ့လာသုတေသန ပြုနေသည့် ရှေ့နေ ဦးအေးမင်းက ပြောသည်။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း စစ်အစိုးရက ရန်ကုန်တစ်မြို့တည်းတွင်ပင် ဘောလုံးကွင်းနှင့် အားကစားကွင်း ရှစ်ကွင်းထက်မနည်းကို အဆောက်အအုံများဆောက်လုပ်ကာ အသွင်ပြောင်းလိုက်ကြောင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများ အဆောက်အအုံဆောက်လုပ်ခြင်းမှ ကာကွယ်ရေးကော်မတီ (ယာယီ)၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သူ ဦးအေးမင်းက ပြောသည်။

စစ်အစိုးရကို ဆက်ခံခဲ့သည့် သမ္မတဦးသိန်းစိန်လက်ထက်တွင်တော့ တစ်ချိန်က ဈေးများ၊ ဘီယာဆိုင်များ၊ လူနေအဆောက်အအုံများအဖြစ် အသွင်ပြောင်းခံရသည့် ဘောလုံးကွင်းများကို ယခင်အစိုးရနှင့်မတူသည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

အစိုးရသစ်၏ မူဝါဒအသစ်က ဘောလုံးကွင်း၊ အားကစားကွင်းများဖြစ်အောင် ပြန်လုပ်ပေးခြင်းမျိုးတော့မဟုတ်၊ အထပ်မြင့်ကွန်ဒိုများ၊ ဈေးဆိုင်ခန်းများ၊ စက်သုံးဆီဆိုင်များအဖြစ် အသွင်ပြောင်းလဲကာ သူတို့နှင့်နီးစပ်သည့် သန်းကြွယ်သူဌေးကြီးများထံ လက်ဆင့်ကမ်းခြင်းပင်ဖြစ်သည်။

“သူတို့လုပ်ပုံက အရမ်းယဉ်တယ်။ သိမ်ဖြူကွင်းလို ကွင်းမျိုးကို နှစ် ၂၀ လောက် ကားမောင်းကွင်းဆိုပြီး လုပ်တယ်။ နောက်တော့ လူတွေမေ့လောက်ပြီဆိုမှ အခု ပုဂ္ဂလိကကို ရောင်းစားဖို့လုပ်တယ်” ဟု သိမ်ဖြူအားကစားကွင်းမြေနေရာများကို ပုဂ္ဂလိကသို့ လွှဲပြောင်းရန် စီစဉ်နေခြင်းကို အပြင်းအထန်ကန့်ကွက်ခဲ့သည့် ဦးအေးမင်းက ဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရန်ကုန်မြို့ရှိ အားကစားကွင်း နှစ်ဒါဇင်ထက်မနည်းကို 7Day မှ လိုက်လံလေ့လာရာတွင် စနစ်တကျဘောလုံးကစားရန် လုံလောက်သည့်အခြေအနေမရှိဘဲ ယိုယွင်းပျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဆိုင်ခန်းများပတ်လည်ဝိုင်းနေသည့် အားကစားကွင်းများသည် နွားခြေရာများ၊ ချုံပုတ်များ၊ မြေနီခဲများ၊ တယ်လီဖုန်းတာဝါတိုင်များနှင့်သာ ဖုံးလွှမ်းနေခဲ့သည်။

အားကစားကွင်းအချို့တွင် “ဘောလုံးမကန်ရ”၊ ”စကိတ်မစီးရ”၊ “ကြက်တောင်မကစားရ”၊ စသည့် ဆိုင်းဘုတ်များ နေရာယူထားခဲ့သည်။ အားကစားကွင်းများတွင် အားကစားမလုပ်ရန် တားမြစ်မှုများရှိနေသော်လည်း လေ့လာခဲ့သည့် ပန်းခြံတိုင်းနီးပါးတွင် အရက်နှင့်ဘီယာဆိုင်များ တရားဝင်ဖွင့်လှစ်ခွင့်ရနေသည်။

ပန်းခြံအတွင်း ဝင်ရောက်အပန်းဖြေရန်အတွက် အချိန်ကန့်သတ်ထားပြီး အစစ်အဆေးအမေးအမြန်းများရှိသော်လည်း ပန်းခြံများအတွင်းဖွင့်လှစ်ထားသည့် အရက်နှင့်ဘီယာဆိုင်များတွင် အသက်(၁၈)နှစ်မပြည့်သေးသူများကို ညလုံးပေါက် ကြိုဆိုနေသည်။

တစ်ချိန်က အာရှထိပ်သီး မြန်မာ့ဘောလုံးလောကကျဆုံးခြင်းက အဓိကတရားခံများက ပတ်ဆောင်ဟွာ။ ဗီယက်နမ်ဒိုင်လူကြီး။ ကျော်ဇေယျာဝင်းနှင့် မြန်မာကစားသမားများဟုတ်၊ မဟုတ်ဆိုသည်က လာမည့်ရက်ပိုင်းအတွင်း အဖြေပေါ်မည်ဖြစ်သည်။

မြန်မာ့မျိုးဆက်သစ်များသည် အိုမန်နိုင်ငံတွင် အာရှယူ-၂၂ ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ပြီဖြစ်သည်။ ထိုပွဲတွင် နည်းပြက ပတ်ဆောင်ဟွာလည်းမဟုတ်၊ ကျော်ဇေယျာဝင်းလည်း မပါတော့၊ ဗီယက်နမ်ဒိုင်နှင့်လည်း ဆုံချင်မှ ဆုံတော့မည်။

ဒီတစ်ကြိမ်လည်း ထပ်မံအရေးနိမ့်ပြန်ပြီဆိုတော့မြန်မာ့ဘောလုံးကျဆုံးခြင်း၏ အဓိကလက်သည်တရားခံများစာရင်းတွင် လူငယ်များဘောလုံးကန်ရန်၊ အားကစားလုပ်ရန် ပိတ်ပင်ခဲ့သူများကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။